# ဝိပဿနာအလင်းရောင်ကျမ်း

တောင်သာမြို့
မဟာသုခတာရီ
စာသင်ကျောင်းတိုက်
ဆရာတော် ရေးသော

ပရိယတ် နှင့် ပဋိပတ် ဥာဏ်လမ်းမှန်ရရေး အဆုံးအဖြတ်
ပေးလျက် ရေးသည့်

# ဝိပဿနာအလင်းရောင်ကျမ်း

ရဟန်း , ရှင် , လူ များအတွက်
အသင့်လျော်ဆုံးနည်းစနစ် လမ်းအစဥ်ကို ပြဆိုထားသည်။

---

တောင်သာမြို့ ယောဂီအဖွဲ့ကောင်းမှု အုပ်ရေ (၅၀၀)

---

ပါဠိဆရာ - ဆရာထွန်း၊
ကြည့်ရှုပြင်ဆင်သည်။

သုခဝတီစာပုံနှိပ်တိုက်
၈၄-လမ်း၊ ကျောက်သွေးတန်း၊ မန္တလေး။

# မာတိကာ။


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပဏာမမာဒိမင်္ဂလာ | ၁ |
| ၂ | ကမ္မဋ္ဌာန်းဆရာလုပ်သူ-အထူးသတိထားရန်အချက် | ၂ |
| ၃ | လိုရင်းအဓိပ္ပါယ်-အကျဉ်းအကျယ်ကိုပြဆိုချက် | ၃ |
| ၄ | ပထမအင်္ဂါကိုပြဆိုချက် | ၄ |
| ၅ | သာသနာ့ခေတ်အခါကိုပြဆိုချက် | ၄ |
| ၆ | သာသနယာဂပါဠိအနက်နှင့်-သာသနယာဂအဓိပ္ပါယ်ကို ပြခြင်း | ၅ |
| ၇ | ပညတ်နှင့်ပရမတ်ကိုပြဆိုချက် | ၇ |
| ၈ | ဥာဏ်-၃-ပါးကိုပြဆိုချက် | ၇ |
| ၉ | အပြောနှင့်အလုပ်ကိုပြဆိုချက် | ၈ |
| ၁၀ | ဒုတိယနှင့်တတိယအင်္ဂါကိုပြဆိုချက် | ၉ |
| ၁၁ | ပြီးပြွမ်းသောစကားကိုပြဆိုချက် | ၁၀ |
| ၁၂ | ပရိစ္ဆသရုပ္ပါဒ်နေတွင်ကောက်ဘြရှုယှနည်းနှင့်အာရုယှနည်း | ၁၁ |
| ၁၃ | ဖမာဒ(၁၀)ပါးနှင့်-အပ္ပမာဒ(၄)ပါး | ၁၆ |
| ၁၄ | ဒိဋ္ဌိဝိသုဒ္ဓိနှင့်-နာမရူပပရိဂ္ဂဟဉာဏ်အခန်း | ၁၉ |
| ၁၅ | မဟာဘုတ်ဓာတ်ကြီး-၄-ပါးသိမ်းဆည်းပုံ | ၂၃ |
| ၁၆ | ဝိပဿနာမှန်-မမှန်ကျောက်တင်ကြည့်ပုံ | ၂၅ |
| ၁၇ | မျက်စိအကြည်ရုပ်-အဆင်းရုပ်-၂-ခု ရူပပရိဂ္ဂဟဉာဏ် | ၂၆ |
| ၁၈ | နား-အသံရုပ်-၂-ခု ရူပပရိဂ္ဂဟဉာဏ် | ၃၀ |
| ၁၉ | နှာခေါင်း-အနံ့ရုပ်-၂-ခု ရူပပရိဂ္ဂဟဉာဏ် | ၃၄ |
| ၂၀ | လျှာ-အရသာရုပ်-၂-ခု ရူပပရိဂ္ဂဉာဏ် | ၃၆ |
| ၂၁ | ကိုယ်-အတွေ့ရုပ်-၂-ခု ရူပပရိဂ္ဂဟဉာဏ် | ၃၇ |
| ၂၂ | နှလုံး-သဘောရုပ်-၂-ခု ရူပပရိဂ္ဂဟဉာဏ် | ၃၉ |
| ၂၃ | စတုသ ရဋ္ဌာနိကရုပ်သိမ်းဆည်းပုံ | ၄၂ |
| ၂၄ | ဝိပဿနာမှန်,မမှန်မှတ်ကျောက်တင်ကြည့်ပုံ | ၄၆ |

# မာတိကာ ။


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၅ | နာမပရိဂ္ဂဟဉာဏ်အခန်း | ၅၁ |
| ၂၆ | စက္ခုဝိညာဏ်,စက္ခုသမ္ဖဿ,စက္ခုသမ္ဖဿဇာဝေဒနာ၊<br>နာမ်-၃-ခု နာမပရိဂ္ဂဟဉာဏ် | ၅၁ |
| ၂၇ | သောတဝိညာဏ်,သောတသမ္ဖဿ,သောတသမ္ဖဿဇာ<br>ဝေဒနာ နာမ်-၃-ခု နာမပရိဂ္ဂဟဉာဏ် | ၅၈ |
| ၂၈ | ဃာနဝိညာဏ်,ဃာနသမ္ဖဿ,ဃာနသမ္ဖဿဇာဝေဒနာ<br>နာမ် ၃-ခု နာမပရိဂ္ဂဟဉာဏ် | ၆၀ |
| ၂၉ | ဇိဝှါဝိညာဏ်,ဇိဝှါသမ္ဖဿ,ဇိဝှါသမ္ဖဿဇာဝေဒနာ<br>နာမ်-၃ ခု နာမပရိဂ္ဂဟဉာဏ် | ၆၅ |
| ၃၀ | ကာယဝိညာဏ်,ကာယသမ္ဖဿ, ကာယသမ္ဖဿဇာဝေဒနာ<br>နာမ် ၃ ခု နာမပရိဂ္ဂဟဉာဏ် | ၆၈ |
| ၃၁ | မနောဝိညာဏ်,မနောသမ္ဖဿ,မနောသမ္ဖဿဇာဝေဒနာ<br>နာမ်-၃-ခု နာမပရိဂ္ဂဟဉာဏ် | ၇၂ |
| ၃၂ | ကင်္ခါဝိတရဏဝိသုဒ္ဓိ-ပစ္စယပရိဂ္ဂဟဉာဏ်အခန်း | ၈၂ |
| ၃၃ | ရုပ်ဖြစ်ခြင်းအကြောင်းသိမ်းဆည်းပုံ | ၉၀ |
| ၃၄ | နာမ်ဖြစ်ခြင်းအကြောင်းသိမ်းဆည်းပုံ | ၉၂ |
| ၃၅ | မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ-သမ္မသနဉာဏ်အခန်း | ၉၅ |
| ၃၆ | ဥဒယဗ္ဗယဉာဏ်အခန်း | ၉၈ |
| ၃၇ | ဝိပဿနူပက်ကိလေသာ(၁၀ ပါး· ၃၀) | ၁၀၅ |
| ၃၈ | နေတ္တိအာဝဋ္ဋဟာရကောက် မဟာဝိပဿနာဉာဏ်<br>၁၈–ပါး | ၁၀၈ |
| ၃၉ | ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ-ဘင်္ဂဉာဏ်အခန်း | ၁၁၁ |
| ၄၀ | ဘယဉာဏ်အခန်း | ၁၁၂ |
| ၄၁ | အာဒီနဝဉာဏ်အခန်း | ၁၁၃ |
| ၄၂ | နိဗ္ဗိဒါဉာဏ်အခန်း | ၁၁၅ |

# မာတိကာ။


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၄၃ | ရဋ္ဌိတုကမျှဟာဥာဏ်အခဏ်း | ၁၁၆ |
| ၄၄ | ပဋိသန္ဓိဥာဏ်အခဏ်း | ၁၁၆ |
| ၄၅ | သန္ဓိရုပေက္ခာဥာဏ်အခဏ်း | ၁၂၀ |
| ၄၆ | နေ့တွင်,ပေဋကောပဒေသနည်း၊ ဝိမောက္ခ-၃-ပါးဖြင့်၊ သံသရာမှထွက်ပုံ၊ | ၁၂၄ |
| ၄၇ | အနုလောမဥာဏ်အခဏ်း | ၁၃၁ |
| ၄၈ | ဂေါတြဘူဥာဏ်အခဏ်း | ၁၃၃ |
| ၄၉ | ဥာဏဒဿနဝိသုဒ္ဓိ-သောတာပတ္တိမဂ်ဥာဏ်အခဏ်း | ၁၃၆ |
| ၅၀ | သောတာပတ္တိဖိုလ်ဥာဏ်အခဏ်း | ၁၃၇ |
| ၅၁ | ပစ္စဝေက္ခဏာဥာဏ်အခဏ်း | ၁၃၇ |
| ၅၂ | သစ္စာ-၄-ပါး သစ္စာဥာဏ်,ကိစ္စဥာဏ်,ကတဥာဏ်,ထင်ပုံ | ၁၃၈ |
| ၅၃ | ဘုရားရှင်ပင်နိဗ္ဗာန်မပေးနိုင်သည့်ကိုပြဆိုချက် | ၁၄၀ |
| ၅၄ | ဝိပဿနာအလင်းရောင်ကျမ်း၏နိဂုံးပါဠိအနက် | ၁၄၂ |
| ၅၅ | ကျမ်းပြုဆရာ၏-နိဂုံးဆုတောင်း | ၁၄၈ |
| ၅၆ | ကျမ်းပြီးနိဂုံး-သံပိုင်းလင်္ကာ | ၁၄၉ |


**ဝိပဿနာအလုပ်ဌာန**

**မဟာသုခကာရီ**

**စာသင်ကျောင်းတိုက်**

**တောင်သာမြို့။**

# စာဘတ်ရှုသူတို့အထူးသတိထားရန်အချက်။

ပဏ္ဍိတပဋိရူပကာနံ ဟိ သန္တိကေ ကထေတုံ ဒုက္ခံ ဟောတိ၊ တေ ပဒေပဒေ အက္ခရက္ခရေ ဒေါသမေဝ ဝဒန္တိ၊ ဆေကပဏ္ဍိတာ ပန ကထံ သုတွာ သုကထိတံ ပသံသန္တိ၊ ဒုက္ကထိတေ ပါဠိပဒအတ္ထဗျဉ္ဇနေသု ယံယံ ဝိရုဇ္ဈတိ၊ တံတံ ဥဇုံ ကတွာ ဝဒန္တိ၊ ။မဏိမဉ္ဇူသာအဋ္ဌကထာပါဌ်၊ ။

**အနက်။** ။ဟိသစ္စံ၊ ထိုစကားမှန်၏။ ပဏ္ဍိတပဋိရူပကာနံ၊ ပညာရှိဟု ခေါ်မှုအသွင်၊ စိတ်မှာထင်ကြကုန်သောသူတို့၏။ သန္တိကေ၊ အထံ၌။ ကထေတုံ၊ စကားပြောဆိုခြင်းငှါ။ ဒုက္ခံ၊ ဆင်းရဲပင်ပန်း၊ ညစ်နွမ်းသောသဘော ရှိသည်။ ဟောတိ၊ ဖြစ်၏။ ကသ္မာ၊ အဘယ့်ကြောင့်နည်းဟူမူကား။ တေ၊ ထိုပညာရှိဟု၊ ခေါ်မှုအသွင်၊ စိတ်မှာထင်ကြကုန်သောသူတို့သည်။ ပဒေပဒေ၊ ပုဒ်တိုင်း ပုဒ်တိုင်း၌၎င်း။ အက္ခရက္ခရေ၊ အက္ခရာတိုင်း အက္ခရာတိုင်း၌၎င်း။ ဒေါသမေဝ၊ အပြစ်ကိုသာလျှင်။ ဝဒန္တိ၊ မင်ပြာ–မင်နီ၊အလီလီသား၍၊ဆိုမှား တတ်ကြကုန်၏။ ဆေကပဏ္ဍိတာပန၊ ကျိုးကြောင်းမြင်သိ၊ စင်စစ်ပညာရှိ ကြီးတို့သည်ကား။ ကထံ၊ ဆိုသောစကားကို။ သုတွာ၊ကြားရ၍။ ဝါ၊ကြား ရသည်ရှိသော်။ သုကထိတံ၊ ကောင်းစွာပြောဆိုအပ်သောစကားကို။ ပသံသန္တိ၊ ကောင်းစွ–ကောင်းစွ၊ နှုတ်ချီးမြှင့်၊ ချီးပ ပြောဆိုကြကုန်၏။ဒုက္ကထိတေ၊ ချွတ်ယွင်းတိမ်းစောင်း၊ မကောင်းသောစကားကို ဆိုမိသောအခါ၌။ ပါဠိပဒအတ္ထဗျဉ္ဇနေသု၊ ပါဠိ,ပုဒ်,အနက်,သဒ္ဒါတို့တွင်။ ယံယံ၊ အကြင်အကြင် ပုဒ်,ပါဌ်,အက္ခရာ,သဒ္ဒါစကားသည်၊ ဝိရုဇ္ဈတိ၊ သတိလွတ်ကင်း၊ ချွတ်ယွင်း တိမ်းပါး၊ ရှိခဲ့ငြားအံ့။ တံတံ၊ ထိုထို ပုဒ်,ပါဌ်,အက္ခရာ,သဒ္ဒါနိရုတ္တိ, ချွတ်ချော် ရှိသောစကားကို။ ဥဇုံကတွာ၊ မှန်ကန်စေမှု၊ ဖြောင့်စွာပြု၍။ ဝဒန္တိ၊ ကရုဏာရှေ့ပြေး၊လိမ္မာရေးဖြင့်၊ နည်းပေးလမ်းပြ၊ဩဝါဒပေးတော်မူကြကုန်၏။

ဤသို့အဋ္ဌကထာ လာသည့်အတိုင်း၊ ချင့်ချိန်စဉ်းစား၊ နှလုံးထားကြ၍၊ မိမိတို့ ဉာဏ်အားပိုင်ပိုင် အမှန်ကိုသိမြင်နိုင်လျှင်လည်း မှန်သည့်အတိုင်းပင် ပညာရှင်တို့သည် ဝမ်းမြောက်တော်မူကြပါစေကုန်သတည်း၊အကယ်တိတိ သတိချွတ်ခါ မှားယွင်းသောပုဒ် ပါဌ်အက္ခရာ တွေ့ရှိပါမူ ကရုဏာရှေ့ထား သောအားဖြင့် ပြင်ဆင်၍ဘတ်ရှုတော်မူကြစေကုန်သတည်း။ ထိုသို့မဟုတ် စိတ်ယုတ်ပါပ၊ ဣဿာစသား၊ အကုသိုလ်တရားတို့ကိုသာ ရှေ့သွားပုဗ္ဗင်္ဂမ ပြုကြ၍ ကြည့်ရှုပါမူ {အကုသလံ အဓောဂမနီယံ} ဟူသည်နှင့်အညီ အကုသိုလ်စိတ္တုပ္ပါဒ် ဟူသမျှသည် အောက်အပါယ်လေးရပ်သို့ချည်း ဇောဝီထိ များသလောက် ကျရောက်ရလိမ့်မည်ကို ဆင်ခြင်တော် မူကြစေကုန် သတည်း။ ။



မြန်မာပြည်လုံးဆိုင်ရာ-ဗုဒ္ဓဘာသာအဖွဲ့ကြီး၏
အကျိုးတော်ဆောင်
( ဝိပဿနာအလင်းရောင်-ကျမ်းပြု )
ဂန္ထကာရက — ဦးရေဝတပုံ။



ကျေးဇူးသျှင်–ကျောက်ဆောက်ဂိုဏ်းအုပ်
ဆရာတော်ကြီးပုံ။



ဗုဒ္ဓဘာသာမြန်မာပြည်၊ ရတနာပုံ-မန္တလေးရွှေမြို့တော်ကြီး
တောင်ပြင်၊ မဟာဝိဟာရ-ရွှေရေးဆောင်
ကျောင်းတိုက်တော်ကြီး၊ ဗုဒ္ဓဘာသာ ပိဋကတ်စာပေကျမ်းဂန်
တဆယ့်နှစ်ကျမ်းပြု ပါရဂူ-အရှင်အာဒိစ္စရံသီ သို့မဟုတ်၊
ဆရာတော်ဘုရားကြီး-ဦးကြည်၏ ပုံတော်။

# မန်ကျည်းချို–အသျှင်ရေဝတာဘိဝံသ
# ဩဝါဒကထာများ၊

သမ္ဗပညတ် ၊ အမြဲမှတ်လေ့။
တတ်သိစေလို ၊ ပြည့်စွန်းဆိုအံ့။

# မှတ်သားဖွယ်ကောင်းသောအကြွယ်များ

အသိနှင့်အကျင့်ကိုခွဲ၍ အသိတွင်မရပ်ဘဲ
အကျင့်သို့ရောက်ပါစေ။

အတုယူရာ၌(က) အားကျခြင်း(ခ) အားကိုးခြင်းကိုခွဲ၍
(က) မှာ ထိုသူကဲ့သို့ သခင်ဖြစ်လို၏။
(ခ) မှာ ထိုသူ၏ ကျွန်လုပ်လိုခြင်း ဖြစ်၏။

**ခေတ်** ဆိုတဲ့အကောင်ကြီးသည် အဘတ်ပညာ,ဥစ္စာ, ကုသိုလ်, တည်းဟူသော အသက်တို့ဖြင့် အရှင်ဖြစ်၍နေ၏၊ သင်သည် ထိုအသက်တို့ဖြင့် ခေတ်ကောင်ကြီးကို ရှင်အောင်လုပ်ဘို့ဘာဝန်ယူပါ၊

## ခေတ်ကောင်ကိုမသတ်ပါနှင့်

**ခေတ်** ကသင့်ကိုဘယ်သို့မျှမလုပ်၊ သင်ကသာခေတ်ကိုကောင်းစေ ဆိုးစေလေသည်၊သို့သော်.... လူအာဇာနီမှာ – ခေတ်ဆိုး မရှိ၊ လူနုံ လူညံ့မှာသည်း ခေတ်ကောင်မတွေ့တတ်၊

**သင်** လုပ်သမျှသည် သင်၏**ကံ**ဖြစ်၏ ကောင်းတာလုပ်လျှင်ကံကောင်းမည်၊ မကောင်းတာလုပ်လျှင် ကံဆိုးမည်၊ အကျိုးတရားသည် အကြောင်းတရား၏ အသီးအပွင့်ဖြစ်၏၊

## သတိရှိပါစေ-သင်၏ { ကိုယ် / နှုတ် / စိတ် } ကိုမကောင်းရာ၌ အသုံးမချမိပါစေနှင့်

---

**သင်၏တက်လမ်း၌** { ၁။ အလိုဆန္ဒမရှိခြင်း၊ ၂။ ပျင်းရိမှုပျော့ခြင်း၊ ၃။ ကြောက်ရွံ့ထိပ်လန့်ခြင်း၊ }

ဤရန် ၃-မျိုးကို ပယ်ရှားပစ်ပါ။

---

ပြောသမျှကိုလုပ်ပါ၊ လုပ်သမျှကိုပြောပါ၊ ထိုအတိုင်း ပြုလုပ်ဝန့်လျှင်၊သင်သည် **လူကောင်း** တယောက် ဖြစ်၏။

---

**သင်**၏ယခုဘဝသည်၊ အပါယ်လမ်း, နတ်ပြည်လမ်း, ဗြဟ္မာ့ပြည် လမ်း, နိဗ္ဗာန် လမ်း, ဟူသော လမ်း ၄-ပါးသို့သွားနိုင်၏, သွားလိုတဲ့လမ်းသို့လိုက်ပါ။

**ရောက်ရမည်မုချ။**

---

အလုပ်ကိုတရက် ရွှေ့လိုက်ခြင်းသည်၊သင်၏အောင် မြင်ဘို့စခန်းတွင်၊ တရက်အသက်တိုသည်နှင့် မခြားပေ ထို့ကြောင့်၊ ယနေ့လုပ်စရာရှိတာ နက်ဖြန်မရွှေ့ပါနှင့်

**ဤစာဘတ်ရင်းလည်း မသေဘူးဟု ထင်သလား ?**

# ဝိပဿနာအလင်းရောင်ကျမ်း

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**

အာဒိတော ဇနသမ္ဗုန္ဓံ၊
သိက္ခိတဗ္ဗံ သ,မာတိကံ။
ဝိပဿနံ ရစိဿာမိ၊
ဝန္ဒိတွာ ရတနတ္တယံ၊ ။

**အနက်ကား။** ။အဟံ၊ ငါငှကတ်သုံးအင်၊ ကျမ်းအစဉ်ကို၊ ရှာဖွေကြည့်နေ၊ ငါမထေရ်သည်။ ရတနတ္တယံ၊ ဗုဒ္ဓ,ဓမ္မ,သံဃာ–မှန်စွာ၊ သုံးရတနာကို။ ရတနတ္တယံ၊ သုံးရတနာ၊ ပမာအသွင်၊ ဂုဏ်အင်နန္တာ၊ သညာပြန့်သည်း၊ မန်ကျည်းချိုရွာ အကြော်၊ ဆရာတော်နှင့်၊ ထင်ပေါ်များစွာ၊ ရတနာဝင်၊ ဆရာရှင်ကို၊ ဝါ–ဝိပဿနာ၊ ကျင့်ရာကျင့်နည်း၊ နိဿယည်းကို၊ သိပ်သည်းကျနှ၊ ပေးတတ်လှ၍၊ ဂုဏာနန္တာ၊ သညာပြန့်ပြောင်၊ ငွေတောင်တွင်ခေါ်၊ ဆရာတော်နှင့်၊ ဂုဏ်တော်အထူး၊ ကျေးဇူးသခင်၊ မန္တလေးရွှေရေးဆောင် ဆရာတော်နှင့်၊ ရတနာဝင်၊ ဆရာရှင်ကို။ ဝန္ဒာမိ၊ ဝစီ,ကာယ၊ မန,တင်ချီ၊ အဉ္စလီဖြင့်၊ ရှင်ကြည်မြတ်နိုး၊ ရှိခိုးပါ၏။ဝန္ဒိတွာ၊ရှိခိုးပြီး၍။ ။**(မိုးညှင်းတိုက်နှင့်ချောင်းဦးခန္တောကျောင်း၊ပဌမ ၇ ရက်၊ ဒုတိယ ၇–ရက်၊တတိယ ၇–လ အားထုတ်ခဲ့ဘူး၏။ယခုမင်းကွန်းဂိုဏ်း ကမ္မဋ္ဌာနာစရိယအားထုတ်ပြနေဆဲ)။** ။ဇနသမ္ဗုန္ဓံအာဒိတော၊ ဗုဒ္ဓသာသနာ၊ ဝိမုတ္တိယုဂခေတ်အခါဝယ်၊ လှူရှာ လှူပြည်၊ သန္ဓေတည်၍၊လူမည်ခေါ်ရ၊လူ့ဘဝကို၊ရကြတကယ်၊၅–နှစ်ရွယ်မှ၊ အစပြု၍၊ ငါးပါးဒုလ္လဘ၊ ကြုံရမှန်စွာ၊ လူတို့ရွာတွင်၊လူလာဖြစ်ရ၊လူ့ဘဝကို၊ ရကြမှန်းသိ၊ တြိရတနာ၊ ဦးချတတ်ကာ၊သတ္တာဝဿ၊ ထိုကာလမှ၊ အစပြု၍။ သိက္ခိတဗ္ဗံ၊ အမှန်တရား၊ အမှန်အားဖြင့်၊ ဘုရားဟောနှင့်၊ ထောက်ချင့်စာနာ၊ ကျင့်သင့်ကျင့်ထိုက်ပါသော။ သ,မာတိကံ၊ မာတိကာခေါင်းစဉ်နှင့်တကွသော။ ဝိပဿနံ–ဝိပဿန–ဩဘာသ ဂန္ထံ၊ နိဗ္ဗာန်,မဂ်,ဖိုလ်–ရက်တိုတိုနှင့်၊ တက်ခိုဘို့ရန်၊ ဖြောင့်မှန်ထိန်ဝင်း၊ ဝိပဿနာအလင်း

ရောင်ကျင့်စဉ်ကျမ်းကို၊ ရဝိဿာသမိ၊ ပါရမီမျိုးစေ့၊ ဖြိုးလွှ လွှ နှင့်၊ စိတ်ငွေကြည်လင်၊ ဝိပဿနာဝင် သူတော်စင်တို့၊ ကျင့်စဉ်ကျင့်လမ်း၊ ကျင့်ခမ်းဉသုံ၊ အလုံးစုံကို၊ အကုန်မကြွင်း၊ ရှင်းလင်းသေချာ၊ ရေးသားပါအံ့သတည်း။

ပဋိညာဉ်-ပဏာမပတ္တာဝတ္တဂါထာဗန္ဓဖြင့် ဗုဒ္ဓသာသနာတွင် ဗုဒ္ဓရှင်တော်ဘုရား၊ ဦးထိပ်ထား၍၊ မွေးဘွားလာကြသော သာကီယနွယ်လာ၊ မြန်မာလူမျိုးတို့မှာ-၅ နှစ်ရှယ်, ၇ နှစ်ရှယ်မှစ၍ ဝိပဿနာကျင့်စဉ် တရားများကို ကျင့်ကြံထိုက်လှ၏။ နာကြားထိုက်လှ၏။ ထို့ကြောင့်ပင် မဟုတ်ပါလော၊ ဗုဒ္ဓရှင်တော်ဘုရား လက်ထက်အခါ ၅ နှစ်အရွယ်တွင် ဝိပဿနာတရားကို နာကြားကျင့်ကြံမှုကြောင့် နိဗ္ဗာန်သို့ ကူးသွားသော ပဥ္စသီလသမာဒါနီယထေရ်-စသည်တို့သည်ရင်း, ၇-နှစ်ရှယ်တွင် ဝိပဿနာတရားအစားစားကို ကြိုးစားကျင့်ကြံ အားထုတ်မှုကြောင့် နိဗ္ဗာန်ပေါက်သွားကြသော သံကိစ္စသာမဏေ, တိဿသာမဏေ-စသည်တို့သည်ရင်း၊ ထင်ထင်ရှားရှား-၅ နှစ်ရှယ်,၇ နှစ်ရှယ်ကပင် ဝိပဿနာတရား ပွားများကြ၍ နိဗ္ဗာန်ထွင်ဖျားသို့ ရောက်သွားကြလေကုန်ပြီ။ ထိုသို့သော ၇ နှစ်ရှယ် တွင်ပင် ရဟန္တာဖြစ်၍ နိဗ္ဗာန်ဝင်နိုင်ပုံကား-ပါဠိတော်အစားစားကို ထောက်ထား၍ (အာဒိတော ဇနသမ္ဗန္ဓ၊ သိက္ခိတဗ္ဗံ သမာတိကံ၊ ဝိပဿနံရဝိဿာသမိ)-ဟု ပဋိညာဉ် ဝန်ခံခဲ့သည်နှင့် လျော်ညီစွာ၊ ၇ နှစ်ရှယ် ကလေးငယ်သော်လဲ မြန်မာစကားနားလည်ပါမူ, နားလည်၍ ကျင့်ကြံ အားထုတ်ပါမူ - ကာလမကြာ အနည်းငယ်သော ရက်,လ,နှစ် အတွင်း မဂ်,ဖိုလ်,နိဗ္ဗာန်, ပေါက်ရောက်နိုင်၏။

## " ကမ္မဋ္ဌာန်းဆရာလုပ်သူ-အထူးသတိထားရန် အချက် "

အပ္ပာနမေဝ ပဌမံ၊ပဋိရူပေ နိဝေသယေ။
အထညမနုသာသေယျ၊ န ကိလိသေယျပဏ္ဍိတော။ ။

## " ဓမ္မပဒပါဠိတော် "

**အနက်ကား။** ။ဘိက္ခဝေ၊ ရဟန်းတို့။ အပ္ပာနမေဝ၊ မိမိကိုယ်ကိုသာလျှင်။ ပဌမံ၊ ဝိပဿနာကိုရှေးဦးစွာ။ပဋိရူပေ၊သင့်တင့်လျောက်ပတ်ကောင်းမွန်သောအကျင့်မြတ်၌။ နိဝေသယေ၊ လုံလောက်စေ၍ သွင်းထားရာ၏။ အထပစ္ဆာ၊ မိမိအတွက် တရားဘက်၌၊ ပြည့်နှက်ပိုမောက် ခရီးရောက်၍၊

လုံလောက်ပြီးမှ နောက်ကာလ၌။ အညံ့တပည့်အများ သူတပါးကို၊အနုသာသေယျ၊ နည်းလမ်းပြကာ သွန်သင်ဆုံးမရာ၏။ပဏ္ဍိတော၊ခေါင်းဆောင်ရှေ့သွား၊ ပညာရှိသောဆရာသမားမည်သည်၊ အတ္တာနဥ္စ၊ ဆရာပြုလို၊ မိမိကိုယ်ကိုရင်း။ ပ၊ရူ၊ တပည့်အများ၊သူတပါးကိုရင်း။ နကိလိဿယျ၊ ကိုယ်စိတ်ညှိုးနွမ်း၍၊ မဆင်းရဲမပင်ပန်းစေရာ သာလျှင်ကတည်း။

## " လိုရင်းအဓိပ္ပါယ်ကိုပြဆိုချက် "

၍အထက်ပါ ဂါထာပါဠိတော်ဒေသနာ အရ ဆိုလိုရင်းအကျဉ်းမျှဖြစ်သော အဓိပ္ပါယ်မှာ သံသရာဘေးကိုမျှော်ပေါ့ကြောက်ညောင်း အိုး.....ချစ်သား,ချစ်သမီးအပေါင်းတို့ မိမိကိုယ်ကိုသာလျှင် ရှေးဦးစွာ သင့်တင့်လျောက်ပတ်သော အကျင့်မြတ်၌ လုံလောက်အောင်သိမ်းသွင်းထားကြပါ၊ မိမိအတွက် ပြီးမြောက်သော နောက်ကာလမှ တပည့်အများ သူတပါးကို ဟောကြားဆုံးမကြပါ၊ ပညာရှိသောခေါင်းဆောင်ဆရာသည် မိမိကိုရင်း,သူတပါးကိုရင်း ကိုယ်စိတ်ညှိုးနွမ်း မပင်ပန်းစေရာ၊ မိမိအတွက်ပြည့်နှက်လုံလောက်ခြင်းမရှိဘဲ နားမလည်မသိကြသော သူတပါးကိုဟောကြား ဆုံးမပါလျှင် မိမိကိုယ်ကိုရင်း, တပည့်အများ သူတပါးကိုရင်း၊ ကိုယ်စိတ်ညှိုးနွမ်း၍ ပင်ပန်းဆင်းရဲခြင်းကို ဖြစ်စေသည်ဟုဆိုလိုရင်းဖြစ်လေတော့သတည်း။

## " အဓိပ္ပါယ်အကျယ်ကိုပြဆိုချက် "

ယခုပြဆိုခဲ့သော ဓမ္မပဒပါဠိတော်အရ အကျယ်သိရန်ဖြစ်သော အဓိပ္ပါယ်သဘောများမှာ လောကရေး,ဓမ္မရေးတို့တွင် တစုံတခုသောကိစ္စ၌ ခေါင်းဆောင်ရှေးသွား၍ ဆရာသမားပြုလုပ်လိုသော ရဟန်း,ရှင်လူ မည်သူမဆို ပုဂ္ဂိုလ်ဟူသမျှတို့ ရှေးဦးစွာ သတိပြုနိုင်ကြစေရန် အောက်၌ပါရှိသော အချက်များကို မရှုပ်မမှားအောင် မှတ်သားသိရှိအပ်ကြပေသည်။

၁။ မိမိကိုယ်ကိုသာလျှင် ရှေးဦးစွာ အလိုရှိအပ်သော ကိစ္စများကို ပိုင်ခြားထင်ထင် ဟုတ်မှန်တိုင်းသိမြင်အောင် ကြိုတင်၍ ပြုလုပ်ပြီးစီးနေခြင်း။

၂။ မိမိအတွက် လိုအပ်သော အလုပ်ကိစ္စများပြီးစီးပြီး နောက်ကာလမှ သူတပါးတို့အား ဆရာသမားပြုလုပ်၍ ဟုတ်မှန်သော အကျိုးနှင့်စေးပေးရခြင်း။

၃။ ပညာရှိအခေါ်ခံသော ဆရာမည်သည် မိမိကိုယ်ကိုရင်း,သူတပါးကို ငှင်း၊ အကြောင်းမသင့်ရာ၌ နှလုံးသွင်းစေသဖြင့် လွဲမှားချွတ်ချွင်း ပင်းပန်း ဆင်းရဲမှုများကို အနည်းငယ်မျှ မဖြစ်စေရခြင်း။

ဤ ၃ ပါးသော အချက်များ၌ အကျဉ်းအားဖြင့် ညွှန်ပြထားသည့်အတိုင်း ဆရာပြုလုပ်လိုသော သူတို့မှာ ရှေးဦးစွာ ကြိုတင်၍ ဟုတ်တိုင်း မြင်သိ ပြည့်စုံခြင်းရှိရအောင် ရှက်ဆောင်အားထုတ်ထားရမည်ဆိုလိုပေသည်။

## " ပထမအင်္ဂါကိုပြဆိုချက် "

ယခုပြဆိုခဲ့သော အင်္ဂါ ၃ ပါးတို့တွင် ပထမအင်္ဂါအရ သင့်တင့် လျောက်ပတ်သော အကျင့်အလုပ်ကိစ္စ၌ သွတ်သွင်းထားရမည်ဟူသော ပထမအင်္ဂါစကားဖြင့် သာမညတခုတည်း တမျိုးတည်းဖြစ်သကဲ့သို့ ထင်ရ သော်လည်း ဝိသေသအနေအားဖြင့် ခွဲခြားဝေဘန်ခဲ့သည်ရှိသော် လောကီ ရေး,လောကုတ္တရာရေးဟု ၂ မျိုး, ၂-စား အကျဉ်းအားဖြင့် မှတ်သား သိရှိ အပ်ပေသည်။

ထိုနှစ်မျိုး, နှစ်စားသော လောကီရေး, လောကုတ္တရာရေးတို့ကိုလည်း ယခုပြဆိုမည့် အချက်များမှာ လောကီရေးမဟုတ်, လောကုတ္တရာရေး သက်သက်မျှဖြစ်သည်ဟု အတည်တကျ မှတ်သားသိရှိ သင့်ကြပေသည်။

တဘန်ခွဲခြမ်းဝေဘန်ပြန်လျှင် လောကုတ္တရာရေးတွင်လည်း မဂ် ၄-ပါး, ဖိုလ် ၄-ပါး, နိဗ္ဗာန်, ပရိယတ်ဟု ဆယ်ရပ်ဆယ်ပါး ကွဲပြားရှိလေရာ အ ကျဉ်းသဘောမှာမူကား-ပညတ်, ပရမတ်ဟု အရေအတွက်-၂-ခုမျှ သင့် သဖြင့် ယခုပြဆိုမည့်အဓိပ္ပါယ်များသည် ပညတ်မဟုတ် ပရမတ်သဘော သက်သက်မျှဖြစ်ကြောင်းကို ကောင်းစွာပိုင်းခြား၍ မှတ်သား သိရှိအပ်ပေ သည်။

## " သာသနာ့ခေတ်အခါကိုပြဆိုချက် "

ဤအထက်ပါ သဘောများတွင် ပညတ်နှင့် ပရမတ်အရကို ရှင်းလင်း စွာ သိကြရန်မှာ သာသနာဟုခေါ်သော ခေတ်အခါကိုများစွာသောရဟန်း, ရှင်,လူတို့က အနှစ်-၅၀၀၀-ဟု မှတ်သား၍ နိဗ္ဗာန်တရားကို ရနိုင်သော အခါဖြစ်သည်ဟု အပိုင်းအခြား အကွဲအပြားမရှိဘဲ တခုတည်း,တမျိုးတည်း သာ ထင်ကြလေသည်။

အချိန်ကာလအခါဟူသည် တခုတည်းခေါ်ဆိုရသော်လည်း သာသနာပ အခါ သာသနာတွင်းအခါဟု ၂-မျိုးရှိပေသည်။ထို ၂-မျိုးတို့တွင် သာသ နာအခါဆိုသည်၌ ဖြစ်ထွန်းနိုင်သော ကိစ္စသဘာဝကို ထောက်ထား၍ ၅-မျိုး-၅-ပါးကွဲပြား ခြားနား၍ မှတ်သားရန်ဖြင့် ထေရာပါဠိတော်၌ အရှင် ဖုဿမထေရ် ဟောကြားသည်ကိုအဋ္ဌကထာဆရာတို့က ရှင်းလင်းစွာ ခွဲ ခြမ်းဝေဘန်သိရှိရန် ဘွင့်ပြထားပုံမှာကား---

**" သာသနယုဂပါဠိအနက် "**

သာသနဿ ဟိ ပဉ္စယုဂါနိ ဝိမုတ္တိယုဂံ သမာဓိယုဂံ
သီလယုဂံ သုတယုဂံ ဒါနယုဂဉ္စာတိ။ ။ထေရာအဋ္ဌကထာ။

ဟိ-ပါကာရံ ကရောမိ၊ သာသနယုဂခေါ်သောခေတ်-၅ ပါးကို ထင်ရှား အောင် တွက်စစ်၍ ပြလိုက်ဦးအံ့။ သာသနဿ၊သာသနာတော်မြတ်ကြီး၏။ ယုဂါနိ၊ ခေတ်အခါကာလဟူသော အပိုင်းအခြားတို့သည်။ ဝိမုတ္တိယုဂဉ္စ၊ ဝိပဿနာကို အားထုတ်၍ မဂ်, ဖိုလ်, နိဗ္ဗာန်ကို ရသဖြင့် ဖလသမာပတ် ချမ်းသာကိုခံစားခြင်းများသော ဝိမုတ္တိယုဂ - ခေတ်လည်းတပါး။ သမာဓိ ယုဂဉ္စ၊ သမထကို အားထုတ်၍ ဈာန်အဘိညာဉ်ကို ရခြင်းများသော သမာဓိယုဂ-ခေတ်လည်းတပါး။သီလယုဂဉ္စ၊ကိုယ်,နှုတ်စောင့်ဆည်း ထိန်း သိမ်းခြင်းများသော သီလယုဂ - ခေတ်လည်းတပါး။ သုတယုဂဉ္စ၊ စာပေ ပိဋကတ်ကိုသာ သင်အံကျက်မှတ်ခြင်းများသော သုတယုဂ-ခေတ်လည်း တပါး။ ဒါနယုဂဉ္စ၊ ပေးကမ်းလှူဒါန်းခြင်းများသော ဒါနယုဂ-ခေတ်လည်း တပါး။ ဣတိ၊ ဤသို့။ ပဉ္စ၊ ငါးပါးတို့ပေတည်း။

**" သာသနယုဂအဓိပ္ပါယ်ကိုပြခြင်း "**

သာသနယုဂဟူသည် သာသနခေတ်-သာသနအခါ သာသနာကာလဟု မှတ်ယူရ၏။ ထိုသာသနခေတ်သည် ၁-ဝိမုတ္တိခေတ်၊ ၂-သမာဓိခေတ်၊ ၃-သီလခေတ်၊ ၄-သုတခေတ်၊ ၅-ဒါနခေတ်ဟုဆိုလို၏။ ယုဂသဒ္ဒါအရ ခေတ်ကာလဟု ဆိုခြင်းသည်၊ ကလိယုဂသဒ္ဒါကို ကလိယုဂ်ဟုအနက်ဆို၍ ဆုတ်ကပ်အခါဟူသော အဓိပ္ပါယ်ကိုယူသကဲ့သို့ ဝိမုတ္တိယုဂ၌ ဝိမုတ္တိယုဂ် ဝိမုတ္တိအခါဟုဆိုရလေ၏။ထို့အတူ ကြွင်းသော ယုဂ ၄ပါး၏ အဓိပ္ပါယ်ကို နားလည်သိရှိကြပါလေ။

ထို-၅ပါးတို့တွင် ၁-ဒိဋ္ဌိဝိပလ္လာသနှင့်ယှဉ်သောကာလ ဖြစ်ခဲ့သော မဂ်,ဖိုလ်,နိဗ္ဗာန်ကိုရရန် ဝိပဿနာ နည်းလမ်းများကို ရှုမှတ်ရှာဖွေမှုတွေ့ရှိသော ကမ္မဋ္ဌာန်းအမျိုးမျိုး အစားစားတို့၌ အမှားအမှန်ကို ဝေဘန်၍ မသိနိုင်ဘဲ ယုံကြည်ခြင်းရှိသေးသဒ္ဓါတရား, လိုလားသောဆန္ဒများနှင့် ဝီရိယသုံ့လထား လျက် ကြိုးကြိုးစားစား နင်လား ငါလားဖြင့် အားထုတ်သူများပြားခြင်း, ထိုပုဂ္ဂိုလ်တို့တွင် အမှန်လိုက်မိ၍ မဂ်,ဖိုလ်ရသူတို့ တစ, တစပေါ်ပေါက်များပြားခြင်းသဘောမျိုးကို ဝိမုတ္တိယုဂခေတ်ဟုမှတ်ယူအပ်ပေသည်။

> **သတိပြုရန်မှာ။** ။ဤသို့ ဝိမုတ္တိယုဂခေတ်ကောင်းနှင့် သတ္တဝါတို့၏ ပါရမီအကြောင်းပြည့်စုံ၍ တွေ့ကြုံရပါသော်လည်း ပါပမိတ္တနှင့် တွေ့ဆုံပြီး အမှားကိုအယူသည်၊ သူတို့မှာ မြတ်စွာဘုရား လက်ထက်ကဲ့သို့ အရိယာကို ပြစ်မှားသောအရိယူပဝါဒကံ –စသည်ဘို့ကြောင့်သိဥည်းတပည့်, ဒေဝဒတ်တပည့်-စသည်များပမာ လွယ်ကူစွာ အပါယ်လားသူတို့လည်း လွန်မင်းစွာ များပြားတတ်လှသဖြင့် အထူးပင် သတိထားရန်အချက်ပေတည်း၊

ကြွင်းသောခေတ် ၄-ပါး၏ သဘောအဓိပ္ပါယ် အကျယ်များကိုလည်း ဆိုခဲ့သောဝိမုတ္တိယုဂခေတ်ကဲ့သို့ပင်မှတ်သား သိရှိကြပါလေ။ အကျဉ်းမျှပြဆိုပေအံ့၊

၂။ **သမာဓိယုဂဟူသည်။** ။မြေလျှိုး,မိုးပျံ ဈာန်တံခိုး အဘိညာဏ်များ ရနိုင်ရန် သမထဘာဝနာကိုပွါး၍ ဈာန်ကစားမှုများသောအခါမည်၏။

၃။ **သီလယုဂဟူသည်။** ။စာရိတ္တ, ဝါရိတ္တ-စသော ကိုယ်ကျင့်တရား သီလသိက္ခာကို စောင့်သုံးဆောက်တည်မှုများသောအခါမည်၏။

၄။ **သုတယုဂဟူသည်။** ။စာပေကျမ်းဂန်, ဓမ္မကထိကပိဋကတ်, ပရိယတ္တိများ သင်ကြား တတ်မြောက်မှုဖြင့် မြတ်လှသည်ဟု အထင်မှား၍ ကျက်မှတ်အရအားထုတ်မှုများလှသောအခါမည်၏။

၅။ **ဒါနယုဂဟူသည်။** ။ပေးကမ်းစွန့်ကြဲ ဝေခွဲမှုတခြင်းသည်လည်း မြင့်မြတ်လှသော သာသနာ့အလုပ်ကိစ္စဟူ၍ အထင်အမှတ်ထားပြီး အားထုတ်မှုများခြင်းအခါမည်၏။

ဤသို့လျှင် သာသနာခေတ်အခါ ပြုဘွယ်ရာကိစ္စ သဘာဝခြားနား၍ အခါ အားဖြင့် ၅ မျိုး,၅ စား,၅ ပါးရှိသော အဓိပ္ပါယ်သဘောသွားကို မှတ်သား သိရှိသင့်ပေသတည်း။

## " ပညာတ်နှင့်ပရမတ်ကိုပြဆိုချက် "

ယခုပြဆိုခဲ့သော သာသနာ့ခေတ်-၅-ရပ်ကိုပရမတ်နှင့် ပညတ်အရဖြင့် ခွဲပြဝေဘန်ခဲ့သည်ရှိသော် ပဌမဝိမုတ္တိယုဂခေါ်သော ခေတ်အခါ၌ သတ္တဝါ တို့၏ စိတ်တွင် ပရမတ်သဘောကို အယူများအားထုတ်များ၍ ရရှိသူများ ကြ၏။

ဒုတိယသမာဓိယုဂခေါ်သော ခေတ်အခါ၌ သတ္တဝါတို့၏ စိတ်တွင် ပရ မတ်နှင့်ပညတ်-၂-ရပ်စလုံးအယူများ အားထုတ်များ၍ ဈာန်,မဂ်,-၂ပါး လုံးရရှိသူတို့များကြပေ၏။

တတိယနှင့် စတုတ္ထ,ပဉ္စမဖြစ်သော သီလယုဂ,သုတယုဂ,ဒါနယုဂ-ခေါ် သော ခေတ်အခါများ၌ သတ္တဝါတို့၏ စိတ်တွင် ပညတ်သဘောတရား တ ခုတည်းကိုသာ အယူများအားထုတ်များ၍ ပရမတ်တရားကို မကြားရ,မသိ ရဘဲ ပညတ်အယူအစွဲသန်ကြသူတို့များပြားကြလေသည်။

ထို ၅-ပါးသောသာသနာခေတ်နှင့် ၂-ပါးသော ပညတ်,ပရမတ်တရား တို့တွင် ယခုအခါသည် ဘယ်ခေတ်ဆန်း၍ ဘယ်လမ်းကို သတ္တဝါတို့၏ စိတ်၌ အယူသန်၍ လိုလားခြင်းများကြပါသနည်း။အဘယ်ကို အပြောများ၍ အဘယ်ကိုအားထား လိုက်စားခြင်းများကြပါသနည်းဟု အသီးအသီး ဆင် ခြင်၍ အမှန်ကို သိမြင်အောင် သတိတရား ရှေ့ဆောင်သင့်ကြပေသည်။

ယခုအခါ အထက်ပါ အမေးစကားကို ဖြေကြားပြောဆိုပါလျှင် သာသ နာခေတ် ၅-ရပ်တွင် ယခုအခါသည် ဝိမုတ္တိယုဂခေတ်သို့ သက်ဆင်း ကျ ရောက်သော အခါ ဖြစ်၏။ ပရမတ်,ပညတ် ၂-ရပ်တွင် ယခုအခါသည် သတ္တဝါတို့၏ စိတ်ဓါတ်၌ ပရမတ်သဘောကို အယူများ၍ ပရမတ်သဘော ကို အားထုတ်ခြင်း, လိုလားခြင်း-များသောအခါဟူ၍ မှချနည်းအားဖြင့်ပင် လျှင် ဖြေကြားပြောဆိုနိုင်လေတော့သည်။

## " ဥာဏ် ၃-ပါးကိုပြဆိုချက် "

ဤကဲ့သို့ ဝိမုတ္တိယုဂခေတ်၌ ပရမတ်-ရုပ်, နာမ်သဘောအစစ်ကို သိလို မြင်လိုခြင်းအားကြီးများလာသော သတ္တဝါတို့၏ စိတ်ဓါတ်အားလျော်စွာ ပြုလုပ်ဘွယ်ရာဖြစ်သော သဘောတရားတို့မှာ သီလ,သမာဓိ,ပညာ-ဟု ၃- ဖြာရှိသည့်တွင် ဝိမုတ္တိယုဂခေတ်သဘောမျိုး အရ သီလချည်းသက်သက်, သမာဓိချည်းသက်သက်ဖြင့် အားထုတ်ရမည့်အခါမျိုးမဟုတ်၊ပရမတ်ရုပ်,-

နာမ်သဘောမှန်ကို ဧကန်သိမြင်နိုင်သည့် ပညာအလုပ်ကို အားထုတ်မိပါလျှင် သီလ,သမာဓိ-တရားတို့ အလိုလိုပါဝင်ပြီးစီးနိုင်သော ပညာအလုပ်ကို အားထုတ်ရလေသည်။

ထိုသို့အားထုတ်ရာ၌ ပညာဟူသည် ဉာဏ်ကိုပင် ခေါ်ဆိုရသဖြင့် ဉာဏ်ဟူသည်မှာလည်း ၁-သုတမယဉာဏ်, ၂-စိန္တာမယဉာဏ်, ၃-ဘာဝနာမယဉာဏ်ဟူ၍ ၃ပါးအပြားရှိလေရာ ယခုအခါသည် သင်အံ့,လေ့ကျက် ဆောင်ရွက်မှတ်သား အသိများခြင်းဟူသော သုတမယဉာဏ်မျိုးမျှနှင့် ကြေနပ်အားရပြီး တင်းတိမ်ရောင့်ရဲခြင်းဖြင့် မနေသင့်လှပေ။

ယခုလို ဝိမုတ္တိပဋိပက္ခခေတ်အခါမျိုး၌ စိန္တာမယဉာဏ်စွမ်းဖြင့် ဘုန်းတန်ခိုးကြီးမားစေတတ်သော သာမညသမထလုပ်ငန်းများကို မဆိုထားဘိ၊ အဘိညာဉ်သို့ထိသော ပညတ်ကမ္မဋ္ဌာန်းဖြင့် ကမ်းတဘက်သို့ရောက်အစွမ်းကုန် ပေါက်မြောက်စေကာမူ ကြေနပ်အားရလောက်သော သဘောတရားမျိုးမဟုတ်သည်များကို အထူးပင် စဉ်းစားသင့်လှပေသည်။

ထို့ကြောင့် ယခုခေတ်အခါမျိုးသည် ဘာဝနာမယဉာဏ်မျိုးကို ပေါက်မြောက်မှကြေနပ်အားရလောက်သည့် တရားမျိုးဖြစ်ပေ၏။သုတမယဉာဏ်, စိန္တာမယဉာဏ်များကို အရင်းခံထားမိသူများသည် ၎င်းမျှနှင့် ကြေနပ်တန့်ရပ်မထားဘဲ ဘာဝနာမယဉာဏ်မှန်သို့ ဧကန်ပေါက်ရောက်နိုင်ရန် မြဲမြံစွာ သတိထားသင့်ပေတော့သည်။

သို့မဟုတ်စာသင်ခြင်း-သုတမယဉာဏ်,သမထအားထုတ်ခြင်း-စိန္တာမယဉာဏ်များကို အခြေခံမထားဘဲ ဘာဝနာမယဉာဏ်တည်းဟူသော ဝိပဿနာအလုပ်တခုကိုသာ အစ,အဆုံးပိုင်နိုင်ရရှိအောင် သတိကိုရှေ့ဆောင်ထား၍ရှုမှတ်ပွားများရသော ယုဂနဒ္ဓသုဒ္ဓဝိပဿနာယာနိကနည်းလမ်းဖြင့်ဖြောင့်တန်းမှန်ကန်၍ အားထုတ်နိုင်ပါမူကား သုတမယ,စိန္တာမယ,ဘာဝနာမယ-ဟူသောဉာဏ်-၃ပါးတို့ တပြိုင်နက် ပါဝင်ပြီးစီးသွားကြလေတော့သည်။

## " အပြောနှင့် - အလုပ်ကိုပြဆိုချက် "

ယခုအခါ အထက်က ပြဆိုခဲ့သော သဘောခေတ်, ပရမတ်ခေတ်, ဝိပဿနာခေတ်ဖြစ်ပေ၏။ အပြောမှာလည်း သဘောကိုပြောကြ,ပရမတ်ကို ပြောကြ, ဝိပဿနာကိုပြောကြပေသည်။ သို့သော် အလုပ်မှာမူကား ပြောသောအတိုင်း မှန်သည်လည်းရှိတတ်, မမှန်သည်လည်းရှိတတ်ကြသည်ကို အထူးပင် သတိချပ်နိုင်မှ တတ်အပ်သေချာသိမြင်ပေရာ၏။

ထို့ကြောင့် ယခုအခါသည် သဘောခေတ်, ပရမတ်ခေတ်, ဝိပဿနာခေတ်–ဟူသောခေတ်ကောင်း, ခေတ်မြတ်ကြီးနှင့် အခွင့်သင့်တွေ့ကြုံနေကြရသဖြင့် တွေ့ကြုံကျိုးနပ်ကြစေရန် ရည်သန်စိတ်ထားလျက် ဝိပဿနာတရားဘက်၌ အမျိုးသား,အမျိုးသမီးတို့အတွက် အကျိုးများရန် ဆောင်ရွက်ပြုရလိုကြပါလျှင် ဝိပဿနာလုပ်ငန်း၌ ဘာဝနာမယဉာဏ်ဖြင့် ဟုတ်မှန်သော လက်ဆုတ်လက်ကိုင် ပိုင်ပိုင်လှလှ တကယ်တန်းသိရလေအောင် ရွက်ဆောင်ပြုလုပ်ခြင်းဖြင့် ဉာဏ်အမြင်သန့်ရှင်း၍ ထင်ထင်လင်းလင်း ထိုးထွင်းသိရှိနိုင်စေခြင်းငှါ ရှည်ကြာစွာ အားထုတ်ပြီးစီးသော ကိုယ်ပိုင်ဉာဏ်များကိုရရှိအောင် ယူထားရလေတော့သတည်း။

## " ဒုတိယအင်္ဂါကိုပြဆိုချက် "

တဘန် မိမိအတွက်လုံလောက်ပြီးစီးပြီးမှ သူတပါးတို့အား ဟောကြားဆုံးမရာ၏ဟူသော ဒုတိယအင်္ဂါအရ၌ကား–ဆရာပြုလုပ်သူသည် မိမိအားထုတ်၍ နည်းရလာသော အတိုင်းသာ မှန်ကန်စွာ ဟောကြားဆုံးမသင့်၏။ ဤနေရာ မူလကနည်းလမ်းဖြောင့်ပါလျှင် တသမတ်ထည်းပင် မကွေ့မကောက်ဘဲ အမြဲသိရှိသဖြင့် တပည့်တို့အားလည်း ဖြောင့်မတ် မှန်ကန်စွာပင်လျှင် သွန်သင်ဆုံးမ၍ ဟောပြောညွှန်ပြကြလေသည်။

ယခုကဲ့သို့ သဘောမှန်သည့်ပရမတ်ရုပ်,နာမ်ကို ဘာဝနာမယဉာဏ်ဖြင့် ဧကန်မသိရှိဘဲလျက် စိတ်ထဲ၌ သိယောင်ကားနှင့် စမ်းတဝါးဝါးဖြစ်သော ဆရာများသည် သမထနှင့်ဝိပဿနာမကွဲပြား, ပညတ်နှင့်ပရမတ်မကွဲပြားသဖြင့် ဟိုလိုလို,ဒီလိုလိုဖြစ်နေ၍ နည်းအမျိုးမျိုးမှတ်သားပြီး ရိုးတိုးရားတားဟိုတရားတခါ, သည်တရားတခါ၊ ဟိုတရားနဲ့နဲ့, သည်တရားနဲနဲနှင့် ဖွဲ့ဖွဲ့မြမြ,ခိုင်ခိုင်မာမာ, အကိုးအကားမရှိဖြစ်တတ်လေသည်။

ထို့ကြောင့် ယခုကဲ့သို့ ယောင်ဝါးကြွားဝါ၍ မသိသူတို့ကို လှည့်ဖြားသော ဆရာတို့အား သိသူများက ရယ်ဘွယ်ရာဖြစ်တတ်၍ ပရမတ်ဆရာ, ဝိပဿနာဆရာပြုလုပ်လိုပါလျှင် ပရမတ်နည်းလမ်း ဝိပဿနာကမ္မဋ္ဌာန်းကို ဖြောင့်တန်းမှန်ကန်စွာ အားထုတ်ရရှိပြီးမှ အသီးသီးသော တပည့်များနှင့် သူတပါးတို့အား မယွင်းမမှားရအောင် ညွှန်ပြဟောကြား၍ ဆရာသမားအဖြစ်ရယူလျက် ဆုံးမနည်းပေးခြင်းကို ပြုရလေတော့သည်။

## " တဘက်သအင်္ဂါကိုပြခြင်းချက် "

တဘက် အကျိုး,အကြောင်းမှန်ကို ကောင်းသိသော ပညာရှိဆရာမည်သည့် မိမိကိုယ်၊ သူတပါးကိုယ်၊ မညှဉ်းဆဲမပင်ပန်းစေရေးဟူသော တတိယအင်္ဂါ အရန်စကား ဟုတ်မှန်စွာ တကယ် အားထုတ်၍ နာမ်,ရုပ်အမှန်တို့ဖြစ်ပျက် ဟန်,ချုပ်ငြိမ်းဟန်တို့ကို ကောင်းသိရှိပြီးသော ဆရာသမားထံ၌ နည်းခံအား ထုတ်ခြင်းမရှိဘဲ အများနည်းသရုပ်သန္နိဋ္ဌာန်ကို တပိုင်းတစ ကြားဘူးနားဝ ဖြင့် မှတ်သား သိရှိချုံ့နှင့်ဂုဏ်ကိုယူ၍ ဆရာလုပ်တတ်ကြ၏။

ထိုပုဂ္ဂိုလ်များသည် မိမိကိုယ်ပိုင်ဉာဏ်ဖြင့် အမှန်ကို မသိရ၍ တပည့် အများတို့က အာရုံထင်သမျှ စိတ်ဖြစ်သည့်အရကို ပြောပြသောအခါ ဘယ် လို လုပ်ရမှန်းမသိ ယောင်တိယောင်တနှင့် အစမသတ် ဖြစ်ကတတ်စမ်း ရမ်းဆ၍ ပြောရသဖြင့် စိတ်မော,ကိုယ်ပန်း,မရွှင်လန်းဘဲ ညှိုးနွမ်းဆင်းရဲ ရခြင်း,နှလုံးသွင်းအားထုတ်သော တပည့်တို့မှာလည်း အချိန်နှီး အလဟဿ ပင်ပန်းကာမျှသာ ဖြစ်ရလေသည်။

ထို့ကြောင့် မိမိလည်း လမ်းမှန်၍ မဆင်းရဲ,မပင်ပန်းစေရန် တပည့်များ လည်း ချမ်းသာလွယ်ကူစွာနှင့်လိုရာ မဂ်,ဖိုလ်,နိဗ္ဗာန်ကိုရရှိနိုင်စေရန် အမှီခံ, အပူဇော်ခံသော ဆရာမည်သည် မိမိကိုယ်တိုင် ပိုင်နိုင်စွာ အားထုတ်ပြီးမှ အသိသိသော တပည့်တို့အား ဟောကြားဆုံးမပါမှ လွယ်ကူဖြောင့်တန်း မပင်ပန်းဘဲ ရည်မှန်းသော မဂ်,ဖိုလ်,နိဗ္ဗာန်ကို လျင်မြန်စွာ ရရှိနိုင်ကြောင်း ကို ဆရာလုပ်သူအပေါင်းတို့ ကောင်းစွာစဉ်းစား သတိထား၍မှတ်သားအပ် ပေသတည်း။

## " ငြိမ်းငြိမ်းသောစကားကိုပြခြင်းချက် "

မြတ်စွာဘုရား၏သာသနာတော်တည်းဟူသော အလင်းရောင်ကြီးသည် ယခုလောက၌ ပေါ်လွင်ထင်ရှားသော နေမင်း,လမင်း၏ အရောင်အဝါထက် အဆပေါင်းထောင်သောင်းမက နှိုင်းယှဉ်တို့ရာ ဥပမာမရှိအောင် ထွန်းလင်း တောက်ပ နေခိုက်တွင် မိမိတို့ထက် သိလိမ္မာကြသော ဒေသနာဉာဏ်, ပညာဉာဏ်လောက်နှင့်ပင် အားခုနှစ်သက် တင်းတိမ်၍ မနေသင့်ကြပေ။

မှန်ကန်သော ဝိပဿနာနည်းလမ်းများကို အားထုတ်သင့်ပေ၏။ မှန်ကန် သော ဝိပဿနာနည်းလမ်းများကို အားထုတ်သော ယောဂီတို့ဉာဏ်မှာ အားထုတ်တိုင်း, အားထုတ်တိုင်းသော စိတ်ချက်တို့၌ ရုပ်, နာမ် ထင်ရုံမျှ မဟုတ်ဘဲ ဒွါရ, အာရုံ,ဝိညာဏ်,ဖဿ,သုခ,ဒုက္ခ, ဝေဒနာ–တို့နှင့် ဆက်ဆံ

သောကာဓမဘုံဖြင့် ရေတွက်အပ်သော ဝိသုဒ္ဓိမဂ်အဋ္ဌကထာ (၅၄၀)နှင့်ပဋိသမ္ဘိဒါမဂ်ပါဠိတော်-ဒိဋ္ဌိကထာ(၁၁၉)နံပါတ်မှစ၍ ဒိဋ္ဌိ၏အာရုံ အားထုတ်ပုံကို ဟောတော်မူရာ၌---

ခန္ဓာ(၅)ပါး။ ။ဒွါရ(၆)ပါး။ ။အာရုံ(၆)ပါး။ ။ဝိညာဏ်(၆)ပါး။ ။ဖဿ(၆)ပါး။ ။ဝေဒနာ(၆)ပါး။ ။သညာ(၆)ပါး။ ။စေတနာ(၆)ပါး။ ။တဏှာ(၆)ပါး။ ။ဝိတက်(၆)ပါး။ ။ဝိစာရ(၆)ပါး။ ။ဓာတ်(၆)ပါး။ ။ကသိုဏ်း(၁၀)ပါး။ ။ကောဋ္ဌာသ(၃၂)ပါး။ ။အာယတန(၁၂)ပါး။ ။ဓာတ်(၁၈)ပါး။ ။ဣန္ဒြေ(၂၂)ပါး။ ။ဓာတ်(၃)ပါး။ ။ဘဝ(၉)ပါး။ ။စတုဈာန်နည်းရူပဈာန်(၄)ပါး။ ။ဗြဟ္မဝိဟာရ(၄)ပါး။ ။အရူပ(၄)ပါး။ ။ပဋိစ္စသမုပ္ပါဒ်အင်္ဂါ(၁၂)ပါး ဟုဆိုအပ်သော ဤသို့ ကောဋ္ဌာသအားဖြင့်(၂၃) ပါးသော တရားအပေါင်းတို့သည် ထိုက်သည်အားလျော်စွာ ပါလာကြကုန်၏။

အမည်ပညတ်ဒေသနာစဉ်ကို ကျက်မှတ်ထားသောသူတို့သည် ထိုဒေသနာများ၏ အစဉ်ကို လွယ်လင့်တကူ ထုတ်ဖော် ပြောဆိုတတ်ကြကုန်၏။ဝိပဿနာအလုပ်ကိုသာ အားထုတ်ကြကုန်သော ယောဂီပုဂ္ဂိုလ်တို့သည် အားထုတ်သဖြင့် ဖြစ်ပေါ်လာသော လမ်းစဉ်ကို မြင်နိုင်ကြကုန်၏။

ထို့ကြောင့် အထက်ပါတရားအပေါင်းတို့တွင်၊ သုတ်အမျိုးမျိုးနှင့် တိုက်ပြီး ယထာဘူတကျသည်, မကျသည်ကိုရင်း ထိုယထာဘူတကျသော တရားသည် မဂ္ဂင်ရှစ်ပါးသို့ သွတ်သွင်းသဖြင့် ဝင်သည်, မဝင်သည်ကိုရင်း, သွတ်သွင်း၍ ဝင်သော ယထာဘူတအလုပ်သည် မဂ္ဂသစ္စာထိုက်သည်, မထိုက်သည်ကိုရင်း စဉ်းစားဉာဏ်သက်ဝင်၍ ဝိပဿနာအလုပ်နည်းလမ်း မှန်သည်, မှားသည်ကို မိမိတို့၏ ကိုယ်ပိုင် ဘည်းဟူသော ဉာဏ်ဖြင့် ဆုံးဖြတ်နိုင်စေကုန်သတည်း။

**“ နေ့တိုင်းပဋိစ္စသမုပ္ပါဒ်–ပဒဋ္ဌာနဟာရကောက်နည်းကိုပြဆိုခြင်း။ ”**

**ပဋိစ္စသမုပ္ပါဒ်စက်လည်ပုံ, ဝင်ပုံ, ဝိဋ္ဋာ-ချုပ်ပျောက်–ပဒဋ္ဌာန်ကောက်ပုံ။**

**ဩရူသွ နည်းသက်ပုံ။**

**သံသာရပဝတ္တိ။** ။အာသန္နကာရဏံ ယံတု,ပဒဋ္ဌာနန္တိ တံ မတံ။

ယံအာသန္နကာရဏံ၊အကြောင်းနီးကပ်သော အကြောင်းသည်။ အတ္ထိ၊ ရှိ၏။ တံတု၊ ထိုနီးကပ်သောအကြောင်းကိုကား။ ပဒဋ္ဌာနန္တိ၊ ပဒဋ္ဌာန်ဟူ၍။ မတံ၊

သိအပ်၏။ဤ၌ပဒသဥ္ဍါနှင့် ဌာနသဥ္ဍါ ၂ခုလုံးပင် အကြောင်းဟူသောအနက်ကို ဟောကြ၏။

**“ အနက်တူသဥ္ဍါ၊ဆင့်၍လာ၊သေချာမှုချ၊ အနက်ပြ ”**

ဘုံအားဖြင့် ဘဝ်, တရားသဘောအားဖြင့် မဂ်၏ရှေ့-ဂေါတြဘူဘိုင် အောင် အဟုန်ဒိုးဒိုး မြစ်ရေအယဉ်ကဲ့သို့ စီးသွားတတ်သော သတ္တဝါတို့၏ သန္တာန်မှာ-ကြာမြင့်စွာထုံအပ်, စိမ်အပ်သော အရက်နှင့်တူသော ပေါက် သောဒိုးမှ အရေတစက်တစက် ယိုထွက်ဘိသကဲ့သို့ သတိတည်းဟူသော တံခါးရှက်ဖြင့် ကောင်းစွာ မပိတ်အပ်သေးသည်ဖြစ်၍ မျက်စိတည်းဟူသော တံခါးပေါက်,နားတည်းဟူသောတံခါးပေါက်,နှာခေါင်းတည်းဟူသောတံခါး ပေါက်,လျှာတည်းဟူသောတံခါးပေါက်,အားလုံးသောကိုယ်ဟုဆိုအပ်သော တံခါးပေါက်, ဘဝင်စိတ်ဟုဆိုအပ်သော တံခါး၆–ပေါက်တို့မှ အမြဲမပြတ် ယိုစီးတတ်သော လောဘ, ဒိဋ္ဌိ, မောဟ–ဟုဆိုအပ်သော ကာမာသဝ,ဘဝါ သဝ,ဒိဋ္ဌာသဝ,အဝိဇ္ဇာသဝ-ဟုဆိုအပ်သော အာသဝေါတရား–၄ပါးတို့၏ ကုန်ခြင်း၌သိသော ပစ္စဝေက္ခဏာဉာဏ်သည် ဘာ့ကြောင့်မဖြစ်သလဲ၊ဝိမုတ္တိ ဟူသော အရဟတ္တဖိုလ်ဉာဏ်မဖြစ်လို့၊ဝိမုတ္တိဟူသောအရဟတ္တဖိုလ်ဉာဏ် ဘာ့ကြောင့်မဖြစ်သလဲ၊ရာဂကင်းခြင်းဟုဆိုအပ်အရဟတ္တမဂ်ဉာဏ် မဖြစ်လို့၊ ရာဂကင်းခြင်းဟုဆိုအပ်သော အရဟတ္တမဂ်ဉာဏ် ဘာ့ကြောင့်မဖြစ်သလဲ၊ ဝန့်ဆင်းရဲ၌ ငြီးငွေ့မှု နိဗ္ဗိဒါဉာဏ်မဖြစ်လို့၊ ဝန့်ဆင်းရဲ၌ ငြီးငွေ့မှု – နိဗ္ဗိဒါ ဉာဏ်ဘာ့ကြောင့် မဖြစ်သလဲ။ဟုတ်မှန်သောသဘောကို မြင်သော ယထာ ဘူတဉာဏ် မဖြစ်လို့။ဟုတ်မှန်သောသဘောကို မြင်သောယထာဘူတဉာဏ် ဘာ့ကြောင့်မဖြစ်သလဲ။ တည်ကြည်ခြင်း-သမာဓိမဖြစ်လို့၊ တည်ကြည်ခြင်း- သမာဓိ ဘာ့ကြောင့် မဖြစ်သလဲ။ ချမ်းသာခြင်း-သုခမဖြစ်လို့။ ချမ်းသာခြင်း- သုခဘာ့ကြောင့်မဖြစ်သလဲ၊ ငြိမ်းချမ်းခြင်း-ပဿဒ္ဓိမဖြစ်လို့။ ငြိမ်းချမ်းခြင်း- ပဿဒ္ဓိဘာ့ကြောင့်မဖြစ်သလဲ။ နှစ်သက်ခြင်း–ပီတိ မဖြစ်လို့။ နှစ်သက်ခြင်း– ပီတိဘာ့ကြောင့်မဖြစ်သလဲ။ဝမ်းမြောက်ခြင်း–ပါမောဇ္ဇမဖြစ်လို့။ ဝမ်းမြောက် ခြင်း–ပါမောဇ္ဇဘာ့ကြောင့် မဖြစ်သလဲ။ ယုံကြည်ခြင်း–သဒ္ဓါတရား မဖြစ်လို့။ ယုံကြည်ခြင်း–သဒ္ဓါတရားဘာ့ကြောင့်မဖြစ်သလဲ။ဆင်းရဲခြင်း–ဒုက္ခမဖြစ်လို့။ ဆင်းရဲခြင်း-ဒုက္ခဘာ့ကြောင့်မဖြစ်သလဲ။ရုပ်နာမ်တို့၏ဖြစ်ခြင်း-ဇာတိကြောင့်၊ ရုပ်နာမ်တို့၏ ဖြစ်ခြင်း – ဇာတိဘာ့ကြောင့်ဖြစ်သလဲ။ ဘဝတဖန် ရုပ်နာမ်ကို ဖြစ်စေသောဘဝကြောင့်၊ဘဝတဖန် ရုပ်နာမ်ကိုဖြစ်စေသော ဘဝဘာ့ကြောင့် ဖြစ်သလဲ။

(၁) ကာမုပါဒါန်–ကာမဂုဏ်၌စွဲလမ်းခြင်း။
(၂) ဒိဋ္ဌုပါဒါန်–အယူ၌ စွဲလမ်းခြင်း။
(၃) သီလဗ္ဗတုပါဒါန်–အကျင့်၌ စွဲလမ်းခြင်း။
(၄) အတ္တဝါဒုပါဒါန်–ရုပ်နာမ်၌ စွဲလမ်းခြင်း။

စွဲလမ်းခြင်း ၄–ပါးဥပါဒါန်ကြောင့် စွဲလမ်းခြင်း ၄–ပါးဥပါဒါန် ဘာ့ကြောင့်ဖြစ်သလဲ။

(၁) ရူပတဏှာ – အဆင်းကိုတပ်မက်ခြင်း။
(၂) သဒ္ဒတဏှာ – အသံကိုတပ်မက်ခြင်း။
(၃) ဂန္ဓတဏှာ – အနံ့ကိုတပ်မက်ခြင်း။
(၄) ရသတဏှာ – အရသာကိုတပ်မက်ခြင်း။
(၅) ဖောဋ္ဌဗ္ဗတဏှာ – အတွေ့ကိုတပ်မက်ခြင်း။
(၆) ဓမ္မတဏှာ – သဘောကိုတပ်မက်ခြင်း။

တပ်မက်ခြင်း ၆ ပါးတဏှာကြောင့် တပ်မက်ခြင်း ၆ ပါးတဏှာ ဘာ့ကြောင့်ဖြစ်သလဲ။

(၁) စက္ခုသမ္ဖဿဇာဝေဒနာ – မျက်စိဖြင့် ခံစားခြင်း။
(၂) သောတသမ္ဖဿဇာဝေဒနာ – နားဖြင့် ခံစားခြင်း။
(၃) ဃာနသမ္ဖဿဇာဝေဒနာ – နှာခေါင်းဖြင့် ခံစားခြင်း။
(၄) ဇိဝှါသမ္ဖဿဇာဝေဒနာ – လျှာဖြင့် ခံစားခြင်း၊
(၅) ကာယသမ္ဖဿဇာဝေဒနာ – ကိုယ်ဖြင့် ခံစားခြင်း။
(၆) မနောသမ္ဖဿဇာဝေဒနာ – နှလုံးဖြင့် ခံစားခြင်း။

ခံစားခြင်း ၆ ပါးဝေဒနာကြောင့် ခံစားခြင်း ၆ ပါးဝေဒနာဘာ့ကြောင့်ဖြစ်သလဲ။

(၁) စက္ခုသမ္ဖဿ – မျက်စိအတွေ့။
(၂) သောတသမ္ဖဿ – နားအတွေ့။
(၃) ဃာနသမ္ဖဿ – နှာခေါင်းအတွေ့။
(၄) ဇိဝှါသမ္ဖဿ – လျှာအတွေ့။
(၅) ကာယသမ္ဖဿ – ကိုယ်အတွေ့။
(၆) မနောသမ္ဖဿ – နှလုံးအတွေ့။

အတွေ့ ၆ ပါးဖြသကြောင့် အတွေ့ ၆ ပါးဖြသဘာ့ကြောင့်ဖြစ်သလဲ။

(၁) စက္ခာယတန–မျက်အစိကြည်။

(၂) သောတာယတန – နားအကြည်။

(၃) ဃာနာယတန – နှာခေါင်းအကြည်။

(၄) ဇိဝှါယတန – လျှာအကြည်။

(၅) ကာယာယတန – ကိုယ်အကြည်။

(၆) မနာယတန – နှလုံးအကြည်။

အကြည်-၆-ပါးသဠာယတနကြောင့် အကြည်-၆-ပါးသဠာယတနဘာ့ကြောင့်ဖြစ်သလဲ။ စိတ်နှင့်တကွစေတသိက် ကမ္မဇနာမ်ကမ္မဇရုပ်ဖြစ်သော နာမ် ရုပ်ကြောင့် စိတ်နှင့်တကွစေတသိက် ကမ္မဇနာမ်, ကမ္မဇရုပ်ဖြစ်သော နာမ်,ရုပ်ဘာကြောင့်ဖြစ်သလဲ။ ဘဝ၏အစ ပဋိသန္ဓေစိတ်ဖြစ်သော ဝိညာဉ် ကြောင့် ဘဝ၏အစ ပဋိသန္ဓေစိတ်ဖြစ်သော ဝိညာဉ်ဘာကြောင့်ဖြစ်သလဲ။ ရုပ်,နာမ်တို့ကို မဖြစ်,ဖြစ်အောင် အားထုတ်သောသင်္ခါရကြောင့်။ရုပ်နာမ်တို့ ကိုမဖြစ်ဖြစ်အောင် အားထုတ်သောသင်္ခါရဘာ့ကြောင့်ဖြစ်သလဲ။ခဏခဏ ဖြစ်တိုင်းဖြစ်တိုင်းနာမ်ရုပ်တို့ကို မသိသောအဝိဇ္ဇာကြောင့်။ခဏခဏဖြစ်တိုင်း ဖြစ်တိုင်း နာမ်ရုပ်တို့ကို မသိသော အဝိဇ္ဇာဘာ့ကြောင့်ဖြစ်သလဲ။ သိမှုဝိဇ္ဇာ မဖြစ်လို့။သိမှုဝိဇ္ဇာဘာ့ကြောင့်မဖြစ်သလဲ။ သမထ,ဝိပဿနာဉာဏ်မဖြစ်လို့။ သမထ,ဝိပဿနာဉာဏ်ဘာ့ကြောင့်မဖြစ်သလဲ။ မဂ္ဂင် ၈–ပါးလမ်းကြောင်း မဖြစ်လို့။ မဂ္ဂင် ၈–ပါးလမ်းကြောင်း ဘာ့ကြောင့်မဖြစ်သလဲ။ ဗောဇ္ဈင် ၇– ပါးသိကြောင်းမဖြစ်လို့။ ဗောဇ္ဈင် ၇–ပါးသိကြောင်းဘာ့ကြောင့်မဖြစ်သလဲ။ ဗိုလ် ၅–ပါး အားမဖြစ်လို့။ဗိုလ် ၅–ပါးအားဘာ့ကြောင့်မဖြစ်သလဲ။ ဣန္ဒြေ ၅–ပါးအစိုးရခြင်းမဖြစ်လို့။ဣန္ဒြေ ၅–ပါးအစိုးရခြင်းဘာ့ကြောင့်မဖြစ်သလဲ။ ဣဒ္ဓိပါဒ် ၄–ပါးပြီးစီးထမြောက်ခြင်းမဖြစ်လို့။ဣဒ္ဓိပါဒ် ၄–ပါးပြီးစီးထမြောက် ခြင်း ဘာ့ကြောင့် မဖြစ်သလဲ။သမ္မပ္ပဓာန် ၄–ပါးကောင်းစွာ အားထုတ်ခြင်း မဖြစ်လို့။ သမ္မပ္ပဓာန် ၄–ပါးကောင်းစွာ အားထုတ်ခြင်း ဘာ့ကြောင့် မဖြစ် သလဲ။ သတိပဋ္ဌာန် ၄–ပါးအာရုံထဲ၌ လွှန်ကဲစွာ သက်ဝင်တည်နေခြင်း မဖြစ်လို့။ သတိပဋ္ဌာန် ၄–ပါး အာရုံထဲ၌ လွှန်ကဲစွာ သက်ဝင်တည်နေခြင်း ဘာ့ကြောင့်မဖြစ်သလဲ။ စက် ၄–ပါးနှင့် မတွေ့လို့။ စက် ၄–ပါးနှင့် ဘာ့ ကြောင့်မတွေ့သလဲ။ အဇ္ဈတ္တမနသိကာရ–အတွင်းအဇ္ဈတ္တသန္တာန်က သင့် တင့်သော နှလုံးသွင်းခြင်းမဖြစ်လို့။ အဇ္ဈတ္တမနသိကာရ အတွင်းအဇ္ဈတ္တ

သင်္ခါရက္ခန်က သင့်တင့်သောနှလုံးသွင်းခြင်း ဘာ့ကြောင့်မဖြစ်သလဲ။ စိတ္တာ မယဉ်ကျေးအကြံအစည်မဖြစ်လို့။ စိတ္တမယဉ်ကျေးအကြံအစည် ဘာ့ကြောင့် မဖြစ်သလဲ။ သုတမယဉ်ကျေး အကြားအမြင်ဗဟုသုတမဖြစ်လို့။သုတမယဉ်ကျေး အကြားအမြင် ဗဟုသုတဘာ့ကြောင့် မဖြစ်သလဲ။ဒါနမယကုသိုလ် မဖြစ်လို့။ဒါနမယကုသိုလ်ဘာ့ကြောင့် မဖြစ်သလဲ။ယောနိသော မနသိကာရ သင့်တင့်သောနှလုံးသွင်းခြင်းမဖြစ်လို့။ယောနိသောမနသိကာရ-သင့်တင့်သော နှလုံးသွင်းခြင်းဘာ့ကြောင့် မဖြစ်သလဲ။အဝိဇ္ဇာနုသယ ယခုမြင်ဆဲ,ကြားဆဲ နံဆဲ, စားဆဲ, ထိဆဲ, သိဆဲ-တို့၌ ဖြစ်နေသော မသိတဲ့အဝိဇ္ဇာပရိယုဋ္ဌာန ကိလေသာကို အကြောင်း,အကျိုးဆက်သွယ်၍ အတိတ်ဇနက-ကံဟောင်း က အကြောင်း, အကျိုးဆက်သွယ်၍ သား, သမီး, ပစ္စည်း, ဥစ္စာ-တို့၌ မသင့် မတင့်နှလုံးသွင်းနေတဲ့ အယောနိသောမနသိကာရ-ဥပတ္ထမ္ဘကပစ္စည်း ပစ္စယုပ္ပန်တို့ဖြင့် ဆက်သွယ်၍နေသောကြောင့် ဘုရားစစ်,ဘုရားမှန်ဟူ၍လည်း မသိ။ တရားစစ်, တရားမှန်ဟူ၍လည်းမသိ။ သံဃာစစ်, သံဃာမှန်ဟူ၍ လည်းမသိဘဲ။ ဝဲဩဃမြစ်ပြင် သံသရာရေအယဉ်ဝယ် ယခုထက်တိုင် မြောပါ၍နေကြရကုန်သတည်း။

ဩဝါဒယူနည်း။ ။ပဋိစ္စသမုပ္ပါဒ်စက်လည်ပုံ, ဝင်ပုံပြီးပြီ။

**ပဋိစ္စသမုပ္ပါဒ်စက်ရပ်ပုံ, ထွက်ပုံ, အဝိဇ္ဇာ-ချုပ်ပျောက်-ပဒဋ္ဌာန်ကောက်ပုံ, အာရုယူနည်းတက်ပုံ၊**

**သံသာရနိဝတ္တိ၊** ။ခဏခဏ ဖြစ်တိုင်းဖြစ်တိုင်း နာမ်,ရုပ်တို့ကို မသိသော အဝိဇ္ဇာ ဘာ့ကြောင့် မဖြစ်သလဲ။လ။ဝိမုတ္တိဟူသော အရဟတ္တဖိုလ်ဉာဏ် ဖြစ်လို့။ဝိမုတ္တိဟူသောအရဟတ္တဖိုလ်ဉာဏ်ဘာ့ကြောင့်ဖြစ်သလဲ။အဲသဝေါ တရားလေးပါးတို့၏ကုန်ခြင်း၌သိသော ပစ္စဝေက္ခဏာဉာဏ်ဖြစ်လို့။ ။**ပြီး၏။**
ဤသို့အကြောင်းအကျိုးကိုစိစစ်ပြခြင်းသည်-ပဒဋ္ဌာနဟာရမည်၏။

ဩဝါဒယူနည်း။ ။ပဋိစ္စသမုပ္ပါဒ်စက်ရပ်ပုံ ထွက်ပုံပြီးပြီ။

( ဤကား နေတ္တိပဋိစ္စသမုပ္ပါဒ်-ပဒဋ္ဌာနဟာရကောံနည်းအကျဉ်းပြီး၏။ အကျယ်မှာ-ငါတို့ရေးသော ဟာရ (၁၆) နည်း, နယ (၅) နည်း နေတ္တိ အကောက်ဝိပဿနာအလင်းရောင်ကျမ်းမှာ ယူကြပါကုန်။ )

## " ပမာဒ ( ၁ ၀ ) ပါး "

ပမာဒဟူသော မေ့လျော့ခြင်းသည် အဝိဇ္ဇာတရားကိုယ်အားဖြင့် တပါး၊ တဏှာအရင်းခံ၍ ၉-ပါးရှိသဖြင့် ပမာဒ ၁၀—ပါးရှိ၏။

ချဲ့ဦးအံ့။ ။ " အတီတံနန္ဝာဂမေယျ "စသော ဥပရိပဏ္ဏာသဘဒ္ဒေကရတ္တသုတ်နှင့်အညီ၊ အတိတ်မပြန်၊ အနာဂတ်မကျန်၊ ပစ္စုပ္ပန်အာရုံကိုသာ ရှုရမည်။ သံယောဇဉ်ငြိမ်း, အနုသယကိလေသာလေးပျက်စီးသော ဝိပဿနာယောဂီသည် အာရုံရုပ်နာမ်ဟူသော"ဥဒယ"နှင့်ထိုအာရုံ၏ကျုံ့ခိုက်"ဝယ"ကိုရှုရလေသည်၊ ထိုသို့မရှုမိလျှင် ပမာဒဖြစ်တော့၏။ ထိုပမာဒကား—

၁။ မဖြစ်မရသေးသော စည်းစိမ်တို့ကို လိုချင်၍ ရှာမှီး နေရသည့်အတွက် "ဥဒယ—ဝယ" ကို မသိခြင်းတမျိုး။

၂။ ရှာ၍ရသည့်အတွက် "ဥဒယ—ဝယ" ကို မသိခြင်းတမျိုး။

၃။ ရပြန်တော့ စိမံရသည့်အတွက် " ဥဒယ — ဝယ " ကို မသိခြင်းတမျိုး။

၄။ စိမံရတော့ မက်မောသည့်အတွက် " ဥဒယ—ဝယ" ကို မသိခြင်းတမျိုး။

၅။ မက်မောတော့ စွဲလမ်းသည့်အတွက် "ဥဒယ—ဝယ"ကို မသိခြင်းတမျိုး။

၆။ စွဲလမ်းတော့ သိမ်းဆည်းသည့်အတွက် "ဥဒယ—ဝယ" ကို မသိခြင်းတမျိုး။

၇။ သိမ်းဆည်းတော့ ဝန်တိုသည့်အတွက် " ဥဒယ — ဝယ " ကို မသိခြင်းတမျိုး။

၈။ ဝန်တိုတော့ စောင့်ရှောက်သည့်အတွက်" ဥဒယ—ဝယ "ကို မသိခြင်းတမျိုး။

၉။ စောင့်ရှောက်တော့ ရန်ပွါးသည့်အတွက် " ဥဒယ—ဝယ " ကို မသိခြင်းတမျိုး။

ဤသို့လျှင် တဏှာမူလ ပမာဒ { တဏှာအရင်းခံသော မေ့လျော့ခြင်း } ၉-ပါး၊ ဤ ၉-ပါးသည် လိုချင်မှု တဏှာတခုကို အကြောင်းပြု၍ အဆက်ဆက်အကျိုး တိုးပွါးလာ၏။

အကြောင်းမသိခြင်း (အညာဏဖြင့်)ပိတ်ဖုံးအပ်သည်ဖြစ်၍ "ဥယျ-ဌာန" ကို မေ့လျော့အံ့၊ ထိုမေ့လျော့ခြင်းသည် အဝိဇ္ဇာမူလပမာဒတည်း။ဤသို့လျှင် ပမာဒ၏မူလ ၁၀-ပါးရှိလေသည်။

## "အပ္ပမာဒ ( ၄ ) ပါး"

ပမာဒကိုဆိုသဖြင့် အပ္ပမာဒကိုယူအပ်၏။အပ္ပမာဒ၏ တရားကိုယ်ကား- သတိတည်း။ ထိုသတိလည်း သာမန်သတိမဟုတ်၊ ပဋ္ဌာနနှင့်တွဲဘက်သော သတိပဋ္ဌာန်ခေါ်-စေတသိက်အထူးတည်း။

သတိပဋ္ဌာန – ပဋ္ဌာနနှ် ပဉ္စပသာဒရှေ့ရှိသော၌ ဓာတ်၊ ပဉ္စပသာဒသည် အလွန်အကဲးဟူသော ဘုသအနက်, သက်ဝင်ခြင်း – ဟူသော ဩတိဏ္ဏ အနက်တို့ကို ဟော၏။ထို့ကြောင့်"ပဋ္ဌာတိတိပဋ္ဌာနံ" ဟုပြု၍ ပဋ္ဌာတိ၊အာရုံ ထဲး၌ လွန်ကဲးစွာ သက်ဝင်တည်နေတတ်၏ဟု အနက်ဆိုရ၏။ ဆိုင်ရာ အာရုံထဲး၌ (ကာယ–ဝေဒနာ စိတ္တ-ဓမ္မတို့၌) စွဲးစွဲးမြဲးမြဲး သက်ဝင်တည်နေ သော သတိစေတသိက်ကို " သတိပဋ္ဌာန် " ဟု ခေါ်၏။

**တရားကိုယ်ဘပါးတည်းက (၄) ပါးပြားပုံး** ၊သတိစေတသိက်တပါး တည်းဖြစ်ပါလျက် အဘယ့်ကြောင့် သတိပဋ္ဌာန် ၄-မျိုးထား၍ ဟောပြရ ပါသနည်းဟုမေး---

**အဖြေကား** — သတိစေတသိက်တပါးတည်း ဖြစ်သော်လည်း အာရုံက ၄ မျိုးပြားခြင်း – စသော အကြောင်းတို့ကြောင့် သတိပဋ္ဌာန် ၄ မျိုးထား၍ ဟောပြတော်မူသည်။

## "ကာယာနုပဿနာသတိပဋ္ဌာန်–ရူပက္ခန္ဓာ"

**ထင်ရှားစေဒိုးအံ့၊** ၊ကိုယ်ကို ကိုယ်ဟုရှု၍ နေသည်ရှိသော် အသုဘ ကို သုဘဟုဖေါက်ပြန်သော သုဘဝိပလ္လာသကိုစွန့်၏။ ကဗဠိကာရအာဟာ ရလည်း ထိုသုဘဝိပလ္လာသနှင့်မရောနှော၊ပိုင်းခြားခြင်းသို့ရောက်၏။ ကာမု ပါဒါန်ဖြင့်လည်း ဥပါဒါန်မရှိ၊ ကာမယောဂနှင့်လည်းမယှဉ်၊ အဘိဇ္ဈာကာ ယဂန္ထနှင့်လည်းမယှဉ်၊ ကာမာသဝဖြင့်လည်း အာသဝေါမရှိ၊ ကာမောဃ ကိုလည်း လွန်၏၊ရာဂသလ္လမှလည်း ကင်း၏၊ ရူပဝိကာဝိညာဏဋ္ဌိတိလည်း ထိုရာဂနှင့် မရောနှော၊ ပိုင်းခြားခြင်းသို့ရောက်၏။ ရူပဓာတ်၌လည်း ထိုသူ၏ ရာဂပျောက်၏။ ဆန္ဒာဂတိသို့လည်းမရောက်။ ။

### " ဝေဒနာနုပဿနာသတိပဋ္ဌာန်–ဝေဒနာက္ခန္ဓာ "

ဝေဒနာကို ဝေဒနာဟုရှု၍ နေသည်ရှိသော် ဒုက္ခကို သုခဟုဖေါက်ပြန်သော သုခဝိပလ္လာသကိုစွန့်၏။ ဖဿာဟာရလည်း ထိုသုခဝိပလ္လာသနှင့်မရောနှော၊ ပိုင်းခြားခြင်းသို့ရောက်၏။ ဘဝုပါဒါန်ဖြင့်လည်း ဥပါဒါန်မရှိ၊ ဘဝယောဂနှင့်လည်းမယှဉ်၊ ဗျာပါဒကာယဂန္ထနှင့်လည်း မယှဉ်၊ ဘဝါသဝဖြင့်လည်း အာသဝေါမရှိ၊ ဘဝေါဃကိုလည်း လွန်၏။ ဒေါသသလ္လမှလည်း ကင်း၏။ ဝေဒနုပိကာဝိညာဏဋ္ဌိတိလည်း ထိုဒေါသသလ္လနှင့်မရောနှော၊ ပိုင်းခြားခြင်းသို့ရောက်၏။ ဝေဒနာဓာတ်၌လည်း ထိုသူအား ရာဂပျောက်၏။ ဒေါသာဂတိသို့လည်းမရောက်။ ။

### " စိတ္တာနုပဿနာသတိပဋ္ဌာန်–ဝိညာဏက္ခန္ဓာ "

စိတ်ကို စိတ်ဟုရှု၍ နေသည်ရှိသော် အနိစ္စကို နိစ္စဟုဖေါက်ပြန်သော နိစ္စဝိပလ္လာသကိုစွန့်၏။ ဝိညာဏ်လည်း ထိုနိစ္စဝိပလ္လာသနှင့်မရောနှော၊ ပိုင်းခြားခြင်းသို့ရောက်၏။ ဒိဋ္ဌုပါဒါန်ဖြင့်လည်း ဥပါဒါန်မရှိ၊ ဒိဋ္ဌိယောဂနှင့်လည်း မယှဉ်၊ သီလဗ္ဗတပရာမာသကာယဂန္ထနှင့်လည်း မယှဉ်၊ ဒိဋ္ဌာသဝဖြင့်လည်း အာသဝေါမရှိ၊ ဒိဋ္ဌောဃကိုလည်းလွန်၏။ မာနသလ္လမှလည်း ကင်း၏။ သညုပိကာဝိညာဏဋ္ဌိတိလည်း ထိုမာနနှင့်မရောနှော၊ ပိုင်းခြားခြင်းသို့ရောက်၏။ သညာဓာတ်၌လည်း ထိုသူအား ရာဂ ပျောက်၏။ ဘယာဂတိသို့လည်း မရောက်။ ။

### " ဓမ္မာနုပဿနာသတိပဋ္ဌာန်-သညာက္ခန္ဓာ,သင်္ခါရက္ခန္ဓာ "

ဤ၌ ဓမ္မဟုသာမညဆိုသော်လည်း ရှေ့အနုပဿနာ ၃–ပါးဖြင့် ခန္ဓာ ၃–ပါးကို အစဉ်အတိုင်းယူပြီးဖြစ်သောကြောင့် ဓမ္မအရ–သညာက္ခန္ဓာနှင့် သင်္ခါရက္ခန္ဓာတို့ကိုသာ (ပါရိသေသနည်းအားဖြင့်) ယူခွင့်ရှိတော့သည်။

သဘောကို သဘောဟု ရှု၍နေသည်ရှိသော် အနတ္တကို အတ္တဟုဖေါက်ပြန်သော အတ္တဝိပလ္လာသလိုစွန့်၏။ မနောသဉ္စေတနာဟာရလည်း ထိုအတ္တဝိပလ္လာသနှင့်မရောနှော၊ ပိုင်းခြားခြင်းသို့ရောက်၏။ အတ္တဝါဒုပါဒါန်ဖြင့်လည်း ဥပါဒါန်မရှိ၊ အဝိဇ္ဇာယောဂနှင့်လည်းမယှဉ်။ ဣဒံသစ္စာဘိနိဝေသကာယဂန္ထနှင့်လည်းမယှဉ်၊ အဝိဇ္ဇာသဝဖြင့်လည်း အာသဝေါမရှိ၊ အဝိဇ္ဇောဃကိုလည်းလွန်၏။ မောဟသလ္လမှလည်းကင်း၏။ သင်္ခါရုပိကာဝိညာဏဋ္ဌိတိလည်း ထိုမောဟ

နှင့်မရောနှော၊ ပိုင်းခြားခြင်းသို့ရောက်၏။ သင်္ခါရခေတ်၌လည်း ထိုသူအား ရာဂပျောက်၏။ ဓမ္မဟာဂတိသို့လည်းမရောက်။ ။

ဤသို့ ဆိုခဲ့သည့်အတိုင်း စတုက္က (၁၀) မျိုး ကွဲပြားခြင်းကြောင့် သတိပဋ္ဌာန် (၄)မျိုးထား၍ ဟောပြတော်မူသည်။

အခုံ(၄)မျိုးပြားခြင်းဟုဆိုရာ၌ လောကီသတိပဋ္ဌာန်ကိုသာ ရည်ရွယ်သည်၊ လောကုတ္တရာသတိပဋ္ဌာန်မှာ နိဗ္ဗာန် တမျိုးတည်းကိုသာ အခုံပြု၏လေ၏။ ။

## ဒိဋ္ဌိဝိသုဒ္ဓိနာမရူပပရိဂ္ဂဟာဉာဏ်ခန်း။

**ဒိဋ္ဌိဝိသုဒ္ဓိ၊** ။ဤ၌ ဒိဋ္ဌိဟူသည် နာမ်ရုပ်တို့ကို ဟုတ်သောအတိုင်း သိမြင်ခြင်းတည်း။ ယင်းသို့သိမြင်ခြင်းသည်ပင် ဒိဋ္ဌိကိလေသာမှစင်ကြယ်သောကြောင့် ဝိသုဒ္ဓိလည်းမည်၏။ ။

နာမရူပါနံ ယထာဝဒဿနံ ဒိဋ္ဌိဝိသုဒ္ဓိနာမ။ ။ဝိသုဒ္ဓိမဂ်။

ဣဓ ဘိက္ခု ဣမမေဝ ကာယံ သရီရေ စတုသမုဋ္ဌာနံ စတသော ဓာတုယော။ တံနိဿိတော ဝဏ္ဏော ဂန္ဓော ရသော ဩဇာ။ စက္ခုပ္ပသာဒါဒယော ပဉ္စ ပသာဒါ။ ဝတ္ထုရူပံ ဘာဝေါ ဇီဝိတိန္ဒြိယံ ဒွိသမုဋ္ဌာနော
သဒ္ဒေါတိ ဣမာနိ သတ္တရသ ရူပါနိ သမ္မသနုပဂါနိ နိပ္ဖန္နာနိ ရူပရူပါနိ။

## ( ဝိသုဒ္ဓိမဂ်အဋ္ဌကထာ )

ဣဓ၊ အံ့ဘွယ်ရှစ်ဖြာ၊ဤသာသနာတော်၌။ ဘိက္ခု၊ရဟန်းသည်။ ဣမသ္မိံ သရီရေ၊ ဤကိုယ်၌။စတုသမုဋ္ဌာနာ၊စတုသမုဋ္ဌာန်ဖြစ်ကုန်သော။ စတသော ဓာတုယော၊ ဓာတ်ကြီးငါးပါး။ တံနိဿိတော၊ ထိုဓာတ်ကြီးငါးပါးကိုမှီ၍ဖြစ်သော။ဝဏ္ဏော၊ အဆင်း။ဂန္ဓော၊ အနံ့။ ရသော၊ အရသာ။ဩဇာ၊ ဓာတ်ဆီ။ စက္ခုပ္ပသာဒါဒယော၊ စက္ခုပသာဒအစရှိကုန်သော။ ပဉ္စပသာဒါ၊ ၅ပါးသော-စက္ခုပသာဒ,သောတပသာဒ, ဃာနပသာဒ, ဇိဝှါပသာဒ, ကာယပသာဒ။ဝတ္ထုရူပံ၊ဝတ္ထုရုပ်။ဘာဝေါ၊ဘာဝရုပ်။ဇီဝိတိန္ဒြိယံ၊ဇီဝိတိန္ဒြိယရုပ်။ ဒွိသမုဋ္ဌာနော၊ဒွိသမုဋ္ဌာန်ဖြစ်သော။သဒ္ဒေါ၊သဒ္ဒရုပ်။ဣတိ ဤသို့၊ဣမာနိသတ္တရသရူပါနိ၊ ဤ-၁၇ပါးသောရုပ်တို့သည်၊သမ္မသနုပဂါနိ၊သုံးသပ်လောက်ကုန်၏။ နိပ္ဖန္နာနိ၊ပြီးသောရုပ်တို့မည်ကုန်၏။ရူပရူပါနိ၊ သဘောရုပ်တို့မည်ကုန်၏။ ။

ကာယဝိညတ္တိ ဝစီဝိညတ္တိ အာကာသဓာတု ရူပဿ လဟုတာ မုဒုတာ ကမ္မညတာ ဥပစယော သန္တတိ ဇရတာ အနိစ္စတာတိ ဣမာနိ ပန ဒသ ရူပါနိ နသမ္မသနုပဂါနိ၊ အာကာရဝိကာရအန္တရပရိစ္ဆေဒမတ္တကာနိ၊ နနိပ္ဖန္နာနိ၊ နရူပရူပါနိ။ ။

( ဝိသုဒ္ဓိမဂ်အဋ္ဌကထာ )

ကာယဝိညတ္တိ၊ ကိုယ်အမူအရာ။ ဝစီဝိညတ္တိ၊ နှုတ်အမူအရာ။ အာကာသဓာတု၊ ပရိစ္ဆေဒရုပ်။ ရူပဿ၊ ရုပ်၏။ လဟုတာ၊ လျင်သောဖေါက်ပြန်ခြင်း။ ရူပဿ၊ ရုပ်၏။ မုဒုတာ၊ နူးညံ့သောနှေးသောဖေါက်ပြန်ခြင်း။ ရူပဿ၊ ရုပ်၏။ ကမ္မညတာ၊ ခံ့သောဖေါက်ပြန်ခြင်း။ ဥပစယော၊ ဥပစယရုပ်။ သန္တတိ၊ သန္တတိရုပ်။ ဇရတာ၊ ဇရတာရုပ်။ အနိစ္စတာ၊ အနိစ္စတာရုပ်။ ဣတိ၊ ဤသို့။ ဣမာနိပန ဒသ ရူပါနိ၊ ဤ၁၀-ပါးသောရုပ်တို့သည်ကား။ နသမ္မသနုပဂါနိ၊ မသုံးသပ်လောက်ကုန်။ အာကာရဝိကာရအန္တရပရိစ္ဆေဒမတ္တကာနိ၊ ရုပ်တို့၏ဥပါဒ်, ဋ္ဌီ,ဘင်အခြင်းအရာကို ပိုင်းခြားကာမျှဖေါက်ပြန်သော အမူအရာကိုပိုင်းခြားကာမျှကလာပ်ရုပ်တို့၏ အကြားကိုပိုင်းခြားကာမျှဖြစ်ကုန်၏။ နနိပ္ဖန္နရူပါနိ၊ ပြီးသောရုပ်မဟုတ်ကုန်။ နရူပရူပါနိ။ သဘောရုပ်မဟုတ်ကုန်။ ။

အပိစခေါ ရူပါနိ အာကာရဝိကာရအန္တရပရိစ္ဆေဒမတ္တတော ရူပန္တိ
သင်္ခံ ဂတာနိ။ ။

( ဝိသုဒ္ဓိမဂ်အဋ္ဌကထာ )

အပိစခေါ၊ စင်စစ်သော်ကား။ ရူပါနံ၊ ရုပ်တို့၏။ အာကာရဝိကာရပရိစ္ဆေဒမတ္တတော၊ ဥပါဒ်,ဋ္ဌီ,ဘင်အခြင်းအရာကိုပိုင်းခြားကာမျှ ဖေါက်ပြန်သော အမူအရာကို ပိုင်းခြားကာမျှ ကလာပ်ရုပ်တို့၏ အကြားကိုပိုင်းခြားကာမျှ ဖြစ်ခြင်းကြောင့်။ ရူပန္တိသင်္ခံ၊ ရုပ်ဟူသောရေတွက်ခြင်းသို့။ ဂတာနိ၊ ရောက်ကုန်၏။ ။

ဣတိ သဗ္ဗာနိ ပေတာနိ သတ္တဝီသတိ ရူပါနိ ရူပက္ခန္ဓောတိ
သင်္ခံ ဂတာနိ။ ။

( ဝိသုဒ္ဓိမဂ်အဋ္ဌကထာ )

ဣတိ၊ ဤသို့။ သဗ္ဗာနိပိ၊ အလုံးစုံလည်းဖြစ်ကုန်သော။ ဧတာနိသတ္တဝီသတိရူပါနိ၊ ဤ ၂၇-ပါးသော ရုပ်တို့သည်။ ရူပက္ခန္ဓောတိသင်္ခံ၊ ရူပက္ခန္ဓာဟူသောရေတွက်ခြင်းသို့။ ဂတာနိ၊ ရောက်ကုန်၏။ ။

ဧကာသိတိယာ လောကိယစိတ္တေဟိ သဒ္ဓိံ ဥပ္ပန္နာ ဝေဒနာ ဝေဒနာက္ခန္ဓောတိ သင်္ခံ ဂစ္ဆတိ၊ ။

( ဝိသုဒ္ဓိမဂ်အဋ္ဌကထာ )

ဧကာသိတိယာလောကိယစိတ္တေဟိ၊ ၈၁-ပါးသော လောကီစိတ်တို့နှင့်။ သဒ္ဓိံ၊ တကွ။ ဥပ္ပန္နာ၊ ဖြစ်သော။ ဝေဒနာ၊ ဝေဒနာသည်။ ဝေဒနာက္ခန္ဓောတိ သင်္ခံ၊ ဝေဒနာက္ခန္ဓာဟူသောရေတွက်ခြင်းသို့။ ဂစ္ဆတိ၊ ရောက်၏။ ။

တံသမ္ပယုတ္တာ သညာ သညာက္ခန္ဓောတိ သင်္ခံ ဂစ္ဆတိ။ ။

( ဝိသုဒ္ဓိမဂ်အဋ္ဌကထာ )

တံသမ္ပယုတ္တာ၊ ထိုဝေဒနာနှင့် ယှဉ်သော။ သညာ၊ သညာသည်။ သညာက္ခန္ဓောတိသင်္ခံ၊ သညာက္ခန္ဓာဟူသော ရေတွက်ခြင်းသို့။ ဂစ္ဆတိ၊ ရောက်၏။ ။

တံသမ္ပယုတ္တာ သင်္ခါရာ သင်္ခါရက္ခန္ဓောတိ သင်္ခံ ဂစ္ဆန္တိ။ ။

( ဝိသုဒ္ဓိမဂ်အဋ္ဌကထာ )

တံသမ္ပယုတ္တာ၊ ထိုဝေဒနာနှင့်ယှဉ်ကုန်သော။ သင်္ခါရာ၊ သင်္ခါရတို့သည်။ သင်္ခါရက္ခန္ဓောတိသင်္ခံ၊ သင်္ခါရက္ခန္ဓာဟူသောရေတွက်ခြင်းသို့။ ဂစ္ဆန္တိ၊ ရောက်ကုန်၏။ ။

တံသမ္ပယုတ္တံ ဝိညာဏံ ဝိညာဏက္ခန္ဓောတိ သင်္ခံ ဂစ္ဆတိ။ ။

( ဝိသုဒ္ဓိမဂ်အဋ္ဌကထာ )

တံသမ္ပယုတ္တံ၊ ထိုဝေဒနာနှင့် ယှဉ်သော။ ဝိညာဏံ၊ ဝိညာဏ်သည်။ ဝိညာဏက္ခန္ဓောတိသင်္ခံ၊ ဝိညာဏက္ခန္ဓာဟူသော ရေတွက်ခြင်းသို့။ ဂစ္ဆတိ၊ ရောက်၏။ ။

ဣတိ ရူပက္ခန္ဓော ရူပံ စတ္တာရော အရူပိနော ခန္ဓာ နာမန္တိ ဧဝ မေကော ပဉ္စက္ခန္ဓဝသေန နာမရူပံ ဝဝတ္ထပေတိ။

( ဝိသုဒ္ဓိမဂ်အဋ္ဌကထာ )

ဣတိ၊ ဤသို့။ ရူပက္ခန္ဓော၊ ရူပက္ခန္ဓာသည်။ ရူပန္တိသင်္ခံ၊ ရုပ်ဟူသော ရေတွက်ခြင်းသို့။ ဂစ္ဆတိ၊ ရောက်၏။ စတ္တာရော အရူပိနော ခန္ဓာ၊ ၄-ပါး

သောနာမ်ခန္ဓာတို့သည်။ နာမန္တိသဝံ၊ နာမ်ဟူသောရေတွက်ခြင်းသို့၊ ဂစ္ဆန္တိ၊ ရောက်ကုန်၏။ ဧဝံ၊ ဤသို့။ ဧကော၊ တယောက်သောယောဂီပုဂ္ဂိုလ်သည်။ ပဉ္စက္ခန္ဓဝသေန၊ ၅ -ပါးသော ခန္ဓာတို့၏ အစွမ်းအားဖြင့်။ နာမရူပံ၊ နာမ်ရုပ်ကို။ ဝဝတ္ထပေတိ၊ ပိုင်းခြားမှတ်သား၏။ ။

ဤသာသနာတော်၌ ဇာတိ,ဇရာ,မရဏ-စသည်များလှ၊ဘေးဒုက္ခတို့ကို ကြောက်ရွံ့တတ်သူ ရှင်လူအပေါင်း-သူတော်ကောင်းဟူသမျှတို့မှာမိမိတို့၏ တလံမှ့လောက်သော အထက်ဆံဖျား, အောက်ခြေဖဝါး, အပြင့်ရေအဆုံး ရှိသော ဤကိုယ်အရပ်၌ ထင်ရှားစွာ တည်ရှိ၍ နေကြသော ပရမတ္ထသဘာဝရုပ်နာမ်တရားတို့ကို မမြဲ-အနိစ္စ, ဆင်းရဲ-ဒုက္ခ,အစိုးမရ-အနတ္တ ထင်၍ သက္ကာယဒိဋ္ဌိနှင့် ဝိစိကိစ္ဆာကို ပယ်နုတ်ဖြုတ်ခွါရန် ရှေးဦးစွာလို၏။

ထိုရုပ်,နာမ် - ၂ပါးတို့တွင် တယောက်တယောက်သော သတ္တဝါ၏ အဇ္ဈတ္တခန္ဓာ၌ အတိတ်ဘဝကပြုပြင်စီရင် အားထုတ်ခဲ့သော သင်္ခါရစေတနာကံနှင့် ယခုဘဝအသစ်အသစ်ဖြစ်ပေါ်၍ နေကြသော စိတ်။အပူဥတု, အအေးဥတု စားသောက်အပ်သော ထမင်းစသော ကဗဠီကာရတည်းဟူသောအတိတ်ပစ္စုပ္ပန်အကြောင်းတရား-၄ ပါးတို့ကြောင့် ယခုခဏခဏအသစ်အသစ် ဖြစ်ပေါ်၍ ခဏခဏပေါက်ပြန်ပျက်စီး၍ နေကြသော ရုပ်တရားတို့သည်ကား—

(၁) ပထဝီ- မာမှု,နူးညံ့မှု-တခုခုသဘော။
(၂) အာပေါ- ယိုစီးမှု,ဖွဲ့စည်းမှု-တခုခုသဘော။
(၃) တေဇော- ပူမှု,အေးမှု-တခုခုသဘော။
(၄) ဝါယော- လှုပ်မှု,ရွေ့မှု,ထောက်ကန်ဘိသွပ်မှု-တခုခုသဘော။ ။

ဤ-၄ပါးသော-မဟာဘုတ်ဓာတ်၊ ထိုမဟာဘုတ်-၄ပါးကို စွဲမှီ၍ ဖြစ်သော—

(၅) ဝဏ္ဏ- အဖြူ,အညို,အနီ-စသောတခုခုသော အဆင်းသဘော။
(၆) ဂန္ဓ- အပုတ်နံ့,အမွှေးနံ့စသော တခုခုသော အနံ့သဘော။
(၇) ရသ- ချို,ချဉ်,စပ်,ငန်,ဖန်,ခါး,ဆိမ့် - တခုခုသော အရသာသဘော။
(၈) ဩဇာ- ဓာတ်ဆီသဘောဟူသော ဥပါဒါရုပ်-၄ပါး။
(၉) စက္ခုပသာဒ- မျက်စိအကြည်သဘော။
(၁၀) သောတပသာဒ- နားအကြည်သဘော။

(၁၁) ဃာနပသာဒ- နှာခေါင်းအကြည်သဘော။
(၁၂) ဇိဝှါပသာဒ- လျှာအကြည်သဘော။
(၁၃) ကာယပသာဒ- ကိုယ်အကြည်သဘော - ဟူသော ပသာဒရုပ်-၅ပါး။
(၁၄) ဟဒယဝတ္ထု- နှလုံးအကြည်သဘော။
(၁၅) ဘာဝ- မိန်းမတို့၏ ပုံဟန်သဏ္ဍာန် အသွင်အပြင် အမူအရာသဘော။
ယောက်ျားတို့၏ ပုံဟန်သဏ္ဍာန်အသွင်အပြင်အမူအရာသဘော။
(၁၆) ဇီဝိတိန္ဒြေ- မိမိ နှင့် အတူ တကွ ဖြစ်သော ကမ္မဇရုပ်တို့ကို စောင့်ရှောက်ဘတ်သောသဘော။
(၁၇) သဒ္ဒ- စကားဆိုလိုသော စိတ်ကြောင့်ဖြစ်သော စိတ္တဇ အသံသဘော။ အပူဥတု, အအေးဥတုပေါက်ပြန်ခြင်းကြောင့်ဖြစ်သောဝမ်းလေယုတ်သောဥတုဇအသံ၊ခြေဆစ်,လက်ဆစ် စသည်တို့ကို ကွေးခြင်း, ဆန့်ခြင်းကို ပြုသောအခါ၌ အစေးပြယ်သောကြောင့် တဖြောက်ဖြောက်မည်သော ဥတုဇအသံသဘော။

ဤ-၁၇ပါးသော ရုပ်တို့သည် မမြဲ-အနိစ္စ, ဆင်းရဲ-ဒုက္ခ, အစိုးမရ-အနတ္တထင်အောင် ဝိပဿနာကို သုံးသပ်မှတ်ခြင်း၄ါ စွမ်းနိုင်ကုန်၏။ ဝိပဿနာဉာဏ်၏ အပြီးအဆုံးသို့ရောက်နိုင်ကုန်၏။ သဘောသက်သက်သာ ဖြစ်သော ရုပ်တို့မည်ကုန်၏။ ။

## မဟာဘုတ်ခေတ်ကြီး (၄) ပါး တို့ကို ရူပပရိဂ္ဂဟဉာဏ်ဖြင့်သိမ်းဆည်းပုံအကျဉ်း။

ဤ(၁၇)ပါးသော ရုပ်တို့ကို ရူပပရိဂ္ဂဟဉာဏ်ဖြင့် ပိုင်းခြားသိမ်းဆည်းမှတ်ရှုလိုသော ယောဂီပုဂ္ဂိုလ်သည် မိမိအဇ္ဈတ္တကိုယ်ထွင်းသဏ္ဍာန် ခန္ဓာတို့၏ ဖြစ်၍နေသော အစဉ်, ပျက်၍နေသော အစဉ်၌ဖြစ်စေ၊ အပြင်ဗဟိဒ္ဓသဏ္ဍာန် ခန္ဓာတို့၏ ဖြစ်၍နေသော အစဉ်, ပျက်၍နေသော အစဉ်၌ဖြစ်စေ၊

၁-ပထဝီ၊ ၊မာမှုသဘောကိုတွေ့သောအခိုက်၊ (မာတယ်မှတ်)
နူးညံ့သောသဘောကိုတွေ့သောအခိုက်၊ (နူးညံ့တယ်မှတ်)

ချ-ချတယ်မှတ်။ နင်း-နင်းတယ်မှတ်။ နှိပ်-နှိပ်တယ်မှတ်။ဖိ-ဖိတယ်မှတ်။ရှူး-ရှူးတယ်မှတ်။ ရှု-ရှုတယ်မှတ်။ တိုက်-တိုက်တယ်မှတ်။ ထိ-ထိတယ်မှတ်။

**ရုပ်နာမ်။** ။အလွန်တိုလျှသော ခဏကာလနှင့် ယှဉ်သော အသက်သာရှိကြကုန်သော ပရမတ်-ရုပ်,နာမ်တို့ကို ဟုတ်မှန်စွာ သိမြင်ရန်အတွက် မိမိ၏ အတွင်းဘောဝယ် အခိုက်အတန့်ကျနစွာ ရှုမှတ်ရာ၏။ မှန်၏-အခိုက်အတန့်မိမိပစ္စုပ္ပန်အရှိကို ရှုမှတ်မှုနိုင်ကင်းသဖြင့် ပရမတ် - ရုပ်, နာမ်ကို ဟုတ်မှန်စွာ သိမြင်ရိုးမရှိချေ။ ထင်ရှားစေအံ့။ ဒုပိခိုက်၌ကိုယ်ကလေး ကြည်လင်၏။ အတွေ့ကလေးထင်၏။ ကာယဝိညာဏ်ကလေးထိ၏၊ ဤ ၃-ပါးဆုံမိမှ "ထိ" ၏၊ ထို ၃-ပါးတွင် ကံကြောင့်သာဖြစ်သော ကာယဒွါရခေါ်ကာယဒသက ကလာပ်ကို "ကိုယ်" ဟုခေါ်၏။ ကံ,စိတ်,ဥတု, အာဟာရ ၄-ပါးကြောင့်ဖြစ်သော ဖောဋ္ဌဗ္ဗအဋ္ဌက ကလာပ်ကို "အတွေ့" ဟုခေါ်၏။ ဤကိုယ်နှင့်အတွေ့ကား ဤအတွင်းဘော၌ "ရုပ်" တည်း။ ကိုယ်ကြည်လင်ခိုက်,အတွေ့ထင်ခိုက်၌ ဖြစ်ပေါ်လာသော ( ယှဉ်ဘက်တရား စေတသိက်များနှင့် တကွသော) ကာယဝိညာဏ်ကား-ဤအတွင်းဘော၌ "နာမ်" တည်း။ ထိခိုက်၌ ထင်ရှားသိမြင်သော တရားများကို ခန္ဓာ ၅-ပါးဖြင့် ရေတွက်အပ်၏၊ကာယာယတန, ဖောဋ္ဌဗ္ဗာယတန, မနာယတန, ဓမ္မာယတန ၄ - ပါးဖြင့် ရေတွက်အပ်၏။ ကာယဓာတ်, ဖောဋ္ဌဗ္ဗဓာတ်, ကာယဝိညာဏဓာတ်, ဓမ္မဓာတ် ၄-ပါးဖြင့် ရေတွက်အပ်၏။ မြင်ခိုက်, ကြားခိုက်, နံခိုက်, စားခိုက်, သိခိုက်တို့၌ နည်းယူ၍ဝေဘန်ပါလေ။ ။

**၂-အာပေါ။** ။ဖွဲ့စည်းမှုသဘောကို တွေ့သောအခိုက်။ (ဖွဲ့စည်းတယ်မှတ်)

ယိုစီးမှုသဘောကို တွေ့သောအခိုက်။ (ယိုစီးတယ်မှတ်)

သက်ရှိ သက်မဲ့မည်သည့်အရာဝတ္ထုမဆို၊ အစု,အခြေအစိုင်, အခဲ, အတုံး, အဖတ် ဟူသမျှ၌ ဖွဲ့စည်းအာပေါ။ ဆီရေ-စသော သက်လျှောစေတတ်သော အရာဝတ္ထုဟူသမျှသည်ယိုစီး-အာပေါ။

**ဆောင်။** ။" ဖွဲ့စည်း-စီးယို၊နှစ်ပါးကို၊ ခေါ်ဆိုရေဓာတ်စစ် "

ချွဲဟပ်-ဟပ်တယ်မှတ်၊ ပြည်ထွက်-ထွက်တယ်မှတ်၊ သွေးထွက်-ထွက်တယ်မှတ်၊ ချွေးထွက် - ထွက်တယ်မှတ်၊ မျက်ရည်ထွက်-

ထွက်တယ်မှတ်၊ ဆီကြည်ထွက်-ထွက်တယ်မှတ်၊ တံတွေးထွေး-ထွေးတယ်မှတ်၊ နှပ်ညှစ်-ညှစ်တယ်မှတ်။

နှပ်ညှစ်-ညှစ်တယ်မှတ်-မှတ်တယ်-ဟု သိမှတ်ပိုင်းခြားသောဉာဏ်ဖြင့် မညှစ်မီက ရုပ်အစဉ်, ညှစ်သော ရုပ်အစဉ်ကိလေသာနှင့် မစပ်ပြတ်သော အပိုင်းအခြားထင်၏။ ညှစ်သောရုပ်အစဉ်, ညှစ်တယ်မှတ်သော စိတ်အစဉ် ကိလေသာနှင့်မစပ် ပြတ်သော အပိုင်းအခြားထင်၏။ ညှစ်တယ်မှတ်သော စိတ်အစဉ်ညှစ်တယ်မှတ် - မှတ်တယ် မှတ်သောစိတ်အစဉ်ကိလေသာနှင့် မစပ် ပြတ်သော အပိုင်း အခြားထင်၏။ သိမှတ် ပိုင်းခြားသော ဉာဏ်မှာ ဝိဉာဏ်၏ အာရုံထင်သောအတိုင်း ရုပ်သက်သက်,နာမ်သက်သက်မျှသာ ထင်၏။ ကိလေသာ၏အာရုံ ပုဂ္ဂိုလ်,သတ္တဝါ,ငါ,သူတပါး,ယောကျ်ား,မိန်းမ မထင်။ ။

### “ ဝိပဿနာမှန်=မမှန်မှတ်ကျောက်တင်ကြည့်ပုံနည်း ”

၁။ ။ဝိပဿနာမှန်လျှင် ဝိဉာဏ်၏ အာရုံသာ ထင်၏။ ကိလေသာ၏ အာရုံမထင်။

၂။ ။ဝိပဿနာမမှန်လျှင် ကိလေသာ၏ အာရုံသာ ထင်၏။ဝိဉာဏ်၏ အာရုံမထင်။

၃။ ။ဝိဉာဏ်၏ အာရုံကား - ရုပ်သက်သက်, နာမ်သက်သက် -- ပရမတ်။

၄။ ။ကိလေသာ၏ အာရုံကား - ပုဂ္ဂိုလ်, သတ္တဝါ, ငါ, သူတပါး, ယောကျ်ား, မိန်းမ-ပညတ်။

၅။ ။ဝိပါက်ဝိဉာဏ် - ကိရိယာဝိဉာဏ်သည် ကိလေသာနှင့်မယှဉ် သည်ဖြစ်၍ ဝိဉာဏ်မည်၏။

၆။ ။ဖြစ်ဆဲ နာမ်, ရုပ်သည် ကိလေသာ၏ အာရုံမဟုတ်သည်ဖြစ်၍ ဝိဉာဏ်၏ အာရုံမည်၏။

၇။ ။ဝိပဿနာ၏အာရုံ ရုပ်, နာမ်သည် ပုဂ္ဂိုလ်, သတ္တဝါ, ငါ, သူ တပါး, ယောကျ်ား, မိန်းမမှ ဆိတ်သည်ဖြစ်၍ အနတ္တမည်၏။

၈။ ။မဂ်၏ အာရုံနိဗ္ဗာန်သည် ရုပ်နာမ်မှ ဆိတ်သောကြောင့် အနတ္တမည်၏။

မှတ်ကျောက်တင်ကြည့်ပုံပြီး၏။

**၃-ဝေဒနာ။** ။ပူမှုသဘောကိုတွေ့သောအခိုက် ( ပူတယ်မှတ် ) အေးမှုသဘောကိုတွေ့သောအခိုက် ( အေးတယ်မှတ် ) သက်ရှိသက်မဲ့မည်သည့်အရာဝတ္ထုမဆို အတွေ့အားဖြင့် ပူသောသဘောသည် ဥဏှတေဇော။ အတွေ့အားဖြင့် အေးချမ်းသော သဘောသည် သိတတေဇော။

**ဆောင်။** ။ပူမှု-အေးမှု၊ ဤနှစ်ခု၊ ခေါ်မှုမီးဓာတ်စစ်၊

အခိုက် - အခိုက်တယ်မှတ်၊ ပူ - ပူတယ်မှတ်၊ လောင် - လောင်တယ်မှတ်၊ ကျက် - ကျက်တယ်မှတ်၊ အေး - အေးတယ်မှတ်၊ ချမ်း - ချမ်းတယ်မှတ်၊ မြ - မြတယ်မှတ်။ ။

**၄-ဝါယော။** ။သွားခြင်း, လှည့်ခြင်း, ရှေ့သို့ တည့်တည့်ကြည့်ခြင်း, လှည့်ကြည့်ခြင်း, ကွေးခြင်း, ဆန့်ခြင်း, အိုးခွက်အဝတ် ပုဆိုး အင်္ကျီ ထမိ ပဝါ-စသည်တို့ကို ကိုင်ခြင်း,ဝတ်ခြင်း,ရုံခြင်း, ရစ်ပတ်ခြင်း,စားခြင်း, သောက်ခြင်း, ကိုက်ခြင်း,ခဲခြင်း, လျက်ခြင်း, ကျင်ကြီးစွန့်ခြင်း, ကျင်ငယ်စွန့်ခြင်း, အနည်းငယ်သွားခြင်း, အနည်းငယ်ရပ်ခြင်း, အနည်းငယ်ထိုင်ခြင်း, အနည်းငယ်အိပ်ခြင်း, နိုးခြင်း, စကားဆိုခြင်းကိုပြုသော အခိုက်, အခိုက်နိုက်သွားလို, လှည့်လို, ကွေးလို, ဆန့်လို,ရပ်လိုခြင်း-စသောစိတ်ကြောင့်ဖြစ်သော စိတ္တဇဝါယောခေါ်သော လှုပ်မှု, ရွေ့မှုသဘောဖြစ်သော အခိုက်အခိုက်။ ( လှုပ်တယ် ) ဟူ၍၎င်း။ (ရွေ့တယ်) ဟူ၍၎င်း။ အိပ်၍နေသောအခိုက်, ထိုင်၍နေသောအခိုက်, ရပ်၍နေသော အခိုက်, အိပ်လို, ထိုင်လို, ရပ်လိုသောစိတ်ကြောင့်ဖြစ်သော ထောက်ကန် တောင့်တင်းမှု သဘောရှိသော စိတ္တဇဝါယောဓာတ်ကို (ထောက်တယ်) ဟူ၍၎င်း (ကန်တယ်) ဟူ၍၎င်း (တောင့်တယ် ) ဟူ၍၎င်း။ (တင်းတယ်) ဟူ၍၎င်း မှတ်ရမည်။

သက်ရှိသက်မဲ့, မည်သည့်အရာမဆို၊ မငြိမ်သက်ခြင်း, လှုပ်ရှားခြင်း သဘောသည် လှုပ်ရှားဝါယော။

မလှုပ်ရှား, ငြိမ်သက်သောသဘောသည် ထောက်ကန်ဝါယော။

**ဆောင်၊ ။ထောက်ကန်လှုပ်ရှား၊ ဤနှစ်ပါး၊ မှတ်သား ဝါယောဓာတ်။**

လှုပ်ရှား ဝါယောဓာတ်သည် သွားလာလှုပ်ရှားသော အရာဝတ္ထုတို့၌ ရှိသော တဟူးဟူး တိုးဝှေ့ တိုက်ခတ် သွားလာသော လေသည် လှုပ်ရှား ဝါယောဓာတ်ဖြစ်၏။

ထောက်ကန်ဝါယောဓာတ်သည် သေတ္တာ, သစ်, ဝါး, တုံး, တိုင်, မြေ–စသောအရာဝတ္ထုအတွင်း၌တည်ရှိ၏။

> လှုပ် – လှုပ်တယ်မှတ်၊ ရှား – ရှားတယ်မှတ်၊ ရွေ့ – ရွေ့တယ်မှတ်၊ ချောင်းဆိုး – ချောင်းဆိုးတယ်မှတ်၊ ချီ – ချီတယ်မှတ်၊ ဆောင် – ဆောင်တယ်မှတ်၊ရှောင် – ရှောင်တယ်မှတ်၊ သွား – သွားတယ်မှတ်၊ လာ – လာတယ်မှတ်၊ ကွေး – ကွေးတယ်မှတ်၊ ဆန့် – ဆန့်တယ်မှတ်၊ တိုး – တိုးတယ်မှတ်၊ ဝှေ့ – ဝှေ့တယ်မှတ်၊
> ( ဝှေ့ – ဝှေ့တယ်ဟု သိမှတ် ပိုင်းခြားသော ဉာဏ်ဖြင့် ရှေးကဆိုခဲ့သည့်အတိုင်း နည်းယူ၍ဆိုလေ )၊

ဤပြဆိုအပ်ခဲ့ပြီးသော မဟာဘုတ်ဓာတ်ကြီး(၄)ပါးတို့ကို ပြဆိုအပ်ခဲ့ပြီးသည့်အတိုင်း သတိအမှတ်ပြုရမည်။သတိအမှတ်ပြုရမည်ဆိုသော်လည်း ပြဆိုအပ်ခဲ့ပြီးသော သတိအမှတ်ပြုနည်းလမ်းတို့ကို နှုတ်ဖြင့် မရွတ်မဆိုရ၊ မိမိတို့၏ ရင်ပတ်အလယ်၌ တည်ရှိသော ဟဒယဝတ္ထုခေါ်သော နှလုံးအကြည်ရုပ်ကို မှီ၍ ဖြစ်ပေါ်လာသော သတိဖြင့်သာ ပြဆိုအပ်ခဲ့ပြီးသည့် နည်းလမ်းအတိုင်း အဖန်ဖန် အထပ်ထပ်သတိချင်းစပ်အောင် အောက်မေ့ရှုမှတ်အပ်၏။ ၊

ဤသို့ ရှုမှတ်ရာ၌ ပထဝီမာဟု, နူးညံ့ဟုသဘောက သမထအာရုံ, ငင်းမာမှု, နူးညံ့သဘောကို အာရုံပြု၍ (မာတယ်) ဟူ၍ငင်း ( နူးညံ့တယ် ) ဟူ၍ ငင်း–မှတ်သောသတိက သမထဘာဝနာ သမထအာရုံမှတ်ကဟု ခေါ်ဆိုရသည်၊

ဤသို့ သတိအမှတ်ပြုသော အခိုက်အခိုက်၌ မာမှုသဘော, နူးညံ့မှု သဘောသက်သက်ကိုသာမြင်၍ ပုဂ္ဂိုလ်,သတ္တဝါ, ငါ, သူတပါး,ယောကျ်ား, မိန်းမ–ဟူသော အစိုးပိုင်သော အတ္တကိုမတွေ့ မမြင်ရတော့ပေ။ ဤသို့ အစိုးပိုင်သော အတ္တကို မတွေ့မမြင်သည်ရှိသော် အနတ္တကိုတွေ့မြင်သည်မည်၏။ တဒင်္ဂပဟာန်ဖြင့် အတ္တဒိဋ္ဌိခေါ်သော အစိုးပိုင်သော ငါဟုမှတ်ထင်မှုသဘောကို တဒင်္ဂပဟာန်အားဖြင့် ပယ်၏။ ။

ထို့ကြောင့် – နာမရူပပရိစ္ဆေဒေန သက္ကာယဒိဋ္ဌိယာ ပဟာနံ၊ ဧတံ တဒင်္ဂပဟာနံ နာမ။ ။

## မူလပဏ္ဏာသအဋ္ဌကထာ– ၂၁– ၂၆၊ ခန္ဓဝဂ္ဂသံယုတ်အဋ္ဌကထာ– ၂၂၇၊ ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ။

နာမရူပပရိစ္ဆေဒေန၊ နာမ်ရုပ်ကိုပိုင်းပိုင်းခြားခြားသဘောမိမိ၊ နေရာကျသိသော ဉာဏပရိညာဖြင့်။ သက္ကာယဒိဋ္ဌိယာ၊ သက္ကာယဒိဋ္ဌိ(၂၀)၏။ ပဟာနံ၊ ပယ်ရှားပျောက်ကင်းခြင်းရင်း။ ဧတံ၊ ဤပယ်ရှားပျောက်ကင်းခြင်းသည်။ တဒင်္ဂပဟာနံ နာမ။ တဒင်္ဂပဟာန်ဖြင့်ပယ်ခြင်းမည်၏။ နာမရူပပရိစ္ဆေဒဉာဏ် အစ–ဂေါတြဘူဉာဏ်အဆုံးရှိသော ဝိပဿနာဉာဏ်တို့ဖြင့်ပယ်ရှားပျောက်ကင်းခြင်းသည် တဒင်္ဂပဟာန်မည်၏ဟူ၍ရင်း, လေးပါးသောမဂ်ဉာဏ်ဖြင့် ပယ်ရှားပျောက်ကင်းခြင်းသည် သမုစ္ဆေဒပဟာန်ဟူ၍ရင်း-အဋ္ဌကထာတို့၌ ပြဆိုလေသည်။ ။

ထို့ကြောင့် သောတာပတ္တိမဂ်ကိုရပြီး သောတာပန်ပုဂ္ဂိုလ်သည် သမုစ္ဆေဒပဟာန်ဖြင့် သက္ကာယဒိဋ္ဌိကိုပယ်သည်။ ။ရုပ်နာမ်ကို ပိုင်းပိုင်းခြားခြား သဘောမိမိ နေရာကျသိသော ကလျာဏ ပုထုဇ္ဇဉ် ပုဂ္ဂိုလ်သည် တဒင်္ဂပဟာန်ဖြင့်သက္ကာယဒိဋ္ဌိ(၂၀)ကို ပယ်နိုင်သည်။ ။

### သက္ကာယဒိဋ္ဌိ(၂၀)

| | | | |
|---|---|---|---|
| ၁ | လှမ်းတာငါ။ | ၆ | ငါကိုက်တယ်။ |
| ၂ | ငါလှမ်းတယ်။ | ၇ | ကိုက်တာ၌ငါ။ |
| ၃ | လှမ်းတာ၌ငါ။ | ၈ | ငါ၌ ကိုက်တယ်။ |
| ၄ | ငါ၌ လှမ်းတယ်။ | ၉ | မှတ်တာငါ။ |
| ၅ | ကိုက်တာငါ။ | ၁၀ | ငါမှတ်တယ်။ |

| | | | |
|---|---|---|---|
| ၁၁ | မှတ်တာ၌ငါ။ | ၁၆ | ငါ၌အားထုတ်တယ်။ |
| ၁၂ | ငါ၌ မှတ်တယ်။ | ၁၇ | သိတာငါ။ |
| ၁၃ | အားထုတ်တာငါ။ | ၁၈ | ငါသိတယ်။ |
| ၁၄ | ငါအားထုတ်တယ်။ | ၁၉ | သိဘာ၌ငါ။ |
| ၁၅ | အားထုတ်၌ငါ။ | ၂၀ | ငါ၌သိတယ်။ |

ဤသက္ကာယဒိဋ္ဌိ-၂၀တို့တွင် အစ-၅ပါးသည် ဥစ္ဆေဒဒိဋ္ဌိမည်၏။ ကြွင်း ၁၅-ပါးသည် သဿတဒိဋ္ဌိမည်၏။ ။အစ-၅ ဝိဘဝဒိဋ္ဌိ။ကြွင်း-၁၅-ဘဝဒိဋ္ဌိမည်၏။ ။အစ-၅-ဒိဋ္ဌိစရိတပုဂ္ဂိုလ်။ ကြွင်း-၁၅-တဏှာစရိတ ပုဂ္ဂိုလ်။ ။အစ-၅ အတ္တကိလမထာနုယောဂ။ ကြွင်း-၁၅-ကာမသုခလ္လိကာနုယောဂ။ ။အစ-၅-အဝိဇ္ဇာ။ကြွင်း-၁၅-တဏှာမည်၏။

ပထဝီဓာတ်နည်းတူ့ဖွဲ့စည်းမှု,ယိုစီးမှုသဘောရှိသော အာပေါဓာတ်။ ။ပူမှု, အေးမှုသဘောရှိသော တေဇောဓာတ်။ ။လှုပ်မှု, ရွေ့မှု, ထောက်ကန်တောင့်တင်းမှု သဘောရှိသော ဝါယောဓာတ်တို့ကို ရှုမှတ်ပွားများအားထုတ်သည့်ရှိသော်ဖွဲ့စည်းမှု,ယိုစီးမှုပရမတ်သဘောသက်သက်ကိုသာ မြင်၍ ပုဂ္ဂိုလ်, သတ္တဝါ, ငါ, သူတပါး, ယောကျ်ား,မိန်းမ-ဟု ထင်မှတ်သော ပညတ်ကွယ်ပျောက်သောကြောင့် တဒင်္ဂပဟာန်ဖြင့် ဒိဋ္ဌိ,ဝိစိကိစ္ဆာ ၂-ပါးကို ပယ်၏။ ။

ပူမှု,အေးမှုပရမတ်သဘောသက်သက်ကိုသာ မြင်၍ ပုဂ္ဂိုလ်, သတ္တဝါ, ငါ, သူတပါး, ယောကျ်ား, မိန်းမ-ဟု ထင်မှတ်သော ပညတ်ကွယ်ပျောက်သောကြောင့် တဒင်္ဂပဟာန်ဖြင့် ဒိဋ္ဌိ,ဝိစိကိစ္ဆာ ၂-ပါးကိုပယ်၏။ ။

လှုပ်မှု, ရွေ့မှု, ထောက်ကန်တောင့်တင်းမှု, ပရမတ်သဘောသက်သက်ကိုသာမြင်၍ ပုဂ္ဂိုလ်,သတ္တဝါ,ငါ,သူတပါး, ယောကျ်ား,မိန်းမ-ဟု ထင်မှတ်သောပညတ်ကွယ်ပျောက်သောကြောင့် တဒင်္ဂပဟာန်ဖြင့် ဒိဋ္ဌိ, ဝိစိကိစ္ဆာ ၂-ပါးကိုပယ်။ ။

"ဥပမာ"

နွားသတ်ယောကျ်ားသည် နွားကိုသတ်၍ အရေကိုခွါပြီးလျှင် အသား, အကြော,အရိုးတို့ကို ဒါးဖြင့် ခုတ်စင်း၍ လမ်း-၄ခွခရီးပေါင်းဆုံရာဌာန၌ ဈေးခင်း၍ ရောင်းချသောအခါ၊ နွားဟူသောအမှတ်သညာသည် ကင်းပျောက်ကွာလျက် အမဲဟူသော အမှတ်သညာသို့ ရောက်သကဲ့သို့ ဤတလံမျှလောက်သော မိမိ၏ ခန္ဓာကိုယ်ကို သူတပါးတို့၏ခန္ဓာကိုယ်၌ ပရမတ်အားဖြင့် ထင်

ရှားရှိ၍နေသော ပထဝီ, အာပေါ, တေဇော, ဝါယော-ဟူသောမဟာဘုတ် ဓာတ်ကြီး-၄ပါးတို့၏ သဘောလက္ခဏာတို့ကို သူ့သဘောနှင့် သူဖြစ်ပေါ် သည့်အတိုင်း ပြဆိုအပ်ခဲ့ပြီးသော နည်းလမ်းတို့ဖြင့် အဖန်ဖန် အထပ်ထပ် သတိချင်းစပ်အောင် ရှုမှတ်ပွားများအားထုတ်သောယောဂီပုဂ္ဂိုလ်၏ ဉာဏ် ၌ ပုဂ္ဂလ, သတ္တ,အတ္တသညာကင်းပျောက်၍ မဟာဘုတ်ဓာတ်ကြီး ၄-ပါး တို့ကိုသာ ပရမတ္ထအားဖြင့် ထင်ရှားရှိနေကြောင်းကို ထင်ရှားစွာ သိမြင်၍ လာတော့၏။ ။

ဤကား မဟာဘုတ်ဓာတ်ကြီး ၄-ပါးတို့ကို ရူပပရိဂ္ဂဟဉာဏ်ဖြင့်သိမ်း ဆည်းပုံ အကျဉ်းပြသောစကားရပ်ပေတည်း။

### ဥပါဒါရုပ်တို့ကို သိမ်းဆည်းသော "ရူပပရိဂ္ဂဟဉာဏ်အကြောင်း"

ဤသို့ယခုပြဆိုအပ်ခဲ့ပြီးသော မဟာဘုတ်ဓာတ်ကြီး ၄-ပါးတို့ကို မှီ၍ ဖြစ်ကြသော ဝဏ္ဏ-အဆင်းအစရှိသော ဥပါဒါရုပ်တို့ကို သိမ်းဆည်းသော ရူပပရိဂ္ဂဟဉာဏ်သည်ကား—

မိမိတို့၏ ကိုယ်တွင်းသန္တာန်ခန္ဓာအစဉ်၌ ဖြစ်စေ၊ သူတပါးတို့၏ အပြင် အပသန္တာန်ခန္ဓာအစဉ်၌ဖြစ်စေ၊ စက္ခုဒွါရ-မျက်နက်ဝန်း၏ အလယ်တည့် တည့်၌ ဥပါဒ်,ဌီ,ဘင်-အားဖြင့် ခဏခဏဖြစ်ပျက်၍ နေသော အတိတ်ဘဝ က ကံကြောင့်ဖြစ်သော စက္ခုပသာဒခေါ်သော မျက်စိအကြည်ပရမတ်သ ဘောရုပ်နှင့် အသက်ရှိသည်ဖြစ်စေ၊အသက်မရှိသည်ဖြစ်စေ မိမိ,သူတပါး ၂ ပါးခုံတို့၌ ဝဏ္ဏ ခေါ်သော အဆင်းပရမတ်သဘောရုပ်တို့ တိုက်ဆိုင်မိကြ၍ စက္ခုဝိညာဏ် ဖြင့် မြင်၍ အဖြူစသောအဆင်းထင်သော်(အဆင်းထင်တယ်) ဟူ၍ မနေသွ်ရက သတိအမှတ်ပြုရမည်။ ။

စက္ခုဝိညာဏ်၏ မှီရာ မျက်စိအကြည် ပရမတ်သဘော ရုပ်ကိုလည်း မိမိ၏ စက္ခုဒွါရ မျက်နက်ဝန်း၏အလယ် သန်း၏ဦးခေါင်း ပမာဏ ရှိသော အရပ်၌ စက္ခုပသာဒခေါ်သော မျက်စိအကြည်ပရမတ်သဘောရှိရာသို့ အာ ရုံပြု၍ ( မျက်စိအကြည် ) ဟူ၍မနေသွ်ရက သတိအမှတ်ပြုရမည်။

**အာယတန {၁၂} ပါး။**

(၁) မြင်တယ်လို့မှတ်တော့ – မြင်သောခဏ။
မျက်စိကြည်လင်တာက – စက္ခာယတန။
အဆင်းထင်တာက – ရူပါယတန။

## အမှတ်မပါခဲ့သော် (၁၅၀၀) ကိလေသာ။ ကိလေသာ (၉၀၀၀) မီးလောင်ပုံ။

စိတ်တခုယုတ်၉၀-၁၊ စေတသိက်-၅၂-ပေါင်းနာမ်တေပညာသ-၅၃။ ဘူတရုပ်-၄၊ ပသာဒရုပ်-၅၊ ဝိသယရုပ်-၄၊ ဘာဝရုပ်-၂၊ ဟဒယရုပ်-၁၊ ဇီဝိတရုပ်-၁၊ အာဟာရရုပ်-၁၊ ပေါင်းနိပ္ဖန္နရုပ်-၁၈၊ နာမ်တေပညာသ နိပ္ဖန္နရုပ်အဋ္ဌာရသ၊ ပေါင်း-၇၁၊ လက္ခဏာရုပ်-၄-နှင့် ပေါင်း-၇၅။ ကိလေသာ-၁၀-ပါးမှာ တပါးတပါးလျှင် ၇၅-ရသဖြင့် ကိလေသာဆယ်ပါးမှာ ၇၅၀။ ။ထို-၇၅၀-ကို မျက်စိကြည်လင်သော စက္ခာယတနထဲ၌ ၇၅၀၊ အဆင်းထင်သော ရူပါယတနထဲ၌-၇၅၀။ ။၎င်းအာယတနနှစ်ပါး၌ပေါင်း သော်-၁၅၀၀-ကိလေသာဖြစ်၏။ ။ထို-၁၅၀၀-ကိလေသာတို့ကို ကြားခဏ-၁၅၀၀၊ နံခဏ-၁၅၀၀၊ စားခဏ-၁၅၀၀၊ ထိခဏ-၁၅၀၀၊ သိခဏ ၁၅၀၀၊ ပေါင်းကိလေသာ-၉၀၀၀ ဖြစ်၏။ ။ဒွါရ (၂) ပေါက်ထည့်သော် ကိလေသာ-၁၂၀၀၀-ရ၏။

မြင်,ကြား,နံ,စား,ထိ,သိတယ်ဟု အမှတ်မပါလျှင် အာရုံခြောက်ပါးနှင့် ဒွါရ (၆) ပေါက်မှ အမြဲတန်းကိလေသာ-၁၂၀၀၀-မီးတောက်လောင် ကုန်၏။

### " ခေတ် ၁၈-ပါး "

(၁) မြင်တယ်လို့မှတ်တော့-မြင်သောခဏ။
မျက်စိကြည်လင်တာက-စက္ခုခေတ်။
အဆင်းထင်တာက- ရူပခေတ်။
မြင်,ထင်တာက- စက္ခုဝိညာဏခေတ်။

စက္ခုံ ဇာနံ ပဿံ ယထာဘူတံ။
ရူပေ ဇာနံ ပဿံ ယထာဘူတံ။

ဟူ၍ ဥပရိပဏ္ဏာသ၌ ဘုရားရှင်ဟောတော်မူသည်။ ။

စက္ခုံ၊ မျက်စိအကြည် ပရမတ်သဘောရုပ်ကို။ ယထာဘူတံ၊ မြင်မှုဖြစ် ခိုက် ဟုတ်မှန်စွာ။ ဇာနံ-ဇာနန္တော၊ သမထ,ဝိပဿနာဉာဏ်,မဂ်ဉာဏ်ဖြင့် သိသော ယောဂီပုဂ္ဂိုလ်သည်။ပဿံ-ပဿန္တော၊ သမထ,ဝိပဿနာဉာဏ်, မဂ်ဉာဏ်ဖြင့်မြင်သော ယောဂီပုဂ္ဂိုလ်သည်။ ရူပေ အဆင်းပရမတ်သဘော ရုပ်တို့ကို။ယထာဘူတံ၊ မြင်မှုဖြစ်ခိုက် ဟုတ်မှန်စွာ။ဇာနံ-ဇာနန္တော၊သမထ,

ဝိပဿနာဉာဏ်, မဂ်ဉာဏ်ဖြင့် သိသော ယောဂီပုဂ္ဂိုလ်သည်။ ပဿိပဿန္တော၊သမထ, ဝိပဿနာဉာဏ်, မဂ်ဉာဏ်ဖြင့်မြင်သောယောဂီပုဂ္ဂိုလ်သည်။ အာယတိံ၊ နောင်ဘဝတဖန်၌။ ပဋ္စုပါဒါနက္ခန္ဓာ၊ ဥပါဒါန် ၄-ပါးနှင့်တကွသော ခန္ဓာ ၅-ပါးတို့သည်။အပစယံ၊ကုန်ခန်းပပျောက်သောနိဗ္ဗာန်သို့။ ဂစ္ဆန္တိ၊ ရောက်ထိုက်၏။ ။

(၁) မြင်တယ်လို့မှတ်တော့ - မြင်သောခဏ။

စက္ခာယတနဓ္ဓ စက္ခုပသာဒရုပ်ဟူသည် မျက်လုံး၏အလယ်၌ ကြည်လင်သော သဘောကိုဆိုသည်။ ဤကြည်လင်မှုသည် ကြည်လင်သော သဘောသက်သက်သာရှိ၏။ ဥပါဒ်, ဋ္ဌီ, ဘင်-အားဖြင့်လည်း ခဏခဏဖြစ်၍ ခဏခဏပျက်ခြင်းသဘောမျှသာရှိ၏။ ထို့ကြောင့် လူ,နတ်,ဗြဟ္မာ, ပုဂ္ဂိုလ်, သတ္တဝါ,ငါ,သူတပါး,ယောကျ်ား,မိန်းမ-ဟူသောအတ္တမရှိ။ အနတ္တသဘောသက်သက်သာရှိကြောင်းကို ထင်အောင် မြင်သောအခိုက် ( မြင်တယ် ) ဟုသတိအမှတ်ပြုရမည်။ ။

(၁) အဆင်းသို့မှတ်တော့ – အဆင်းမှတ်သောခဏ။

ရူပါယတန၌ အဆင်းရူပါရုံဟူသည် အဆင်းသဏ္ဌာန်အမိုက် အလင်းအရိပ် အရောင်မြူမှုန် အခိုးမှစ၍ အလုံးပုံမြင်ကောင်းသမျှကို ရူပါရုံဆိုသည်။ အဆင်း, အရောင်, အလင်း-ဟူ၍ ၃-မျိုးရှိသည့်တွင် အဖြူ,အနီ-စသော ရူပါရုံသည် အဆင်းမည်၏။ ပြောင်ပြောင် လက်လက် တောက်သော ဖလ်, မှန်-ကဲ့သို့ဖြစ်သော ရူပါရုံသည် အရောင်မည်၏။စက္ခုဝိညာဏ်၏အထောက်အပံ့ အာရုံကိုမြင်ကြောင်းရူပါရုံသည်အလင်းမည်၏။ အလင်းသည် အမိုက်၏ဆန့်ကျင်ဘက်ဖြစ်၏။ အရောင်သည် အညစ်အကြေး၏ ဆန့်ကျင်ဘက်ဖြစ်၏။ အရိပ်သည် အရောင်ကိုစွဲ၍ဖြစ်၏၊ ဤအဆင်း,အရောင်, အလင်း – စသောရူပါရုံသည် အဆင်းသဘော သက်သက်သာရှိ၏။ စမ်းသပ်၍ မရကောင်းသောသဘောရှိ၏။ ဥပါဒ်, ဋ္ဌီ, ဘင်-အားဖြင့်လည်း ခဏခဏဖြစ်၍ ခဏခဏပျက်ခြင်း သဘောမျှသာရှိ၏။ထို့ကြောင့် လူ, နတ်,ဗြဟ္မာ,ပုဂ္ဂိုလ်, သတ္တဝါ, ငါ, သူတပါး, ယောကျ်ား, မိန်းမ – ဟူသော အတ္တမရှိ။ အနတ္တသဘောသက်သက်သာရှိကြောင်းကို ထင်အောင် မြင်သောအခိုက်(အဆင်း) ဟုသတိအမှတ်ပြုရမည်။

ဤကား-စက္ခုဉ္စ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ။ ။ဥပရိပဏ္ဏာသ-ဆဆက္ကသုတ်အရ၊ မျက်စိအကြည်ရုပ်, အဆင်းရုပ် – ၂ – ခုတို့ကို ရူပ ပရိဂ္ဂဟဉာဏ်ဖြင့် သိမ်းဆည်းပုံအကျဉ်းတည်း။

(၂) ကြားတယ်လို့မှတ်တော့-ကြားသောခဏ။
နားကြည်လင်တာက-သောတာယတန။
အသံထင်တာက- သဒ္ဒါယတန။

(၂) ကြားတယ်လို့မှတ်တော့—ကြားသောခဏ။
နားကြည်လင်တာက-သောတဓာတ်။
အသံထင်တာက- သဒ္ဒဓာတ်။
ကြားသင်တာက- သောတဝိညာဏဓာတ်။

မျက်စိနည်းတူ သောတဒွါရ၌ အတိတ်ဘဝက ကံကြောင့်ဖြစ်သော သောတပသာဒခေါ်သော နားအကြည်ပရမတ်သဘောရုပ်နှင့် စိတ်ကြောင့်ဖြစ်သော စကားဆိုခြင်း-စသောအသံသဒ္ဒရုပ်, ဥတုကြောင့်ဖြစ်သော ဝမ်းလေရုပ်ခြင်းစသောအသံသဒ္ဒရုပ် ၂-ခုတို့တွင် တခုခုသော အသံပရမတ်သဘောရုပ်တို့ တိုက်ဆိုင်မိကြ၍ သောတဝိညာဏ်ဖြင့် ကြား၍ တခုခုသော အသံထင်သော်(အသံ)ဟူ၍မနေ့ဒွါရက သတိအမှတ်ပြုရမည်။

သောတဝိညာဏ်၏ မှီရာနားအကြည်ပရမတ်သဘောရုပ်ကိုလည်း မိမိ၏ သောတဒွါရ - နား၏အလယ်၌ ကြေးလက်စွပ်ကွင်းသဏ္ဍာန်အမွေးနု၌ သောတပသာဒ ခေါ်သော နားအကြည်ပရမတ်သဘောရှိရာသို့ အာရုံပြု၍ (နားအကြည်)ဟူ၍ မနေ့ဒွါရက သတိအမှတ်ပြုရမည်။

ထို့ကြောင့်။ ။သောတံ စာနံ ပဿံ ယထာဘူတံ။
သဒ္ဒေ စာနံ ပဿံ ယထာဘူတံ။
ဟူ၍ ဥပရိပဏ္ဏာသ၌ ဟောတော်မူသည်။

သောတံ၊ နားအကြည်ပရမတ်သဘောရုပ်ကို။ ယထာဘူတံ၊ကြားမှုဖြစ်ခိုက် ဟုတ်မှန်စွာ။ဇာနံ-ဇာနန္တော၊ယောဂီပုဂ္ဂိုလ်သည်။ပဿံ-ပဿန္တော၊ယောဂီပုဂ္ဂိုလ်သည်။သဒ္ဒေ၊အသံပရမတ်သဘောရုပ်တို့ကို။ယထာဘူတံ စွာ။ ဇာနံ-ဇာနန္တော၊ ယောဂီပုဂ္ဂိုလ်သည်။ ပဿံပ-ဿန္တော၊ ယောဂီပုဂ္ဂိုလ်သည်။အာယတိံ၊ နောင်ဘဝတဖန်၌။ပဉ္စုပါဒါနက္ခန္ဓာ၊ ဥပါဒါန်၄-ပါးနှင့် တကွသောခန္ဓာ - ၅ပါးတို့သည်။ ၂ အပစယံ၊ ကုန်ခန်းပျောက်သောနိဗ္ဗာန်သို့။ ဂစ္ဆန္တိ၊ ရောက်ကုန်၏။

(၂) ကြားတယ်လို့မှတ်တော့ - ကြားသောခဏ။

သောတာယတနန္တ သောတပသာဒရုပ်ဟူသည် နား၏အလယ်၌ အမွေး နီနုတ်၍ ရဝေးပေါက်ရောက်ရာ လက်စွပ်ကွင်း သဏ္ဍာန်ရှိသော နေရာ၌ ကြည်လင်သောသဘောကိုဆိုသည်။ ဤကြည်လင်မှုသည် ကြည်လင်သော သဘောသက်သက်သာရှိ၏။ ဥပါဒ်, ဋ္ဌီ, ဘင်- အားဖြင့်လည်း ခဏခဏဖြစ်၍ ခဏခဏပျက်ခြင်းသဘောမျှသာရှိ၏။ ထို့ကြောင့် လူ, နတ်, ဗြဟ္မာ, ပုဂ္ဂိုလ်, သတ္တဝါ, ငါ, သူတပါး, ယောကျ်ား, မိန်းမ – ဟူသောအတ္တမရှိ။ အနတ္တ သဘောသက်သက်သာရှိကြောင်းကို ထင်အောင် ကြားသောအခိုက် ကြား တယ် ဟု သတိအမှတ်ပြုရမည်။

(၂) အသံလို့မှတ်တော့ – အသံမှတ်သောခဏ။

သဒ္ဒါယတနန္တ သဒ္ဒါရုံဟူသည် အသံတည်း၊ အသံဟူသည် စိတ်ကြောင့် ဖြစ်သော စကားဆိုသောအသံသည် စိတ္တဇအသံမည်၏။ ရိုက်ခြင်းသံ အစ ရှိသောအသံသည် ဥတုဇအသံမည်၏။ ဤအသံသည် အသံသဘောသက် သက်သာရှိ၏။ ဥပါဒ်, ဋ္ဌီ, ဘင် – အားဖြင့်လည်း ခဏခဏဖြစ်၍ ခဏခဏ ပျက်ခြင်းသဘောမျှသာရှိ၏။ ထို့ကြောင်–လူ,နတ်,ဗြဟ္မာ,ပုဂ္ဂိုလ်, သတ္တဝါ, ငါ, သူတပါး, ယောကျ်ား, မိန်းမ – ဟူသောအတ္တမရှိ။ အနတ္တသဘောသက် သက်သာရှိကြောင်းကို ထင်အောင် ကြားသောအခိုက် ( အသံဟု ) သတိ အမှတ်ပြုရမည်။

ဤကား–သောတဋ္ဌ ပဋိစ္စ သဒ္ဒေစ ဥပ္ပဇ္ဇတိ–ပါဠိတော်အရ နားအကြည် ရုပ်,အသံရုပ်- ၂-ခုတို့ကို ရူပပရိဂ္ဂဟဉာဏ်ဖြင့် သိမ်းဆည်းပုံအကျဉ်းတည်း။

(၃) နံ့တယ်လို့ မှတ်တော့–နံ့သောခဏ။
နှာခေါင်းကြည်လင်တာက–ဃာနာယတန။
အနံ့ထင်တာက– ဂန္ဓာယတန။

(၃) နံ့တယ်လို့မှတ်တော့–နံ့သောခဏ။
နှာခေါင်းကြည်လင်တာက–ဃာနဓာတ်။
အနံ့ထင်တာက– ဂန္ဓဓာတ်။
နံ့ထင်တာက– ဃာနဝိညာဏဓာတ်။

ဃာနဉ္စ္စါရုံ – အတိတ်ဘဝက ကံကြောင့် ဖြစ်သော ဃာနပသာဒခေါ် သော နှာခေါင်းအကြည်ပရမတ်သဘောရုပ်နှင့် ဂန္ဓအနံ့ရုပ်ပရမတ်သဘော

တို့ တိုက်ဆိုင်မိကြ၍ ဃာနဝိညာဏ်ဖြင့် နံ၍ တခုခုသော အနံ့ထင်သော် (အနံ့)ဟူ၍ မနေ့ာဘဲ့ဂိရက သတိအမှတ်ပြုရမည်။

ဃာနဝိညာဏ်၏ မှီရာ နှာခေါင်းအကြည်ပရမတ် သဘောရုပ်ကိုလည်း မိမိ၏ ဃာနဒွါရနှာခေါင်း၏ အလယ်၌ ဆိတ်ခွါသဏ္ဍာန်ရှိသော အသား ဆိုင်၌ ဃာနပသာဒခေါ်သော နှာခေါင်းအကြည်ပရမတ်သဘောရှိရာသို့ အာရုံပြု၍ (နှာခေါင်းအကြည်) ဟု မနေ့ာဘဲ့ဂိရက သတိအမှတ်ပြုရမည်။

ထို့ကြောင့်။ ။ဃာနံ ဇာနံ ပဿံ ယထာဘူတံ။
ဂန္ဓေ ဇာနံ ပဿံ ယထာဘူတံ။
ဟူ၍ ဥပရိပဏ္ဏာသ၌ ဟောတော်မူသည်။

ဃာနံ၊ နှာခေါင်းအကြည်ပရမတ်သဘောရုပ်ကို။ ယထာဘူတံ၊ နံမှုဖြစ် ဒိုက်ဟုတ်မှန်စွာ။ ဇာနံ-ဇာနန္တော၊သည်။ ပဿံ-ပဿန္တော၊ သည်။ ဂန္ဓေ၊ အနံ့ပရမတ်သဘောရုပ်တို့ကို။ ယထာဘူတံ၊ စွာ။ ဇာနံ-ဇာနန္တော၊ သည်။ ပဿံ-ပဿန္တော၊သည်။ အာယတိံ၌။ ပဉ္စုပါဒါနက္ခန္ဓာ၊တို့သည်၊ အပစယံ၊ သို့။ ဂစ္ဆန္တိ၊ ရောက်ကုန်၏။ ။

(၃) နံတယ်လို့မှတ်တော့-နံသောခဏ။

ဃာနာယတန၌ ဃာနပသာဒရုပ်ဟူသည် နှာခေါင်းပေါက်၏ အတွင်း ဆိတ်ခြေ၏ ခွါသဏ္ဍာန်ရှိသော အရပ်၌ ကြည်လင်သော သဘောကို ဆိုသည်။ဤကြည်လင်မှုသည် ကြည်လင်သော သဘောသက်သက်သာရှိ၏။ ဥပါဒ်,ဋ္ဌီ,ဘင်-အားဖြင့်လည်း ခဏခဏဖြစ်၍ ခဏခဏပျက်ခြင်းသဘော မျှသာရှိ၏။ ထို့ကြောင့်-လူ, နတ်, ဗြဟ္မာ, ပုဂ္ဂိုလ်, သတ္တဝါ,ငါ, သူတပါး, ယောကျ်ား, မိန်းမ - ဟူသောအဖွဲ့မရှိ။ အနတ္တသဘောသက်သက်သာ ရှိ ကြောင်းကို ထင်အောင် နံသောအခိုက် (နံတယ်)ဟု သတိအမှတ်ပြုရမည်။

(၃) အနံ့လို့မှတ်တော့-အနံ့မှတ်သောခဏ။

ဂန္ဓာယတန၌ အကောင်း,အဆိုး-အနံ့ရှိသမျှသည် ဂန္ဓာရုံမည်၏။ ဤ ဂန္ဓာရုံအနံ့သဘောသည် အနံ့သဘောသက်သက်သာရှိ၏။ ဥပါဒ်,ဋ္ဌီ,ဘင်-အားဖြင့်လည်း ခဏခဏဖြစ်၍ ခဏခဏပျက်ခြင်းသဘောမျှသာရှိ၏။ ထို့ ကြောင့်-လူ,နတ်,ဗြဟ္မာ,ပုဂ္ဂိုလ်, သတ္တဝါ,ငါ, သူတပါး,ယောကျ်ား,မိန်းမ- ဟူသောအဖွဲ့မရှိ။ အနတ္တသဘောသက်သက်သာရှိကြောင်းကို ထင်အောင် နံသောအခိုက် (အနံ့)ဟု သတိအမှတ်ပြုရမည်။

ဤကား - ဃာနဥ္စ ပဋိစ္စ ဂန္ဓေစ ဥပ္ပဇ္ဇတိ - ပါဠိတော်အရ နှာခေါင်းအကြည်ရုပ်, အနံ့ရုပ် - ၂ခုတို့ကို ရူပပရိဂ္ဂဟဉာဏ်ဖြင့် သိမ်းဆည်းပုံအကျဉ်းတည်း။

(၄) စားတယ်လို့မှတ်တော့ - စားသောခဏ။
လျှာကြည်လင်တာက - ဇိဝှါယတန။
အရသာထင်တာက - ရသာယတန။

(၄) စားတယ်လို့မှတ်တော့ - စားသောခဏ။
လျှာကြည်လင်တာက - ဇိဝှါဓာတ်။
အရသာထင်တာက - ရသဓာတ်။
စားထင်တာက - ဇိဝှါဝိညာဏဓာတ်။

ဇိဝှါဒွါရ၌။ ။အတိတ်ဘဝက ကံကြောင့်ဖြစ်သော ဇိဝှါပသာဒခေါ်သော လျှာအကြည်ပရမတ်သဘောရုပ်နှင့် ရသ - အရသာရုပ်ပရမတ်သဘောတို့ တိုက်ဆိုင်မိကြ၍ ဇိဝှါဝိညာဏ်ဖြင့် စား၍ လျက်၍ အချို - စသော အရသာတခုခုထင်သော် (အချို) ဟု မနောဒွါရက သတိအမှတ်ပြုရမည်။

ဇိဝှါဝိညာဏ်၏ မှီရာလျှာအကြည်ပရမတ်သဘောရုပ်ကိုလည်း မိမိ၏ ဇိဝှါဒွါရလျှာ၏ အလယ်၌ ကြာရွက်ဖျားသဏ္ဍာန်ရှိသောအရပ်၌ ဇိဝှါပသာဒခေါ်သော လျှာအကြည်ပရမတ်သဘောရှိရာသို့ အာရုံပြု၍ (လျှာအကြည်) ဟု မနောဒွါရက အသိအမှတ်ပြုရမည်။

ထို့ကြောင့်။ ။ဇိဝှံ ဇာနံ ပဿံ ယထာဘူတံ။
ရသေ ဇာနံ ပဿံ ယထာဘူတံ။
ဟူ၍ ဥပရိပဏ္ဏာသ၌ ဘုရားဟောတော်မူသည်။

ဇိဝှံ၊ လျှာအကြည်ပရမတ်သဘောရုပ်ကို။ ယထာဘူတံ၊ စားမှု, လျက်မှု ဖြစ်ခိုက်ဟုတ်မှန်စွာ။ ဇာနံ-ဇာနန္တော၊ သိသည်။ ပဿံ - ပဿန္တော၊ သိသည်။ ရသေ၊ အချို-စသောပရမတ်သဘောရုပ်တို့ကို။ ယထာဘူတံ၊ စားမှု,လျက်မှု ဖြစ်ခိုက်ဟုတ်မှန်စွာ။ ဇာနံ-ဇာနန္တော၊ သိသည်။ ပဿံ - ပဿန္တော၊ သိသည်။ အာယတိ°၌။ ပဥ္စုပါဒါနက္ခန္ဓာ၊ တို့သည်။ အပစယံ၊ သို့။ ဂစ္ဆန္တိ၊ ကုန်၏။

(၄) စားတယ်လို့မှတ်တော့ - စားသောခဏ။

ဇိဝှါယတနနှ ဇိဝှါပသာဒရုပ်ဟူသည် လျှာ၏ အရင်း, အဖျား ဝဲယာ, နံပါး–အစွန်းတို့ကို ချန်လှပ်၍ လျှာအထက်အပြင်၏ အလယ်သည် ဖြတ်ယူ အပ်သော ကြာရွက်ဖျားသဏ္ဍာန်ရှိသော အရပ်၌ ကြည်လင်သောသဘော ကို ဆိုသည်။ ဤကြည်လင်မှုသည် ကြည်လင်သော သဘောသက်သက် သာရှိ၏။ ဥပါဒ်,ဋ္ဌီ,ဘင်–အားဖြင့်လည်း ခဏခဏဖြစ်၍ ခဏခဏပျက်ခြင်း သဘောမျှသာရှိ၏။ ထို့ကြောင့် – လူ, နတ်, ဗြဟ္မာ, ပုဂ္ဂိုလ်, သတ္တဝါ, ငါ, သူတပါး, ယောကျ်ား, မိန်းမ-ဟူသောအတ္တမရှိ။ အနတ္တသဘောသက်သက် သာရှိကြောင်းကို ထင်အောင် စားသောအခိုက်(စားတယ်)ဟု သတိအမှတ် ပြုရမည်။

(၄) ချဉ်တယ်လို့မှတ်တော့–ချဉ်တယ်မှတ်သောခဏ။

ရသာယတနနှ အချို,အချဉ်,အစပ်,အငန်,အဖန်,အခါး, အဆိမ့်-ဟူသော ဤ – ၇ပါးသောအရသာသည် ရသာရုံမည်၏။ ဤအရသာသည် အချို–စ သောသဘောသက်သက်သာရှိ၏။ ဥပါဒ်,ဋ္ဌီ,ဘင်–အားဖြင့်လည်း ခဏခဏ ဖြစ်၍ ခဏခဏ ပျက်ခြင်းသဘောမျှသာရှိ၏။ ထို့ကြောင့် လူ,နတ်,ဗြဟ္မာ, သတ္တဝါ,ငါ,သူတပါး,ယောကျ်ား,မိန်းမ–ဟူသောအတ္တမရှိ။ အနတ္တသဘော သက်သက်သာရှိကြောင်းကို ထင်အောင် စားသောအခိုက်(ချိုတယ်)စသည် ဖြင့် သတိအမှတ်ပြုရမည်။

ဤကား–ဇိဝှဋ္ဌ ပဋိဃ ရသေစ ဥပ္ပန္နတိ–ပါဠိတော်အရ, လျှာအကြည်ရုပ်, ရသရုပ် ၂-ခုတို့ကို ရူပပရိဂ္ဂဟဉာဏ်ဖြင့် သိမ်းဆည်းပုံအကျဉ်းတည်း။

(၅) ထိတယ်လို့မှတ်တော့ ထိသောခဏ။
ကိုယ်ကြည်လင်တာက–ကာယာယတန။
အတွေ့ထင်တာက=ဖောဋ္ဌဗ္ဗာယတန။

(၅) ထိတယ်လို့မှတ်တော့ ထိသောခဏ။
ကိုယ်ကြည်လင်တာက–ကာယဓာတ်။
အတွေ့ထင်တာက-ဖောဋ္ဌဗ္ဗဓာတ်။
ထိထင်တာက–ကာယဝိညာဏဓာတ်။

ကာယဒွါရ၌။ ။အဘိတ်ဘဝက ကံကြောင့်ဖြစ်သော ကာယပသာဒ ခေါ်သော ကိုယ်အကြည် ပရမတ်သဘောရုပ်နှင့် ခက်မာမှု, နူးညံ့မှု, ပူမှု,

အေးမှု, လှုပ်မှု, ရွေ့မှု, ထောက်ကန်တောင့်တင်းမှု – ဟုဆိုအပ်သော တခုခုသော ဖောဋ္ဌဗ္ဗအတွေ့ရုပ်ပရမတ်သဘောတို့ တိုက်ဆိုင်မိကြ၍ ကာယဝိညာဏ်ဖြင့် ထိ၍ ခက်မာမှု-စသောဖောဋ္ဌဗ္ဗရုပ်တခုခုထင်သော်(မာတယ်) ဟု မနေ့ာခွါရက သတိဖြင့် အမှတ်ပြုရမည်။

ကာယဝိညာဏ်၏မှီရာ ကိုယ်အကြည်ပရမတ်သဘောရုပ်ကိုလည်း မိမိ၏ ကာယခွါ၌ ပိုက်ကွန်ကဲ့သို့ ပျံ့နှံ့၍ တည်ရာ မာမှု-စသော ဖောဋ္ဌဗ္ဗရုပ်နှင့်ထိရာဌာန ကာယခွါရ၏ ကာယပသာဒကိုယ်အကြည်ပရမတ်သဘောဖြစ်ပေါ်ရာသို့ အာရုံပြု၍ (ကိုယ်အကြည်)ဟု မနေ့ာခွါရက သတိအမှတ်ပြုရမည်။

ထို့ကြောင့်။ ။ကာယံ ဇာနံ ပဿံ ယထာဘူတံ။
ဖောဋ္ဌဗ္ဗေ ဇာနံ ပဿံ ယထာဘူတံ။
ဟူ၍ ဥပရိပဏ္ဏာသ၌ ဘုရားဟောတော်မူသည်။

ကာယံ၊ ကိုယ်အကြည်ပရမတ်သဘောရုပ်ကို။ ယထာဘူတံ၊ ထိမှုဖြစ်ခိုက်ဟုတ်မှန်စွာ။ ဇာနံ-ဇာနန္တော၊သည်။ ပဿံ-ပဿန္တော၊ သည်။ ဖောဋ္ဌဗ္ဗေ၊ ခက်မာ, နူးညံ့, ပူ, အေး, လှုပ်ရွေ့, တောင့်တင်းမှု – သဘောရှိသော အတွေ့ရုပ်ပရမတ်တို့ကို။ ယထာဘူတံ၊စွာ။ ဇာနံ-ဇာနန္တော၊ သည်။ ပဿံ-ပဿန္တော၊ သည်။ အာယတိံ၊၌။ ပဋ္ဌုပါဒါနက္ခန္ဓာ၊ တို့သည်၊ အပစယံ၊သို့။ ဂစ္ဆန္တိ၊ ကုန်၏။

(၅) ထိတယ်လို့မှတ်တော့-ထိသောခဏ။

ကာယာယတန၌ ကာယပသာဒရုပ်ဟူသည် ခံဖျား,အမွေးဖျား,လက်သည်းဖျား, ခြေသည်းဖျား, သွားဖျား-အရေခြောက်သောနေရာတို့ကို ချန်လှပ်၍ ဤကိုယ်၌ ကြည်လင်သောသဘောကိုဆိုသည်။ဤကြည်လင်မှုသည် ကြည်လင်သောသဘောသက် သက်သာရှိ၏။ဥပါဒ်, ဌီ,ဘင်-အားဖြင့်လည်း ခဏခဏဖြစ်၍ ခဏခဏပျက်ခြင်းသဘောမျှသာရှိ၏။ ထို့ကြောင့် လူ, နတ်, ဗြဟ္မာ,ပုဂ္ဂိုလ်,သတ္တဝါ, ငါ,သူတပါး, ယောက်ျား,မိန်းမဟူ-ဟူသောအတ္တမရှိ။ အနတ္တသဘော သက်သက်သာ ရှိကြောင်းကိုထင်အောင် ထိသော အခိုက် (ထိတယ်)ဟု သတိအမှတ်ပြုရမည်။

(၅) မာတယ်သို့မှတ်တော့-မာတယ်မှတ်သောခဏ။

ဖေါဋ္ဌဗ္ဗာယတန၌ ပထဝီ, တေဇော,ဝါယော–ဟူသောဓာတ် – ၃ပါး၌ တွေ့ထိအပ်သမျှ ဝတ္ထုသည် ဖေါဋ္ဌဗ္ဗာရုံမည်၏။ထိုတွင် ပထဝီဓာတ်တည်း ဟူသောအတွေ့ ဖေါဋ္ဌဗ္ဗရုံသည် ခက်မာ,ကြမ်းတမ်းခြင်း,နူးညံ့ ခြင်းသဘော သက်သက်သာရှိ၏။ဥပါဒ်,ဌီ,ဘင်–အားဖြင့်လည်း ခဏခဏဖြစ်၍ ခဏခဏ ပျက်ခြင်းသဘောမျှသာရှိ၏။ထို့ကြောင့် လူ,နတ်, ဗြဟ္မာ,ပုဂ္ဂိုလ်, သတ္တဝါ, ငါ, သူတပါး, ယောကျ်ား, မိန်းမ–ဟူသောအတ္တမရှိ။ အနတ္တသဘောသက် သက်သာရှိကြောင်းကိုထင်အောင် တွေ့ထိသောအခိုက် မာမှုသဘောကို (မာတယ်)ဟု သတိအမှတ်ပြုရမည်။

ဤကား–ကာယဉ္စ ပဋိစ္စ ဖေါဋ္ဌဗ္ဗေစ ဥပ္ပဇ္ဇတိ-ပါဠိတော်အရ။ ။ကိုယ် အကြည်ရုပ်, ဖေါဋ္ဌဗ္ဗအတွေ့ရုပ်– ၂ခုတို့ကို ရူပပရိဂ္ဂဟဉာဏ်ဖြင့် သိမ်းဆည်း ပုံအကျဉ်းတည်း။

(၆) သိတယ်သို့မှတ်တော့–သိသောခဏ။
နှလုံးကြည်လင်တာက–မနာယတန။
သဘောရုပ်ထင်တာက–ဓမ္မာယတန။

(၆) သိတယ်လို့မှတ်တော့–သိသောခဏ။
နှလုံးကြည်လင်တာက မနောဓာတ်။
သဘောရုပ်ထင်တာက–ဓမ္မဓာတ်။
သိထင်တာက-မနောဝိညာဏ်ဓာတ်။

မနောဒွါရ၌။ ။အတိတ်ဘဝက ကံကြောင့်ဖြစ်သော ဟဒယဝတ္ထုခေါ် သော နှလုံးအကြည်ပရမတ်သဘောရုပ်နှင့် စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယ ဟုဆိုအပ်သော ၅ ဒွါရ၌ ကျရောက်ဆဲ အဆင်း, အသံ, အနံ့,အရ သာ, အတွေ့ -ဟုဆိုအပ်သော ၅-ပါးသော ပစ္စုပ္ပန်အာရုံတို့ကို ချန်လှပ်၍ ဘုံ ၃-ပါး၌ ရှိသမျှသဘောရုပ်ဓမ္မာရုံတို့တွင် တခုခုသော သဘောရုပ်ဓမ္မာ ရုံတို့ တိုက်ဆိုင်မိကြ၍ မနောဝိညာဏ်ဖြင့် သိ၍ တခုခုသော သဘောရုပ် ပရမတ်ဓမ္မာရုံထင်သော် (အဆင်း) ဟူ၍၎င်း၊ (အသံ) ဟူ၍၎င်း မိမိတို့ထင် သောအာရုံကို မနောဒွါရက သတိအမှတ်ပြုရမည်။

အရဟံ-စသော ဘုရားဂုဏ် - ဓမ္မာရုံ, ရုပ်နာမ်ပရမတ်သဘောကို ထင် အောင် အာရုံပြု၍ ( အရဟံ-ဂုဏ်ထင်-ထင်တယ် ) ဟု အဖန်ဖန် အထပ်ထပ် မနောဒွါရက သတိအမှတ်ပြုရမည်။

မိမိတို့၏ ဗုတိစိတ်ကျသောအခါ သေခြင်းသဘောရုပ်နာမ် – ပရမတ်ဓမ္မာရုံကို ထင်အောင် အာရုံပြု၍ ( သေရလိမ့်မယ် – သေရလိမ့်မယ် ) ဟု အဖန်ဖန်အထပ်ထပ် မနေသွားခြင်းက သတိအမှတ်ပြုရမည်။

ဤကဲ့သို့ အရဟံ, မရဏံ - စသော ဓမ္မာရုံတို့ကို အဖန်ဖန်အထပ်ထပ် အောက်မေ့ ရှုမှတ်သော သတိ၏မှီရာသည် ဟဒယဝတ္ထုမည်၏။ ထိုသို့ (အရဟံ-ဂုဏ်ထင်–ထင်တယ်)ဟု ရှုမှတ်သောသတိ၏ဖြစ်မှုသဘော,ပျက်မှုသဘောကို မြင်သဖြင့် ဟဒယဝတ္ထုခေါ်သော နှလုံးအကြည်ပရမတ်သဘောရုပ်ကိုလည်း မြင်ခြင်းကိစ္စပြီးတော့သည်သာတည်း။

## "ဥပမာ"

လှေ၏အထက်၌ လူကိုမြင်သခြင့် လှေကိုလည်း မြင်ခြင်းကိစ္စပြီးသကဲ့သို့တည်း။ လူနှင့်အမှတ်သတိ, လှေနှင့်နှလုံးအကြည်ရုပ်တူ၏။ ။

ဩဇာရုပ်သည်လည်း ကံ, စိတ်, ဥတု, အာဟာရ တည်းဟူသော အကြောင်း ၄-ပါးတို့ကြောင့်ဖြစ်၏။ ထိုတွင် စက္ခုဒသက, သောတဒသက, ဃာနဒသက, ဇိဝှါဒသက, ကာယဒသက, ဝတ္ထုဒသက, ဣတ္ထိဘာဝဒသက, ပုမ္ဘာဝဒသက, ဇီဝိတနဝက - ဟုဆိုအပ်သော အတိတ်ဘဝက ကံကြောင့်ဖြစ်သော ကမ္မဇကလာပ် ၉ စီး၌ ပါဝင်သောကြောင့် ကမ္မဇဩဇာဓာတ်ဆိအားသေးခဲ့သော် မျက်စိအကြည်-စသော ကမ္မဇရုပ်ကလာပ်တို့ အားသေး၏။မြင်မှု ကြားမှု,နံမှု,စားသောက်မှု, ထိမှု, သိမှု,ဣတ္ထိဘော, ပုံဘော,ပါစကဝမ်းမီးတို့ ညံ့ဖျင်းသောကြောင့်မျက်စိမှုံခြင်း,နားထိုင်းခြင်း, နှာခေါင်းအနံ့မရခြင်း, အရသာကိုမသိခြင်း,ကိုယ်အတွေ့ကိုမသိခြင်း, စိတ်ဖြင့်သိမှုညံ့ဖျင်းခြင်း,မိန်းမ ယောကျ်ားတို့၏ အသွင်ပုံဟန်ဆုတ်ယုတ်ခြင်း, စားသောက်၍မကောင်းခြင်းကိုသိသော် (ကမ္မဇဩဇာဓာတ်ဆိဆုတ်ယုတ်သည်)ဟု သတိအမှတ်ပြုရမည်။

ကမ္မဇဩဇာဓာတ်ဆိအားကြီးခဲ့သော် မျက်စိအကြည်–စသော ကမ္မဇရုပ်ကလာပ်တို့ အားကြီး၏။မျက်စိအမြင်သန်သည်၊ နားအကြားသန်သည်၊ နှာခေါင်းအနံ့ရသည်၊ လျှာအရသာကိုသိသည်၊ကိုယ်အတွေ့ကိုသိသည်၊ သဘောဓမ္မာရုံကိုစိတ်ဖြင့် သိမှုထက်သန်သည်၊ မိန်းမ,ယောကျ်ားတို့၏ အသွင်ပုံဟန် ကောင်းမွန် လှပ တင့်တယ်သည်၊ စားသောက်၍ ကောင်းသည်၊ မြိန်သည်ဟုသိသော် ( ကမ္မဇဩဇာဓာတ်ဆိအားကြီးတယ် )ဟု သတိအမှတ်ပြုရမည်။

ဤသို့ ကမ္မဇသြဇာဓာတ်ဆီရုပ်၏ အဖြစ်အပျက်ကို သိမ်းဆည်းရမည်။ ။

စိတ္တဇသြဇာရုပ်၌လည်း စိတ်ဆင်းရဲမှုများခဲ့သော် စိတ်ကြောင့်ဖြစ်သော သြဇာဓာတ်ဆီတို့ဆုတ်ယုတ်၏။ စိတ်ချမ်းသာမှုများခဲ့သော် စိတ်ကြောင့်ဖြစ်သောသြဇာဓာတ်ဆီတို့ တိုးတက်၏။ ။ဤစိတ္တဇသြဇာကိုရည်၍—

စိတ်ပျို့မှ ကိုယ်နုံ၊စိတ်မပျို့ ကိုယ်မနုံဟု ရှေးဆရာတို့ဆိုရိုးပြုကြသည်။ ကမ္မဇသြဇာရုပ်ကို နည်းမှီ၍ သတိအမှတ်ပြုကြပါလေ။

ဥတုဇသြဇာရုပ်၌လည်း ယေဘုယျနည်းအားဖြင့် အပူဥတု အားကြီးခဲ့သော် စတုသမုဋ္ဌာန်ကြောင့်ဖြစ်သော သြဇာဓာတ်ဆီတို့ တဖြည်းဖြည်းဆုတ်ယုတ်၍ တဖြည်းဖြည်းရုပ်ညှိုးနွမ်း၍ လာသည်ကို သိသော် (သြဇာဓာတ်ဆီရုပ်တို့ပျက်သည်)ဟုသတိအမှတ်ပြုရမည်။

ဤသို့ အပူဥတုအားကြီးသောကြောင့် စတုသမုဋ္ဌာနိက သြဇာဓာတ်ဆီတို့ တဖြည်းဖြည်းဆုတ်ယုတ်၍ တဖြည်းဖြည်းရုပ်နွမ်း၍နေသောအခိုက် တရံတခါသော အအေးဥတုနှင့် တွေ့ပြန်သော် အအေးဥတု သြဇာဓာတ်ဆီတို့က ထောက်ပံ့သောကြောင့် စတုသမုဋ္ဌာနိကဖြစ်သော သြဇာဓာတ်ဆီတို့သည် တဖြည်းဖြည်းတိုးတက်၍ တဖြည်းဖြည်းရုပ် ရွှင်လန်း၍ လာသည်ကို သိသော်(သြဇာဓာတ်ဆီရုပ်တို့ ဖြစ်ပွါးလာတယ်)ဟု သတိအမှတ်ပြုရမည်။

တဖန် အအေးဥတုအားကြီးလာပြန်သော် ယခင်အပူဥတုကြောင့်ဖြစ်သော စတုသမုဋ္ဌာနိကသြဇာဓာတ်ဆီတို့သည် တဖြည်းဖြည်းဆုတ်ယုတ်၍ တဖြည်းဖြည်းရုပ်ညှိုးနွမ်း၍လာသည်ကို သိသော်(သြဇာဓာတ်ဆီရုပ်တို့ ပျက်တယ်)ဟု သသိအမှတ်ပြုရမည်။

ထို့ကြောင့်။ ။သီတေနာပိ၊ အအေးဥတုရုပ်ကလာပ် သြဇာဓာတ်ဆီတို့ဖြစ်ပွါးမှုကြောင့်လည်း။ ရုပ္ပတိ၊စတုသမုဋ္ဌာနိကရုပ်တို့ဖေါက်ပြန်ပျက်စီး၏။ ဥဏှေနပိ၊ အပူဥတုရုပ်ကလာပ် သြဇာဓာတ်ဆီတို့ ဖြစ်ပွားမှုကြောင့်လည်း။ရုပ္ပတိ၊ စတုသမုဋ္ဌာနိကရုပ်တို့ဖေါက်ပြန်ပျက်စီး၏။

ဘုရားရတနာ, တရားရတနာ, သံဃာရတနာ–၃ ပါး မိဘ,ဆရာ–အစရှိသော ဂုဏဝုဍ္ဎိ–ဂုဏ်အားဖြင့်ကြီးသောသူ, ဝယဝုဍ္ဎိ–အရွယ်အားဖြင့်ကြီးသောသူဖြစ်ကြကုန်သော အရိုအသေပြု၍ ပူဇော်ခြင်းငှါထိုက်သောသူတို့၏ တရားနည်းလမ်း မှန်ကန်သည့်အတိုင်း ဆုံးမသြဝါဒပေးသည်ကို မနာယူ

ဘဲ လွဲမှားသောအကျင့်ကို ပြုကျင့်ကြသူ ရဟန်း, ရှင်, လူတို့၏ ကျရောက်ရာဖြစ်သောငရဲသည်ကား —

နေလ, နက္ခတ်, ကြယ်တာရာတို့၏ အရောင်မကျမရောက်နိုင်သော ယူဇနာပေါင်း ( ၈၂၀၀၀ ) သော စကြဝဠာ ၃-ခုတို့၏အကြား၌ စကြဝဠာတောင်ကြီး ၃ လုံးခြီရံလျက် စကြဝဠာကမ္ဘာလောကကြီးကို ထောက်ခံ၍ လောကန္တရိကခေါ်သော ရေသည်တည်ရှိ၍နေ၏။ ထိုရေသည် အလွန်အေး၍ သိတတောဇောလွန်၏။ ယခင်ပြဆိုအပ်ခဲ့ပြီးသောသူတို့၏ ကျရောက်ရာ ငရဲဖြစ်သောကြောင့် လောကန္တရိက်ငရဲဟု ခေါ်ဆိုရ၏။ ။

ထို ငရဲကျရောက်သော သူတို့သည် မဝတ်ရ, မစားရဘဲ ဝမ်းထဲမှာ အလွန်မွတ်သိပ် ဆာလောင်လျက် လက်သည်း, ခြေသည်းရှည်ကြီးတို့ဖြင့် အလွန်မှောင်သော ( ၈၂၀၀၀ ) မြင့်သောစကြဝဠာတောင်ကြီးသို့ ဆင်းရဲစွာ ကုတ်ခြစ်၍ လင်းနို့ကဲ့သို့ ဦးခေါင်းစောက်ထိုး တရွေ့ရွေ့သွားလျက် အချင်းချင်း တွေ့ထိကြသောအခါ စားဘို့ရာ အာဟာရမှတ်ထင်၍ အလွန်ကြောက်မက်ဘွယ်သော အသံကို မြည်တမ်းလျက် ဆွဲဖမ်းလိုက်ကြရာအောက် လောကန္တရိက ရေသို့ကျသွား၍ အလွန် အေးမြသောကြောင့် ဖျစ်ဖျစ်အသံဖြစ်လျက် ရေမြှုပ်ကဲ့သို့ ကြေမွပျက်စီး၍ သွားလေ၏။ ဤနည်းတူ ကံ, ကြမ္မာမကုန်မခြင်း ရှည်မြင့်စွာ ခံ၍ နေကြရလေ၏။ ကြောက်မက်ဘွယ်ကောင်းပေစွတကား။ ။

ဤကား-အအေး သိတဥတုရုပ်ကလာပ်ဩဇာ ဓာတ်ဆီတို့ကြောင့် စတုသမုဋ္ဌာနိကရုပ်တို့ ပေါက်ပြန်ပျက်စီးပုံကိုပြသောစကားတည်း။

ဒါနကုသိုလ်, သီလကုသိုလ်, သမထကုသိုလ်, ဝိပဿနာတရားကို အားထုတ်လှူဒါန်းမှု မရှိသောသူအား အဝီစိငရဲ၌ အလွန်လောလောတောက်ပူသော သံမြေပြင်၌ အိပ်စေ၍ လက် - ၂-ဘက်, ခြေ ၂-ဘက်, ရင်လယ်တို့၌ ၅-ပါးသောသံတံကျင်တို့ဖြင့် လျှိုထိုးခြင်း-စသည်ကို ပြုသောအခါ၌ သတ္တဝါတို့သည် အလွန်ကြီးစွာသော ဆင်းရဲကို ခံစားကြရခြင်းသည် အပူဥတုရုပ်ကလာပ်ဩဇာ ဓာတ်ဆီတို့ကြောင့် စတုသမုဋ္ဌာနိကရုပ်တို့ ပေါက်ပြန်ပျက်စီးပုံတည်း။ ။

အာဟာရဇဩဇာရုပ်၌လည်း ပုသေးအာဟာရကို စားသောက်သောသူအား အေးသောအာဟာရဇရုပ်ကလာပ် ဩဇာဓာတ်ဆီတို့သည် ဆုတ်

ယုတ်ပျက်စီး၍ ရုပ်ညှိုးနွမ်း၍ လာသည်ကို သိသော် (ပူသောအာဟာရဇဩဇာရုပ်တို့ဖြစ်သည်ဟူ၍၎င်း၊ အေးသောဩဇာဓာတ်ဆီရုပ်တို့ ပျက်သည်ဟူ၍၎င်း) အမှတ်ပြုရမည်။

အေးသော အာဟာရကို စားသောက်သောသူအား ပူသောအာဟာရဇရုပ်ကလာပ်ဩဇာဓာတ်ဆီတို့သည် ဆုတ်ယုတ်ပျက်စီး၍ အေးသောအာဟာရဇဩဇာရုပ်တို့ တိုးတက်ဖြစ်ပွါး၍ ရုပ်ရွှင်လန်းဖြိုး၍ လာသည်ကို သိသော် ( ပူသော ဩဇာဓာတ်ဆီ ရုပ်တို့ ပျက်သည် ဟူ၍၎င်း၊ အေးသော ဩဇာဓာတ်ဆီရုပ်တို့ဖြစ်သည်ဟူ၍၎င်း ) သတိအမှတ်ပြုရမည်။

ပြိတ္တာဘုံ၌ ဖြစ်ကြကုန်သော သတ္တဝါတို့သည် ဘုရား-၂ဆူ,၃-ဆူတို့အကြား၌ တစုံတခုသောဩဇာဓာတ်ဆီအစာကိုမျှ မစားရ,မသောက်ရဘူးသောကြောင့် ဝမ်း၏အတွင်း၌ ရဲရဲပြောင်ပြောင် မီးတောက်လောင်သော အခေါင်းရှိသော သစ်ပင်ကဲ့သို့ ဒါနကုသိုလ်,သီလကုသိုလ်,သမထကုသိုလ်, ဝိပဿနာတရားကို အားထုတ်လှူဒါန်းမှုမရှိသောသူအား ကြီးစွာသောဆင်းရဲကိုခံစားရကုန်၏။

လူတို့သည် ဒုဗ္ဘိက္ခန္တရကပ် ဆိုက်ရောက်ကြသောအခါ၌ ယုတ်သောအားဖြင့် ပဒုန်းရည်မျှကိုလည်း မစားမသောက်ကြရ၍ သေကုန်သော သတ္တဝါတို့ကို ဤနေ့ဤမျှဟုရေတွက်၍မပြနိုင်ကြကုန်။ ။

> ဤသို့-စသည်ဖြင့် ဩဇာဓာတ်ဆီရုပ်တို့ကြောင့် စတုသမုဋ္ဌာနိကရုပ်ကို ပေါက်ပြန့်ပျက်စီးပုံ,ဖြစ်ပွါးပုံကို သိအပ်, သိမ်းဆည်းရှုမှတ်အပ်၏။

ဘာဝရုပ်သည် ဣတ္ထိဘာဝရုပ်, ပုမ္ဘာဝရုပ်-ဟူ၍ ၂-မျိုးရှိ၏။ထို ၂-မျိုးတို့တွင် မိန်းမတို့၏ အင်္ဂါဇာတ်ဟု ဆိုအပ်သော ဣတ္ထိလိင်, မိန်းမတို့၏ အသံအလိုဟုဆိုအပ်သော ဣတ္ထိနိမိတ်,မိန်းမတို့၏ မသန့်မရှင်းသော သွား, ရပ်,ထိုင်, လျောင်းခြင်း-ဟုဆိုအပ်သော ဣတ္ထိကုတ္တ, မိန်းမတို့၏ လက်,ခြေ သဏ္ဌာန်ဟုဆိုအပ်သော ဣတ္ထိအာကပ္ပ-ဤလေးပါးတို့၏ ဖြစ်ပေါ်လာရခြင်း၏ အကြောင်းဖြစ်သောကြောင့် အမူအရာတို့ကိုမြင်သဖြင့် မိန်းမဟုသိသော် (မိန်းမ) ဟု သတိအမှတ်ပြုရမည်။

ယောကျ်ားတို့၏ အင်္ဂါဇာတ်ဟု ဆိုအပ်သော ပုရိသလိင်, ယောကျ်ားတို့၏ အသံအလိုဟုဆိုအပ်သော ပုရိသနိမိတ်, ယောကျ်ားတို့၏ သန့်ရှင်းသော သွားသာ, နေထိုင်ခြင်းဟုဆိုအပ်သော ပုရိသကုတ္တ, ယောကျ်ားတို့၏

လက်, ခြေသဏ္ဌာန်ဟုဆိုအပ်သော ပုရိသအာကပ္ပ–ဤလေးပါးသော အမူအရာတို့ကိုမြင်သဖြင့် ယောက်ျားဟုသိသော် (ယောက်ျား) ဟုသတိအမှတ်ပြုရမည်။ ။ဤ၌ ကာယပသာဒရုပ်နှင့်ဘာဝရုပ်တို့သည် ကိုယ်အလုံးပြန့်နှံ့၍ တည်ကုန်သည်။ ။

ဤကား–ဘာဝရုပ်ကို ရူပပရိဂ္ဂဟ
ဉာဏ်ဖြင့် သိမ်းဆည်းပုံအကျဉ်းတည်း။

ကမ္မဇရူပပရိပါလနံ ဇီဝိတိန္ဒြိယံ၊
ရူပဓမ္မာနမာယူတိ အတ္ထော။ ။

**“ အဘိဓမ္မတ္ထသင်္ဂဟ ဋီကာ ”**

ကမ္မဇရူပပရိပါလနံ၊ ကမ္မဇရုပ်ဟူသမျှကို ပတ်ဝန်းကျင်စောင့်ရှောက်တတ်သောသဘောသည်၊ ဇီဝိတိန္ဒြိယံ၊ ဇီဝိတိန္ဒြေရုပ်မည်၏။ ရူပဓမ္မာနံ၊ ရုပ်တရားတို့၏၊ အာယု၊ အသက်တည်း။ ဣတိ အတ္ထော၊ ဤကားဇီဝိတ ရုပ်၏ အနက်သဘောတည်း။

ဣဒံ ပန သဟ ပါစနဂ္ဂိနာ အနဝသေသဥပါဒိန္နကာယံ ဗျာပေတွာ ပဝတ္တတိ။ ။

**“ အဘိဓမ္မတ္ထဝိဘာဝနီဋီကာ။ ”**

ဣဒံပန၊ ဤဇီဝိတိန္ဒြေရုပ်သည်ကား၊ ပါစနဂ္ဂိနာ ဇီဝိတနဝကကလာပ်ခေါ်သော ပါစကဝမ်းမီးနှင့်။ သဟ၊ အတူတကွ။ အနဝသေသဥပါဒိန္နကာယံ၊ အကြွင်းအကျန်မရှိ ဥပါဒိန္နကမ္မဇရုပ်အပေါင်းအစုကို။ ဗျာပေတွာ၊ ပြန့်နှံ့စေ၍။ ပဝတ္တတိ၊ ဖြစ်၏။

ဤဇီဝိတိန္ဒြေရုပ်သည် တကိုယ်လုံးရှိ ကမ္မဇရုပ်ကလာပ် အပေါင်းကို စောင့်ရှောက်တတ်သော သဘောလက္ခဏာရှိသောကြောင့် ရုပ်တို့၏ အသက်ဟုခေါ်ဆိုရသည်။

ထို့ကြောင့် မျက်စိ၌ အသက်ရှိသည်ဟူ၍ထင်မှတ်သော်ငြား, နား၌ အသက်ရှိသည်ဟူ၍ ထင်မှတ်သော်ငြား, နှာခေါင်း၌ အသက်ရှိသည်ဟူ၍ထင်မှတ်သော်ငြား, လျှာ၌ အသက်ရှိသည်ဟူ၍ ထင်မှတ်သော်ငြား, ကိုယ်၌ အ

သက်ရှိသည်ဟူ၍ထင်မှတ်သော်၎င်း,နှလုံး၌ အသက်ရှိသည်ဟူ၍ ထင်မှတ်သော်၎င်း,မိန်းမ,ယောကျ်ား၌ အသက်ရှိသည်ဟူ၍ ထင်မှတ်သော်၎င်း,စားသောက်အပ်သောအစာအာဟာရကို ချက်၍ ကျက်စေ, အစာကိုကြေစေတတ်သော ပါစကဝမ်းမီး၌ အသက်ရှိသည်ဟူ၍ ထင်မှတ်သော်၎င်း,(ဇီဝိတရုပ်ဟူ၍၎င်း–အသက်ဟူ၍၎င်း) သတိအမှတ်ပြုရမည်။

ဤကဲ့သို့ သတိအမှတ်ပြုသောအခိုက်အခိုက်၌ဇီဝိတရုပ်သက်ပရမတ်သဘောကိုသာမြင်၍ ငါဟူသော အစိုးပိုင်သော အတ္တကိုလည်း မတွေ့မမြင်ရတော့ပေ။ ဤသို့ အစိုးပိုင်သောအတ္တကို မတွေ့မမြင်သည်ရှိသော် အနတ္တကိုတွေ့မြင်သည်မည်၏။ အနတ္တကို ဉာဏ်ထဲ၌ ပိုင်ပိုင်နိုင်နိုင်မြင်လျှင် တသံသရာလုံးက စွဲတဲ့ ဒိဋ္ဌိ,ဝိစိကိစ္ဆာပြုတ်လိမ့်မည်။ဒိဋ္ဌိ,ဝိစိကိစ္ဆာ နှလုံးထဲ၌ တဖန်မဖြစ်ခြင်းသည် ပထမနိဗ္ဗာန်ဘဲ၊ သို့အတွက်ရှင်တော်မြတ်ဘုရားက သင်တို့ အနိစ္စမြင်လျှင် အတ္တပျောက်လိမ့်မည်။ အတ္တပျောက်လျှင် အနတ္တပေါ်လိမ့်မည်။ အနတ္တပေါ်လျှင် ငါပျောက်လိမ့်မည်။ငါပျောက်လျှင် နိဗ္ဗာန်သို့ရောက်လိမ့်မည်။ ။ထို့ကြောင့် —

အနိစ္စသညိနော မေဃိက အနတ္တသညာ
သဏ္ဌာတိ။ အနတ္တသညီ အသ္မိမာနံ သ
မုဂ္ဃါတံ ပါပုဏာတိ၊ ဒိဋ္ဌေဝ ဓမ္မေ နိဗ္ဗာနံ။ ။

နဝင်္ဂုတ္တရပါဠိတော်နှင့် ဥဒါန်းပါဠိတော်။

မေဃိက၊ မေဃိကရဟန်း။အနိစ္စသညိနော၊ မမြဲသောအနိစ္စသညာထင်မြင်သောယောဂီပုဂ္ဂိုလ်အား။အနတ္တသညာ၊အစိုးမရတဲ့အနတ္တသညာသည်။ သဏ္ဌာတိ၊ ကောင်းစွာထင်၏။ အနတ္တသညီ၊ အစိုးမရတဲ့အနတ္တသညာထင်မြင်သောယောဂီပုဂ္ဂိုလ်အား။ အသ္မိမာနံ၊ ငါငါဟူသောမာန်မာနသည်။ သမုဂ္ဃါတံ၊ ကျွတ်ခွါပျောက်ဆုံးခြင်းသို့။ ပါပုဏာတိ၊ ရောက်၏။ သောပုဂ္ဂလော၊ ထိုငါဟူသောမာန်မာနပျောက်ဆုံးသောယောဂီပုဂ္ဂိုလ်သည်။ ဒိဋ္ဌေဝ ဓမ္မေ၊ မျက်မှောက်သောကိုယ်၏အဖြစ်၌သာလျှင်။ နိဗ္ဗာနံ၊ နိဗ္ဗာန်သို့။ ပါပုဏာတိ၊ ရောက်၏။

အနတ္တသညာ သဏ္ဌာတီတိ အနိစ္စလက္ခဏေ ဒိဋ္ဌေ အနတ္တ
လက္ခဏံ ဒိဋ္ဌမေဝ ဟောတိ။ ဧတေသု ဟိ တီသု လက္ခ

ထောသု ကေသ္မိံ ဒိဋ္ဌေ ဉာတရုဒ္ဒယံ ဒိဋ္ဌမေဝ ဟောတိ။တေန ဝုတ္တံ-အနိစ္စသညိနော မေဃိက အနတ္တသညာ သဏ္ဌာတိတိ။ ။ဒိဋ္ဌေဝ ဓမ္မေ နိဗ္ဗာနန္တိ ဒိဋ္ဌေယေဝ ဓမ္မေ အပစ္စယနိဗ္ဗာနဉ္စ ပါပုဏာတိ။

နဝင်္ဂုတ္တရအဋ္ဌကထာ, ဥဒါန်းအဋ္ဌကထာ-ဆိ-ညျ။

အနတ္တသညာ သဏ္ဌာတိတိ၊ ကား။ အနိစ္စလက္ခဏော၊ မမြဲသောအနိစ္စလက္ခဏာကို။ ဒိဋ္ဌေ၊ မြင်အပ်သည်ရှိသော်။ အနတ္တလက္ခဏံ၊ အစိုးမရတဲ့အနတ္တလက္ခဏာကို။ ဒိဋ္ဌမေဝ၊ မြင်အပ်သည် သာလျှင်။ ဟောတိ၊ ဖြစ်၏။ ဟိသစ္စံ၊ မှန်၏။ ဧတေသု တီသု လက္ခဏေသု၊ ထို-၃-ပါးသော လက္ခဏာတို့တွင်။ ဧကသ္မိံ၊ တခုသောလက္ခဏာကို။ ဒိဋ္ဌေ၊ မြင်အပ်သည်ရှိသော်။ ဉာတရုဒ္ဒယံ၊ ဤမှ တပါးသောလက္ခဏာ- ၂-ခုကို။ ဒိဋ္ဌမေဝ၊ မြင်အပ်သည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ တေန၊ ထို့ကြောင့်။ အနိစ္စသညိနော မေဃိက အနတ္တသညာ သဏ္ဌာတိတိ၊ ဟူ၍။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဝုတ္တံ၊ ဟောတော်မူအပ်၏။ ဒိဋ္ဌေဝဓမ္မေနိဗ္ဗာနန္တိ၊ ကား။ ဒိဋ္ဌေယေဝဓမ္မေ၊ ယခုမျက်မှောက်၌သာလျှင်။ အပစ္စယနိဗ္ဗာနဉ္စ၊ မဖြစ်နိဗ္ဗာန်သို့လည်း။ ပါပုဏာတိ၊ ရောက်၏။

### “ ဝိပဿနာမှန်-မမှန်မှတ်ကျောက်တင်ကြည့်ပုံနည်း။ ”

(၁) အပြောမဟုတ်၊ သဘောလုပ်၊ အဟုတ်ဝိပဿနာ။
(၂) အကြံမဟုတ်၊ အမှန်လုပ်၊ အဟုတ်ဝိပဿနာ။
(၃) အထင်မဟုတ်၊ အမြင်လုပ်၊ အဟုတ်ဝိပဿနာ။
(၄) သုတမဟုတ်၊ ဒိဋ္ဌလုပ်၊ အဟုတ်ဝိပဿနာ။
(၅) ပညတ်မဟုတ်၊ ပရမတ်လုပ်၊ အဟုတ်ဝိပဿနာ။
(၆) အတွေးမဟုတ်၊ အတွေ့လုပ်၊ အဟုတ်ဝိပဿနာ။
(၇) အတွေးအလုပ်သည် မဂ်မှား-ပညတ်။
(၈) အတွေ့အလုပ်သည် မဂ်မှန်-ပရမတ်။
(၉) တွေးလျှင် ငါမပျောက်။ မတွေးမှ-ငါပျောက်၏။
(၁၀) ငါပျောက်မှ-နိဗ္ဗာန်ရောက်သည်။ငါမပျောက်လျှင် နိဗ္ဗာန်မရောက်။

မှတ်ကျောက်တင်ကြည့်ပုံပြီး၏။

မနံ ဇာနံ ပဿံ ယထာဘူတံ။
ဓမ္မေ ဇာနံ ပဿံ ယထာဘူတံ။
ဟူ၍ ဥပရိပဏ္ဏာသ၌ ဘုရားရှင်ဟောတော်မူသည်။

မနံ၊ နှလုံးအကြည်သဘောရုပ်ကို။ ယထာဘူတံ၊ သိမှုဖြစ်ခိုက်ဟုတ်မှန်စွာ ဇာနံ-ဇာနန္တော၊သည်။ ပဿံ-ပဿန္တော၊သည်။ဓမ္မေ၊တုံ-၃ပါး၌ရှိသမျှ သဘောအာရုံတို့ကို။ ယထာဘူတံ၊စွာ။ဇာနံ-ဇာနန္တော၊သည်။ပဿံ-ပဿန္တော၊ သည်။အာယတိံ၊၌။ပစ္စုပ္ပါဒါန က္ခန္ဓာ၊တို့သည်။အပစယံ၊ကုန်ခန်းချုပ်ပျောက် သောနိဗ္ဗာန်သို့။ ဂစ္ဆန္တိ၊ ရောက်ကုန်၏။

မနာယတနဥ္ဌ။ ။မနာယတနေန တေဘူမကစိတ္တမေဝကထိတံ။

-( ဥပရိပဏ္ဏာသ အဋ္ဌကထာ။ )-

မနာယတနေန၊ မနာယတနတရားသည်။ တေဘူမကစိတ္တမေဝ၊ ကာမ, ရူပ,အရူပ - ဟုဆိုအပ်သောဘုံသုံးပါး၌ဖြစ်သောစိတ်အကုန်သုံးကိုသာလျှင်။ ကထိတံ၊ ဟောတော်မူအပ်၏။ ဟု – အဋ္ဌကထာဘွင့်ဆိုသောကြောင့် ကုသိုလ်စိတ်,အကုသိုလ်စိတ်,ဝိပါက်စိတ်,ကြိယာစိတ်–ဟူသမျှသည် မနာယတနမည်၏။

ဤအရာ၌ ရင်ဝအလယ် နှလုံးသား၏ အတွင်း၌ တလက်ချပ်၏ - တဝက်မျှလောက်သော သွေးကိုမှီ၍ ပဉ္စဒွါရာဝဇ္ဇနာန်း, သမ္ပဋိစ္ဆိုင်းဒွေဟုဆိုအပ်သော မနောဓာတ်။ ကုသိုလ်, အကုသိုလ်, ဒွေပဉ္စဝိညာဏ်ကိုချန်လှပ်၍ သန္တီရဏ–၃ချ၊ ကာမာဝစရဝိပါက်-၈ချ၊ မဟဂ္ဂုတ်ဝိပါက်–၉ချ - ဟုဆိုအပ်သော လောကီဝိပါက်, ကြိယာစိတ်ဟု ဆိုအပ်သော မနောဝိညာဏဓာတ်တို့နှင့် ယှဉ်သော စေတသိက်တရားတို့၏ မှီရာဝတ္ထုဒွါရအဖြစ်ကိုပြီး စေလျက် ဟဒယဝတ္ထုရုပ်ဘည်၏။

(၆) သိတယ်လို့မှတ်တော့–သိသောခဏ။

မနောဓာတ်,မနောဝိညာဏဓာတ်တို့၏ မှီရာ လက္ခဏာဖြစ်သော ကြည်လင်မှုသဘောသည် ဟဒယဝတ္ထုခေါ်သော နှလုံးအကြည်ရုပ်မည်၏။ ဤကြည်လင်မှုသည် ကြည်လင်သောသဘောသက်သက်သာရှိ၏။ ဥပါဒ်, ဋ္ဌီ, ဘင်–အားဖြင့်လည်း ခဏခဏဖြစ်၍ ခဏခဏပျက်ခြင်းသဘောမျှသာရှိ၏။ ဤဟဒယဝတ္ထု နှလုံးအကြည်ကိုမှီ၍ တခုခုသော အာရုံသဘောကို သိမှုမ

နောဝတ်,တရုသောမနောဝိညာဏဓာတ်ဟုဆိုအပ်သော မနာယတနဖြစ်ပေါ်လာသော် ဤမနာယတနသည်လည်း အာရုံကိုသိမှုသဘောသက်သက်သာရှိ၏၊ ဥပါဒ်,ဌီ,ဘင်–အားဖြင့်လည်း ခဏခဏဖြစ်၍ ခဏခဏပျက်ခြင်းသဘောမျှသာရှိ၏။ ထို့ကြောင့်–လူ,နတ်,ဗြဟ္မာ,ပုဂ္ဂိုလ်, သတ္တဝါ, ငါ,သူတပါး, ယောက်ျား,မိန်းမ–ဟူသောအတ္တမရှိ၊အနတ္တသဘောသက်သက်သာရှိကြောင်းကိုထင်အောင် သိသောအခိုက်(သိဘယ်)ဟု သတိအမှတ်ပြုရမည်။

ဤ၌ သိမှုမနာယတနကို(သိတယ်)ဟု သတိအမှတ်ပြုသည်ရှိသော် မနာယတန၏မှီရာ ဟဒယဝတ္ထု နှလုံးအကြည်ရုပ်ကိုလည်း ရှုမှတ်ခြင်းကိစ္စပြီး၏၊ ။(မင်္ဂစိတ်,ဖိုလ်စိတ်တို့သည် မနာယတနပင်ဖြစ်သော်လည်း ဝိပဿနာရှုရသောအရာမဟုတ်သောကြောင့် မသည့်သွင်းဘဲ ချန်ထားလိုက်သည်)။

အဇ္ဈတ္တိကာယတန ၆-ပါးစစ်တမ်းအဓိပ္ပါယ်ပြီးပြီ။

ပူတယ်, အေးတယ်လို့ မှတ်တော့–ပူ, အေးသောခဏ။

တေဇောဓါတ်တည်းဟူသော ဖောဋ္ဌဗ္ဗာရုံသည် ပူခြင်း,အေးခြင်း–သဘောသက်သက်သာရှိ၏။ ဥပါဒ်, ဌီ, ဘင် – အားဖြင့်လည်း ခဏခဏဖြစ်၍ ခဏခဏပျက်ခြင်း သဘောမျှသာ ရှိ၏။ ထို့ကြောင့် လူ, နတ်, ဗြဟ္မာ, ပုဂ္ဂိုလ်, သတ္တဝါ, ငါ, သူတပါး, ယောက်ျား, မိန်းမ – ဟူသော အတ္တမရှိ။ အနတ္တသဘောသက်သက်သာ ရှိကြောင်းကို ထင်အောင် အပူသဘော, အအေးသဘောကို တွေ့သောအခိုက်(ပူတယ်, အေးတယ်)ဟု သတိအမှတ်ပြုရမည်။

လှုပ်တယ်, ရွေ့တယ်လို့ မှတ်တော့–လှုပ်,ရွေ့သောခဏ။

ဝါယောဓာတ် တည်းဟူသော ဖောဋ္ဌဗ္ဗာရုံသည် လှုပ်ရှားခြင်း, ရွေ့စေခြင်း, ထောက်ကန်ဖိညှပ်ခြင်း–သဘောသက်သက်သာရှိ၏။ ဥပါဒ်,ဌီ,ဘင်–အားဖြင့်လည်း ခဏခဏဖြစ်၍ ခဏခဏပျက်ခြင်းသဘောမျှသာ ရှိ၏။ ထို့ကြောင့် လူ,နတ်,ဗြဟ္မာ,ပုဂ္ဂိုလ်,သတ္တဝါ, ငါ,သူတပါး, ယောက်ျား, မိန်းမ–ဟူသောအတ္တမရှိ။ အနတ္တသဘောသက်သက်သာရှိကြောင်းကို ထင်အောင် လှုပ်ရှားမှုသဘော–စသည်ကို တွေ့သောအခိုက်( လှုပ်တယ်,ရွေ့တယ်) ဟု သတိအမှတ်ပြုရမည်။

ဓမ္မာယတနဉ္စ။ ။ဓမ္မာယတနေန ဗဟိဒ္ဓါ တေဘူမက
ဓမ္မာစ ကထိတာ။ ။ဥပရိပဏ္ဏာသအဋ္ဌကထာ။

ဓမ္မာယတနေန၊ ဓမ္မာယတနဘုရားသည်။ ဗဟိဒ္ဓါ၊ အပြင်ပဉ္စ၊ တေဘူမကဓမ္မာစ၊ ကာမ,ရူပ,အရူပ–ဟု ဆိုအပ်သော ဘုံ–၃–ပါး အာရုံတရားတို့ကိုသည်လျှင်။ ကထိတာ၊ ဟောတော်မူအပ်ကုန်၏။ ။ဟုအဋ္ဌကထာဘွင့်ဆိုသောကြောင့် သိတယ်လို့ မှတ်တော့–သိသောခဏ။ ယခုပစ္စက္ခမျက်မှောက်ပစ္စုပ္ပန်အဆင်း, အသံ,အနံ့, အရသာ, အတွေ့, အာရုံ–၅–ပါးကို ချန်လှပ်၍ ဘုံ–၃–ပါး၌ ရှိရှိသမျှ အလုံးပုံအာရုံသဘောသည် ဓမ္မာရုံမည်၏။ ထိုအလုံးပုံအာရုံသဘောသည် အဆင်း–စသော ပရမတ်သဘော သက်သက်သာရှိ၏။ ဥပါဒ်,ဋ္ဌီ,ဘင်–အားဖြင့်လည်း ခဏခဏဖြစ်၍ ခဏခဏပျက်ခြင်းသဘောမျှသာရှိ၏။ ထို့ကြောင့် လူ, နတ်, ဗြဟ္မာ, ပုဂ္ဂိုလ်,သတ္တဝါ, ငါ, သူတပါး, ယောက်ျား,မိန်းမ–ဟူသော အယူမရှိ။ အနတ္တသဘောသက်သက်သာရှိကြောင်းကိုထင်အောင် ဘုံ–၃–ပါး၌ရှိသော အဆင်း–စသော တခုခုသော သဘောအာရုံဟု ဆိုအပ်သော ဓမ္မာရုံကို ကြိုစည်အောက်မေ့၍ သိသောအခိုက် (အဆင်း) စသည်ဟူ၍၎င်း (သိတယ်)ဟူ၍၎င်း သတိအမှတ်ပြုရမည်။

ဗာဟိရာယတန–၆–ပါးစဉ်တမ်းအဓိပ္ပါယ်ပြီးပြီ။

ဤကား–မနဉ္စ ပဋိစ္စ ဓမ္မေစ ဥပ္ပဇ္ဇတိ–ပါဠိတော်အရ နှလုံးအကြည်ရုပ်, သဘောမွှေးရုံရုပ်–၂ခုတို့ကို ရူပပရိဂ္ဂဟဉာဏ်ဖြင့် သိမ်းဆည်းပုံအကျဉ်းတည်း။ ။

ဤသို့လျှင် (၁၇) ပါးသော သမထ ဝိပဿနာဘာဝနာကိုပွါးများရှုမှတ်ခြင်းငှါ စွမ်းနိုင်သော သဘောရုပ်တို့ကို ရူပပရိဂ္ဂဟဉာဏ်ဖြင့် သိမ်းဆည်းပုံအကျဉ်းတည်း။ ။

(၁) ကာယဝိညတ်ရုပ်သည် မျက်စိမှိတ်ခြင်း, လည်ပြိုမ့်ခြင်း, လက်ကိုလှုပ်၍ပြခြင်း–စသော အမူအရာဖြင့် သူတပါးတို့ကို သိစေသော သဘောမျှသာရှိ၏။

(၂) ဝစီဝိညတ်ရုပ်သည် နှုတ်ကိုဖွင့်၍ စကားဆိုသော အသံဖြင့် သူတပါးတို့ကို သိစေသောသဘောမျှသာရှိ၏။

(၃) အာကာသဓာတ်သည် ရုပ်ကလာပ်တစည်းနှင့် ရုပ်ကလာပ်တစည်း၏အကြားတို့၌ ထက်အောက်ဝဲယာ ပိုင်းခြားကာမျှသာရှိ၏။

(၄) လဟုတာရုပ်သည် လက်လှုပ်ခြင်း, ခြေလှုပ်ခြင်း-စသော ဝိညတ္တိရုပ်-စသည်တို့ကို လျင်မြန်စေရုံမျှသာရှိ၏။

(၅) မုဒုတာသည် ဝိညတ္တိရုပ်-စသည်တို့ကိုနူးညံ့ နူးညံ့စေခြင်းသဘောမျှသာရှိ၏။

(၆) ကမ္မညတာသည် ကမ္မဇရုပ်-စသည်တို့ကို ခံ့ညားစေခြင်း သဘောမျှသာရှိ၏။

(၇) ပဋိသန္ဓေစိတ်၏ ဥပါဒ် ခဏ၌ ဖြစ်သော ဝတ္ထုဒသက, ကာယဒသက, ဘာဝဒသက, ကမ္မဇကလာပ် ရုပ်တို့၏ ရှေးဦးအစဖြစ်သော ဥပါဒ်ခဏသည် ဥပစယရုပ်မည်၏။

(၈) ၎င်းပဋိသန္ဓေစိတ်၏ ဥပါဒ်ခဏ၌ ဖြစ်ပေါ်သော ကမ္မဇကလာပ်-၃ စည်းနောက်မှဖြစ်ပေါ်ကြသောစတုသမုဋ္ဌာနိကရုပ်ကလာပ်တို့၏ ရှေးဦးအစ ဥပါဒ်ခဏအဆင့်ဆင့်တို့၏ဖြစ်ပေါ်မှုသည် သန္တတိရုပ်မည်၏။

(၉) ၎င်းစတုသမုဋ္ဌာနိကရုပ်ကလာပ်အဆင့်ဆင့်တို့၏ ရင့်ကျက်မှု ဌီခဏတိုင်း,ခဏတိုင်းဇရတာမည်၏။

(၁၀) ၎င်းစတုသမုဋ္ဌာနိကရုပ်ကလာပ် အဆင့်ဆင့်တို့၏ ပျက်စီးမှုဘင်ခဏတိုင်း,ခဏတိုင်းသည် အနိစ္စတာမည်၏။

ဤ-(၁၀) ပါးသောရုပ်တို့သည်ကား-ဝိပဿနာကို ပွါးများရှုမှတ်ခြင်း၌ အရာမဟုတ်ကုန်။ပြဆိုအပ်ခဲ့ပြီးသော (၁၇)ပါးသောရုပ်တို့၏ ဥပါဒ်,ဌီ, ဘင်-အခြင်းအရာကိုပိုင်းခြားကာမျှ ရုပ်ကလာပ်တို့၏အကြားကို ပိုင်းကာမျှ ဖြစ်သောကြောင့် ကမ္မဋ္ဌာန်းပြီးဆုံးသောရုပ်မဟုတ်ကုန်။သဘောရုပ်မဟုတ်ကုန်။

ရူပပရိဂ္ဂဟဉာဏ်ကိုအကျဉ်း
ပြဆိုသောအခန်းပြီးပြီ။

## နာမပရိဂ္ဂဟဉာဏ်အခေါ်။

စက္ခုဒွါရ၌။ ။စက္ခုဉ္စ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ။ ။ဥပရိပဏ္ဏာသဆဠာယတနအရ၊ မျက်စိအကြည်ရုပ်နှင့်အဆင်းရုပ်တိုက်ဆိုင်မိသောအခိုက် စက္ခုဝိညာဏ်မြင်မှု – နာမ်သဘော ဖြစ်ပေါ်လာသော် (မြင်တယ်) ဟု မနောဒွါရက သတိအမှတ်ပြုရမည်။ ။

### " ဝိပဿနာဆောင်ပုဒ် "

(၁) မြင်တယ်သို့ မှတ်တော့–မြင်သောခဏ။
မျက်စိကလေး ကြည်လင်, အဆင်းကလေးထင်, စက္ခုဝိညာဏ်ကလေးမြင်,ဖဿကလေးတွေ့, ဝေဒနာကလေးခံစား–၍(၅)ပါးပေါင်းဆုံမိတာကို မြင်တယ်လို့ဆို။

မြင်သောခဏ–မျက်စိကြည်တာ-အဆင်းထင်တာက-ရုပ်၊မြင်တာ, တွေ့တာ, ခံစားတာက–နာမ်၊ ၅၊ရုပ်,နာမ်က မြင်တာဘဲ၊ မြင်,မြင်တယ်မှတ်တာက-ဝိပဿနာဉာဏ်ဘဲ။

(၁) ဝိပဿနာဝင် သူတော်စင်အပေါင်းတို့ မျက်စိဖြင့် အဆင်းကို မြင်သောခဏ မြင်, မြင်တယ်မှတ်လို့ ဆိုရာ၌ အဆင်းထင်သောခဏ စက္ခုဒွါရကြည်ခြင်းသည် မျက်စိကြည်သော ခဏမည်၏။ မျက်စိကြည်သော ခဏရူပါရုံ ထင်ခြင်းသည်အဆင်းထင်သော ခဏမည်၏။မျက်စိကြည်သောခဏ, အဆင်းထင်သောခဏ အဆင်းကိုမြင်သော စက္ခုဝိညာဏ်သည် မြင်သောခဏမည်၏၊၅၊သို့ ဒွါရ, အာရုံ, ဝိညာဏ်–၃–ပါးဆုံသောခဏ၌ ဒွါရ,အာရုံ, ဝိညာဏ်–သုံးပါးအပေါင်းကို တပေါင်းတည်း တပြိုင်နက် မြင်, မြင်တယ်ဟု ဝိပဿနာဖြင့်သိမှတ်ပိုင်းခြားအပ်သောကြောင့် မျက်စိအဆင်းမြင်ခြင်းသည် မြင်သည် မည်ပေ၏။ စက္ခုဒွါရရှေ့ဝီထိဖြင့် မြင်သည်ကို နောက်ဝိပဿနာစိတ်ဖြင့်မြင်တယ်ဟု အမှတ်ပြုခြင်းသည် မြင်တယ် မှတ်သည်မည်၏။ ထို့ကြောင့်မျက်စိဖြင့် အဆင်းကို မြင်သောခဏ မြင်, မြင်တယ်မှတ်ဟုဆိုခဲ့၏။

မြင်,မြင်တယ်မှတ်ဆိုသောစကား၌ မြင်ဆိုတာက-မှတ်စရာအာရုံ, အာရုံဆိုတာကို ရုပ်ကိုခေါ်သည်။

မြင်တယ်ဆိုတာက မှတ်တဲ့စိတ်,စိတ်ဆိုတာက နာမ်ကိုခေါ်သည်။ ။ မှတ်ဆိုတာကသတိ,ပညာဝိပဿနာ၊ဝိပဿနာဆိုတာကနာမ်ကိုခေါ်သည်။

ဤသို့ သတိအမှတ်ပြုသော ယောဂီပုဂ္ဂိုလ်သည် မြင်မှုသဘော, ပရမတ်သဘောသက်သက်ကို အစိုးမိုင်သော ငါ့ကိုယ်ဟုထင်မှတ်မှုကို မပြုသောကြောင့် တဒင်္ဂပဟာန်ဖြင့် အတ္တဒိဋ္ဌိမှကင်းလွတ်၏။

ဤသို့ မြင်မှုပရမတ်သဘောသက်သက်ကိုသာ မြင်သောယောဂီပုဂ္ဂိုလ်သည် ပုဂ္ဂိုလ်, သတ္တဝါ, ငါ, သူတပါး, ယောကျာ်း, မိန်းမ-ဟုခေါ်ဝေါ်ခြင်းသည် ပညတ်၊ မြင်မှုစက္ခုဝိညာဏ်နာမ်သဘောသည်ပရမတ်ဟု ပညတ်နှင့် ပရမတ်ကို ပိုင်းခြား၍ သိသောကြောင့် တဒင်္ဂပဟာန်ဖြင့် ဝိစိကိစ္ဆာမှ ကင်းလွတ်၏။

စက္ခုဉ္စ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ၊တိဏ္ဏံသင်္ဂတိ ဖဿော။ ဥပရိပဏ္ဏာသ ဆဆက္ကသုတ်အရ မျက်စိအကြည်ရုပ်, အဆင်းရုပ်, မြင်မှုစက္ခုဝိညာဏ် (၃)ပါးတို့၏ ပေါင်းဆုံမှု, တွေ့မှုသဘောရှိသော ဖဿနာမ်ဖြစ်ပေါ်လာသည်ကို ထင်သော်(တွေ့တယ်)ဟု မနောဒွါရက သတိအမှတ်ပြုရမည်။

ဤသို့ သတိအမှတ်ပြုသော ယောဂီပုဂ္ဂိုလ်သည် တွေ့မှုသဘောဖဿပရမတ်သက်သက်ကို အစိုးမိုင်သော ငါ့ကိုယ်ဟု ထင်မှတ်မှုကို မပြုသောကြောင့် တဒင်္ဂပဟာန်ဖြင့် အတ္တဒိဋ္ဌိမှ ကင်းလွတ်၏။

ပုဂ္ဂိုလ်,သတ္တဝါ,ငါ,သူတပါး, ယောကျာ်း, မိန်းမ ဟုခေါ်ဝေါ်မှုပညတ်နှင့် ဖဿပရမတ်ကိုလည်း ပိုင်းခြား၍ သိသောကြောင့် တဒင်္ဂပဟာန်ဖြင့် ဝိစိကိစ္ဆာမှ ကင်းလွတ်၏။

စက္ခုဉ္စ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ၊တိဏ္ဏံ သင်္ဂတိ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ။ ဥပရိပဏ္ဏာသဆဆက္ကသုတ်အရ မျက်စိအကြည်ရုပ်, အဆင်းရုပ်, မြင်သောစက္ခုဝိညာဏ်-၃ပါးတို့၏ ပေါင်းဆုံမှု, တွေ့မှုဖဿကြောင့် ချမ်းသာမှုကို ခံစားသော သုခဝေဒနာပရမတ်သဘောသည်၎င်း, ဆင်းရဲမှုကို ခံစားသော ဒုက္ခဝေဒနာ ပရမတ်သဘောသည်၎င်း, ဆင်းရဲ, ချမ်းသာကင်း၍ အလယ်အလတ်ဖြစ်ခြင်းကို ခံစားသော အ-ဒုက္ခ-မသုခဝေဒနာဟုဆိုအပ်သော ဥပေက္ခာဝေဒနာပရမတ်သည်၎င်း၊ဤဝေဒနာ-၃ပါးတို့တွင် တပါးပါးဖြစ်ပေါ်လာ၏။ သုခဝေဒနာဖြစ်ပေါ်လာခဲ့သော်(ချမ်းသာကို ခံစားတယ်)ဟူ၍၎င်း,ဒုက္ခဝေဒနာဖြစ်ပေါ်လာခဲ့သော်(ဆင်းရဲကိုခံစားတယ်) ဟူ၍၎င်း,အဒုက္ခ-မသုခဝေဒနာဖြစ်ပေါ်လာခဲ့သော် ဆင်းရဲ,ချမ်းသာကင်း၍ အလယ်အလတ်ဖြစ်သော သဘောကို (ခံစားတယ်)ဟူ၍၎င်း မနောဒွါရက သတိဖြင့် အမှတ်ပြုရမည်။

ဤသို့ သတိအမှတ်ပြုသော ယောဂီပုဂ္ဂိုလ်သည် ချမ်းသာကို ခံစားမှုပရမတ်သဘောသက်သက်ကိုရင်း, ဆင်းရဲကိုခံစားမှု ပရမတ်သဘောသက်သက်ကိုရင်း,အလယ်အလတ်ခံစားမှုပရမတ်သဘောသက်သက်ကိုရင်း၊ အစိုးပိုင်သော ငါ့ကိုယ်ဟုထင်မှတ်မှုကို မပြုသောကြောင့် တဒင်္ဂပဟာန်ဖြင့် အတ္တဒိဋ္ဌိမှ ကင်းလွတ်၏။

ပုဂ္ဂိုလ်,သတ္တဝါ, ငါ,သူတပါး ယောကျ်ား,မိန်းမ – ဟုခေါ်ဝေါ်မှုပညတ်နှင့် ခံစားမှု ဝေဒနာပရမတ်ကိုလည်း ပိုင်းခြား၍ သိသောကြောင့် တဒင်္ဂပဟာန်ဖြင့် ဝိစိကိစ္ဆာမှ ကင်းလွတ်၏။ ။ထို့ကြောင့်——

စက္ခုဝိညာဏံ ဇာနံ ပဿံ ယထာဘူတံ။စက္ခုသမ္ဖဿံ ဇာနံ ပဿံ ယထာဘူတံ။ ယမ္ပိဒံ စက္ခုသမ္ဖဿပစ္စယာ ဥပ္ပဇ္ဇတိ ဝေဒယိတံ သုခံဝါ ဒုက္ခံဝါ အဒုက္ခ မ-သုခံဝါ၊ တမ္ပိ ဇာနံ ပဿံ ယထာဘူတံ စက္ခုသ္မိံ နသာရဇ္ဇတိ၊ ရူပေသု နသာရဇ္ဇတိ၊ စက္ခုဝိညာဏေ နသာရဇ္ဇတိ၊ စက္ခုသမ္ဖဿေ နသာရဇ္ဇတိ၊ယမ္ပိဒံ စက္ခုသမ္ဖဿ ပစ္စယာ ဥပ္ပဇ္ဇတိ ဝေဒယိတံ သုခံဝါ ဒုက္ခံဝါ အဒုက္ခ-မ-သုခံဝါ၊ တသ္မိံပိ နသာရဇ္ဇတိ။

( ဥပရိပဏ္ဏာသ-မဟာသဠာယတနသုတ်။ )

ယခင် ရှုပရိဂ္ဂဟာဉာဏ်က ပြခဲ့သော စက္ခုံ ဇာနံ ပဿံ ယထာဘူတံ။ ရူပေ ဇာနံ ပဿံ ယထာဘူတံ။ ပါဠိတော်၏ အဆက်။ ။

စက္ခုဝိညာဏံ၊ မြင်မှုပရမတ်သဘောနာမ်ကို။ ယထာဘူတံ၊ မြင်မှုဖြစ်ရိုက်ဟုတ်မှန်စွာ။ ဇာနံ – ဇာနန္တော၊ သမထ, ဝိပဿနာဉာဏ်, မဂ်ဉာဏ်ဖြင့် သိသော ယောဂီပုဂ္ဂိုလ်သည်။ ပဿံ – ပဿန္တော၊ သမထ,ဝိပဿနာဉာဏ်, မဂ်ဉာဏ်ဖြင့် မြင်သောယောဂီပုဂ္ဂိုလ်သည်။ စက္ခုသမ္ဖဿံ၊ မျက်စိဖြင့် အဆင်းတွေ့မှု ပရမတ်သဘောနာမ်ကို။ ယထာဘူတံ၊ မျက်စိဖြင့် အဆင်းတွေ့မှုဖြစ်ရိုက်ဟုတ်မှန်စွာ။ ဇာနံ-ဇာနန္တော။ ယောဂီပုဂ္ဂိုလ်သည်။ ပဿံ - ပဿန္တော၊ ယောဂီပုဂ္ဂိုလ်သည်။ စက္ခုသမ္ဖဿပစ္စယာ၊ မျက်စိဖြင့်အဆင်းတွေ့ခြင်းကြောင့်။ သုခံဝါ၊ ချမ်းသာသည်လည်းဖြစ်သော။ ဒုက္ခံဝါ၊ ဆင်းရဲသည်လည်း ဖြစ်သော။ အ-ဒုက္ခ-မ-သုခံဝါ၊ ဆင်းရဲ, ချမ်းသာ

မဟူ, လျစ်လျူလည်းဖြစ်သော။ ယမ္ပိဒံဝေဒယိတံ၊ အကြင် ခံစားမှုသဘော သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်လာ၏။ တမ္ပိ၊ ထိုခံစားမှုသဘောကိုလည်း။ ယထာ ဘူတံ၊ မျက်စိဖြင့်အဆင်း တွေ့ခြင်းကြောင့် ခံစားမှုဖြစ်ခိုက်ဟုတ်မှန်စွာ။ ဇာ နံ-ဇာနန္တော၊ ယောဂီပုဂ္ဂိုလ်သည်။ပဿံ-ပဿန္တော၊ ယောဂီပုဂ္ဂိုလ်သည်။ စက္ခုသ္မိံ၊ မျက်စိအကြည်ရုပ်၌။ နသာရဇ္ဇတိ၊ မချစ်ခင်-မပုံမက်။စက္ခုဝိညာ ဏေ၊ မြင်မှုနာမ်၌။ နသာရဇ္ဇတိ၊ မချစ်ခင်-မပုံမက်။ စက္ခုသမ္ဖဿေ၊မျက်စိ ဖြင့် အဆင်းတွေ့ခြင်းဖဿနာမ်၌။ နသာရဇ္ဇတိ၊ မချစ်ခင် မပုံမက်။ စက္ခု သမ္ဖဿပစ္စယာ၊ မျက်စိဖြင့်အဆင်း တွေ့ခြင်းကြောင့်။ သုခံဝါ၊သော။ဒုက္ခံဝါ၊ သော။ အ-ဒုက္ခ-မ-သုခံဝါ၊သော။ ယမ္ပိဝေဒယိတံ၊အကြင်ခံစားခြင်းသဘော သည်။ ဥပ္ပဇ္ဇတိ ဖြစ်၏။တသ္မိံပိ၊ ထိုခံစားခြင်းသဘော၌လည်း။ နသာရဇ္ဇတိ၊ မချစ်ခင် - မပုံမက်။ ။

## " အဝိဇ္ဇာနှင့် တဏှာကင်းသည်ကိုပြဆိုချက် "

ဝိပဿနာဝင်သူတော်စင်အပေါင်းတို့ သင်တို့၏ ကိုယ်ပိုင်ဉာဏ်ဖြင့် အ ထက်ပါ မဟာသဠာယတနသုတ်၏ သဘောကို အထူးစဉ်းစားကြပါကုန်။ မျက်စိ,အဆင်း,မြင်ခြင်း,တွေ့ခြင်း,ခံစားခြင်း,တို့၌ ဟုတ်တိုင်းမှန်စွါ သိသော် ထိုမျက်စိ, အဆင်း, မြင်ခြင်း, တွေ့ခြင်း, ခံစားခြင်း,တို့၌ မတပ်မက်ဟုဆိုလို သည်။ မြင်တိုင်းမြင်တိုင်း သိသဖြင့် မတပ်မက်ခြင်းသည် အဝိဇ္ဇာနှင့်တဏှာ ကိုသတ်၍ သတ်၍ နေသောကြောင့် နိဗ္ဗာန်ရောက်ကြောင်းအကျင့်မှန်၏။

တဿ အ-သာရတ္တဿ အ-သံယုတ္တဿ အ-သံမုဠှဿ
အာဒီနဝါနုပဿိနော ဝိဟရတော အာယတိံ ပဉ္စုပါ
ဒါနက္ခန္ဓာ အပစယံ ဂစ္ဆန္တိ။ ။ဂုင်းသုတ်။

အသာရတ္တဿ၊ မချစ်ခင် - မပုံမက်သော။ အ-သံယုတ္တဿ၊ ချစ်ခင် ပုံ မက်သောတဏှာနှင့်မယှဉ်သော။ အ-သံမုဠှဿ၊ ပုဂ္ဂိုလ်,သတ္တဝါ, ငါ, သူ တပါး, ယောကျ်ား, မိန်းမ-မှတ်ထင်မှုမောဟကင်းသော။ အာဒီနဝါနုပဿိ နော၊ ပုဂ္ဂိုလ်, သတ္တဝါ, ငါ, သူတပါး, ယောကျ်ား, မိန်းမ – မှတ်ထင်မှု - မောဟ, ချစ်ခင်ပုံမက်မှု-တဏှာကို အပြစ်ဟု ရှုလျက်။ ဝိဟရတော၊ နေ သော။ တဿ၊ ထိုယောဂီပုဂ္ဂိုလ်အား။ အာယတိံ၊ နောင်ဘဝတဖန်၌။ပဉ္စု ပါဒါနက္ခန္ဓာ၊ဥပါဒါန်-၄-ပါးနှင့်တကွသော ခန္ဓာ-၅-ပါးတို့သည်။အပစယံ၊ ကုန်ခန်းချုပ်ပျောက်သောနိဗ္ဗာန်သို့။ ဂစ္ဆန္တိ၊ ရောက်ကုန်၏။

မြင်သောအချက်၌ သိသဖြင့် မတပ်မက်သောကြောင့် ဥပါဒါန်တရား ၄-ပါးတို့၏ အာရုံဖြစ်ကုန်သော အပါယ်လားစရာ ဥပါဒိန္နခန္ဓာ - ၅ပါးဘဝ တို့မှာ ချုပ်ငြိမ်းခြင်းသို့ ရောက်ကုန်၏။ ။ဤကားမြင်သောခဏမှတ်သဖြင့် အကျိုး။

> တဏှာစသော ပေါနောဗ္ဘဝိကာ နန္ဒီရာဂသဟဂတာ တတြတတြာဘိနန္ဒိနီ၊ သာစသော ပဟီယျတိ။ ။၎င်းသုတ်။

တဏှာစ၊ ချစ်ခင်ပုံမက်သော တဏှာသည်လည်း။ ပေါနောဗ္ဘဝိကာ၊ ဘဝအသစ်ကိုဖြစ်စေတတ်၏။ နန္ဒီရာဂသဟဂတာ၊ ပြင်းထန်စွာ တပ်နှစ်သက်သောတဏှာနှင့်တကွဖြစ်၏။ တတြတတြ၊ ထိုထိုအဆင်းအစရှိသောအာရုံ၊ လူ,နတ်-စသောထိုထိုဘုံဘဝ၌၊ အဘိနန္ဒိနီ၊ တွယ်တာပုံမက်၊ နှစ်သက်၍နေ၏။ အဿပုဂ္ဂလဿ၊ ထိုပုဂ္ဂိုလ်၏။ သာစတဏှာ၊ ထိုတဏှာသည်လည်း။ ပဟီယျတိ ပပျောက်ခဲ့၏။

သိသဖြင့် မတပ်မက်သောကြောင့် နောင်တဖန်ဘဝသစ်ကို ဖြစ်စေတတ်သော နန္ဒီရာဂနှင့်တကွဖြစ်သော ထိုထို လူ,နတ်, ဗြဟ္မာ, သတ္တဝါတို့၏ဖြစ်ရာဘုံဘဝတို့ကို အလွန်တပ်မက်နှစ်သက်ခြင်းဟုဆိုအပ်သော တဏှာသည် ပျောက်၏။ ငြိမ်း၏။ တဖန်မဖြစ်တော့ပြီ။ ။ဤကားမြင်သောခဏမှတ်သဖြင့်အကျိုး။

> တဿ ကာယိကာပိ ဒရထာ ပဟီယျန္တိ။ စေတသိကာပိ ဒရထာ ပဟီယျန္တိ။ ကာယိကာပိ သန္တာပါ ပဟီယျန္တိ။ စေတသိကာပိ သန္တာပါ ပဟီယျန္တိ။ ကာယိကာပိ ပရိဠာဟာ ပဟီယျန္တိ။ စေတသိကာပိ ပရိဠာဟာ ပဟီယျန္တိ။ ။၎င်းသုတ်။

တဿပုဂ္ဂလဿ၊ ထိုယောဂီပုဂ္ဂိုလ်၏။ ကာယိကာပိဒရထာ၊ စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယ – ဟုဆိုအပ်သော ပဉ္စဒွါရ၌ ဖြစ်သော ပူလောင်ခြင်းတို့သည်လည်း။ ပဟီယျန္တိ၊ ပပျောက်ချုပ်ငြိမ်းကုန်၏။ စေတသိကာပိ ဒရထာ၊ မနောဒွါရ၌ ဖြစ်သော ပူလောင်ခြင်းတို့သည်လည်း။ ပဟီယျန္တိ၊ န၏။ ကာယိကာပိသန္တာပါ၊ ပဉ္စဒွါရ၌ဖြစ်သော ပူပန်ခြင်းတို့သည်လည်း။ ပဟီယျန္တိ၊ န၏။ စေတသိကာပိသန္တာပါ၊ မနောဒွါရ၌ဖြစ်သော ပူပန်ခြင်းတို့သည်လည်း။ ပဟီယျန္တိ၊ န၏။ ကာယိကာပိပရိဠာဟာ၊ ပဉ္စဒွါရ

၌ဖြစ်သော ပူအိုက်ခြင်းတို့သည်လည်း။ ပဟိယျန္တိ၊ နှိ၏။ စေတသိကာဝိ ပရိဠာဟာ၊မနောဒွါရ၌ဖြစ်သောပူအိုက်ခြင်းတို့သည်လည်း။ပဟိယျန္တိ၊ နှိ၏။

ဝိပဿနာဝင်,သူတော်စင်အပေါင်းတို့ သိ,သိနေသဖြင့် မတပ်မက်သော ကြောင့် ကိုယ်,စိတ်၌ဖြစ်သော ပူလောင်ခြင်း, ကိုယ်,စိတ်၌ဖြစ်သော ပူပန် ခြင်း, ကိုယ် စိတ်၌ဖြစ်သော ပူအိုက်ခြင်းတို့သည် ငြိမ်းကုန်၏, ပျောက်ကုန် ၏, မဖြစ်ကုန်။ ။ဤကား မှတ်သဖြင့်အကျိုး။

သော ကာယိကံ·ပိသုခံ စေတောသုခံပိ ပဋိသံ
ဝေဒေတိ။ ။ဋ္ဌင်းသုတ်၊

သော၊ ထိုမြင်သောခဏမြင်သည်ဟု အမှတ်ပြုသဖြင့် သိသော ယောဂီ ပုဂ္ဂိုလ်သည်။ ကာယိကံပိ သုခံ၊ ကိုယ်၌ဖြစ်သော ချမ်းသာကိုလည်း။ ပဋိ သံဝေဒေတိ၊ခံစားရ၏။ စေတောသုခံပိ၊ စိတ်၌ဖြစ်သောချမ်းသာကိုလည်း။ ပဋိသံဝေဒေတိ၊ ခံစား,စံစား၍သာ အေးမြစွာနေရလေတော့သတည်း။ ။

ဤသို့ သိမှတ်ပိုင်းခြား၍ နေသော ယောဂီပုဂ္ဂိုလ်သည် ကိုယ်၏ချမ်း သာခြင်း,စိတ်၏ချမ်းသာခြင်းကို ခံစားရ၏။ အကြောင်းကား အခြားမဟုတ် သိမှတ် ပိုင်းခြားသော စိတ်၌ မဂ္ဂင်ရှစ်ပါးလုံး ပါဝင် ပြီးစီး ခြင်းကြောင့် ပေတည်း။

ဓာနတ္တိ သဟ ဝိပဿနေန မဂ္ဂေန ဓာနန္တော-ဟူ၍ဋ္ဌင်း။ ။ကာယိကာ ပိ ပဋ္ဌာဒွါရိကဒရထာ-ဟူ၍ဋ္ဌင်း။ ။စေတသိကာတိ မနောဒွါရိကဒရထာ-ဟူ ၍ဋ္ဌင်း လာသောဉပရိပဏ္ဏာသအဋ္ဌကထာအဖွင့်ကိုကြည့်ရှု၍။ ။ဓာနံ ပဿံ ကာယိကာဝိ ဒရထာ၊ စေတသိကာဒရထာ-ဟူသော ပါဠိတော်၏အနက် ကို မြန်မာပြန်ဆိုလိုက်သည်။ ။

(၁) မြင်တယ်လို့ မှတ်တော့-မြင်သောခဏ။

ဝိညာဏ် ၆-ပါးတို့တွင် စက္ခုဝိညာဏ်၌ စက္ခုပသာဒဟုဆိုအပ်သော မျက်စိအကြည်သဘောနှင့် အဆင်းအာရုံသဘော တို့တိုက်ဆိုင်မိကြသော အခိုက် ဒဿနကိစ္စတပ်သော မြင်မှုသဘော စက္ခုဝိညာဏ်ဖြစ်ပေါ်လာ၏။ ဤမြင်မှု စက္ခုဝိညာဏ်သဘောသည် မြင်သော သဘော သက်သက်သာ ရှိ၏။ ဉပါဒ်, ဋ္ဌီ,ဘင်-အားဖြင့်လည်း ခဏခဏဖြစ်၍ ခဏခဏပျက်ခြင်းသ ဘောမျှသာရှိ၏။ ထို့ကြောင့် လူ,နတ်,ဗြဟ္မာ,ပုဂ္ဂိုလ်,သတ္တဝါ,ငါ,သူတပါး, ယောကျ်ား, မိန်းမ – ဟူသော အတ္တမရှိ။ အနတ္တသဘောသက်သက်သာရှိ ကြောင်းကိုထင်အောင်မြင်သောအခိုက်(မြင်တယ်)ဟု သတိ့အမှတ်ပြုရမည်။

ဖဿ ၆-ပါးတို့တွင်၊ ။ဖဿဝေဒနာ ယထာဝုတ္တဝိပါက
ဝိညာဏသမ္ပယုတ္တာ၀။ ။ဥပရိပဏ္ဏာသ အဋ္ဌကထာ။

ဖဿဝေဒနာ၊ ဖဿ ၆-ပါး, ဝေဒနာ ၆-ပါးတရားတို့ကို။ ယထာဝုတ္တ ဝိပါကဝိညာဏသမ္ပယုတ္တာ၀၊ ဆိုအပ်ခဲ့ပြီးသော ၂၂-ပါးအပြားရှိသော လောကီဝိပါက်ဝိညာဏ်စိတ်နှင့်ယှဉ်ကုန်၏ဟူ၍သာလျှင်။ ကထိတာ၊ဟော တော်မူကုန်၏။ ။ဟု အဋ္ဌကထာ၌ဆိုတော်မူသောကြောင့်——

(၃) ထိတယ်လို့မှတ်တော့-ထိသောခဏ။

ဖဿ - ၆ပါး, ဝေဒနာ - ၆ပါးတို့သည် အောက်ကပြဆိုအပ်ခဲ့ပြီးသော ၂၂-ပါးအပြားရှိသော လောကီဝိပါက်, မနောဝိညာဏ်စိတ်နှင့် သမ္ပယုတ္တ ဓမ္မအားဖြင့် ယှဉ်၍ဖြစ်ပေါ်ကြကုန်၏။ ထို့ကြောင့် စက္ခုသမ္ဖဿ၌မျက်စိ အကြည်ရုပ်နှင့် အဆင်းရူပါရုံတို့ တိုက်ဆိုင်မိကြသောအခိုက် ဒဿနကိစ္စ တပ်သော မြင်မှုစက္ခု ဝိညာဏ်သဘောဖြစ်ပေါ်လာရာ၌ မျက်စိအကြည်, အဆင်းအာရုံ,မြင်မှုစက္ခု ဝိညာဏ်—၃-ပါးတို့၏ ပေါင်းဆုံစည်းဝေးကြ၍ ထိ မှုသဘောဖြစ်ပေါ်လာခြင်းသည် စက္ခုသမ္ဖဿမည်၏။

## " ဥပမာ "

ကျောက်နှင့်မီးခတ်ကို ခတ်သောအခိုက် မီးပွင့်၍လာသည် နှင့် တူ၏။ ကျောက်နှင့် မျက်စိအကြည်၊ မီးခတ်နှင့် အဆင်းအာရုံ၊ မီးပွင့်နှင့် စက္ခုဝိ ညာဏ်မြင်မှုသဘော၊ မီးခတ်နှင့် ကျောက် ထိမှုသဘောနှင့် စက္ခုသမ္ဖဿ ဖြစ်ပေါ်ပုံတူကြ၏။ ဤသို့ ဥပမာနှင့် ဥပမေယျ စပ်ဟပ်၍ ယူကြပါလေ။

ဤသို့သဘောရှိသော စက္ခုသမ္ဖဿသည် ထိမှုသဘော သက်သက် သာရှိ၏။ ဥပါဒ်,ဋ္ဌီ,ဘင်-အားဖြင့်လည်း ခဏခဏဖြစ်၍ ခဏခဏပျက်ခြင်း သဘောမျှသာရှိ၏။ထို့ကြောင့် လူ,နတ်,ဗြဟ္မာ, ပုဂ္ဂိုလ်,သတ္တဝါ,ငါ, သူတပါး,ယောကျ်ား,မိန်းမ-ဟူသော အတ္တမရှိ။အနတ္တသဘော သက်သက်သာရှိ ကြောင်းကို ထင်အောင် မြင်သောအခိုက် ထိမှုသဘောရှိသော စက္ခု သမ္ဖဿဖြစ်ပေါ်လာခြင်းကို (ထိတယ်)ဟုသတိအမှတ်ပြုရမည်။

(၁) ခံစားတယ်လို့မှတ်တော့ ခံစားသောခဏ။

ဝေဒနာ ၆-ပါးတို့တွင် စက္ခုသမ္ဖဿဇာဝေဒနာ၌ မျက်စိအကြည်ရုပ်, အဆင်းအာရုံ,မြင်သောစက္ခုဝိညာဏ် - ၃ - ပါးတို့၏ စည်းဝေးပေါင်းဆုံမှု ကြောင့်ဖြစ်သော ထိမှုသဘောရှိသော ဖဿကြောင့် အဟိတ်ကုသလ ဝိ

ပါက် ဥပေက္ခာသဟဂုတ် စက္ခုသမ္ဖဿဇာဝေဒနာ၊ အဟိတ်အကုသလဝိပါက်ဥပေက္ခာသဟဂုတ် စက္ခုသမ္ဖဿဇာဝေဒနာ တခုခုဖြစ်ပေါ်လာ၏။ ဤဥပေက္ခာဝေဒနာသည် အလယ်အလတ်ခံစားမှုသဘောသက်သက်သာရှိ၏။ ဥပါဒ်, ဌီ, ဘင်-အားဖြင့်လည်း ခဏခဏဖြစ်၍ ခဏခဏပျက်ခြင်းသဘောမှုသာရှိ၏။ ထို့ကြောင့် လူ, နတ်, ဗြဟ္မာ, ပုဂ္ဂိုလ်, သတ္တဝါ, ငါ, သူတပါး, ယောက်ျား, မိန်းမ – ဟူသော အတ္တမရှိ၊ အနတ္တသဘော သက်သက်သာ ရှိကြောင်းကိုထင်အောင် အလယ်အလတ် ခံစားမှုသဘော ဖြစ်သောအခိုက် (ခံစားတယ်)ဟု သတိအမှတ်ပြုရမည်။

ဤကား -ႆ စက္ခုဒွါရ၌ စက္ခုဝိညာဏ်,စက္ခုသမ္ဖဿ,စက္ခုသမ္ဖဿဇာဝေဒနာ နာမ်(၃)ခုတို့ကို နာမပရိဂ္ဂဟဉာဏ်ဖြင့် သိမ်းဆည်းပုံအကျဉ်းတည်း။ ။ဤ စက္ခုဒွါရကို နည်းမှီ၍ သောတဒွါရ – စသည်ကို ယူကြပါကုန်။ ။

**သောတဒွါရနည်း။** ။သောတဉ္စ ပဋိစ္စ သဒ္ဒေစ ဥပ္ပဇ္ဇတိ သောတဝိညာဏံ။ ။ဥပရိပဏ္ဏာသအဋ္ဌကထာ။ ။နားအကြည်ရုပ်နှင့် အသံရုပ်တို့ တိုက်ဆိုင်မိကြသောအခိုက် သောတဝိညာဏ်-ကြားမှုနာမ်သဘောဖြစ်ပေါ်လာသော (ကြားတယ်) ဟု မနောဒွါရက သတိအမှတ်ပြုရမည်။ ။စက္ခုကိုနည်းမှီ၍ဆို။

## " ဝိပဿနာဆောင်ပုဒ် "

(၂) ကြားတယ်လို့မှတ်တော့ – ကြားသောခဏ။

နားကလေးကြည်လင်, အသံကလေးထင်, သောတဝိညာဏ်ကလေးကြား, ဖဿကလေးတွေ့, ဝေဒနာကလေးခံစား–ဤ–၅–ပါးပေါင်းဆုံမိတာကို ကြားတယ်လို့ဆို။ ။ကြားသောခဏ, နားကြည်တာ – အသံထင်တာက – ရုပ်၊ ကြားတာ, တွေ့တာ,ခံစားတာက–နာမ်၊ဤရုပ်,နာမ်က ကြားတာဘဲ။ ကြားကြားတယ်မှတ်တာက ဝိပဿနာဉာဏ်ဘဲ။ ။

(၂) ဝိပဿနာဝင်,သူတော်စင်အပေါင်းတို့ နားဖြင့်အသံကိုကြားသောခဏ ကြား,ကြားတယ်မှတ်လို့ ဆိုရာ၌ အသံထင်သောခဏ သောတဒွါရ ကြည်ခြင်းသည် နားကြည်သောခဏမည်၏။ နားကြည်သောခဏ သဒ္ဒါရုံ ထင်ခြင်းသည် အသံထင်သောခဏမည်၏။ နားကြည်သောခဏ, အသံထင်သောခဏ, အသံကိုကြားသော သောတဝိညာဏ်သည် ကြားသောခဏ

မည်၏။ ။ဤသို့ ဒွါရ, အာရုံ, ဝိညာဏ်( ၃ )ပါးဆုံးသောခဏ၌ ဒွါရ, အာရုံ,ဝိညာဏ်–သုံးပါးအပေါင်းကို တပေါင်းတည်း, တပြိုင်နက် ကြား, ကြားတယ်ဟု ဝိပဿနာဖြင့် သိမှတ် ပိုင်းခြားအပ်သောကြောင့် နားအသံ ကြားခြင်းသည် ကြားသည်မည်ပေ၏။ သောတဒွါ – ရှေ့ဝီထိဖြင့် ကြားသည်ကို နောက်ဝိပဿနာစိတ်ဖြင့် ကြားတယ်ဟု အမှတ်ပြုခြင်းသည် ကြားတယ်မှတ်သည်မည်၏။ထို့ကြောင့် နားဖြင့် အသံကိုကြားသောခဏ ကြား, ကြားတယ်မှတ်ဟုဆိုခဲ့၏။

ကြား–ကြားတယ်မှတ်ဆိုသောစကား၌ ကြားဆိုတာက – မှတ်စရာအာရုံ,အာရုံဆိုတာက - ရုပ်ကိုခေါ်သည်။

ကြားတယ်ဆိုတာက မှတ်တဲ့စိတ်, စိတ်ဆိုတာက နာမ်ကိုခေါ်သည်။ မှတ်ဆိုတာက သတိ,ပညာဝိပဿနာဆိုတာက ဉာဏ်ကိုခေါ်သည်။

သောတဝိညာဏ်ကြားမှုသဘောသာထူး၏။တိတ္ထိ သင်္ဂြိုဟ်သောပါဠိတော်အရ။နားအကြည်ရုပ်,အသံရုပ်၊ ကြားမှုသဘော သောတဝိညာဏ်–၃ ပါးတို့၏ ပေါင်းဆုံမှု တွေ့မှုသဘောရှိသော ဖဿနာမ်ဖြစ်ပေါ်လာသည်ကို ထင်သော်(တွေ့တယ်)ဟု မနေ့ဒွါရက သတိအမှတ်ပြုရမည်။ ။စကျူအတိုင်းဆို။

ဖဿပစ္စယာဝေဒနာအရ နားအကြည်ရုပ်,အသံရုပ်,ကြားသောသောတဝိညါဏ်–၃ပါးတို့၏ ပေါင်းဆုံမှု,တွေ့မှုဖဿကြောင့်ချမ်းသါမှုကိုခံစါးသေါသုခဝေဒနာဖြစ်ပေါ်လာသော်(ချမ်းသာကိုခံစားတယ်)ဟူ၍၎င်း,ဆင်းရဲမှုကိုခံစားသောဒုက္ခဝေဒနာဖြစ်ပေါ်လါသော်(ဆင်းရဲကိုခံစားတယ် ဟူ၍၎င်း,ဆင်းရဲ,ချမ်းသာကင်း၍ အလယ်အလတ် ခံစားမှုသဘောဖြစ်ပေါ်လာသော် ( ခံစားတယ်)ဟူ၍၎င်း မနေ့ဒွါရက သတိအမှတ်ပြုရမည်။ ။စကျူအတိုင်းဆို။

ထို့ကြောင့်။ ။သောတဝိညာဏံ ဇာနံ ပဿံ ယထာဘူတံ။ သောတသမ္ဖဿံ ဇာနံ ပဿံ ယထာဘူတံ၊ ယမ္ပိဒံ သောတသမ္ဖဿပစ္စယာ ဥပ္ပဇ္ဇတိ ဝေဒယိတံ သုခံဝါ ဒုက္ခံဝါ အဒုက္ခ–မ-သုခံဝါ၊တမ္ပိ ဇာနံ ပဿံ ယထာဘူတံ။ သောတသ္မိံ နသာရဇ္ဇတိ၊ သဒ္ဒေသု နသာရဇ္ဇတိ၊ သောတဝိညာဏေ နသာရဇ္ဇတိ၊ သောတသမ္ဖဿေ နသာရဇ္ဇတိ၊ယမ္ပိဒံ သောတသမ္ဖဿ ပစ္စယာ ဥပ္ပဇ္ဇတိ ဝေဒယိတံ သုခံဝါ ဒုက္ခံဝါ အဒုက္ခ မ သုခံဝါ၊ တသ္မိံပိ န သာရဇ္ဇတိ။ ပ ။သော ကာယိကံ သုခံပိ စေတောသုခံပိ ပဋိသံဝေဒေတိ။ ။{ ဥပရိပဏ္ဏာသ မဟာသဠာယတနသုတ်။ }

သောတဝိညာဏံ၊ ကြားမှုပရမတ်သဘောနာမ်ကို။ ယထာဘူတံ၊ ကြားမှုဖြစ်ခိုက်ဟုတ်မှန်စွာ။ ဇာနံ-ဇာနန္တော၊ သမထ၊ ဝိပဿနာဉာဏ်၊ မဂ်ဉာဏ်ဖြင့် သိသောယောဂီပုဂ္ဂိုလ်သည်။ ပဿံ-ပဿန္တော၊ သမထ၊ ဝိပဿနာဉာဏ်၊ မဂ်ဉာဏ်ဖြင့် မြင်သောယောဂီပုဂ္ဂိုလ်သည်။ သောတသမ္ဖဿံ၊ နားဖြင့် အသံတွေ့မှုပရမတ်သဘောနာမ်ကို။ ယထာဘူတံ၊ နားဖြင့် အသံတွေ့မှုဖြစ်ခိုက်ဟုတ်မှန်စွာ။ ဇာနံ-ဇာနန္တော၊ သည်။ ပဿံ-ပဿန္တော၊ သည်။ သောတသမ္ဖဿပစ္စယာ၊ နားဖြင့် အသံတွေ့ခြင်းကြောင့်။ သုခံ ဝါ၊ သော။ ဒုက္ခံ ဝါ၊ သော။ အဒုက္ခ-မသုခံ ဝါ၊ သော။ ယမ္ပိဒံ ဝေဒယိတံ၊ သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ တမ္ပိ၊ ကိုလည်း။ ယထာဘူတံ၊ နားဖြင့် အသံတွေ့ခြင်းကြောင့်ခံစားမှုဖြစ်ခိုက်ဟုတ်မှန်စွာ။ ဇာနံ-ဇာနန္တော၊ သည်။ ပဿံ-ပဿန္တော၊ သည်။ သောတသ္မိံ၊ နားအကြည်ရုပ်၌။ န သာရဇ္ဇတိ၊ မချစ်ခင်မပုံမက်။ သဒ္ဒေသု၊ အသံရုပ်တို့၌။ န သာရဇ္ဇတိ၊ မက်။ သောတဝိညာဏေ၊ ကြားမှုနာမ်၌။ န သာရဇ္ဇတိ၊ မက်။ သောတသမ္ဖဿေ၊ နားဖြင့်အသံတွေ့မှုဖဿနာမ်၌။ န သာရဇ္ဇတိ၊ မက်။ သောတသမ္ဖဿပစ္စယာ၊ နားဖြင့် အသံတွေ့ခြင်းကြောင့်။ သုခံ ဝါ၊ ဖြစ်သော။ ဒုက္ခံ ဝါ၊ ဖြစ်သော။ အဒုက္ခ-မသုခံ ဝါ၊ ဖြစ်သော။ ယမ္ပိဒံ ဝေဒယိတံ သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ တသ္မိံပိ၊ ထိုခံစားမှုသဘော၌လည်း။ န သာရဇ္ဇတိ၊ မချစ်ခင်-မပုံမက်။ ပ။ သော၊ ထိုယောဂီပုဂ္ဂိုလ်သည်။ ကာယိကံ သုခံပိ၊ ပဉ္စဒွါရ၌ဖြစ်သော ချမ်းသာကိုလည်း။ စေတသိကံ သုခံပိ၊ မနောဒွါရ၌ဖြစ်သော ချမ်းသာကိုလည်း။ ပဋိသံဝေဒေတိ၊ ခံစားစံစား၍သာ အေးမြစွာနေရလေတော့သတည်း။ ။

(၂) ကြားတယ်လို့မှတ်တော့-ကြားသောခဏ။

သောတဝိညာဏ်၌ သောတပသာဒဟု ဆိုအပ်သော နားအကြည် သဘောနှင့် အသံအာရုံသဘောတို့ တိုက်ဆိုင်မိကြသောအခိုက် သဝနကိစ္စတပ်သော ကြားမှုသဘော-သောတဝိညာဏ်စိတ်ဖြစ်ပေါ်လာ၏။ ဤကြားမှုသောတဝိညာဏ်သဘောသည် ကြားသောသဘောသက်သက်သာရှိ၏။ ဥပါဒ်, ဌီ ဘင်-အားဖြင့်လည်း ခဏခဏဖြစ်၍ ခဏခဏပျက်ခြင်းသဘောမျှသာရှိ၏။ ထို့ကြောင့် လူ, နတ်, ဗြဟ္မာ, ပုဂ္ဂိုလ်, သတ္တဝါ, ငါ, သူတပါး, ယောကျာ်း, မိန်းမ-ဟူသောအတ္တမရှိ။ အနတ္တသဘောသက်သက်သာမှုကြောင်းကို ထင်အောင် ကြားသောအခိုက် (ကြားတယ်) ဟု သတိအမှတ်ပြုရမည်။ ။

(၂) ထိတယ်လို့မှတ်တော့-ထိသောခဏ။

သောတသမ္ဖဿ၌ ကြားသောအခိုက် နားအကြည်, အသံအာရုံ,ကြားသော သောတဝိညာဏ် ၃-ပါးတို့၏ ပေါင်းဆုံစည်းဝေးရာ၌ထိမှုသဘော-သောတ သမ္ဖဿဖြစ်ပေါ်လာသည်ကို ဤထိမှုသဘော သောတသမ္ဖဿ-ဖြစ်ပေါ်လာခြင်းသည် ထိမှုသဘောသက်သက်သာရှိ၏။ ဥပါဒ်, ဌီ, ဘင်-အားဖြင့်လည်း ခဏခဏဖြစ်၍ ခဏခဏပျက်ခြင်းသဘောမျှသာရှိ၏။ ထို့ကြောင့် လူ,နတ်, ဗြဟ္မာ, ပုဂ္ဂိုလ်,သတ္တဝါ,ငါ,သူတပါး,ယောကျ်ား,မိန်းမ-ဟူသော အတ္တမရှိ။ အနတ္တသဘော သက်သက်သာ ရှိကြောင်းကို ထင်အောင် ကြားသောအခိုက် ထိမှုသဘောရှိသော သောတသမ္ဖဿဖြစ်ပေါ်လာသည်ကို (ထိဘယ်)ဟု သတိအမှတ်ပြုရမည်။ ။ဤ သောတ, ဃာန, ဇိဝှါ, ကာယ, မန-ဥပမာ ဥပမေယျ စပ်ဟပ်ပုံနှင့်တကွ အပြည့်အစုံဖြစ်ပေါ်ပုံကို စက္ခုသမ္ဖဿ၌ကဲ့သို့ ယူလေ။

(၂) ခံစားတယ်လို့မှတ်တော့-ခံစားသောခဏ။

သောတသမ္ဖဿဇာဝေဒနာ၌ နားအကြည်ရုပ်,အသံအာရုံ,ကြားသော သောတဝိညာဏ် ၃ပါးတို့၏ စည်းဝေးပေါင်းဆုံမှုကြောင့်ဖြစ်သော ထိမှုသဘောရှိသော ဖဿကြောင့် အဟိတ်ကုသလဝိပါက်,အဟိတ်အကုသလဝိပါက်-ဥပေက္ခာသဟဂုတ်-သောတသမ္ဖဿဇာ ဝေဒနာတခုခုဖြစ်ပေါ်လာ၏။ဤဥပေက္ခာဝေဒနာသည် အလယ်အလတ်ခံစားမှု သဘောသက်သက်သာရှိ၏။ဥပါဒ်, ဌီ, ဘင်-အားဖြင့်လည်း ခဏခဏဖြစ်၍ ခဏခဏပျက်ခြင်းသဘောမျှသာရှိ၏။ ထို့ကြောင့် လူ, နတ်, ဗြဟ္မာ, ပုဂ္ဂိုလ်, သတ္တဝါ,ငါ,သူတပါး, ယောကျ်ား, မိန်းမ-ဟူသော အတ္တမရှိ၊ အနတ္တသဘောသက်သက်သာ ရှိကြောင်းကို ထင်အောင် အလယ်အလတ်ခံစားမှုသဘောဖြစ်သော အခိုက် (ခံစားတယ်) ဟု သတိအမှတ်ပြုရမည်။

ဤကား-သောတဒွါရ၌ သောတဝိညာဏ်, သောတသမ္ဖဿ, သောတသမ္ဖဿဇာဝေဒနာ-နာမ်(၃)ခုတို့ကို နာမပရိဂ္ဂဟဉာဏ်ဖြင့် သိမ်းဆည်းပုံအကျဉ်းတည်း။

**ဃာနဒွါရ၌း** ။ဃာနဉ္စ ပဋိစ္စ ဂန္ဓေစ ဥပ္ပဇ္ဇတိ ဃာနဝိညာဏံ။ ။ ဥပရိပဏ္ဏာသ – ဆဆက္ကသုတ်အရ နှာခေါင်းအကြည်ရုပ်နှင့် အနံ့ရုပ်တို့ တိုက်ဆိုင်မိကြသောအခိုက် ဃာနဝိညာဏ် နံမှုသဘော ဖြစ်ပေါ်လာသော် (နံဘယ်)ဟု မနောဒွါရက သတိအမှတ်ပြုရမည်။

## " ဝိပဿနာဆောင်ပုဒ် "

(၃) နံ့တယ်လို့မှတ်တော့-နံ့သောခဏ။

နှာခေါင်းကလေး ကြည်လင်, အနံ့ကလေး ထင်, ဃာနဝိညာဏ်ကလေး နံ့, ဖဿကလေးတွေ့,ဝေဒနာကလေးခံစား-၍ ၅-ပါး ပေါင်းဆုံမိတာကို နံ့တယ်လို့ဆို။

နံ့သောခဏ နှာခေါင်းကြည့်တာ-အနံ့ထင်တာက-ရုပ်၊ နံ့တာ, တွေ့တာ, ခံစားတာက နာမ်-၍ရုပ်,နာမ်က နံ့တာဘဲ၊ နံ့-နံ့တယ်မှတ်တာက-ဝိပဿနာဉာဏ်ဘဲ။

(၃) ဝိပဿနာဝင်,သူတော်စင်အပေါင်တို့ နှာခေါင်းဖြင့် အနံ့ကိုနံ့သောခဏ နံ့,နံ့တယ်မှတ်လို့ဆိုရာ၌ အနံ့ထင်သောခဏ ဃာနဒွါရကြည်ခြင်းသည် နှာခေါင်းကြည်သောခဏမည်၏၊ နှာခေါင်းကြည်သောခဏ ဂန္ဓာရုံထင်ခြင်းသည် အနံ့ထင်သောခဏမည်၏။နှာခေါင်းကြည်သောခဏ, အနံ့ထင်သောခဏ၊အနံ့ကိုနံ့သောဃာနဝိညာဏ်သည် နံ့သောခဏမည်၏။၍သို့ ဒွါရ,အာရုံ, ဝိညာဏ်-သုံးပါးဆုံသောခဏ၌ ဒွါရ,အာရုံ,ဝိညာဏ်-သုံးပါးအပေါင်းကို တပေါင်းတည်း,တပြိုင်နက် နံ့,နံ့တယ်ဟုဝိပဿနာဖြင့် သိမှတ်ပိုင်းခြားအပ်သောကြောင့် နှာခေါင်းအနံ့ နံ့ခြင်းသည် နံ့သည်မည်ပေ၏။ ဃာနဒွါရ-ဇော,ဝိထိဖြင့် နံ့သည်ကိုနောက်ဝိပဿနာစိတ်ဖြင့် နံ့တယ်ဟုအမှတ်ပြုခြင်းသည် နံ့တယ်မှတ်သည်မည်၏။ထို့ကြောင့် နှာခေါင်းဖြင့် အနံ့ကိုနံ့သောခဏ နံ့,နံ့တယ်မှတ်ဟုဆိုခဲ့၏။

နံ့-နံ့တယ်မှတ်ဆိုသောစကား၌ နံ့ဆိုတာက-မှတ်စရာအာရုံ, အာရုံဆိုတာက-ရုပ်ကိုခေါ်သည်။

နံ့တယ်ဆိုတာက-မှတ်တဲ့စိတ်၊ စိတ်ဆိုတာက-နာမ်ကိုခေါ်သည်။

မှတ်ဆိုတာက သတိ, ပညာ ဝိပဿနာ၊ ဝိပဿနာဆိုတာက-ဉာဏ်ကိုခေါ်သည်။

တိဏ္ဏံ သင်္ဂတိ ဖဿော-ပါဠိတော်အရ။ ။နှာခေါင်းအကြည်ရုပ်,အနံ့ရုပ်,နံ့မှုဃာနဝိညာဏ်-၃-ပါးတို့၏ ပေါင်းဆုံမှု,တွေ့မှုသဘောရှိသော ဖဿနာမ်ဖြစ်ပေါ်လာသည်ကို ထင်သော် ( တွေ့တယ် ) ဟု မနောဒွါရက သတိအမှတ်ပြုရမည်။ ။စက္ခုဒွါရအတိုင်းဆို။ ။

ဖဿပစ္စယာ ဝေဒနာအရ နှာခေါင်းအကြည်ရုပ်, အနံ့ရုပ်, နံ့မှုဃာနဝိညာဏ် ၃ - ပါးတို့ပေါင်းဆုံမှု, တွေ့မှု ဖဿကြောင့် ချမ်းသာမှုကို ခံစား

သော် (ချမ်းသာကိုခံစားတယ်)ဟူ၍၎င်း၊ ဆင်းရဲမှုကို ခံစားသော်။ ( ဆင်းရဲကိုခံစားတယ် ) ဟူ၍၎င်း ဆင်းရဲ-ချမ်းသာကင်း၍ အလယ်အလတ်ကို ခံစားသော် (ခံစားတယ်)ဟူ၍၎င်း မနေသွားရက သတိအမှတ်ပြုရမည်။ ။ စကျူးအတိုင်းဆို။ ။

ထို့ကြောင့်။ ။ဃာနဝိညာဏံ ဇာနံ ပဿံ ယထာဘူတံ။ ဃာနသမ္ဖဿံ ဇာနံ ပဿံ ယထာဘူတံ။ ယမ္ပိဒံ ဃာနသမ္ဖဿပစ္စယာ ဥပ္ပဇ္ဇတိ ဝေဒယိတံ သုခံဝါ ဒုက္ခံဝါ အဒုက္ခမသုခံဝါ၊ တမ္ပိ ဇာနံ ပဿံ ယထာဘူတံ၊ ဃာနသ္မိံ န သာရဇ္ဇတိ၊ ဂန္ဓေသု န သာရဇ္ဇတိ၊ ဃာနဝိညာဏေ န သာရဇ္ဇတိ၊ ဃာနသမ္ဖဿေ န သာရဇ္ဇတိ၊ ယမ္ပိဒံ ဃာနသမ္ဖဿပစ္စယာ ဥပ္ပဇ္ဇတိ ဝေဒယိတံ သုခံဝါ ဒုက္ခံဝါ အဒုက္ခမသုခံဝါ၊ တသ္မိံပိ န သာရဇ္ဇတိ။ပ။သော ကာယိကံသုခံပိ စေတသိကံသုခံပိ ပဋိသံဝေဒေတိ။ ။

( ဥပရိပဏ္ဏာသ – မဟာသဠာယတနသုတ် )

ဃာနဝိညာဏံ၊ နံမှုပရမတ်သဘောနာမ်ကို။ ယထာဘူတံ၊ နံမှုဖြစ်ခိုက်ဟုတ်မှန်စွာ။ ဇာနံ–ဇနေန္တော၊ သည်။ ပဿံ–ပဿန္တော၊ သည်။ ဃာနသမ္ဖဿံ၊ နှာခေါင်းဖြင့် အနံ့တွေ့မှု ပရမတ်သဘောနာမ်ကို။ ယထာဘူတံ၊ နှာခေါင်းဖြင့် အနံ့တွေ့မှုဖြစ်ခိုက်ဟုတ်မှန်စွာ။ ဇာနံ–ဇာနန္တော၊ သည်။ ပဿံ–ပဿန္တော၊ သည်။ ဃာနသမ္ဖဿပစ္စယာ၊ နှာခေါင်းဖြင့် အနံ့တွေ့ခြင်းကြောင့်။ သုခံဝါ၊သော။ ဒုက္ခံဝါ၊ သော၊ အဒုက္ခမသုခံဝါ၊ သော။ယမ္ပိဒံဝေဒယိတံ၊ သည်။ ဥပ္ပဇ္ဇတိ၊ ၏။ တမ္ပိ၊ ကိုလည်း။ ယထာဘူတံ၊ နှာခေါင်းဖြင့် အနံ့တွေ့ခြင်းကြောင့် ခံစားမှုဖြစ်ခိုက်ဟုတ်မှန်စွာ၊ ဇာနံ–ဇာနန္တော၊ သည်။ ပဿံ-ပဿန္တော၊ သည်။ ဃာနသ္မိံ၊နှာအကြည်ရုပ်၌။ န သာရဇ္ဇတိ၊မတပ်။ ဂန္ဓေသု၊ အနံ့တို့၌။ န သာရဇ္ဇတိ၊ မတပ်။ ဃာနဝိညာဏေ၊ နံမှုနာမ်၌။ န သာရဇ္ဇတိ၊ မတပ်။ ဃာနသမ္ဖဿေ၊ နှာခေါင်းဖြင့် အနံ့တွေ့မှုဖဿနာမ်၌။ န သာရဇ္ဇတိ၊ မတပ်။ ဃာနသမ္ဖဿပစ္စယာ၊ ကြောင့်။ သုခံဝါ၊ သော။ ဒုက္ခံဝါ၊ သော။ အဒုက္ခမသုခံဝါ၊ သော။ ယမ္ပိဒံ ဝေဒယိတံ၊ သည်။ ဥပ္ပဇ္ဇတိ၊ ၏။ တသ္မိံပိ၊ ၌လည်း။ န သာရဇ္ဇတိ၊ မတပ်။ပ။သော၊ သည်။ ကာယိကံသုခံပိ၊ ကိုရင်း။ စေတသိကံသုခံပိ၊ ကိုရင်း။ ပဋိသံဝေဒေတိ၊ ခံစားစံစား၍သာ အေးမြစွာနေရလေတော့ သတည်း။ ။

(၃) နံတယ်လို့မှတ်တော့-နံသောခဏ။

ဃာနဝိညာဏ်၌ ဃာနပသာဒဟု ဆိုအပ်သော နှာခေါင်းအကြည်သဘောနှင့် အနံ့အာရုံသဘောတို့တိုက်ဆိုင်မိကြသောအခိုက် ဃာယနကိစ္စတပ်သော နံမှုသဘောဃာနဝိညာဏ်စိတ်ဖြစ်ပေါ်လာ၏၊ ဤနံမှု - ဃာနဝိညာဏ်သဘောသည် နံသောသဘောသက်သက်သာရှိ၏။ ဥပါဒ်, ဋ္ဌီ, ဘင်အားဖြင့်လည်း ခဏခဏဖြစ်၍ ခဏခဏပျက်ခြင်း သဘောမျှသာရှိ၏။ ထို့ကြောင့် လူ, နတ်, ဗြဟ္မာ, ပုဂ္ဂိုလ်,သတ္တဝါ,ငါ,သူတပါး,ယောကျ်ား,မိန်းမ-ဟူသောအတ္တမရှိ၊ အနတ္တသဘောသက်သက်သာရှိကြောင်းကို ထင်အောင် နံသောအခိုက်(နံတယ်)ဟု သတိအမှတ်ပြုရမည်။ ။

(၃) ထိတယ်လို့မှတ်တော့-ထိသောခဏ။

ဃာနသမ္ဖဿ၌ နံသောအခိုက် နှာခေါင်းအကြည်,အနံ့အာရုံ,နံသောဃာနဝိညာဏ်-၃-ပါးတို့၏ ပေါင်းဆုံစည်းဝေးရာ၌ ထိမှုသဘော ဃာနသမ္ဖဿ-ဖြစ်ပေါ်လာသည်ကို ဤထိမှုသဘောဃာနသမ္ဖဿဖြစ်ပေါ်လာခြင်းသည်ထိမှုသဘောသက်သက်သာရှိ၏။ဥပါဒ်,ဋ္ဌီ,ဘင်-အားဖြင့်လည်း ခဏခဏဖြစ်၍ ခဏခဏပျက်ခြင်းသဘောမျှသာရှိ၏။ ထို့ကြောင့်လူ, နတ်, ဗြဟ္မာ, ပုဂ္ဂိုလ်, သတ္တဝါ,ငါ,သူတပါး,ယောကျ်ား,မိန်းမ - ဟူသောအတ္တမရှိ။အနတ္တသဘောသက်သက်သာရှိကြောင်းကို ထင်အောင် နံသောအခိုက်ထိမှုသဘောရှိသော ဃာနသမ္ဖဿ ဖြစ်ပေါ်လာသည်ကို ( ထိတယ် ) ဟုသတိအမှတ်ပြုရမည်။ စက္ခုသမ္ဖဿနည်းတူ။ ။

(၃) ခံစားတယ်လို့မှတ်တော့-ခံစားသောခဏ။

ဃာနသမ္ဖဿဇာဝေဒနာ၌ နှာခေါင်းအကြည်,အနံ့အာရုံ, နံသောဃာနဝိညာဏ် - ၃ပါးတို့၏ စည်းဝေးပေါင်းဆုံမှုကြောင့်ဖြစ်သော ထိမှုသဘောရှိသော ဖဿကြောင့် အဟိတ်ကုသလဝိပါက်,အကုသလဝိပါက်,ဥပေက္ခာသဟဂုတ် ဃာနသမ္ဖဿဇာ ဝေဒနာ တခုခုဖြစ်ပေါ်လာ၏။

ဤဥပေက္ခာဝေဒနာသည် အလယ်အလတ်ခံစားမှု သဘောသက်သက်သာရှိ၏။ဥပါဒ်, ဋ္ဌီ,ဘင်-အားဖြင့်လည်း ခဏခဏဖြစ်၍ ခဏခဏပျက်ခြင်းသဘောမျှသာရှိ၏။ ထို့ကြောင့် လူ,နတ်,ဗြဟ္မာ,ပုဂ္ဂိုလ်,သတ္တဝါ, ငါ,သူတပါး,ယောကျ်ား,မိန်းမ-ဟူသောအတ္တမရှိ။ အနတ္တသဘောသက်သက်သာ ရှိကြောင်းကို ထင်အောင် အလယ်အလတ် ခံစားမှုသဘောဖြစ်သော အခိုက် အလယ်အလတ်(ခံစားတယ်)ဟု သတိအမှတ်ပြုရမည်။

ဤကား-စက္ခုဒွါရ၌စက္ခုဝိညာဏ်,စက္ခုသမ္ဖဿ,စက္ခုသမ္ဖဿဇာဝေဒနာ နာမ် (၃) ခုတို့ကို နာမပရိဂ္ဂဟဉာဏ်ဖြင့် သိမ်းဆည်းပုံ အကျဉ်းတည်း။

**ဇိဝှါဒွါရ၌** ဇိဝှဉ္စ ပဋိစ္စ ရသေစ ဥပ္ပဇ္ဇတိ ဇိဝှါဝိညာဏံ။ ။ဥပရိပဏ္ဏာသ သဠာယတနသုတ်အရ လျှာအကြည်ရုပ်နှင့် အရသာရုပ်တို့ တိုက်ဆိုင်မိကြသောအခိုက် ဇိဝှါဝိညာဏ်စားမှုနာမ်သဘောဖြစ်ပေါ် လာသော်( စားတယ်)ဟု မနေ့ဒွါရက သတိအမှတ်ပြုရမည်။ ။စကြွင်ကိုနည်းမှီ၍ဆို။

**" ဝိပဿနာဆောင်ပုဒ် "**

စားတယ်လို့မှတ်တော့-စားသောခဏ။

(၄) လျှာကလဲကြည်လင်, အရသာကလဲထင်, ဇိဝှါဝိညာဏ်ကလဲစား, ဖဿကလဲတွေ့, ဝေဒနာကလဲခံစား – ဤ-၅ပါးပေါင်းဆုံမိတာကို စားတယ်လို့ဆို။
စားသောခဏ-လျှာကြည်တာ အရသာထင်တာကရုပ်,စားတာ ခံစားတာက နာမ် ဤရုပ်နာမ်က စားတာဘဲ၊ စား-စားတယ်မှတ်တာက ဝိပဿနာဉာဏ်ဘဲ။

(၄)' ဝိပဿနာဝင်, သူတော်စင်အပေါင်းတို့ လျှာဖြင့်အရသာကို စားသောခဏ, စား-စားတယ်မှတ်လို့ဆိုရာ၌ အရသာထင်သောခဏ – ဇိဝှါဒွါရကြည်ခြင်းသည် လျှာကြည်သောခဏမည်၏။ လျှာကြည်သောခဏ ရသာရုံထင်ခြင်းသည် အရသာထင်သောခဏမည်၏။ လျှာကြည်သောခဏ,အရသာထင်သောခဏ, အရသာကိုစားသော ဇိဝှါဝိညာဏ်သည် စားသောခဏမည်၏။ ဤသို့ ဒွါရ, အာရုံ, ဝိညာဏ် – သုံးပါးဆုံသောခဏ၌ ဒွါရ, အာရုံ, ဝိညာဏ်–သုံးပါးအပေါင်းကို တပေါင်းတည်း, တပြိုင်နက် စား,စားတယ်ဟု ဝိပဿနာဖြင့် သိမှတ် ပိုင်းခြားအပ်သောကြောင့် လျှာအရသာစားခြင်းသည် စားသည်မည်ပေ၏။ ဇိဝှါဒွါရဈွေဝိထိဖြင့် စားသည်ကို နောဝိဿနာစိတ်ဖြင့် စားတယ်ဟုအမှတ်ပြုခြင်းသည် စားတယ်မှတ်သည်မည်၏။ ထို့ကြောင့် လျှာဖြင့် အရသာကို စားသောခဏ စား, စားတယ်မှတ်ဟု ဆိုခဲ့၏။ ။

စား – စားတယ်မှတ်ဆိုသောစကား၌ စားဆိုတာက မှတ်ရာအာရုံ, အာရုံဆိုတာကရုပ်ကိုခေါ် သည်။

စားတယ်ဆိုတာက မှတ်တဲ့စိတ်၊ စိတ်ဆိုတာက နာမ်ကိုခေါ်သည်။ မှတ်ဆိုတာက သတိ,ပညာဝိပဿနာ, ဝိပဿနာဆိုတာက ဉာဏ်ကိုခေါ်သည်။

တိဏ္ဏံ သင်္ဂတိ ဖဿော ပါဠိတော်အရ။ လျှာအကြည်ရုပ်, အရသာရုပ်, ဇိဝှါဝိညာဏ်–၃ပါးတို့၏ ပေါင်းဆုံမှု,တွေ့မှုသဘောရှိသော ဖဿနာမ်ဖြစ်ပေါ်လာသော် (တွေ့တယ်)ဟု မနောဒွါရက သတိအမှတ်ပြုရမည်။ စကျူအတိုင်းဆို။

ဖဿပစ္စယာ ဝေဒနာအရ လျှာ,အရသာ,ဇိဝှါဝိညာဏ်၃-ပါးတို့၏ပေါင်းဆုံမှု,တွေ့မှုဖဿကြောင့် ချမ်းသာကိုခံစားသော် (ချမ်းသာကို ခံစားတယ်) ဟူ၍၎င်း,ဆင်းရဲကို ခံစားသော် (ဆင်းရဲကိုခံစားတယ်) ဟူ၍၎င်း, ဆင်းရဲ, ချမ်းသာကင်း၍ အလယ်အလတ်ကို ခံစားသော် အလယ်အလတ်ကို (ခံစားတယ်)ဟူ၍၎င်း မနောဒွါရက သတိအမှတ်ပြုရမည်။ ။စကျူအတိုင်းဆို။

> ထို့ကြောင့်။ ။ဇိဝှါဝိညာဏံ ဇာနံ ပဿံ ယထာဘူတံ။ဇိဝှါသမ္ဖဿံ ဇာနံ ပဿံ ယထာဘူတံ။ယမ္ပိဒံ ဇိဝှါသမ္ဖဿပစ္စယာ ဥပ္ပဇ္ဇတိ ဝေဒယိတံ သုခံဝါ ဒုက္ခံဝါ အဒုက္ခမသုခံဝါ၊တမ္ပိ ဇာနံ ပဿံ ယထာဘူတံ။ ဇိဝှါယ န သာရဇ္ဇတိ။ ရသေသု န သာရဇ္ဇတိ။ ဇိဝှါဝိညာဏေ န သာရဇ္ဇတိ။ ဇိဝှါသမ္ဖဿေ န သာရဇ္ဇတိ။ ယမ္ပိဒံ ဇိဝှါသမ္ဖဿပစ္စယာ ဥပ္ပဇ္ဇတိ ဝေဒယိတံ သုခံဝါ ဒုက္ခံဝါ အဒုက္ခမသုခံဝါ၊ တသ္မိံပိ န သာရဇ္ဇတိ။ ပ ။သော ကာယိကံ သုခံပိ စေတောသုခံပိ ပဋိသံဝေဒေတိ။ ။

( ဥပရိပဏ္ဏာသ·မဟာသဠာယတနသုတ်။ )

ဇိဝှါဝိညာဏံ၊ စားမှုပရမတ်သဘောနာမ်ကို။ ယထာဘူတံ၊ စားမှုဖြစ်ခိုက်ဟုတ်မှန်စွာ။ ဇာနံ-ဇာနန္တော၊ သည်။ ပဿံ–ပဿန္တော၊ သည်။ ဇိဝှါသမ္ဖဿံ၊လျှာဖြင့်အရသာကိုတွေ့မှု ပရမတ်သဘောနာမ်ကို။ ယထာဘူတံ၊ လျှာဖြင့်အရသာတွေ့မှုဖြစ်ခိုက်ဟုတ်မှန်စွာ။ ဇာနံ–ဇာနန္တော၊သည်။ ပဿံ–ပဿန္တော၊သည်။ဇိဝှါသမ္ဖဿပစ္စယာ၊ လျှာဖြင့် အရသာတွေ့ခြင်းကြောင့်။ သုခံဝါ၊သော။ ဒုက္ခံဝါ၊သော။ အဒုက္ခမ သုခံဝါ၊သော။ယမ္ပိဒံ၊ ဝေဒယိတံ၊ သည်။ ဥပ္ပဇ္ဇတိ၊၏။ တမ္ပိ၊ကိုလည်း။ ယထာဘူတံ၊ လျှာဖြင့် အရသာတွေ့ခြင်း ကြောင့် ခံစားမှုဖြစ်ခိုက်ဟုတ်မှန်စွာ။ ဇာနံ - ဇာနန္တော၊ သည်။ ပဿံ–

ပသာဒေန္တာ၊ သည်။ ဇိဝှါယ၊ လျှာအကြည်ရုပ်၌၊ နသာရဇ္ဇတိ၊ မက်။ ရသေသု၊ အရသာရုပ်တို့၌။ နသာရဇ္ဇတိ၊ မက်။ ဇိဝှါဝိညာဏေ၊ စားမှုနာမ်၌။ နသာရဇ္ဇတိ၊ မက်။ ဇိဝှါသမ္ဖဿေ၊ လျှာဖြင့် အရသာတွေ့မှုဖဿနာမ်၌။ နသာရဇ္ဇတိ၊ မက်။ ဇိဝှါသမ္ဖဿပစ္စယာ၊ လျှာဖြင့် အရသာတွေ့ခြင်းကြောင့်။ သုခံဝါ၊ သော။ ဒုက္ခံဝါ၊ သော။ အဒုက္ခမသုခံဝါ၊ သော။ ယမ္ပိဒံဝေဒယိတံ၊ သည်။ ဥပ္ပဇ္ဇတိ၊ ၏။ တသ္မိံပိ၌လည်း။ နသာရဇ္ဇတိ၊ မက်။ ပ ။သော၊သည်။ကာယိကံ သုခံပိ၊ကို၎င်း။ စေတောသုခံပိ၊ ကို၎င်း။ ပဋိသံဝေဒေတိ၊ ခံစားစံစား၍သာ အေးမြစွာ နေရလေတော့သတည်း။ ။

(၄) စားတယ်လို့မှတ်တော့–စားသောခဏ။

ဇိဝှါဝိညာဏ်၌ ဇိဝှါပသာဒဟု ဆိုအပ်သော လျှာအကြည်သဘောနှင့် အရသာအာရုံတို့တိုက်ဆိုင်မိကြသောအခိုက် သာယနကိစ္စတပ်သောလျက်မှု, စားမှုသဘော ဇိဝှါဝိညာဏ်စိတ် ဖြစ်ပေါ်လာ၏။ ဤလျက်မှု, စားမှုဇိဝှါဝိညာဏ်သဘောသည် လျက်သော, စားသော သဘောသက်သက်သာရှိ၏။ ဥပါဒ်,ဌီ,ဘင် – အားဖြင့်လည်း ခဏခဏဖြစ်၍ ခဏခဏပျက်ခြင်း သဘောမျှသာရှိ၏။ ထို့ကြောင့် လူ,နတ်, ဗြဟ္မာ, ပုဂ္ဂိုလ်, သတ္တဝါ, ငါ, သူတပါး, ယောကျ်ား, မိန်းမ–ဟူသောအတ္တမရှိ။ အနတ္တသဘော သက်သက်သာရှိကြောင်းကို ထင်အောင် လျက်သော,စားသောအခိုက်( လျက်တယ် - စားတယ် )ဟု သတိအမှတ်ပြုရမည်။ ။

(၄) ထိတယ်လို့မှတ်တော့–ထိသောခဏ။

ဇိဝှါသမ္ဖဿ၌ လျှာအကြည်, အရသာအာရုံ,စားသောဇိဝှါဝိညာဏ်–၃ ပါးတို့၏ ပေါင်းဆုံ စည်းဝေးရာ၌ ထိမှုသဘော,ဇိဝှါ သမ္ဖဿဖြစ်ပေါ်လာသည်ကို ဤထိမှုသဘော-ဇိဝှါသမ္ဖဿဖြစ်ပေါ်လာခြင်းသည် ထိမှုသဘော သက်သက်သာရှိ၏။ ဥပါဒ်, ဌီ,ဘင်–အားဖြင့်လည်း ခဏခဏဖြစ်၍ ခဏခဏပျက်ခြင်းသဘောမျှသာရှိ၏။ ထို့ကြောင့် လူ, နတ်, ဗြဟ္မာ, ပုဂ္ဂိုလ်, သတ္တဝါ, ငါ, သူတပါး, ယောကျ်ား, မိန်းမ – ဟူသော အတ္တမရှိ။ အနတ္တ သဘောသက်သက်သာ ရှိကြောင်းကို ထင်အောင် စားသောအခိုက် ထိမှုသဘောရှိသော ဇိဝှါသမ္ဖဿဖြစ်ပေါ်လာသည်ကို ( ထိတယ် ) ဟု သတိအမှတ်ပြုရမည်။ ။စက္ခုသမ္ဖဿ–နည်းတူ။ ။

(၄) ခံစားတယ်လို့မှတ်တော့-ခံစားသောခဏ။

ဇိဝှါသမ္ဖဿဇာဝေဒနာ၌ လျှာအကြည်ရုပ်, အရသာအာရုံ, စားသော ဇိဝှါဝိညာဏ် ၃-ပါးတို့၏ စည်းဝေး ပေါင်းဆုံမှုကြောင့် ဖြစ်သော ထိမှုသဘောရှိသောဖဿကြောင့် အဟိတ်ကုသလဝိပါက်, အကုသလဝိပါက်, ဥပေက္ခာသဟဂုတ် ဇိဝှါ သမ္ဖဿဇာဝေဒနာ တခုခု ဖြစ်ပေါ်လာ၏။ ဤဥပေက္ခာဝေဒနာသည် အလယ်အလတ်ခံစားမှုသဘောသက်သက်သာရှိ၏။ ဥပါဒ်,ဋ္ဌီ,ဘင်-အားဖြင့်လည်းခဏခဏဖြစ်၍ ခဏခဏပျက်ခြင်းသဘောမျှသာ ရှိ၏။ ထို့ကြောင့် လူ,နတ်,ဗြဟ္မာ,ပုဂ္ဂိုလ်,သတ္တဝါ,ငါ,သူတပါး, ယောက်ျား မိန်းမ-ဟူသောအတ္တမရှိ။ အနတ္တသဘောသက်သက်သာ ရှိကြောင်းကို ထင်အောင် အလယ်အလတ်ခံစားမှုသဘောဖြစ်သောအခိုက် အလယ်အလတ် (ခံစားတယ်)ဟု သတိအမှတ်ပြုရမည်။

ဤကား - ဇိဝှါဒွါရ၌ ဇိဝှါဝိညာဏ်, ဇိဝှါသမ္ဖဿ, ဇိဝှါသမ္ဖဿဇာဝေဒနာ-နာမ်(၃)ချက်ကို နာမပရိဂ္ဂဟဉာဏ်ဖြင့် သိမ်းဆည်းပုံအကျဉ်းတည်း။

**ကာယဒွါရ၌။** ။ကာယဉ္စ ပဋိစ္စ ဖောဋ္ဌဗ္ဗေစ ဥပ္ပဇ္ဇတိ ကာယဝိညာဏံ။ ။ဥပရိပဏ္ဏာသ-ဆဆက္ကသုတ်အရ၊ ကိုယ်အကြည်ရုပ်နှင့် မာရုပ်,နူးညံ့ရုပ်, ပူရုပ်, အေးရုပ်, လှုပ်သောရုပ်, ရွှေ့သောရုပ်၊ ထောက်ကန်-ဖိညှပ်-တောင့်တင်းသောရုပ်-ဤဖောဋ္ဌဗ္ဗအတွေ့ရုပ်တို့ တိုက်ဆိုင်မိကြသောအခိုက် ကာယဝိညာဏ်ထိမှုနာမ်သဘောဖြစ်ပေါ်လာသော် (ထိတယ်) ဟု မနောဒွါရက သတိအမှတ်ပြုရမည်။ ။စက္ခုကိုနည်းမှီ၍ဆို။ ။

**"ဝိပဿနာဆောင်ပုဒ်"**

ထိတယ်လို့မှတ်တော့ ထိသောခဏ။

(၅) ကိုယ်ကလေးကြည်လင်,အတွေ့ကလေးထင်,ကာယဝိညာဏ်ကလေး ထိ, ဖဿကလေးတွေ့, ဝေဒနာကလေး ခံစား - ဤ ၅-ပါး ပေါင်းဆုံမိတာကို ထိတယ်လို့ဆို။

ထိသောခဏ - ကိုယ်ကြည်လင်တာ, အတွေ့ထင်တာက - ရုပ်၊ ထိတာ, တွေ့တာ, ခံစားတာက-နာမ်၊ ဤရုပ်,နာမ်က ထိတာဘဲ။ ထိ,ထိတယ်မှတ်ထားက ဝိပဿနာဉာဏ်ဘဲ။ ။

(၅) ဝိပဿနာဝင်ႈသူတော်စင်,အပေါင်းတို့ အတွေ့ကို ထိသောခဏ, ထိ, ထိတယ်မှတ်လို့ ဆိုရာ၌ အတွေ့ထင်သောခဏ ကာယဒွါရကြည်ခြင်းသည် ကိုယ်ကြည်သော ခဏမည်၏။ ကိုယ်ကြည်သောခဏ, ဖေါဋ္ဌဗ္ဗာရုံ ထင်ခြင်းသည် အတွေ့ထင်သောခဏမည်၏။ ကိုယ်ကြည်သောခဏ, အတွေ့ ထင်သောခဏ–အတွေ့ကို ထိသောကာယဝိညာဏ်သည် ထိသောခဏမည်၏။ ဤဒွါရ, အာရုံ, ဝိညာဏ်–သုံးပါးဆုံသောခဏ၌ ဒွါရ, အာရုံ, ဝိညာဏ်–သုံးပါးအပေါင်းကို တပေါင်းတည်း, တပြိုင်နက် ထိ, ထိတယ်ဟု ဝိပဿနာဖြင့် သိမှတ် ပိုင်းခြား အပ်သောကြောင့် ကိုယ်အတွေ့ထိခြင်းသည် ထိသည်မည်ပေ၏။ ကာယဒွါရဈေ်ဝိထိဖြင့် ထိသည်ကို နောက်ဝိပဿနာစိတ်ဖြင့် ထိတယ်ဟု အမှတ်ပြုခြင်းသည် ထိတယ်မှတ်သည်မည်၏။ ထို့ကြောင့် ကိုယ်ဖြင့် အတွေ့ကို ထိသောခဏ ထိ,ထိတယ်မှတ်ဟု ဆိုခဲ့၏။

ထိ, ထိတယ်မှတ်ဆိုသောစကား၌ ထိဆိုတာက မှတ်စရာအာရုံ, အာရုံဆိုတာက ရုပ်ကိုခေါ်သည်။

ထိတယ်ဆိုတာက မှတ်ဆိုတဲ့စိတ်၊ စိတ်ဆိုတာက နာမ်ကိုခေါ်သည်။ မှတ်ဆိုတာက သတိႈပညာႈဝိပဿနာ ဝိပဿနာဆိုတာက ဉာဏ်ကိုခေါ် သည်။

တိဏ္ဏံ သင်္ဂတိ ဖဿောအရ ကိုယ်အကြည်ရုပ် မာမှု–စသော ဖောဋ္ဌဗ္ဗ အတွေ့ရုပ် ထိမှုကာယဝိညာဏ် နာမ် ၃-ပါးတို့၏ ပေါင်းဆုံမှု, တွေ့မှု သဘောရှိသော ဖဿနာမ်ဖြစ်ပေါ်လာသော်( တွေ့တယ်)ဟု မနောဒွါရက သတိအမှတ်ပြုရမည်။ ။စကျ္ခုအတိုင်းဆို။ ။

ဖဿပစ္စယာဝေဒနာအရ ကိုယ်အကြည် မာမှု–စသော ဖေါဋ္ဌဗ္ဗအတွေ့ ရုပ် ထိမှုကာယဝိညာဏ် ၃–ခုတို့၏ ပေါင်းဆုံမှု–တွေ့မှုဖဿကြောင့် ချမ်းသာကိုခံစားသော် (ချမ်းသာကိုခံစားတယ်)ဟူ၍ငင်း, ဆင်းရဲးကိုခံစားသော် (ဆင်းရဲးကိုခံစားတယ်)ဟူ၍ငင်း, အလယ်အလတ်ကို ခံစားသော် အလတ် အလတ်ကို(ခံစားတယ်) ဟူ၍ငင်း–မနောဒွါရက သတိအမှတ်ပြုရမည်။ ။ စကျ္ခုအတိုင်းဆို။ ။

ထို့ကြောင့်။ ။ကာယဝိညာဏံ ဇာနံ ပဿံ ယထာဘူတံ။
ကာယသမ္ဖဿံ ဇာနံ ပဿံ ယထာဘူတံ။ ယမ္ပိဒံ ကာယ
သမ္ဖဿပစ္စယာ ဥပ္ပဇ္ဇတိ ဝေဒယိတံ သုခံဝါ ဒုက္ခံဝါ အ
ဒုက္ခ မသုခံဝါ၊ တမ္ပိ ဇာနံ ပဿံ ယထာဘူတံ၊ ကာယသ္မိံ

န သာရဇ္ဇတိ၊ ဖောဋ္ဌဗ္ဗေသု န သာရဇ္ဇတိ၊ ကာယဝိညာဏေ
န သာရဇ္ဇတိ၊ ကာယသမ္ဖဿေ န သာရဇ္ဇတိ၊ ယမ္ပိဒံ ကာ
ယသမ္ဖဿပစ္စယာ ဥပ္ပဇ္ဇတိ ဝေဒယိတံ သုခံဝါ ဒုက္ခံဝါ
အဒုက္ခမသုခံဝါ၊ တသ္မိံပိ နသာရဇ္ဇတိ။ပ။သောကာယိကံ
သုခံပိ စေတသိကံသုခံပိ ပဋိသံဝေဒေတိ။ ။

(ဥပရိပဏ္ဏာသ-မဟာသဠာယတနသုတ်။)

ကာယဝိညာဏံ၊ ထိမှုပရမတ်သဘောနာမ်ကို။ ယထာဘူတံ၊ထိမှုဖြစ်ခိုက်ဟုတ်မှန်စွာ။ ဇာနံ-ဇာနန္တော၊ သည်။ ပဿံ·ပဿန္တော၊ သည်။ ကာယသမ္ဖဿံ၊ကိုယ်အကြည်ဖြင့် မာမှု=စသောအတွေ့ဖောဋ္ဌဗ္ဗရုပ် တွေ့မှုပရမတ်သဘောနာမ်ကို။ ယထာဘူတံ၊ ကိုယ်အကြည်ဖြင့် မာမှု – စသောအတွေ့ဖောဋ္ဌဗ္ဗရုပ် တွေ့မှုဖြစ်ခိုက်ဟုတ်မှန်စွာ။ ဇာနံ – ဇာနန္တော၊ သည်။ ပဿံ-ပဿန္တော၊ သည်။ ကာယသမ္ဖဿပစ္စယာ၊ကိုယ်အကြည်ဖြင့် မာမှု-စသောအတွေ့ဖောဋ္ဌဗ္ဗရုပ်တွေ့ခြင်းကြောင့်။ သုခံဝါ၊သော။ ဒုက္ခံဝါ၊သော။ အဒုက္ခမသုခံဝါ၊ သော။ ယမ္ပိဒံ ဝေဒယိတံ၊ သည်။ ဥပ္ပဇ္ဇတိ၊ ၏။ တမ္ပိ၊ ကိုလည်း။ ယထာဘူတံ၊ကိုယ်အကြည်ဖြင့် မာမှု-စသော အတွေ့ ဖောဋ္ဌဗ္ဗရုပ် တွေ့ခြင်းကြောင့် ခံစားမှုဖြစ်ခိုက် ဟုတ်မှန်စွာ။ ဇာနံ – ဇာနန္တော၊ သည်။ ပဿံ-ပဿန္တော၊ သည်။ ကာယသ္မိံ၊ ကိုယ်အကြည်ရုပ်၌။ နသာရဇ္ဇတိ၊ မင်္ကာ။ ဖောဋ္ဌဗ္ဗေသု၊ မာမှု – စသောအတွေ့ရုပ်တို့၌။ နသာရဇ္ဇတိ၊ မင်္ကာ။ ကာယဝိညာဏေ၊ထိမှုနာမ်၌။နသာရဇ္ဇတိ၊မင်္ကာ။ကာယသမ္ဖဿေ၊ကိုယ်အကြည်ဖြင့် မာမှု-စသောအတွေ့ဖောဋ္ဌဗ္ဗရုပ် တွေ့မှုဖဿနာမ်၌။ နသာရဇ္ဇတိ၊ မင်္ကာ။ ကာယသမ္ဖဿပစ္စယာ၊ ကိုယ်ဖြင့် မာမှု – စသော ဖောဋ္ဌဗ္ဗရုပ် တွေ့ခြင်းကြောင့်။ သုခံဝါ၊သော။ ဒုက္ခံဝါ၊သော။ အဒုက္ခမသုခံဝါ၊သော။ ယမ္ပိဒံ ဝေဒယိတံ၊ သည်။ ဥပ္ပဇ္ဇတိ၊ ၏။ တသ္မိံပိ၊ ၌လည်း နသာရဇ္ဇတိ၊ မင်္ကာ။ပ။သော၊သည်။ ကာယိကံသုခံပိ၊ ကိုရင်း။ စေတသိကံသုခံပိ၊ ကိုရင်း။ ပဋိသံဝေဒေတိ၊ ခံစားစံစား၍သာ အေးမြစွာ နေရလေတော့သတည်း။

(၇) ထိတယ်လို့မှတ်တော့–ထိသောခဏ။

ကာယဝိညာဏ်၌ ကာယပသာဒဟုဆိုအပ်သော ကိုယ်အကြည်သဘော နှင့် မာမှု-စသောအတွေ့အာရုံသဘောတို့ တိုက်ဆိုင်မိကြသော အခိုက် ဖု သနက်စွဲတပ်သော ထိမှုသဘော ကာယဝိညာဏ်စိတ်ဖြစ်ပေါ်လာ၏။ဤထိ

မှုကာယဝိညာဏ်သဘောသည် ထိသောသဘောသက်သက်သာရှိ၏။ဥပါဒ်ဋ္ဌီ,ဘင်–အားဖြင့်လည်း ခဏခဏဖြစ်၍ ခဏခဏပျက်ခြင်းသဘောမျှသာ–ရှိ၏။ထို့ကြောင့် လူ,နတ်,ဗြဟ္မာ,ပုဂ္ဂိုလ်,သတ္တဝါ,ငါ,သူတပါး,ယောက်ျား,မိန်းမ–ဟူသောအတ္တမရှိ။အနတ္တသဘောသက်သက်သာရှိကြောင်းကို ထင်အောင် ထိသောအခိုက် (ထိတယ်)ဟု သတိအမှတ်ပြုရမည်။ ။

(၇) ထိတယ်လို့မှတ်တော့ – ထိသောခဏ။

ကာယသမ္ဖဿ၌ ထိသောအခိုက် ကိုယ်အကြည်, မာမှုသဘော – စသော အတွေ့အာရုံ, ထိသောကာယဝိညာဏ် ၃ ပါးတို့၏ ပေါင်းဆုံစည်းဝေးရာ၌ ထိမှုသဘော ကာယသမ္ဖဿဖြစ်ပေါ်လာသည်ကို ဤသိမှုသဘော ကာယသမ္ဖဿ ဖြစ်ပေါ်လာခြင်းသည် ထိမှုသဘော သက်သက်သာ ရှိ၏။ ဥပါဒ်, ဋ္ဌီ, ဘင်–အားဖြင့်လည်း ခဏခဏဖြစ်၍ ခဏခဏပျက်ခြင်းသဘော မျှသာရှိ၏။ ထို့ကြောင့် လူ, နတ်, ဗြဟ္မာ, ပုဂ္ဂိုလ်, သတ္တဝါ, ငါ, သူတပါး, ယောက်ျား, မိန်းမ–ဟူသော အတ္တမရှိ။ အနတ္တသဘော သက်သက်သာ ရှိကြောင်းကို ထင်အောင် ထိသောအခိုက် ထိမှု သဘော ရှိသော ကာယသမ္ဖဿဖြစ်ပေါ်လာသည်ကို(ထိတယ်)ဟု သတိအမှတ်ပြုရမည်။ ။စက္ခုသမ္ဖဿ–နည်းတူ။ ။

(၇) ဆင်းရဲတယ်, ချမ်းသာတယ်လို့ မှတ်တော့ ဆင်းရဲ, ချမ်းသာ သောခဏ။

ကာယ သမ္ဖဿဇာဝေဒနာ၌ ကိုယ်အကြည်ရုပ်,အပူ,အအေး–စသော အတွေ့,အာရုံ, ထိမှုသဘောရှိသော ကာယဝိညာဏ်–၃–ပါးတို့၏ စည်းဝေးပေါင်းဆုံမှုကြောင့် ထိသောကာယသမ္ဖဿဇာ ဒုက္ခဝေဒနာသည်၎င်း။ထိသော ကာယသမ္ဖဿဇာ သုခဝေဒနာသည်၎င်း ဒုက္ခ-သုခဝေဒနာတခုခုဖြစ်ပေါ်လာသည်။ ဤဒုက္ခ,သုခဝေဒနာတခုခုသည် ဆင်းမှုသဘော, ချမ်းသာမှုသဘောသက်သက်သာရှိ၏။ ဥပါဒ်,ဋ္ဌီ,ဘင်–အားဖြင့်လည်း ခဏခဏဖြစ်၍ ခဏခဏပျက်ခြင်း သဘောရှိ၏။ ထို့ကြောင့် လူ,နတ်, ဗြဟ္မာ, ပုဂ္ဂိုလ်, သတ္တဝါ,ငါ,သူတပါး,ယောက်ျား,မိန်းမ–ဟူသောအတ္တမရှိ။ အနတ္တသဘော သက်သက်သာရှိကြောင်းကို ထင်အောင် ဆင်းရဲမှုသဘော ချမ်းသာမှုသဘောဖြစ်သော အခိုက် (ဆင်းရဲတယ်,ချမ်းသာတယ်)ဟု သတိအမှတ်ပြုရမည်။ ။

ဤကား–ကာယဒွါရ၌ ကာယဝိညာဏ်,ကာယသမ္ဖဿ, ကာယသမ္ဖဿဇာဝေဒနာ နာမ်(၃)ခုတို့ကို နာမပရိဂ္ဂဟဉာဏ်ဖြင့် သိမ်းဆည်းပုံအကျဉ်းတည်း။ ။

**မနောဒွါရ၌။** ။မနဉ္စ ပဋိစ္စ ဓမ္မေစ ဥပ္ပဇ္ဇတိ မနောဝိညာဏံ။ ။ဥပရိပဏ္ဏာသ ဆဆက္ကသုတ်အရ နှလုံးအကြည်ရုပ်နှင့် အဆင်း, အသံ, အနံ့, အရသာ, အတွေ့–ဟုဆိုအပ်သော ပစ္စုပ္ပန်ပဉ္စာရုံကို ချန်လှပ်၍ အဆင်း အသံ–စသော ဘုံ ၃ ပါး၌ ဖြစ်ကြသော သဘောဓမ္မာရုံရုပ်တို့ တိုက်ဆိုင်မိကြသောအခိုက်–မနောဝိညာဏ်သိမှုနာမ်သဘော ဖြစ်ပေါ်လာသော် (သိတယ်) ဟု မနောဒွါရက သတိအမှတ်ပြုရမည်။

ရှေ့ရက်, ရှေ့လ, ရှေ့နှစ်တို့က မြင်ခဲ့ဘူး, ကြားခဲ့ဘူး, နံခဲ့ဘူး, စားခဲ့ဘူး, ထိခဲ့ဘူး, သိခဲ့ဘူးသော အဆင်း, အသံ, အနံ့, အရသာ, အတွေ့သဘောအစရှိသော သဘောဓမ္မာရုံရုပ်တို့ကို အောက်မေ့၍ သိသောအခိုက် (သိတယ်) ဟု မနောဒွါရက သတိအမှတ်ပြုရမည်။

(က) ပဉ္စာရုံသည် ရုပ်က ရှေ့ပြေး၏။

(ခ) ဓမ္မာရုံသည် နာမ်က ရှေ့ပြေး၏။

## " ဓမ္မာရုံဥပမာ "

မိမိတို့ ဖူးမြင်ခဲ့ဘူးကြသော ရန်ကုန်မြို့–ရွှေတိဂုံဘုရားကြီး၊ မန္တလေးမြို့–မဟာမြတ်မုနိဘုရားကြီး – စသော သဘောဓမ္မာရုံရုပ်တို့သည် ယခုပစ္စုပ္ပန်မိမိ၏ နှလုံးအကြည်ရုပ်နှင့် တိုက်ဆိုင်မိကြသောအခိုက် နာမ်က ရှေ့ပြေး၍ ကြည့်ရသည်။ နာမ်ပြီးမှ ရုပ်ကသည်ဟာကား–ရွှေတိဂုံဘုရားကြီးဟူ၍၎င်း, မဟာမြတ်မုနိဘုရားကြီးဟူ၍၎င်း ထင်မြင်လာရပေ၏။ ဤကဲ့သို့ ဓမ္မာရုံနာမ်က ရှေ့ပြေး၍ သိသော မနောဝိညာဏ်စိတ် ဖြစ်ပေါ်လာသည်ကို သိသော် (သိတယ်) ဟု မနောဒွါရက သတိအမှတ်ပြုရမည်။

နောင်အနာဂတ်ကာလ၌ မြင်ရလတ့ံ, ကြားရလတ့ံ, နံရလတ့ံ, စားရလတ့ံ, ထိရလတ့ံ, သိရလတ့ံ–သော အဆင်း,အသံ,အနံ့,အရသာ,အတွေ့သဘော–အစရှိသော သဘောဓမ္မာရုံရုပ်တို့ကို အောက်မေ့၍ သိသောအခိုက်(သိတယ်)ဟု မနောဒွါရက သတိအမှတ်ပြုရမည်။

## " ဥပမာ "

ယခုလူတို့၏ ဘုံဘဝက ဆည်းပူးအားထုတ်ကြသော ဒါနကုသိုလ်,သီလကုသိုလ်ရှိသော သူတို့သည် တာဝတိံသာနတ်ပြည်၌ နန္ဒဝန်ဥယျာဉ်သည် ထင်ရှားရှိ၏။အလွန်မွေ့လျော် ပျော်ပိုက်ဘွယ်ကောင်း၏။နတ်၌ဖြစ်သော အဆင်း, အသံ, အနံ့, အရသာ, ကိုယ်အတွေ့ဟု ဆိုအပ်သော ၅-ပါးအာရုံ ကာမဂုဏ်တို့နှင့် ပြည့်ပုံ၏။ ဤသို့အစရှိသော နတ်တို့၏ စည်းစိမ်းချမ်းသာတို့ကို ခံစား, စံစားကြရကုန်၏။ ဤသို့သော တရားစကားကို ကြားနာကြရ၍ ငါတို့သည်လည်း ထိုနတ်တို့ကဲ့သို့ ဒါန·ကုသိုလ်,သီလကုသိုလ်တို့ကို ပြုကြပြီးလျှင် နတ်တို့၏ ၅-ပါးအာရုံ ကာမဂုဏ်တို့ကို ခံစား, စံစားရကုန်အံ့ဟု နှလုံးပြုသောအခါ နောင်အနာဂတ်၌ တွေ့ကြုံခံစားရလတံ့သော နန္ဒဝန်ဥယျာဉ်အစရှိသော သဘောဓမ္မာရုံတို့သည် ယခု ပစ္စုပ္ပန် မိမိ၏ နှလုံးအကြည်ရုပ်နှင့် တိုက်ဆိုင်မိကြသောအခိုက် နန္ဒဝန်ဥယျာဉ် - အစရှိသည်ကိုသိသော မနောဝိညာဏ်စိတ် ဖြစ်ပေါ်လာသည်ကိုသိသော် (သိတယ်) ဟု မနောဒွါရက သတိအမှတ်ပြုရမည်။ ။ဤသို့စသည် ကြံစည်ကြလေ။အရာကျယ်လှပေ၏။

**အဖွာစကား။** ။(ဤသို့အတိတ်အာရုံ,အနာဂတ်အာရုံတို့ကို ပြဆိုခြင်းသည် မိမိ၏အဏ္ဏဝနှလုံးအကြည်နှင့်သဘောဓမ္မာရုံတို့ တိုက်ဆိုင်မိကြ၍ သိမှုမနောဝိညာဏ်ဇောဖြစ်ပေါ်လာပုံကို ထင်ရှားအောင်သာ ပြဆိုလိုက်ပေသည်)။

ကမ္မဋ္ဌာန်းကို ရှုမှတ်ရာ၌ အတိတ်အာရုံ, အနာဂတ်အာရုံတို့ကို မလိုက်ရမရှုမှတ်ရ။ ပစ္စုပ္ပန်အာရုံကျသော အခိုက်အခိုက်ကိုသာ ရှုမှတ်၍နေရ၏။ အကယ်၍ အတိတ်, အနာဂတ် အာရုံသို့ကျရောက်ခဲ့ပြန်သော် ၎င်းအာရုံတို့ကို သိမှုမနောဝိညာဏ်ဇောသည် ပစ္စုပ္ပန်ဖြစ်၍ (သိတယ်) ဟုမနောဒွါရက သတိအမှတ်ပြုရမည်။

သိတယ်လို့မှတ်တော့-သိသောခဏ။

(၆) နှလုံးကလေးကြည်လင်,သဘောကလေးထင်, မနောဝိညာဏ်ကလေးသိ, ဖဿကလေးတွေ့, ဝေဒနာကလေး ခံစား-ဤ ၅ - ပါး ပေါင်းဆုံမိတာကို သိတယ်လို့ဆို။

သိသောခဏ နှလုံးကြည်တာ–သဘောသင်တာက – ရုပ်၊ သိတာ၊ ထွေ့တာ–ခံစားတာက–နာမ် – ဤရုပ်, နာမ်က သိတာဘဲ။ သိ–သိတယ်မှတ်တာက–ဝိပဿနာဉာဏ်ဘဲ။ ။

(၆) ဝိပဿနာဝင်, သူတော်စင်, အပေါင်းတို့ စိတ်ဖြင့် သဘောကိုသိသောခဏ သိ, သိတယ်မှတ်လို့ဆိုရာ၌ သဘောထင်သောခဏ မနောဒွါရကြည်ခြင်းသည် စိတ်ကြည်သောခဏမည်၏။ စိတ်ကြည်သောခဏ မှော်ရုံထင်ခြင်းသည်သဘောထင်သောခဏမည်၏။စိတ်ကြည်သောခဏ,သဘောထင်သောခဏ သဘောကိုသိသော မနောဝိညာဏ်သည် သိသောခဏမည်၏။ဤသို့ဒွါရ,အာရုံ, ဝိညာဏ် သုံးပါးဆုံသောခဏ၌ ဒွါရ, အာရုံ,ဝိညာဏ်–သုံးပါးအပေါင်းကို တပေါင်းတည်း တပြိုင်နက် သိ,သိတယ်ဟု ဝိပဿနာဖြင့် သိမှတ်ပိုင်းခြားအပ်သောကြောင့် စိတ်သဘောသိခြင်းသည် သိသည်မည်၏။မနောဒွါရ၌ရှေ့ဝိထိဖြင့် သိသည်ကို နောက်ဝိပဿနာ စိတ်ဖြင့် သိတယ် ဟုအမှတ်ပြုခြင်းသည် သိတယ်မှတ်သည်မည်၏။ထို့ကြောင့် စိတ်ဖြင့်သဘောခဏ သိ,သိတယ်မှတ်ဟုဆိုခဲ့၏။

သတိ ဟိ ဓာရဏာတိ နိဒ္ဒိဋ္ဌာ၊ ဓာရဏာစ္စေတ္ထ သလ္လက္ခဏံ။
ပညာ ပဝိစယောတိ နိဒ္ဒိဋ္ဌော၊ ပဝိစယောစေတ္ထ နိဋ္ဌာယော။ ။

( ဝိသုဒ္ဓိမဂ်မဟာဋီကာ။ )

ဟိ၊ မထင်ရှားသည်ကို ထင်ရှားအောင် ပြဦးအံ့။ သတိ၊ သတိကို။ ဧတ္ထ၊ ဤဝိပဿနာအရာ၌။ ဓာရဏာတိ၊ အမှတ်ဟူ၍။ နိဒ္ဒိဋ္ဌာ၊ ညွှန်ကြား ပြောဆိုအပ်၏။ သတိယာစ၊ သတိဖြင့်လည်း။ ဓါရဏံ၊ မှတ်ခြင်း။ သလ္လက္ခဏံ၊ ကောင်းစွာမှတ်ခြင်း။ ပညာ၊ ပညာကို။ ဧတ္ထ၊ ဤဝိပဿနာအရာ၌။ ပဝိစယော၊ အဆုံးအဖြတ်ဟူ၍။ နိဒ္ဒိဋ္ဌော၊ ညွှန်ကြားပြောဆိုအပ်၏။ ပညာယစ၊ ပညာဖြင့်လည်း။ ပဝိစယော၊ ဆုံးဖြတ်ခြင်း။ နိဋ္ဌာယော၊ ဆုံးဖြတ်ခြင်း။ ။

ဝိပဿနာဝင်, သူတော်စင် – အပေါင်းတို့ အထက်ပါစကားများ၏ အဓိပ္ပါယ်ကို သင်တို့၏ သဘောတို့၌ မိမိ,ရရ သက်ဝင်သော ဉာဏ်ပေါ်ပါကုန်၏လော့။ သက်ဝင်သောဉာဏ်ပေါ်ခဲ့ပါကုန်လျှင် ဤမှတ်သားသည်ဆိုသော ဝိပဿနာသည် ပညာသိလော့၊ သို့မဟုတ် သညာသိလော့၊ ပညာသိမှန်း သင်တို့သိလျက်သားနှင့် အဘယ်ကြောင့် မြင်ဆဲ, ကြားဆဲ, နံဆဲ,

စားဆဲ, ထိဆဲ, သိဆဲ-တို့၌ သိမှတ်ပိုင်းခြားခြင်း ဝိပဿနာ့လုပ်ငန်းကို သင့်တို့အဘယ်ကြောင့် မလုပ်ဘဲနေကြကုန်သနည်း။

ဝိပဿနာဝင်, သူတော်စင်-အပေါင်းတို့ သင်တို့ ဝိပဿနာလုပ်ငန်းကို မလုပ်နိုင်ခြင်း အကြောင်းရင်းကား-အသူနည်း၊ အသင်တို့၏ နား, အနား၌ နေ့ရောညပါ အိုးမကွာ,အိမ်မကွာ အမြဲကပ်၍နေသော သင်တို့၏ ဒုတိယ။ ဝါ၊ ၂-ကြိမ်မြောက်သော စိတ်ကလေး မဟုတ်ပါလော။ ထို သင်တို့၏ ၂-ကြိမ်မြောက် ဖြစ်ပေါ်လာသော စိတ်ဖျက်ကလေးသည် ပဌမ တရားအားထုတ်လိုသော သင်တို့၏ စိတ်ကောင်းကလေးကို သူကဟုတ်မှ ဟုတ်ပါမလား၊ မင်းတို့စဉ်းစားအုံး တနေ့ကျ မဟုတ်လျှင် ရှက်စရာကြီးဖြစ်နေလိမ့်မယ်၊ မင်းတို့များ သူများပြောတိုင်းယုံတာဘဲ၊ တယ်ခက်တာကိုဟူသော ညီးသံကလေးနှင့် ဒုတိယ စိတ်ချက် အဖျက်ကောင်ကလေးသည် သင်တို့၏ နိဗ္ဗာန်ရောက်ရန်လမ်းစကို ပိတ်ပင်ဆည်းတားထားသည်မဟုတ်ပါလော။ ။

တိက္ကံ့ သင်္ဂဟ ဖသောာအရ နှလုံးအကြည်ရုပ်, သဘောရုပ်, မနောဝိညာဏ်-၃ပါးတို့၏ ပေါင်းဆုံမှု, တွေ့မှု-ဖဿနာမ်ဖြစ်ပေါ်လာသော် (တွေ့တယ်)ဟု မနော္ဒါရက သတိအမှတ်ပြုရမည်။

ဖဿပစ္စယာ ဝေဒနာအရ နှလုံးသဘော မနောဝိညာဏ် - ၃ပါးတို့၏ ပေါင်းဆုံမှု,တွေ့မှုဖဿကြောင့် ချမ်းသာကို ခံစားသော် (ချမ်းသာကို ခံစားတယ်)ဟူ၍၎င်း, ဆင်းရဲကို ခံစားသော် (ဆင်းရဲကို ခံစားတယ်) ဟူ၍၎င်း, အလယ်အလတ်ကို ခံစားသော် အလယ်အလတ်ကို(ခံစားတယ်)ဟူ၍၎င်း- မနောဒွါရက သတိအမှတ်ပြုရမည်။

ထို့ကြောင့်။ ။မနောဝိညာဏံ ဇာနံ ပဿံ ယထာဘူတံ။မနောသမ္ဖဿံ ဇာနံ ပဿံ ယထာဘူတံ။ ယမ္ပိဒံ မနောသမ္ဖဿပစ္စယာ ဥပ္ပဇ္ဇတိ ဝေဒယိတံ သုခံ ဝါ ဒုက္ခံ ဝါ အဒုက္ခမသုခံ ဝါ၊ တမ္ပိ ဇာနံ ပဿံ ယထာဘူတံ မနသ္မိံ န သာရဇ္ဇတိ၊ ဓမ္မေသု န သာရဇ္ဇတိ၊ မနောဝိညာဏေ န သာရဇ္ဇတိ၊ မနောသမ္ဖဿေ န သာရဇ္ဇတိ၊ ယမ္ပိဒံ မနောသမ္ဖဿပစ္စယာ ဥပ္ပဇ္ဇတိ ဝေဒယိတံ သုခံ ဝါ ဒုက္ခံ ဝါ အဒုက္ခမသုခံ ဝါ၊ တသ္မိံပိ န သာရဇ္ဇတိ။ပ။သော ကာယိကံပိ ဒုက္ခံ စေတသိကံပိ သုခံ ပဋိသံဝေဒေတိ။ ။

(ဥပရိပဏ္ဏာသ-မဟာသဠာယတနသုတ်)

မနောဝိညာဏံ၊ သိမှုပရမတ်သဘောနာမ်ကို။ ယထာဘူတံ၊သိမှုဖြစ်ခိုက်ဟုတ်မှန်စွာ။ ဇာနံ–ဇနေန္တော၊ သည်။ ပဿံ – ပဿန္တော၊ သည်။ မနောသမ္ဖဿံ၊ နှလုံးဖြင့် သဘောဓမ္မာရုံတွေ့မှု-ပရမတ်သဘောနာမ်ကို။ ယထာဘူတံ၊ နှလုံးဖြင့် သဘောဓမ္မာရုံတွေ့မှုဖြစ်ခိုက်ဟုတ်မှန်စွာ။ ဇာနံ–ဇာနန္တော၊ သည်။ပဿံ-ပဿန္တော၊ သည်။ မနောသမ္ဖဿပစ္စယာ၊နှလုံးဖြင့် သဘောဓမ္မာရုံတွေ့ခြင်းကြောင့်။ သုခံဝါ၊ သော။ ဒုက္ခံဝါ၊ သော၊ အဒုက္ခမသုခံဝါ၊ သော။ယမ္ပိဒံဝေဒယိတံ၊ အကြင်ခံစားမှုသဘောသည်။ ဥပ္ပဇ္ဇတိ၊ ၏။ တမ္ပိ၊ ကိုလည်း။ ယထာဘူတံ၊ နှလုံးဖြင့် သဘောဓမ္မာရုံတွေ့ခြင်းကြောင့် ခံစားမှုဖြစ်ခိုက် ဟုတ်မှန်စွာ။ ဇာနံ – ဇာနန္တော၊ သည်။ပဿံ-ပဿန္တော၊သည်။ မနသ္မိံ၊နှလုံးအကြည်ရုပ်၌။နသာရဇ္ဇတိ၊မက်။ဓမ္မေသု၊သဘောဓမ္မာရုံရုပ်တို့၌။ နသာရဇ္ဇတိ၊ မက်။ မနောဝိညာဏေ၊ သိမှုနာမ်၌။ နသာရဇ္ဇတိ၊မက်။မနောသမ္ဖဿေ၊ နှလုံးဖြင့် သဘောဓမ္မာရုံတွေ့မှုဖဿနာမ်၌။ နသာရဇ္ဇတိ၊ မက်။ မနောသမ္ဖဿပစ္စယာ၊ နှလုံးဖြင့် သဘောဓမ္မာရုံတွေ့ခြင်းကြောင့်။ သုခံဝါ၊ သော။ဒုက္ခံဝါ၊သော။အဒုက္ခမသုခံဝါ၊ သော။ ယမ္ပိဒံ ဝေဒယိတံ၊ သည်။ ဥပ္ပဇ္ဇတိ၊ ၏။တသ္မိံပိ၊၌လည်း။နသာရဇ္ဇတိ၊မက်။ပ။သော၊သည်။ ကာယိကံ သုခံပိ၊ ကိုရင်း။စေတောသုခံပိ၊ ကိုရင်း။ ပဋိသံဝေဒေတိ၊ ခံစားစံစား၍သာ အေးမြစွာ နေရလေတော့ သတည်း။ ။

မနောဝိညာဏ်၌။ ။မနောဝိညာဏေန ထပေတွာ ဒွေပဉ္စ ဝိညာဏာနိ တေသံ ဗာဝီသတိဝိဓံ လောကိယဝိပါကစိတ္တံ။ ဥပရိပဏ္ဏာသအဋ္ဌကထာ။

မနောဝိညာဏေန၊ မနောဝိညာဏ်တရားသည်။ဒွေပဉ္စဝိညာဏာနိ၊ ဒွေပဉ္စဝိညာဏ် ၁၀တို့ကို။ထပေတွာ၊ချန်ထား၍။ တေသံ၊ ထိုဝိပါက်ဝိညာဏ်တို့၏။ လောကိယဝိပါကစိတ္တံ၊ လောကီဝိပါက်စိတ်ကို။ ဗာဝီသတိဝိဓံ ၂၂–ပါးအပြားရှိ၏ဟူ၍။ကထိတံ၊ဟောတော်မူအပ်၏။ ။ဟုအဋ္ဌကထာ၌ဆိုတော်မူသောကြောင့် သမ္ပဋိစ္ဆိုင်း– ၂၊ သန္တီရဏ–၃၊ မဟာဝိပါက်စိတ်–၈၊ ရူပါဝစရဝိပါက်စိတ်–၅၊ အရူပါဝစရဝိပါက်စိတ် – ၄–ခုအားဖြင့် လောကီဝိပါက်စိတ် ၂၂-ခုကို မနောဝိညာဏ်ဟု ကောက်ယူအပ်၏။ ထိုတွင် အကုသလဝိပါက် ဥပေက္ခာသန္တီရဏစိတ်မနောဝိညာဏ်သည် ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသုရကာယ်,ဟုဆိုအပ်သော ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်တို့၏ ဥပပတ္တိဘဝဟုဆိုအပ်သော ပဋိသန္ဓေစိတ်,ဘဝင်စိတ်,စုတိစိတ်,မနောဝိညာဏ်မည်၏။ ။

အဟိတ်ကုသလဝိပါက် - ဥပေက္ခာသန္တီရဏစိတ်မနောဝိညာဏ်သည် လူပြည်, စတုမဟာရာဇ်နတ်ပြည်, သုဂတိအဟိတ်ပုဂ္ဂိုလ်တို့၏ ဥပပတ္တိဘဝဟု ဆိုအပ်သော ပဋိသန္ဓေစိတ်, ဘဝင်စိတ်, စုတိစိတ် - မနောဝိညာဏ်မည်၏။

သဟိတ်ကုသလဝိပါက်စိတ် - မနောဝိညာဏ်သည် လူပြည်, နတ်ပြည် ၆-ထပ်ဟုဆိုအပ်သော ဒွိဟိတ်ပုဂ္ဂိုလ်, တိဟိတ်ပုဂ္ဂိုလ်တို့၏ ဥပပတ္တိဘဝဟုဆိုအပ်သော သဟိတ်ကာမ ဝိပါက်စိတ် -၈- ခုတို့တွင် ဉာဏဝိပ္ပယုတ်ဝိပါက်စိတ် ၄-ခုတို့သည် ဒွိဟိတ်ပုဂ္ဂိုလ်တို့၏ ပဋိသန္ဓေစိတ်, ဘဝင်စိတ်, စုတိစိတ်-မနောဝိညာဏ်မည်၏။

ဉာဏ သမ္ပယုတ်ဝိပါက်စိတ် ၄- ခုတို့သည် တိဟိတ်ပုဂ္ဂိုလ်တို့၏ ပဋိသန္ဓေစိတ်, ဘဝင်စိတ်, စုတိစိတ်-မနောဝိညာဏ်မည်၏။

အသညသတ်ဘုံကို ချန်ထား၍ ရူပါဝစရ -၁၅- ဘုံတို့၌ အသီးအသီး၊ ပဥ္စမဈာန်ဝိပါက်–စသော ရူပါဝစရဝိပါက် ၅-ခုတို့သည် ဘုံစဉ်အတိုင်း သူ့ဘုံနှင့် သူ့ဝိပါက်စိတ်တို့သည် ရူပါဝစရဗြဟ္မာတို့၏ ဥပပတ္တိဘဝဟု ဆိုအပ်သော ပဋိသန္ဓေစိတ်, ဘဝင်စိတ်, စုတိစိတ်-မနောဝိညာဏ်မည်၏။

အရူပါဝစရဝိပါက်စိတ် ၄-ခုတို့သည် ဘုံစဉ်အတိုင်း သူ့ဘုံနှင့် သူ့ဝိပါက်စိတ်သည် အရူပါဝစရဗြဟ္မာတို့၏ ဥပပတ္တိဘဝဟု ဆိုအပ်သော ပဋိသန္ဓေစိတ်, ဘဝင်စိတ်, စုတိစိတ်-မနောဝိညာဏ်မည်၏။

(၆) သိတယ်လို့မှတ်တော့–သိခသာခဏ။

ဘုံ ၃-ပါး၌ ဖြစ်ကြကုန်သော သတ္တဝါတို့၏ နှလုံးအကြည်ကိုမှီ၍ ဖြစ်ကြသော ပဋိသန္ဓေစိတ်,ဘဝင်စိတ်, စုတိစိတ်တို့သည် မြစ်ရေအယဉ်ကဲ့သို့ ၎င်း, ဆီမီးအလျှံ ကဲ့သို့၎င်း တလျှပ်လျှပ် ဖြစ်၍ တလျှပ်လျှပ်ပျက်နေကြကုန်သည်ဖြစ်၍ တစုံ တခုသော သဘောအာရုံ ဓမ္မာရုံကို အာရုံပြု၍ သိခြင်းသဘောမျှသာဖြစ်သော မနောဝိညာဏ်,ဘဝင်စိတ်တို့သည် ဥပါဒ်,ဋ္ဌီ,ဘင်-အားဖြင့်လည်း ခဏခဏဖြစ်၍ခဏခဏပျက်ခြင်းသဘောမျှသာရှိကုန်၏။ထို့ကြောင့် လူ,နတ်,ဗြဟ္မာ,ပုဂ္ဂိုလ်,သတ္တဝါ, ငါ, သူတပါး,ယောကျ်ား,မိန်းမ-ဟူသောအတ္တမရှိ။ အနတ္တသဘောသက်သက်သာရှိကြောင်းကို ထင်အောင် သဘောအာရုံကိုသိသောအခိုက်(သိတယ်)ဟု သတိအမှတ်ပြုရမည်။

ဝိညာဏ် ၆–ပါးစစ်တမ်းအဓိပ္ပါယ်ပြီးပြီ။

(၆) ထိတယ်လို့မှတ်တော့-ထိသောခဏ။

မနောသမ္မဿ၌ သိသောအခိုက်နှလုံးအကြည်–ပဥ္စပ္ပသာဒအဆင်း-စသော အာရုံ-၅ပါးကိုချန်ထား၍ ဘုံ-၃ပါး၌ရှိသော အဆင်း-စသောသဘောအာရုံ- သိသောမနောဝိညာဏ် – ၃ပါးတို့၏ ပေါင်းဆုံစည်းဝေးရာ၌ ထိမှုသဘော မနောသမ္မဿဖြစ်ပေါ်၍ လာသည်ကို ဤထိမှုသဘော မနောသမ္မဿဖြစ် ပေါ်လာခြင်းသည် ထိမှုသဘောသက်သက်သာရှိ၏။ ဥပါဒ်, ဋ္ဌီ,ဘင်-အား ဖြင့်လည်း ခဏခဏဖြစ်၍ ခဏခဏပျက်ခြင်းသဘောမျှသာရှိ၏။ထို့ကြောင့် လူ,နတ်,ဗြဟ္မာ,ပုဂ္ဂိုလ်,သတ္တဝါ, ငါ,သူတပါး,ယောကျ်ား, မိန်းမ–ဟူသော အတ္တမရှိ။အနတ္တသဘောသက်သက်သာရှိကြောင်းကို ထင်အောင် သိသော အခိုက် ထိမှုသဘောရှိသော မနောသမ္မဿဖြစ်ပေါ်လာသည်ကို(ထိတယ်) ဟု သတိအမှတ်ပြုရမည်။ ။စက္ခုသမ္မဿ-နည်းတူ။

ဖဿ–၆–ပါးစဉ်တမ်းအဓိပ္ပါယ်ပြီးပြီ။

(၆) ခံစားတယ်လို့ မှတ်တော့–ခံစားသောခဏ။

မနောသမ္မဿဇာဝေဒနာ၌ နှလုံးအကြည်ရုပ်,ပဥ္စာရုံကိုချန်ထား၍ ဘုံ-၃ပါး၌ အဆင်း–စသော အာရုံ – မနောဝိပါက် – ဘဝင်စိတ်–၃ပါးတို့၏ စည်းဝေးပေါင်းဆုံမှုကြောင့်ဖြစ်သော ထိမှုသဘောရှိသော ဖဿကြောင့် သုခ, ဒုက္ခ,ဥပေက္ခာဝေဒနာ ၃-ပါးတို့တွင် မိမိနှင့်ဆိုင်ရာဝေဒနာတခုခု ဖြစ်ပေါ် လာသည်။ ဤတခုခုသော ဝေဒနာသည် ချမ်းသာမှုသဘော, ဆင်းရဲမှုသ ဘော,အလယ်အလတ်ခံစားမှုသဘော–သက်သက်သာရှိ၏။ ဥပါဒ် ဋ္ဌီ,ဘင်– အားဖြင့်လည်းခဏခဏဖြစ်၍ခဏခဏပျက်ခြင်းသဘောရှိ၏။ထို့ကြောင့်လူ, နတ်,ဗြဟ္မာ,ပုဂ္ဂိုလ်,သတ္တဝါ,ငါ,သူတပါး,ယောကျ်ား,မိန်းမ ဟူသောအတ္တ မရှိ။ အနတ္တသဘော သက်သက်သာ ရှိကြောင်းကို ထင်အောင် ဆင်းရဲမှုသဘောဖြစ်သောအခိုက်(ဆင်းရဲတယ်)ဟူ၍၎င်း,ချမ်းသာမှုသဘောဖြစ်သော အခိုက်(ချမ်းသာတယ်)ဟူ၍၎င်း,အလယ်အလတ်ခံစားမှု ဖြစ်သော အခိုက် အလယ်အလတ်(ခံစားတယ်)ဟူ၍၎င်းသတိအမှတ်ပြုရမည်။

ဝေဒနာ–၆–ပါးစဉ်တမ်းအဓိပ္ပါယ်ပြီးပြီ။

ဤကား-မနောဒွါရ၌ မနောဝိညာဏ်,မနောသမ္ဘဿ, မနောသမ္ဘဿဇာ ဝေဒနာ-နာမ် (၃) ပါးတို့ကို နာမပရိဂ္ဂဟဉာဏ်ဖြင့် သိမ်းဆည်းပုံအကျဉ်း တည်း။

ရူပပရိဂ္ဂဟဉာဏ်၌ ပြဆိုအပ်ခဲ့ပြီးသော နည်းဖြင့် ရုပ်ကို သိမ်းဆည်း၍ နာမ်ကိုသိမ်းဆည်းသော ယောဂီပုဂ္ဂိုလ်အား သိမ်မွေ့လှ၍ နာမ်မထင်နိုင် သည်ဖြစ်အံ့။ ယခုအခါ ငါသည် ကမ္မဋ္ဌာန်းကို အားမထုတ်လို တော်ပြီ,တန် ပြီဟု ဝီရိယကိုမလျှော့ဘဲ မိမိတို့ရှုမှတ်ရင်းဖြစ်သော ရုပ်ကိုသာ အဖန်တ လဲလဲအားခဲ၍ နှလုံးမပြဲ၊ မှတ်ရှုပွါးများ အားထုတ်သည်ရှိသော် ရုပ်သည် အလွန်သန့်ရှင်းရှင်ကြယ်စွာထင်၍ လာလိမ့်မည်။ ထိုအခါ မာမှုစသောရုပ် အာရုံနှင့်တွေ့သောဖဿနာမ်သော်၎င်း၊ သို့မဟုတ် မာမှု-စသောရုပ်အာရုံကို သိသောဝိညာဏ်နာမ်သော်၎င်း၊ သို့မဟုတ် မာမှု-စသောရုပ်အာရုံကို ခံစား သော ဝေဒနာနာမ်သော်၎င်း၊ သူ့အလိုလိုသာထင်၍ လာလိမ့်မည်။

မှတ်ချက်။ ။ရုပ်ကို ရှုမှတ်၍ နေသော ယောဂီပုဂ္ဂိုလ်အား ဖဿ,ဝေ ဒနာ,ဝိညာဏ်-ဤ-၃ပါးသော နာမ်ထင်နိုင်၏။ ။ဤသို့ နာမ်ထင်ခြင်း အခြင်း အရာ-၃ပါးတို့တွင် —

ရုပ်အာရုံနှင့်တွေ့မှု - ဖဿနာမ် ထင်သော ယောဂီပုဂ္ဂိုလ်အား ဖဿနှင့် ယှဉ်သော ဝေဒနာ, သညာ, စေတနာ, ဝိညာဏ်နာမ်တို့ မထင်နိုင်။

ဝေဒနာနာမ်ထင်သော ယောဂီပုဂ္ဂိုလ်အား ဝေဒနာနှင့်ယှဉ်သော သညာ,စေတနာ, ဝိညာဏ်-ဖဿနာမ်တို့မထင်နိုင်။

ဝိညာဏ်နာမ်ထင်သော ယောဂီပုဂ္ဂိုလ်အား ဝိညာဏ်နှင့် ယှဉ် သော ဖဿ,ဝေဒနာ,သညာ,စေတနာ-နာမ်တို့မထင်နိုင်။

မထင်နိုင်သော်လည်း ဝေဒနာသည် ဝေဒနာက္ခန္ဓာ, သညာသည် သညာက္ခန္ဓာ, ဖဿစေတနာသည် သင်္ခါရက္ခန္ဓာ, ဝိညာဏ်သည် ဝိညာ ဏက္ခန္ဓာ - ဤ၅ပါးတို့သည် ဖြစ်အတူ, ပျက်အတူ အာရုံတူ မှီရာတူဖြစ်၍ စတုက္ခန္ဓာတရတည်းဖြစ်သောကြောင့် သဘောအားဖြင့် ပါဝင်၍ နေကြ၏။

ဣတိ ရူပက္ခန္ဓော ရူပံ၊စတ္တာရောအရူပိနော ခန္ဓာ နာမန္တိ။
ဧဝမေကော ပဉ္စက္ခန္ဓ၊-ဝသေန နာမရူပံ ဝဝတ္ထပေတိ။ ။

( ဝိသုဒ္ဓိမဂ်အဋ္ဌကထာ )

ဟုယခင် ရူပပရိဂ္ဂဟဉာဏ်အခဏ်းက ပြခဲ့သော အဋ္ဌကထာ၌၊ (၈၁) ပါးသော ဝေဒနာ-စသော စေတသိက်တို့သည် နာမ်ဟုဆိုရာ ဘုံ-၃ပါး၌ ဖြစ်သမျှ ရုပ်နာမ်ကို သိမ်းကျုံး၍ ပြဆိုအပ်သော စကားဖြစ်သည်။

ကမ္မဋ္ဌာန်းရှုမှတ်ရာ၌ ရှုမှတ်သောယောဂီပုဂ္ဂိုလ်၏ အဇ္ဈတ္တခြောက်ဒွါရ ခန္ဓာဘုံ၌ ကျရောက်ဆဲ ပစ္စုပ္ပန်ရုပ်နာမ်ကိုသာ ၎င်းရုပ်နာမ်တို့၏ သဘာဝ လက္ခဏာဖြစ်ပေါ်လာသည့်အတိုင်း ရှုမှတ်အပ်၏။ အဘယ့်ကြောင့်ရှုမှတ် ဟူသောစကားကို အသုံးပြုနိုင်ပါသလဲ။ ။နာမရူပံ၊နာမ်ရုပ်ကို။ဝဝတ္ထပေတွာ၊ သတိဖြင့်မှတ်သားပိုင်းခြား၏ ဟူသောအဋ္ဌကထာစကားကိုရှု၍ မှတ်ရှုဟူ သောစကားကို အသုံးပြုနိုင်ပါသည်။

ဤသို့ပြဆိုအပ်ခဲ့ပြီးသော နည်းလမ်းအတိုင်း ရှုမှတ်၍နေသော ယောဂီ ပုဂ္ဂိုလ်သည် မိမိ၏အဇ္ဈတ္တခြောက်ဒွါရ၌ ကျရောက်သမျှ ရုပ်နာမ်သင်္ခါရ တို့ကို—

## " ဥပမာ "

သန်လျက်ဖြင့် အုတ်ကို ဘွင့်သကဲ့သို့ရင်း၊ သန်လျက်ဖြင့် ထန်းဘူးအရုံ ကိုခွဲးသကဲ့သို့ရင်း ဤကား နာမ်၊ဤကား ရုပ်ဟု ရုပ်,နာမ် ၂-ပါးကို ပိုင်းခြား ၍သိ၏။ထိုအခါ ရုပ်နာမ် ၂-ပါးသည် ပရမတ္ထသဘာဝမျှသာရှိ၏။ လူ,နတ်, ဗြဟ္မာ, ပုဂ္ဂိုလ်, သတ္တဝါ, ငါ, သူတပါး, ယောကျ်ား, မိန်းမ – သည်လည်း ပညတ်သဘောမျှသာရှိ၏ဟူ၍ ပညတ်နှင့် ပရမတ် ၂-ပါးကိုလည်း ပိုင်း ခြား၍သိ၏။ ဤသို့ ရုပ်နာမ်ပရမတ်တို့ကို ဟုတ်မှန်စွာသော သဘောလက္ခ ဏာအတိုင်း ပိုင်းခြား၍ သိမြင်သောဉာဏ်ကို နာမရူပပရိဂ္ဂဟဉာဏ်ဟူ၍ သိအပ်၏။ ဒိဋ္ဌိ, ဝိစိကိစ္ဆာမှ စင်ကြယ်သောကြောင့် ဒိဋ္ဌိဝိသုဒ္ဓိဟူ၍လည်း သိအပ်၏။

## " ဝိသုဒ္ဓိ ၇ ပါးနှင့် ဉာဏ် ၁၀ ပါးတွဲးပြပုံ "

သတိပဋ္ဌာန်ဒေသနာတော် လာရှိသည့်အတိုင်း ပညတ်ပယ်ခွါ၍ ရုပ်နာမ် ဓမ္မ အစစ်ကိုသာ ဝိပဿနာသို့ တင်လျက် ရှုမှတ် ပွါးများသော ယောဂီ ပုဂ္ဂိုလ်အား ဝိသုဒ္ဓိ ၇-ပါးစခန်းအတိုင်း ဉာဏ်စဉ်တက်၍ အထက်မဂ်သို့ တိုင် ရောက်နိုင်သောကြောင့် အကျဉ်းချုပ်အားဖြင့် သိနားလည်ရန် အတွက် ညွှန်ပြပါအံ့။

၁-သီလဝိသုဒ္ဓိ, ၂-စိတ္တဝိသုဒ္ဓိ, ၃-ဒိဋ္ဌိဝိသုဒ္ဓိ, ၄ - ကင်္ခါဝိတရဏဝိသုဒ္ဓိ, စခန်းတို့၌ ရုပ်နာမ်တရားတို့ကို အနိစ္စ, ဒုက္ခ, အနတ္တ – ဟု မသုံးသပ်ရသေးသောကြောင့် သမ္မသနဉာဏ်မဖြစ်သေး။

ထင်ရှားစေဦးအံ့။ ။ ၁ – သီလဝိသုဒ္ဓိ၌ သီလကိုသာ စင်ကြယ်အောင် အားထုတ်ခဲ့ရ၏။ ၂ စိတ္တဝိသုဒ္ဓိ၌ စိတ်စင်ကြယ်အောင် (သမာဓိရအောင်) အားထုတ်ခဲ့ရ၏။ ၃–ဒိဋ္ဌိဝိသုဒ္ဓိ၌ ရုပ်နာမ်တရားတို့ကို ပိုင်းခြား၍ သိခဲ့ရ၏။ (နာမရူပပရိစ္ဆေဒဉာဏ်ဟုခေါ်စမှတ်ပြု၏။) ၄–ကင်္ခါဝိတရဏဝိသုဒ္ဓိ၌ ရုပ်နာမ်တို့၏ အကြောင်းသမုဒယကိုသာ ရှာဖွေသိမ်းဆည်းခဲ့၏။ (ပစ္စယပရိဂ္ဂဟဉာဏ်ဟုခေါ်စမှတ်ပြု၏။ ) ထိုနောက်၌ကား မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိဖြစ်ဘို့ရာ အကြောင်းနှင့်တကွ ပိုင်းခြား၍ သိရပြီးသော တေဘူမကသင်္ခါရရုပ်,နာမ်တို့ကို လက္ခဏာယဉ် ၃–ပါးသို့တင်၍ သမ္မသနဉာဏ်ဖြင့် သုံးသပ်ရတော့သည်။

မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိစခန်း၌–
သမ္မသနဉာဏ်နှင့်ဥဒယဗ္ဗယဉာဏ်ရှေ့ပိုင်းတစိတ်ဖြစ်၏။

ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိစခန်း၌ ဥဒယဗ္ဗယဉာဏ် နောက်ပိုင်းတစိတ်နှင့်ဘင်ဉာဏ်, ဘယဉာဏ်, အာဒီနဝဉာဏ်, နိဗ္ဗိဒါဉာဏ်, မုဉ္စိတုကမျတာဉာဏ်,ပဋိသင်္ခါဉာဏ်,သင်္ခါရုပေက္ခာဉာဏ်,အနုလောမဉာဏ်-တို့ဖြစ်ကုန်၏။

ဉာဏဒဿနဝိသုဒ္ဓိစခန်း၌ နိဗ္ဗာန်ကို အာရုံပြုရကား သင်္ခါရတရား၌ အနိစ္စ, ဒုက္ခ, အနတ္တ–ဟု မရှုသောကြောင့် ဝိပဿနာဉာဏ်မလိုတော့ပြီ။ ။

**ဆောင်ပုဒ်။ ။** (၁) သီ-စိတ်-ဒိဋ္ဌိ-ကင်, ဤလေးအင် ဉာဏ်စဉ်မဆိုင်သင့်။
(၂) မဂ္ဂါမဂ္ဂ၊စခန်းကျချွင်၊ သမ္မသန ဉာဏ်အစနှင့်။
ဥဒယဗ္ဗံ။ရှေ့ပိုင်းဉာဏ်၊အမှန်ပါသဖြင့်။ ။
(၃) ပဋိပဒ စခန် ကျသော်၊ဥဒယလိုင်း နောက်တပိုင်းမှ။
စ၍နုလုံ၊တိုင်အောင်ရှို၊ဉာဏ်ကုန်-၉ပါးဆင့်။ ။

နာမရူပပရိစ္ဆေဒဉာဏ်ကိုပြဆိုကြောင်းဖြစ်သော
ဒိဋ္ဌိဝိသုဒ္ဓိအခန်းပြီးပြီ။

## " ကန်္ခါဝိတရဏဝိသုဒ္ဓိ–ပစ္စယပရိဂ္ဂဟဉာဏ်အခန်း "

နာမ်,ရုပ်ဟူသည်ကား-အကျိုးတည်း။ ထို အကျိုးဖြစ်သော နာမ်,ရုပ်၏ သာလျှင် အကြောင်းပစ္စည်းကို သိမ်းဆည်းခြင်းကြောင့် အတိတ်, အနာဂတ်, ပစ္စုပ္ပန်-ကာလ ၃-ပါးတို့၌ ၁၆-ပါးသောယုံမှားခြင်းကို ချန်ကျော် လွှတ်မြောက်၍ တည်သောဉာဏ်သည် ကင်္ခါဝိတရဏဝိသုဒ္ဓိမည်၏။ ထို ကင်္ခါဝိတရဏဝိသုဒ္ဓိမည်သော ပစ္စယ ပရိဂ္ဂဟဉာဏ်ကို ဖြိုးစေလိုသော ယောဂီပုဂ္ဂိုလ်သည် ဘုရားရှင် ကိုယ်တော်တိုင် ဟောကြားတော်မူအပ် သော(၆)ဒွါရ။

အကျိုးရုပ္ပသဏ္ဌာနဝိပါက်ခန္ဓာ ၅-ပါးတို့ကို အားထုတ်ရာ၏။ ၎င်း ၅-ပါးတို့ကား—

မြင်တယ်လို့မှတ်တော့ – မြင်သောခဏ။
မြင်တာက–................................ ရူပက္ခန္ဓာ။
မြင်လို့ကောင်းတာ,မကောင်းတာက - ဝေဒနာက္ခန္ဓာ။
မြင်တယ်မှတ်တာက– ....................သညာက္ခန္ဓာ။
မြင်ဘို့ရာအားထုတ်တာက–...........သင်္ခါရက္ခန္ဓာ။
မြင်တာကို သိတာက– ................ ဝိညာဏက္ခန္ဓာ။

(၁) စက္ခုဒွါရ၌ မျက်စိနှင့်အဆင်းရုပ်တို့သည် ရူပက္ခန္ဓာ။
(၂) အဆင်းအာရုံတို့ကို လျစ်လျူခံစားမှုဥပေက္ခာဝေဒနာသည် ဝေဒနာက္ခန္ဓာ။
(၃) အဆင်းဟုမှတ်ထင်မှုသညာသည် သညာက္ခန္ဓာ။
(၄) အဆင်းအာရုံတို့နှင့်တွေ့မှု-ဖဿ၊ အဆင်းသို့ညွတ်၍ အားထုတ်မှု စေတနာ-စသည်တို့သည် သင်္ခါရက္ခန္ဓာ။
(၅) အဆင်းအာရုံတို့ကို မြင်မှုစက္ခုဝိညာဏ်သည် ဝိညာဏက္ခန္ဓာ။

## ( စက္ခုဒွါရ၌ ဖဿပဉ္စမကတရား )

ရုပ္ပြယသံဝရသီလသိက္ခာ,သတိပဋ္ဌာန်,သမထ, အဓိစိတ္တသိက္ခာ။ ဤ အကျိုးခန္ဓာ ၅-ပါး တို့သည် မြင်ဆဲပစ္စုပ္ပန်အခိုက် ( မြင်တယ် ) ဟု သတိ အမှတ်ပြု၊ ရှေ့မြင်တဲ့ခန္ဓာ ၅-ပါးက သမထအာရုံတရား၊ သတိအမှတ်က သမထအာရမ္မဏိကတရား။

## ( ရှေ့ခန္ဓာ၏ ဝိပဿနာအဓိပညာသိက္ခာ။ )

ရှေ့မြင်သောခန္ဓာ၏ မမြဲ, ဆင်းရဲ, အစိုးမရတာက ဝိပဿနာအာရုံတရား၊ မမြဲ, ဆင်းရဲ, အစိုးမရသည်ကို သိသောစိတ်တခုက ဝိပဿနာဉာဏ်အာရမ္မဏိကတရား။

## ( နောက်သင်္ခါရ၏ ဝိပဿနာအဓိပညာသိက္ခာ )

နောက် မှတ်သောသင်္ခါရ၏ မမြဲ, ဆင်းရဲ, အစိုးမရတာက - ဝိပဿနာအာရုံတရား၊ မမြဲ,ဆင်းရဲ,အစိုးမရသည်ကို သိသောစိတ်တခုက ဝိပဿနာဉာဏ်အာရမ္မဏိကတရား။

ကြားတယ်လို့မှတ်တော့ – ကြားသောခဏ။

ကြားတာက .............................ရူပက္ခန္ဓာ။
ကြားလို့ကောင်းတာ,မကောင်းတာက...ဝေဒနာက္ခန္ဓာ။
ကြားတယ်မှတ်တာက ..................... သညာက္ခန္ဓာ။
ကြားဖို့ရာအားထုတ်တာက............. သင်္ခါရက္ခန္ဓာ။
ကြားတာကိုသိတာက .....................ဝိညာဏက္ခန္ဓာ။

(၁) သောတဒွါရ၌ နားနှင့်အသံရုပ်တို့သည် ရူပက္ခန္ဓာ။

(၂) အသံအာရုံတို့ကို လျှပ်လျူခံစားမှု ဥပေက္ခာ ဝေဒနာသည် ဝေဒနာက္ခန္ဓာ။

(၃) အသံဟုမှတ်ထင်မှုသညာသည် သညာက္ခန္ဓာ။

(၄) အသံအာရုံတို့နှင့် တွေ့မှု - ဖဿ၊ အသံသို့ညွတ်၍ အားထုတ်မှု – စေတနာ – စသည်တို့သည် သင်္ခါရက္ခန္ဓာ။

(၅) အသံအာရုံတို့ကို ကြားမှု-သောတဝိညာဏ်သည် ဝိညာဏက္ခန္ဓာ။

## (သောတဒွါရ၌ ဖဿပဥ္စမကတရား။ )

ရှုပ္ပဋိယသံဝရသီလသိက္ခာ, သတိပဋ္ဌာန်, သမထ, အဓိစိတ္တသိက္ခာ ၏ အကျိုးခန္ဓာ ၅ - ပါးတို့သည် ကြားဆဲ ပစ္စုပ္ပန်အခိုက် (ကြားတယ်) ဟု သတိအမှတ်ပြု၍ ရှေ့ကြားတဲ့ခန္ဓာ ၅-ပါးက သမထအာရုံတရား။ သတိအမှတ်က - သမထအာရမ္မဏိကတရား။

## ( ရှေ့ခန္ဓာ၏ဝိပဿနာအဝိဇ္ဇာသင်္ခါရ )

ရှေးကြားသောခန္ဓာ၏ မမြဲ, ဆင်းရဲ, အစိုးမရတာက ဝိပဿနာအာရုံ တရား၊ မမြဲ, ဆင်းရဲ, အစိုးမရသည်ကို သိသောစိတ်တခုက ဝိပဿနာ ဉာဏ်အာရမ္မဏိကတရား။

## ( နောက်သတိ၏ဝိပဿနာအဝိဇ္ဇာသင်္ခါရ )

နောက်မှတ်သောသတိ၏ မမြဲ, ဆင်းရဲ, အစိုးမရ တာက ဝိပဿနာ အာရုံတရား၊ မမြဲ, ဆင်းရဲ,အစိုးမရသည်ကို သိသောစိတ်တခုက ဝိပဿ နာ အာရမ္မဏိကတရား။

နံတယ်လို့မှတ်တော့–နံသောခဏ။

နံတာက ................................ ရူပက္ခန္ဓာ။

နံလို့ကောင်းတာ,မကောင်းတာက– ဝေဒနာက္ခန္ဓာ။

နံတယ်မှတ်တာက ... ......... ....သညာက္ခန္ဓာ။

နံတို့ရာအားထုတ်တာက ............ သင်္ခါရက္ခန္ဓာ။

နံတာကိုသိတာက.........................ဝိညာဏက္ခန္ဓာ

(၁) ဃာနပ္ပသာဒ နှာခေါင်းနှင့် အနံ့ရုပ်တို့သည် ရူပက္ခန္ဓာ။
(၂) အနံ့အာရုံတို့ကို လျှပ်လျူခံစားမှု – ဥပေက္ခာဝေဒနာသည် ဝေဒ နာက္ခန္ဓာ။
(၃) အနံ့ဟုမှတ်ထင်မှုသည် သညာက္ခန္ဓာ။
(၄) အနံ့အာရုံတို့နှင့်တွေ့မှု ဖဿ, အနံ့သို့ညွတ်၍အားထုတ်မှု–စေတ နာ စသည်တို့သည် သင်္ခါရက္ခန္ဓာ။
(၅) အနံ့အာရုံတို့ကို နံမှုဃာနဝိညာဏ်သည် ဝိညာဏက္ခန္ဓာ။

## ( ဃာနဒွါရ၌ ဖဿပဉ္စမကတရား )

ဣန္ဒြိယသံဝရသီလသိက္ခာ, သတိပဋ္ဌာန်, သမထ, အဓိစိတ္တသိက္ခာ ဤအ ကျိုးခန္ဓာ–၅ပါးတို့သည် နံဆဲပစ္စုပ္ပန်အခိုက်(နံတယ်)ဟု သတိအမှတ်ပြု။ရှေ့ နံတဲ့ခန္ဓာ–၅ပါးက သမထအာရုံတရား၊ သတိအမှတ်က သမထအာရမ္မဏိ ကတရား။

## ( ရှေ့ခန္ဓာ၏ဝိပဿနာအဝိပဉ္စာသိက္ခာ။ )

ရှေ့နှံသောခန္ဓာ၏ မမြဲ,ဆင်းရဲ,အစိုးမရတာက ဝိပဿနာအာရုံတရား၊ မမြဲ,ဆင်းရဲ, အစိုးမရသည်ကို သိသောစိတ်တခုက ဝိပဿနာဉာဏ်အာ ရမ္မဏိကတရား။

## ( နောက်သတိ၏ဝိပဿနာအဝိပဉ္စာသိက္ခာ။ )

နောက်မှတ်သောသတိ၏ မမြဲ,ဆင်းရဲ,အစိုးမရတာက ဝိပဿနာအာရုံ တရား။မမြဲ, ဆင်းရဲ, အစိုးမရသည်ကို သိသောစိတ်တခုက ဝိပဿနာအာ ရမ္မဏိကတရား။

စားတယ်လို့မှတ်တော့- စားသောခဏ။
စားတာက- ........................ရူပက္ခန္ဓာ။
စားလို့ကောင်းတာ,မကောင်းတာက- ဝေဒနာက္ခန္ဓာ။
စားတယ်မှတ်တာက - ..................သညာက္ခန္ဓာ။
စားဖို့ရာအားထုတ်တာက- ..................သင်္ခါရက္ခန္ဓာ။
စားတာကိုသိတာက-..............................ဝိညာဏက္ခန္ဓာ။

(၁) ဇိဝှါနှါရန္ဒ လျှာနှင့်အရသာရုပ်တို့သည် ရူပက္ခန္ဓာ။
(၂) အရသာအာရုံတို့ကို လျှပ်လျူခံစားမှု ဥပေက္ခာဝေဒနာသည် ဝေ ဒနာက္ခန္ဓာ။
(၃) အရသာဟု မှတ်ထင်မှုသညာသည် သညာက္ခန္ဓာ။
(၄) အရသာအာရုံတို့နှင့်တွေ့မှု ဖဿ၊ အရသာသို့ညွတ်၍အားထုတ်မှု စေတနာစသည်တို့သည် သင်္ခါရက္ခန္ဓာ။
(၅) အရသာအာရုံတို့ကို စားမှု လျက်မှု ဇိဝှါ ဝိညာဏ်သည် ဝိညာ ဏက္ခန္ဓာ။

## (ဇိဝှါဒွါရနဲ့ ဖဿပဉ္စမကတရား။)

ရူပ္ပြိယသံဝရသီလသိက္ခာ, သတိပဋ္ဌာန်,သမထ,အဓိစိတ္တသိက္ခာ။ ။၅၊ အကျိုးခန္ဓာ - ၅ပါးတို့သည် စားဆဲပစ္စုပ္ပန်အခိုက် (စားတယ်)ဟု သတိအ မှတ်ပြု။ ရှေ့စားတဲ့ခန္ဓာ-၅ပါးက သမထအာရုံတရား၊ သတိအမှတ်က သ မထအာရမ္မဏိကတရား။

## ( ရှေ့ခန္ဓာ၏ဝိပဿနာအဓိပ္ပာယ်ကျဉ်း )

ရှေ့စားသော ခန္ဓာ၏ မမြဲ,ဆင်းရဲ, အစိုးမရတာက ဝိပဿနာအာရုံ တရား၊ မမြဲ,ဆင်းရဲ, အစိုးမရသည်ကိုသိသော စိတ်တခုက ဝိပဿနာ ဉာဏ်အာရမ္မဏိက တရား။

## ( နောက်သည၏ဝိပဿနာအဓိပ္ပာယ်ကျဉ်း )

နောက်မှတ်သောသတိ၏ မမြဲ, ဆင်းရဲ, အစိုးမရတာက ဝိပဿနာ အာရုံတရား၊ မမြဲ, ဆင်ရဲ, အစိုးမရသည်ကို သိသောစိတ်တခုက ဝိပဿ နာအာရမ္မဏိကတရား။

ထိတယ်လို့မှတ်တော့-ထိသောခဏ။
ထိတာက- ........................ရူပက္ခန္ဓာ။
ထိလို့ကောင်းတာ,မကောင်းတာက-ဝေဒနာက္ခန္ဓာ။
ထိတယ်မှတ်တာက- ....................သညာက္ခန္ဓာ။
ထိဘို့ရာအားထုတ်တာက- .... ....သင်္ခါရက္ခန္ဓာ၊
ထိတာကိုသိတာက-............... ဝိညာဏက္ခန္ဓာ။

(၁) ကာယဒွါရ၌ ကိုယ်အကြည်ရုပ်နှင့် မာမှု,နူးညံ့မှု,ပူမှု,အေးမှု,လှုပ်မှု, ရွေ့မှု, ထောက်ကန် တောင့်တင်းမှု-ဟုဆိုအပ်သော အတွေ့ရုပ် တို့သည်ရူပက္ခန္ဓာ။

(၂) နူးညံ့မှု-စသော နှစ်သက်ဘွယ်ဣဋ္ဌာရုံအတွေ့တို့ကို ချမ်းသာစွာ ခံစားမှုဟု ဆိုအပ်သော ကိုယ်၌ ဖြစ်သော သုခဝေဒနာသည့်ငင်း, ကြမ်းထမ်းမှု-စသောမနှစ်သက်ဘွယ်အနိဋ္ဌာရုံအတွေ့တို့ကို ဆင်း ရဲစွာ ခံစားမှုဟု ဆိုအပ်သော ကိုယ်၌ဖြစ်သော ဒုက္ခဝေဒနာသည် ငင်း-ဝေဒနာက္ခန္ဓာ။

(၃) အတွေ့အားရုံဟုမှတ်ထင်မှုသညာသည် သညာက္ခန္ဓာ။

(၄) အတွေ့အာရုံတို့နှင့် တွေ့မှု-ဖဿ၊ အတွေ့အာရုံသို့ ညွတ်၍ အား ထုတ်မှုစေတနာ-စသည်တို့သည် သင်္ခါရက္ခန္ဓာ။

(၅) အတွေ့အာရုံတို့ကို ထိမှုကာယဝိညာဏ်သည် ဝိညာဏက္ခန္ဓာ။

( ကာယဒွါရ၌ ဖဿပဥ္စမကတရား )

ဇီဝိတိန္ဒြိယသံဝရသီလသိက္ခာ, သတိပဋ္ဌာန်, သမထ, အဓိစိတ္တသိက္ခာ ၏ အကျိုးခန္ဓာ ၅-ပါးတို့သည် ထိဆဲးပစ္စုပ္ပန်အခိုက် ( ထိတယ် ) ဟု သတိအမှတ်ပြု။ ရှေ့ထိတဲ့ခန္ဓာ ၅-ပါးက=သမထအာရုံတရား၊ သတိအမှတ်က-သမထအာရမ္မဏိကတရား။

( ရှေ့ခန္ဓာ၏ဝိပဿနာအဓိပညာသိက္ခာ )

ရှေ့ထိသော ခန္ဓာ၏ မမြဲ, ဆင်းရဲ, အစိုးမရတာက ဝိပဿနာအာရုံတရား။မမြဲ, ဆင်းရဲ, အစိုးမရသည်ကို သိသော စိတ်တခုက ဝိပဿနာဉာဏ်အာရမ္မဏိကတရား။

( နောက်သတိ၏ဝိပဿနာအဓိပညာသိက္ခာ )

နောက်မှတ်သော သတိ၏ မမြဲ, ဆင်းရဲ, အစိုးမရတာက ဝိပဿနာအာရုံတရား၊ မမြဲ, ဆင်းရဲ, အစိုးမရသည်ကိုသိသောစိတ်တခုက-ဝိပဿနာအာရမ္မဏိကတရား။

သိတယ်လို့မှတ်တော့ — သိသောခဏ။
သိတာက- ........................................ရူပက္ခန္ဓာ။
သိလို့ကောင်းတာ,မကောင်းတာက- ဝေဒနာက္ခန္ဓာ။
သိတယ်မှတ်တာက- ..........................သညာက္ခန္ဓာ။
သိဘို့ရာအားထုတ်တာက-...........သင်္ခါရက္ခန္ဓာ။
သိတာက- .................................. ဝိညာဏက္ခန္ဓာ။

(၁) မနောဒွါရ၌ နှလုံးရုပ်နှင့်သဘောဓမ္မာရုံတို့သည် ရူပက္ခန္ဓာ။
(၂) နှစ်သက်ဘွယ်သော သဘောဓမ္မာရုံတို့ကို ချမ်းသာစွာ ခံစားမှုသုခဝေဒနာသည်၎င်း, မနှစ်သက် ဘွယ်သော သဘောဓမ္မာရုံတို့ကို ဆင်းရဲစွာ ခံစားမှုဒုက္ခဝေဒနာသည်၎င်း, အလယ်အလတ် ဖြစ်သော သဘောဓမ္မာရုံတို့ကို ဆင်းရဲ,ချမ်းသာမဟူ လျစ်လျူခံစားမှု ဥပေက္ခာဝေဒနာသည်၎င်း ဝေဒနာက္ခန္ဓာ။
(၃) ငါးဒွါရပစ္စုပ္ပန်ပဥ္စာရုံကို ချန်လှပ်၍ ရွှေ,ငွေ-စသော တခုခုသော သဘောဓမ္မာရုံတို့ကို ရွှေ, ငွေ - စသည်ဟု မှတ်သင်မှုသညာသည် သညာက္ခန္ဓာ။

(၄) ရွှေ့,ငွေ-စသောသဘောဓမ္မာရုံတို့နှင့်တွေ့မှု-ဖဿသဘောဓမ္မာရုံသို့ ညွတ်၏ဟု အားထုတ်မှုစေတနာ-စသည်တို့သည် သင်္ခါရက္ခန္ဓာ၊
(၅) ရွှေ့,ငွေ-စသောသဘောဓမ္မာရုံရုပ်တို့ကို သိမှုမနောဝိညာဏ်သည် ဝိညာဏက္ခန္ဓာ၊

( မနောဒွါရ၌ ဖဿပဥ္စမကတရား၊ )

ဇာန္တိယသံဝရသိလသိက္ခာ,သတိပဋ္ဌာန်,သမထ,အဓိစိတ္တသိက္ခာ၏အကျိုး ခန္ဓာ-၅-ပါးတို့သည် သိဆဲပစ္စုပ္ပန်အခိုက် (သိတယ်)ဟု သတိအမှတ်ပြု၍ ရှေ့သိတဲ့ခန္ဓာ-၅ပါးက- သမထအာရုံတရား၊ သတိအမှတ်က-သမထအာရမ္မဏိကတရား။

( ရှေ့ခန္ဓာ၏ဝိပဿနာအဓိပညာသိက္ခာ၊ )

ရှေ့သိသောခန္ဓာ၏ မမြဲ,ဆင်းရဲ,အစိုးမရတာက-ဝိပဿနာအာရုံတရား၊မမြဲ, ဆင်းရဲ, အစိုးမရသည်ကိုသိသောစိတ်တခုက ဝိပဿနာဉာဏ် အာရမ္မဏိကတရား။

( နောက်သတိ၏ဝိပဿနာအဓိပညာသိက္ခာ၊ )

နောက်မှတ်သော သတိ၏မမြဲ,ဆင်းရဲ,အစိုးမရတာက-ဝိပဿနာအာရုံတရား မမြဲ,ဆင်းရဲ,အစိုးမရသည်ကိုသိသောစိတ်တခုက ဝိပဿနာအာရမ္မဏိကတရား။

ဤပြဆိုအပ်ခဲ့ပြီးသော နည်းလမ်းအတိုင်း သတိအမှတ်ကို ပြု၍ နေသော ယောဂီသည် ခြောက်ဒွါရအကျိုး-နာမ်,ရုပ်-ဓမ္မသင်္ခါရအာရုံတို့၏ပစ္စုပ္ပန်အခိုက်အခိုက်၌ မှတ်တိုင်းမှတ်တိုင်း မမြဲ,ဆင်းရဲ,အစိုးမရမှုသဘောကိုရင်း, မှတ်သောသတိ၏ မှတ်တိုင်းမှတ်တိုင်း မမြဲ,ဆင်းရဲ,အစိုးမရမှုသဘောကိုရင်း,မြင်၍လာသော် လိမ္မာသောဆေးသမားသည်သူနာ၌ဖွဲ့ကပ်သောအနာကို မြင်၍ ထိုအနာ၏သိတ,ဥဏှ-အစရှိသောဖြစ်ကြောင်းကိုရှာမှီးသကဲ့သို့ မိမိ၏ ခြောက်ဒွါရ၌ ကျရောက်သော နာမ်,ရုပ်၏ ဖြစ်ကြောင်းသဘောကိုရှာမှီး၏။

" ထိုသို့ရှာမှီးသောယောဂီ၏ဉာဏ်ဝ၌ထင်လာပုံ "

ဤသို့ ယခုပစ္စုပ္ပန်ဘဝ၌ ဖြစ်ပေါ်လာကြသော ရုပ်အရ,နာမ်တရားတို့သည် ရှေးအတိတ်ဘဝက ပုဂ္ဂိုလ်,သတ္တဝါ,ငါ,သူတပါး,ယောကျ်ား,မိန်းမ-

စသည်မှတ်ထင်မှုအဝိဇ္ဇာ ပုဂ္ဂိုလ်,သတ္တဝါ,ငါ,သူတပါး,ယောက်ျား,မိန်းမ-အစရှိသော အာရုံတို့ကို ချစ်ခင်နှစ်သက်မှုဘာဏှာ အဆင်း,အသံ,အနံ့,အရသာ,အတွေ့အာရုံတို့ကို အပြင်းအထန်တပ်မက်စွဲလမ်းမှု-ကာမုပါဒါန်၊ မိမိနှင့်တကွ ပုဂ္ဂိုလ်,သတ္တဝါ,ငါ,သူတပါး,ယောက်ျား,မိန်းမ-စသော အာရုံတို့ကိုအစိုးပိုင်သော ငါ့ကိုယ်ဟု အတ္တအားဖြင့် အပြင်းအထန်စွဲလမ်း၍ ယူမှု ဒိဋ္ဌုပါဒါန်, မိမိနှင့်တကွ ပုဂ္ဂိုလ်, သတ္တဝါ, သူတပါး, ယောက်ျား, မိန်းမ-စသော အာရုံတို့ကို အစိုးပိုင်သောငါ့ကိုယ်ဟု အတ္တအားဖြင့် အပြင်းအထန်စွဲလမ်း၍ ယူမှု အတ္တဝါဒုပါဒါန်။

ခွေး,ဝက်,ကြွက်,ငှက်,ခြ,ပဝက်မှစ၍ လူ,နတ်,ဗြဟ္မာ,ပုထုဇ္ဇဉ်,သတ္တဝါအကုန်လုံးတို့၏ ကိုယ်စီကိုယ်ငှ အသီးအသီးရကြသော မိမိတို့၏ ဘဝကို အပြင်းအထန် တပ်မက်စွဲလမ်းမှု - ဘဝုပါဒါန်။ ။ **ဤဒွိနေတ္တိပါဠိတော်အရ ဘဝုပါဒါန်ဟုဆို၏** )။ ခွေး, နွားတို့၏ သွား,လာ,ရပ်,ထိုင်,အိပ်ခြင်း-စသောအမူအရာကဲ့သို့ ကျင့်သည်ရှိသော် ဘဝဆုံးထဲ့နိဗ္ဗာန်ကိုရ၏ဟု အပြင်းအထန်အကျင့်၌ စွဲလမ်း၍ ယူမှု သီလဗ္ဗတုပါဒါန်။

တနည်း ခွေးတို့သည် မိမိတို့စား၍ နေသော ခွက်တခုမှ တပါးသော ခွက်သို့ ရွှေ့ပြောင်း၍ စားရသော် ကောင်းသည်ဟု ထင်မှတ်သကဲ့သို့ရင်း, နွားတို့သည် မိမိတို့စားကျက်တခုမှ တပါးသော စားကျက်သို့ရွှေ့ပြောင်း၍ စားရသော် ကောင်းသည်ဟု ထင်မှတ်သကဲ့သို့ရင်း, ပုထုဇ္ဇဉ်သတ္တဝါတို့သည် မိမိတို့ရသော ယခုမျက်မှောက်ဘဝထက် နတ်တို့၏ စည်းစိမ်ချမ်းသာ, ဗြဟ္မာတို့၏ စည်းစိမ် ချမ်းသာက သာလွန်၍ မွန်မြတ်သည် ဟု ထင်မှတ်၍ နတ်ဘဝ,ဗြဟ္မာဘဝတို့ကို ရလို,ရောက်လို၍ ဒါနသီလ,သမထဘာဝနာတို့ကို ကျင့်သုံးကြသဖြင့် အပြင်းအထန်အကျင့်၌ စွဲလမ်း၍ ယူမှု သီလဗ္ဗတုပါဒါန်။

( ဤဒွိဝိဝင်္ဂဒါန, သီလ, သမထဘာဝနာတို့ကို အားမထုတ်သူကို သီလဗ္ဗတုပါဒါန်ဟုဆို၏။ ။အဘိဓမ္မာအဋ္ဌကထာဋီကာ တို့အလိုသီလဗ္ဗတုပါဒါန်ဟု ဆို၏။ )

ဤဥပါဒါန်—၄ပါးကို အရကောက်သော် နေတ္တိပါဠိတော်အလိုအားဖြင့် ကာမုပါဒါန်,ဘဝုပါဒါန်-၂ပါးကို လောဘတဏှာ၊ ဒိဋ္ဌုပါဒါန်, အတ္တဝါဒုပါဒါန်-၂ပါးကို အတ္တဒိဋ္ဌိ၊ အဘိဓမ္မာအဋ္ဌကထာဋီကာအလိုအားဖြင့် ကာမုပါ

ဒါန်–၁ပါးကို လောဘတဏှာ၊ ဒိဋ္ဌုပါဒါန်, သီလဗ္ဗတုပါဒါန်, အတ္တဝါဒုပါ ဒါန်–၃ပါးကို အတ္တဒိဋ္ဌိဟု အရကောက်သည်။ ဝါဒမပြား တသားတည်း ညီညွတ်ကြသည်။

အဘယ်ကြောင့်နည်း။ ယခုဘဝနှင့် နောင်ဘဝကို တပ်မက်မှုကို ဘဝုပါဒါန်ဟု ဆိုသောကြောင့်တည်း။

တနည်း။ ။ဤဥပါဒါန်-၄ပါး၊ ၂မျိုးလုံးပင် လောဘမူ သောမနဿသဟဂုတ် ဒိဋ္ဌိဂတ သမ္ပယုတ်စိတ်၌ ပါဝင်သော လောဘစေတသိက်, ဒိဋ္ဌိစေတသိက်တို့ဖြစ်သောကြောင့်တည်း။

ဤဆိုအပ်ခဲ့ပြီးသော အဝိဇ္ဇာ, ဘဝတဏှာ, ဥပါဒါန်တည်းဟူသော ကိလေသာဝဋ်ဖြစ်သောကြောင့် ၎င်းတို့နှင့်ယှဉ်သော စေတနာတည်းဟူသော ကမ္မဝဋ်ဖြစ်ပေါ်လာသည်။

ဤကိလေသဝဋ်, ကမ္မဝဋ်–၂ပါး၊ အဝိဇ္ဇာ,တဏှာ ဥပါဒါန်,ကံ-တည်းဟူသော - ၄ပါးသော တရားတို့သည် ယခုပဋိသန္ဓေဘဝ၊ ရုပ်, နာမ်တည်းဟူသော ဝိပါကဝဋ်တို့ကို ဖြစ်စေတတ်သောကြောင့် ဟေတု-အကြောင်း။

ထမင်း-စသော ကဗဠီကာရအာဟာရသည် ယခုပဋိသန္ဓေ ရုပ်တရား၏ အထောက်အပံ့ကို ဖြစ်စေတတ်သောကြောင့် ပစ္စယ-အကြောင်း ဤတရား–၅ပါးတို့သည် ယခုပဋိသန္ဓေရုပ်,နာမ်၏ အကြောင်းပစ္စည်းတို့မည်ကုန်၏။

{ ရူပဇ္ဈာန်၏ အကြောင်းကို သိမ်းဆည်းပုံ။ }

ထို–၅ပါးသော အကြောင်းတရားတို့တွင် အဝိဇ္ဇာ, တဏှာ, ဥပါဒါန်အကြောင်းတရား–၃ပါးတို့သည် အမိသည် သား၏မှီရာဖြစ်သကဲ့သို့ ဤနှလုံးအကြည် အစရှိသော ရုပ်၏မှီရာဖြစ်ကုန်၏။အဘသည် သားကိုဖြစ်စေတတ်သကဲ့သို့၊ စေတနာကံသည် ဤနှလုံးအကြည် အစရှိသောရုပ်ကို ဖြစ်စေတတ်သောဇနကအကြောင်းကြောင့်ဖြစ်၏။အထိန်းသည် သူငယ်ကို ချီပိုးသကဲ့သို့ ထမင်း-စသောကဗဠီကာရအာဟာရသည် ဤနှလုံးအကြည်–အစရှိသော ရုပ်ကို ထောက်ပံ့ တတ်သော ဥပတ္ထမ္ဘက အကြောင်း, ပစ္စယအကြောင်းကြောင့်ဖြစ်၏ဟုသိ၏။

ဤသို့မိမိ၏ နှလုံးအကြည်–အစရှိသော ရုပ်အပေါင်းအပုဒ်၏ အဝိဇ္ဇာ–အစရှိသော အကြောင်းကို သိမ်းဆည်းသော ယောဂီပုဂ္ဂိုလ်၏ ဉာဏ်ဝ၌ ထင်လာ၏။ ။

" စတုသမုဋ္ဌာနိကရုပ်၏ အကျဉ်းသိမ်းဆည်းပုံ "

(၁) မြင်တယ်လို့မှတ်တော့–မြင်သောခဏ။

(မြင်တယ်) ဟု သတိအမှတ်ကိုပြုသော ယောဂီပုဂ္ဂိုလ်၏ မြင်မှုစက္ခု ဝိညာဏ်စိတ်၏ မှီရာ မျက်စိအကြည် ကမ္မဇ ရုပ်သည် အတိတ် ဘဝက အဝိဇ္ဇာ, တဏှာ, ဉပါဒါန်, ကံ-ဖြစ်သောကြောင့် ယခုမျက်စိအကြည်ကမ္မဇ ရုပ်ဖြစ်၏ဟု သိ၏။

ကြားတယ်လို့မှတ်တော့–ကြားသောခဏ။

(ကြားတယ်)ဟု သတိအမှတ်ကိုပြုသော ယောဂီပုဂ္ဂိုလ်၏ ကြားမှုသော တဝိညာဏ်စိတ်၏မှီရာ နားအကြည် ကမ္မဇရုပ်သည် အတိတ်ဘဝက အဝိဇ္ဇာ, တဏှာ, ဉပါဒါန်, ကံ-ဖြစ်သောကြောင့် ယခုနားအကြည်ကမ္မဇရုပ်ဖြစ်၏ ဟုသိ၏။

နံတယ်လို့မှတ်တော့=နံသောခဏ။

(နံတယ်)ဟု သတိအမှတ်ကိုပြုသော ယောဂီပုဂ္ဂိုလ်၏ နံမှုဃာနဝိညာဏ် စိတ်၏ မှီရာ နှာခေါင်းအကြည် ကမ္မဇရုပ်သည် အတိတ်ဘဝက အဝိဇ္ဇာ, တဏှာ, ဉပါဒါန်, ကံ-ဖြစ်သောကြောင့် ယခုနှာခေါင်းအကြည်ကမ္မဇရုပ် ဖြစ်၏ဟုသိ၏။

စားတယ်လို့မှတ်တော့–စားသောခဏ။

(စားတယ်) ဟု သတိအမှတ်ကို ပြုသော ယောဂီပုဂ္ဂိုလ်၏ စားမှုဇိဝှါ ဝိညာဏ်စိတ်၏မှီရာ လျှာအကြည်ကမ္မဇရုပ်သည် အတိတ်ဘဝက အဝိဇ္ဇာ, တဏှာ, ဉပါဒါန်, ကံ-ဖြစ်သောကြောင့် ယခု လျှာအကြည်ကမ္မဇရုပ်ဖြစ်၏ ဟုသိ၏။

ထိတယ်လို့မှတ်တော့–ထိသောခဏ။

(ထိတယ်)ဟု သတိအမှတ်ကို ပြုသော ယောဂီပုဂ္ဂိုလ်၏ ထိမှုကာယ ဝိညာဏ်စိတ်၏မှီရာ ကိုယ်အကြည်ကမ္မဇရုပ်သည် အတိတ်ဘဝက အဝိဇ္ဇာ တဏှာ, ဉပါဒါန်, ကံ-ဖြစ်သောကြောင့် ယခု ကိုယ်အကြည်ကမ္မဇရုပ်ဖြစ်၏ ဟု သိ၏။

သိတယ်လို့မှတ်တော့–သိသောခဏ။

(သိတယ်)ဟု သတိအမှတ်ကို ပြုသော ယောဂီပုဂ္ဂိုလ်၏ သိမှုမနော ဝိညာဏ်စိတ်၏မှီရာ နှလုံးအကြည်ကမ္မဇရုပ်သည် အတိတ်ဘဝက အဝိဇ္ဇာ,

တဏှာ, ဥပါဒါန်, ကံ – ဖြစ်သောကြောင့် ယခုနှလုံးအကြည်ကမ္မဇရုပ်ဖြစ်၏ဟု သိ၏။

လောဘစိတ်, ဒေါသစိတ်, မောဟစိတ်, အလောဘစိတ်, အဒေါသစိတ်, အမောဟစိတ်–စသည်တို့ဖြစ်သောကြောင့် လှုပ်မှု, ရွေ့မှု – စသည်တို့ဖြစ်သောအခိုက် ( လှုပ်တယ်, ရွေ့တယ် )ဟု သတိအမှတ်ပြုသော ယောဂီပုဂ္ဂိုလ်၏ ဉာဏ်ဝယ် ၌လှုပ်မှု, ရွေ့မှု–သဘောသည် လောဘစိတ်စသည်တို့ကြောင့် စိတ္တဇရုပ်ဖြစ်၏ဟု သိ၏။

မိမိ၏ အဇ္ဈတ္တသန္တာန်၌ ပူမှု,အေးမှု-တခုခုဖြစ်သော အခိုက်(ပူတယ်)ဟူ၍ဎင်း, (အေးတယ်)ဟူ၍ဎင်း-သတိအမှတ်ပြုသောယောဂီပုဂ္ဂိုလ်၏ ဉာဏ်ဝယ် ၌ပူမှု,အေးမှုသဘောသည် အပူဥတု, အအေးဥတုတို့ကြောင့် ဥတုဇရုပ်ဖြစ်၏ဟုသိ၏။

စားသောက်အပ်သော အာဟာရတို့ကြောင့် ဝပြိုး,နုနယ်, ပျိုမျစ်မှုသဘောဖြစ်သောအခိုက် (ဝပြိုးတယ်) ဟူ၍ဎင်း, စားသောက်အပ်သော အာဟာရတို့ကို ပါစကဝမ်းမီးချက်သောကြောင့် မွတ်သိပ်ဆာလောင်မှု သဘောဖြစ်သောအခိုက် (မွတ်သိပ်တယ်) ဟူ၍ဎင်း – သတိအမှတ်ပြုသော ယောဂီပုဂ္ဂိုလ်၏ ဉာဏ်ဝယ် ၌ဝပြိုးမှု, မွတ်သိပ်မှု – သဘောသည် စားသောက်အပ်သော အာဟာရတို့ကြောင့် အာဟာရဇရုပ်ဖြစ်၏ဟုသိ၏။

ဤသို့ အကျဉ်းအားဖြင့် စတုသမုဋ္ဌာနိက ရုပ်ဖြစ်ကြောင်း သဘောကို သိမ်းဆည်းရာ၏။

### " နာမ်ဖြစ်ခြင်းအကြောင်းသိမ်းဆည်းပုံ။ "

မြင်တယ်လို့မှတ်တော့ – မြင်သောခဏ။

စက္ခုဒွါရ၌ မြင်သောအခိုက် (မြင်တယ်)ဟု သတိအမှတ်ပြုသော ယောဂီပုဂ္ဂိုလ်၏ဉာဏ်ဝယ် ၌ မြင်မှုစက္ခုဝိညာဏ်နာမ် သဘောသည် အတိတ်ဘဝက အဝိဇ္ဇာ,တဏှာ, ကံ–ကြောင့်ဎင်း, ယခုပစ္စုပ္ပန်မျက်စိအကြည်ရုပ်, အဆင်းရုပ်တို့တိုက်ဆိုင်မိသောကြောင့်ဎင်း-မြင်မှုဖြစ်၏ဟုသိ၏။

ကြားတယ်လို့မှတ်တော့–ကြားသောခဏ။

သောတဒွါရ၌ ကြားသောအခိုက် (ကြားတယ်)ဟု သတိအမှတ်ပြုသော ယောဂီပုဂ္ဂိုလ်၏ဉာဏ်ဝယ် ၌ကြားမှု သောတဝိညာဏ် နာမ်သဘောသည် အတိတ်ဘဝက အဝိဇ္ဇာ, တဏှာ,ကံ–ကြောင့်ဎင်း, ယခုပစ္စုပ္ပန်အကြည်ရုပ်, အသံရုပ်တို့ တိုက်ဆိုင်မိသောကြောင့်ဎင်း-ကြားမှုဖြစ်၏ဟု သိ၏။

နံတယ်လို့မှတ်တော့ - နံသောခဏာ။

ဃာနဒွါရ၌ နံသောအခိုက် (နံတယ်) ဟု သတိအမှတ်ပြုသော ယောဂီပုဂ္ဂိုလ်၏ဉာဏ်ဝ၌ ဤနံမှုဃာနဝိညာဏ်နာမ်သဘောသည် အတိတ်ဘဝက အဝိဇ္ဇာ, တဏှာ, ကံ-ကြောင်းရင်း, ယခုပစ္စုပ္ပန်နှာခေါင်းအကြည်ရုပ်, အနံ့ရုပ်တို့ တိုက်ဆိုင်မိသောကြောင့်ရင်း-နံမှုဖြစ်၏ဟု သိ၏။

စားတယ်လို့မှတ်တော့ – စားသောခဏာ။

ဇိဝှါဒွါရ၌၊ စားသောအခိုက်(စားတယ်)ဟု သတိအမှတ်ပြုသော ယောဂီပုဂ္ဂိုလ်၏ဉာဏ်ဝ၌ ဤစားမှု ဇိဝှါဝိညာဏ်နာမ်သဘောသည် အတိတ်ဘဝက အဝိဇ္ဇာ, တဏှာ, ကံ–ကြောင်းရင်း, ယခုပစ္စုပ္ပန်လျှာအကြည်ရုပ်, အရသာရုပ်တို့ တိုက်ဆိုင်မိသောကြောင့်ရင်း–စားမှုဖြစ်၏ဟု သိ၏။

ထိတယ်လို့မှတ်တော့ ထိသောခဏာ။

ကာယဒွါရ၌ ထိသောအခိုက် (ထိတယ်)ဟု သတိအမှတ်ပြုသောယောဂီပုဂ္ဂိုလ်၏ ဉာဏ်ဝ၌ ဤထိမှုကာယဝိညာဏ်နာမ်သဘောသည် အတိတ်ဘဝက အဝိဇ္ဇာ, တဏှာ, ကံ–ကြောင်းရင်း, ယခုပစ္စုပ္ပန်ကိုယ်အကြည်ရုပ်, အတွေ့ရုပ်တို့ တိုက်ဆိုင်မိသောကြောင့်ရင်း–ထိမှုဖြစ်၏ဟုသိ၏။

သိတယ်လို့မှတ်တော့–သိသောခဏာ။

မနောဒွါရ၌ သိသောအခိုက်(သိတယ်)ဟု သတိအမှတ်ကို ပြုသောယောဂီပုဂ္ဂိုလ်၏ ဉာဏ်ဝ၌ ဤသိမှု မနောဝိညာဏ်နာမ်သဘောသည် အတိတ်ဘဝက အဝိဇ္ဇာ, တဏှာ, ကံ–ကြောင်းရင်း, ယခုပစ္စုပ္ပန်ပဉ္စာရုံကိုချန်လှပ်၍ နှလုံးအကြည် ရုပ်, အဆင်း–အစရှိသော တရားသောသဘောရုပ်, ဓမ္မာရုံတို့ တိုက်ဆိုင်မိသောကြောင့်ရင်း–သိမှုဖြစ်၏ဟုသိ၏။

လောဘစိတ်ဖြစ်သောအခိုက် လောဘစိတ်ဖြစ်တယ်ဟု သတိအမှတ်ပြု၊ ဒေါသစိတ်ဖြစ်သောအခိုက် ဒေါသစိတ်ဖြစ်တယ်ဟု သတိအမှတ်ပြုပုဂ္ဂိုလ်, သတ္တဝါ, ငါ, သူတပါး, ယောကျ်ား, မိန်းမ–စသည်မှတ်ထင်သော မောဟစိတ်ဖြစ်သောအခိုက် မောဟစိတ်ဖြစ်တယ်ဟု သတိအမှတ်ပြုရမည်။

တရားသော ဒါနဝတ္ထုကို လှူဒါန်း, ပေးကမ်းစွန့်ကြဲလိုသော အလောဘစိတ်ဖြစ်သောအခိုက် အလောဘစိတ်ဖြစ်တယ်ဟု သတိအမှတ်ပြုရမည်။

အလုံးစုံသော သတ္တဝါဟူသမျှတို့၌ ကိုယ်,စိတ်နှစ်ဖြာ ချမ်းသာကြပါစေဟု အဒေါသမေတ္တာစိတ်ဖြစ်သောအခိုက် အဒေါသစိတ်ဖြစ်တယ်ဟု သ

တိအမှတ်ပြု၊ ဒါနကုသိုလ်စိတ်, သီလကုသိုလ်စိတ်,မေတ္တာ-စသော သမထကုသိုလ်စိတ်, ရုပ်,နာမ်တို့၏ မမြဲခြင်း – စသည်ကို သိသော အမောဟစိတ်ဖြစ်သောအခိုက် အမောဟစိတ်ဖြစ်တယ်ဟု သတိအမှတ်ပြု။

ဤသို့စသည်ဖြင့် ဘယ်စိတ်မဆို မိမိအဇ္ဈတ္တသန္တာန်ရုပ်ကိုမှီ၍ ဖြစ်ပေါ်သမျှစိတ်အမှုအရာတို့ကို ဖြစ်ပေါ်သည့်သဘောရင်းအတိုင်း သတိအမှတ်ပြု၍နေသော ယောဂီပုဂ္ဂိုလ်၏ဉာဏ်ဝဲ၌ ဤဖြစ်ပေါ်မှု-မနောဝိညာဏ်နာမ်သဘောသည် အတိတ်ဘဝက အဝိဇ္ဇာ,တဏှာ,ကံ-ကြောင့်ရင်း၊ နှလုံးအကြည်ရုပ်, အာရုံ–စသော တခုခုသော သဘောရုပ်တို့ တိုက်ဆိုင်မိသောကြောင့်ရင်းဖြစ်၏ဟု စိတ်၏အကြောင်းကို သိမ်းဆည်း၏။ ။ရင်းတခုခုသော စိတ်နှင့်ယှဉ်သောသုခ, ဒုက္ခ, ဥပေက္ခာဝေဒနာတို့၏ အဝိဇ္ဇာအကြောင်းတို့ကိုရင်းသညာ,စေတနာ-စသောစေတသိက်တို့၏ အဝိဇ္ဇာ–စသော အကြောင်းတို့ကိုရင်း–မနောဝိညာဏ်နှင့်နည်းတူသိမ်းဆည်းအပ်၏။

ဤသို့ ယခုပြဆိုအပ်ခဲ့ပြီးသည့် အတိုင်း ရုပ်,နာမ်တို့၏ အဝိဇ္ဇာ–စသော အကြောင်းကို ပိုင်းခြား၍ သိသောဉာဏ်သည် ပစ္စယပရိဂ္ဂဟဉာဏ်မည်၏။

ဤပြဆိုအပ်ခဲ့ပြီးသော နာမရူပပရိဂ္ဂဟဉာဏ်, ပစ္စယပရိဂ္ဂဟဉာဏ် နှစ်ပါးနှင့် ပြည့်စုံသော ယောဂီပုဂ္ဂိုလ်သည် မြတ်စွာဘုရားသာသနာတော်၌ ရအပ်သော သက်သာရာ,ထောက်တည်မှီခိုအားထားရာ ရှိသည်ဖြစ်၍ သေသည်မှ နောက်လူပြည်,နတ်ရွာသို့ လာရောက်ခြင်း–စသော မြဲသောဂတိရှိသည်ဖြစ်၍သောတာပန် အငယ်စားမည်၏။ ။ထို့ကြောင့် —

> ဣမိနာ ပန ဉာဏေန သမန္နာဂတော ဝိပဿကော ဗုဒ္ဓသာသနေ
> လဒ္ဓဿာသော လဒ္ဓပတိဋ္ဌော နိယတဂတိကော စူဠသောတာ
> ပန္နော နာမ ဟောတိ။ ။
> တသ္မာ ဘိက္ခု သဒါ သတော၊ နာမရူပဿ သဗ္ဗသော။
> ပစ္စယေ ပရိဂ္ဂဏှေယျ၊ ကင်္ခါဝိတရဏတ္ထိကော။ ။

( ဝိသုဒ္ဓိမဂ် အဋ္ဌကထာ )

ဣမိနာ ပန ဉာဏေန၊နာမရူပပရိဂ္ဂဟ,ပစ္စယပရိဂ္ဂဟ–ဤဉာဏ် - ၂ပါးနှင့်။ သမန္နာဂတော၊မဆုတ်မတက်,အသက်ဆုံးတိုင်-ပြည့်ပြီးလျှင်သော်၊ဝိပဿကော၊ဝိပဿနာမျက်စိဉာဏ်မြင်ရှိလတ်, ယောဂီမြတ်သည်။ ဗုဒ္ဓသာသနေ၊ မြတ်စွာဘုရား၏ဖွံ့ဘွယ်ရှစ်ဖြာ၊ဤသာသနာတော်၌၊ လဒ္ဓဿာသော၊အကျိုး

နာမ်, ရုပ်ကို ဟုတ်သောအတိုင်းသိကာ, အတ္တဒိဋ္ဌိကွာသဖြင့် ရအပ်သော သက်သာရာရှိသည်ဖြစ်၍ လက္ခဏပတိဋ္ဌော၊ နာမ်,ရုပ်၏အကြောင်းကို ကောင်း ကောင်းကြီးသိကာ, ကင်္ခါ - ၁၆ပါး ယုံမှားကင်းကွာသဖြင့် ရအပ်သော ထောက်တည်ရာရှိသည်ဖြစ်၍။ နိယ။ ဂတိကော၊ လူ့ပြည်,နတ်ရပ်, မြတ် သောဂတိ မြဲသောလားခြင်းရှိသည်ဖြစ်၍။ ရုဋ္ဌသောတာပန္နောနာမ၊ သော တာပန်ဖြစ်,ပုဂ္ဂိုလ်စစ်နှင့် စံနစ်ဘဝိတ် တူရိပ်ရှိသည်၏အဖြစ်ကြောင့် သော တာပန်ငယ်, သောတာပန် အထွေးမည်သည်။ ဟောတိ၊ ဒုက္ခခပ်သိမ်း, ဝဋ်ဇာတ်ငြိမ်းသို့ ကိန်းအခြေခံကန်အစစ် တကယ်ပင် ဖြစ်ရလေတော့သ တည်း။

**ဒိုက်ဘွဲ့နိုးချပ်၊** ။တသွာ၊ထိုသို့သက်သာရာရ,တည်ရာရဘိ,ဂတိမြဲ မှီ, ရုဋ္ဌမှန်သည့်၊ သောတာပန်မည်နိုင်သည်၏ အဖြစ်ကြောင့် ကင်္ခါဝိတရ ဏာထွိကော၊ ယုံမှားဘေးရန် ဆဲ့ခြောက်ဘန်ကို တွန်းလှန်ပယ်ရှားလိုသော။ ဘိက္ခု၊ သံသရာရေး ဘေးဟုသိတတ် ယောဂီမြတ်သည်။ သဒါ၊ နေ့ညဉ့် နာရီ,ပါဒ်,ဗီဇနာ,ပြန်ခရာမလပ် အခါခပ်သိမ်း။သတော၊ခဏတိုင်းလျှင် ထင် သောသတိ အမှတ်ပြုခြင်းရှိသည်ဖြစ်၍။သဗ္ဗသောနာမရူပဿ၊အကျိုးအဖြစ် ထင်ရှား အလုံးစုံသောနာမ်,ရုပ်တရား၏။ သပ္ပစ္စယဿ၊လက်သည် အ လား အလုံးစုံသောအကြောင်းတရားတို့ကို။ပရိဂ္ဂဏှေယျ၊ အမျိုးကောင်းဆဲ အားကုန်ခဲ၍ တပွဲ,တလမ်း လွှန်ကြိုးပမ်းလျက် စမ်းသပ်သိမ်းဆည်းသင့် လေတော့သတည်း။

ဤကား–ပစ္စယပရိဂ္ဂဟဉာဏ်အခဏ်းပြီးပြီ။
ကင်္ခါဝိတရဏာဝိသုဒ္ဓိအခဏ်းပြီး၏။

**( မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိသမ္မသနဉာဏ်အခဏ်း။ )**

ဤကား–မဂ်,ဤကား–မဂ်မဟုတ်၊ ဤသို့မဂ်ဟုတ်သည်, မဟုတ်သည်ကို သိ၍ တည်သောဉာဏ်သည် မဂ္ဂါ-မဂ္ဂဉာဏဒဿနဝိသုဒ္ဓိမည်၏။ ထိုမဂ္ဂါ မဂ္ဂဉာဏဒဿနဝိသုဒ္ဓိမည်သောဉာဏ်ကို ပြီးစေလိုသော ယောဂီပုဂ္ဂိုလ် သည် တဘက်ကမ်းရောက်သော ပစ္စယပရိဂ္ဂဟဉာဏ်ဖြင့် အနိစ္စ ဒုက္ခ, အ နတ္တ–ဟုရှုသောကာလ၊ သန္တတိဃနအရ, သမူဟဃနအရ, ကိစ္စဃနအရ, အာရမ္မဏဃနအရ, တခုတခုယခုယခုကိုယ်မှု, နှုတ်မှု, စိတ်မှု – အပြုအဖြစ်

အစီအရင်၊ ရှေးရှေးကိုယ်မှု, နှုတ်မှု, စိတ်မှု – အပြုအပြင်အစီအရင်၊ နောက်နောင်ကိုယ်မှု, နှုတ်မှု, စိတ်မှု–အပြုအပြင်အစီအရင်၊ ယခုဘဝအလျဉ် ဘဝင်အစဉ်၊ ရှေးဘဝအလျဉ် ဘဝင် အစဉ်၊ နောက်နောင်ဘဝအလျဉ်ဘဝင်အစဉ်၊ အကြောင်းနှင့်တကွ ဖြစ်သော ရုပ်နာမ်အစဉ်ကို တဘက်ကမ်းရောက်သော နာမရူပပရိစ္ဆေဒဉာဏ်ဖြင့် ဤကား–နာမ်, ဤကား–ရုပ် ဟု အမှတ်ပြုသော အလိုအားဖြင့် အရပ်လိုက်, အခဲလိုက်, အပေါင်းလိုက် သာဖြစ်၍ ဥပါဒ်, ဋ္ဌီ, ဘင်–အားဖြင့် သိတလက္ခဏာတင်တယ်မဆိုရ၊ သဘာဝလက္ခဏာမျှသာ ထင်သော တခုတခုအရုပဖြစ်သောရုပ်ကို တခုတခု အရုပဖြစ်သော ဝေဒနာကို, သညာကို, သင်္ခါရကို, ဝိညာဏ်ကို သာမညလက္ခဏာသို့တင်၍ ဥပါဒ်, ဋ္ဌီ, ဘင်–ယခုခဏအားဖြင့် မထင်သော်လည်း နောင်ထင်ရန် ခန္ဓာရုပ်,နာမ်သို့ သွင်းသော်လည်း။ အတွင်းဝင်မည်လည်းမဟုတ်တတ်၊ ခန္ဓာရုပ်,နာမ် လွတ်သော်လည်း မချွတ်လွတ်မည်လည်းမဟုတ်တတ်၊ တဏှာ ပညတ် ပရမတ် အစစ်မဟုတ်။ မဟုတ်သော်လည်း ပရမတ်သဘော ထင်အောင်ပြောလျှင်, ဟောလျှင် ဝေါဟာရ တွင်သော အခြင်းအရာကို ယူဆောင်၍ ဖြစ်သော အခြင်းအရာ၊ ပျက်သောအခြင်းအရာကို အနိစ္စဟု ဖြစ်ခြင်း,ပျက်ခြင်းဖြင့် နှိပ်စက်သောအခြင်းအရာကို ဒုက္ခဟုမဖြစ်မှီက မဖြစ်ပါစေလင့်ဟု တောင့်တ၍မရ၊ ပျက်သာပျက်ရအလိုမလိုက်သောအခြင်းအရာကို အနတ္တဟု ရှုနည်းစသည်ကိုပြသောဝိပဿနာနည်းဖြင့်အားထုတ်အပ်၏။

**အနိစ္စ**။ ၊မိမိ၏ ခြောက်ဒွါရ ခန္ဓာပဉ္စကဌ် ဥပါဒ်, ဋ္ဌီ,ဘင်–အစဉ်မပြတ် တလျှပ်လျှပ်ဖြစ်ပေါ်၍ နေကြသော ရုပ်, နာမ်တရား ၂–ပါးတို့၏ တခုပြီး, တခုဖြစ်ပေါ်မှုအစဉ်ကို ဖြစ်ပေါ်မှုအတိုင်းမှတ်သည်ရှိသော် မမြဲသောအနိစ္စလက္ခဏာသည် မပေါက်မပြန် ဟုတ်မှန်သောကိစ္စသဘောအတိုင်း ထင်မြင်၍ လာ၏။

ဤသို့ ရုပ်,နာမ်တရား ၂–ပါး၏ တခုပြီး,တခုဖြစ်ပေါ်မှုအစဉ်ကို သတိအမှတ်ဖြင့်သိမြင်သောယောဂီပုဂ္ဂိုလ်အား အစဉ်ခဲ သန္တတိဃန။ပျက်စီး၍ မမြဲသော အနိစ္စလက္ခဏာထင်သည်ဟု ဆိုရပေသည်။

ရူပဿ နိစ္စတ္တိယာ ဒိဋ္ဌာယ။
တဿ ဘင်္ဂေါ ဒိဋ္ဌောယေဝ ဟောတိ။

( ဝိသုဒ္ဓိမဂ်မဟာဋီကာ )

ရူပဿ၊ ရုပ်၏။ နိဗ္ဗတ္တိယာ၊ ဖြစ်ခြင်းကို။ ဒိဋ္ဌာယ၊ မြင်အပ်သည်ရှိသော်။ ဝါ၊ မြင်ခြင်းငှါ။ တဿ၊ ထိုရုပ်၏။ ဘင်္ဂေါပိ၊ ပျက်ခြင်းကိုလည်း။ ဒိဋ္ဌော ယေဝ၊ မြင်အပ်တော့သည်သာလျှင်။ ဟောတိ၊ ဖြစ်၏။

**ဒုက္ခ၊** ။သွားခြင်း – စသော ဣရိယာပုထ် ရုပ်,နာမ်တို့၏ အစဉ်မပြတ် အထပ်ထပ် ဥပါဒ်, ဌီ, ဘင်–တို့ဖြင့် နှိပ်စက်မှုသဘောကို မှတ်သော ယော ဂီပုဂ္ဂိုလ်၏ ဉာဏ်ဝယ် သိမြင်၍လာသည်ရှိသော် ဆင်းရဲသော ဒုက္ခလက္ခ ဏာသည် မဖေါက်မပြန် ဟုတ်မှန်သော သဘောကိစ္စအတိုင်း ထင်မြင်လာ တော့၏။ ။ဤသို့ ထင်မြင်သည်ကို ဣရိယာပုထ်ကို ပယ်ခွါ၍ ဒုက္ခလက္ခ ဏာထင်သည်ဟု ဆိုရပေသည်။ ။ထို့ကြောင့်—

ဒုက္ခတော မနသိကရောတော၊
ဘယတော သဏ္ဍာရာ ဥပဋ္ဌဟန္တိ။

( ပဋိသမ္ဘိဒါမဂ်ပါဠိတော်။ )

ဒုက္ခတော၊ ဆင်းရဲဟု။ မနသိကရောတော၊ နှလုံးသွင်းသော ယောဂီ ပုဂ္ဂိုလ်အား။ဘယတော၊ ဘေးဟု။သင်္ခါရာ၊ ရုပ်,နာမ်ခန္ဓာ–သင်္ခါရတို့သည်။ ဥပဋ္ဌဟန္တိ၊ ထင်လာကုန်၏။

**အနတ္တ၊** ။မိမိ၏ ခြောက်ဒွါရ ခန္ဓာပဥ္စကဌ် ပြဆိုအပ်ခဲ့ပြီးသည့်အတိုင်း သတိအမှတ်၍နေသော ယောဂီပုဂ္ဂိုလ်အား ကမ္မဇ, စိတ္တဇ, ဥတုဇ, အာဟာ ရဇ – ဟု ဆိုအပ်သော စတုသမုဋ္ဌာနိက – ကလာပ်တစည်း တစည်းတွင် မာမှု–စသော အထူးထူးသော ရုပ်ခတ်တို့ကိုရင်း, မြင်မှု – စသော စက္ခု ဝိညာဏ်ခတ်, ကြားမှုသဘော သောတဝိညာဏ်ဓာတ်, နံမှုသဘော ဃာန ဝိညာဏ်ဓာတ်, စားမှုသဘော ဇိဝှါဝိညာဏ်ဓာတ်, ထိမှုသဘော ကာယ ဝိညာဏ်ဓာတ်, သိမှုသဘောမနောဝိညာဏ်ဓာတ်–စသော အထူးထူးသော နာမ်ခတ်တို့ကိုရင်း၊ အသီးအသီး ခွဲခြားဝေဘန်၍ သိသောကြောင့် အတို, အရှည်၊ အနိမ့်,အမြင့်၊ လေးထောင့်, အဝိုင်း၊ အတုံး, အလုံး၊အစိုင်, အခဲ–ဟု ထင်မှတ်၍နေသော အပေါင်းအခဲ–သမူဟဃန-ကွဲပြို ပျက်စီး၍ ငါပိုင်အတ္တ၊ ဘာတခုမျှ၇ှာ၍ မရဘဲ အစိုးမရသော အနတ္တလက္ခဏာသည် ဟုတ်မှန် သော သဘောကိစ္စအတိုင်း ထင်မြင်လာတော့၏။

## "အနိစ္စ,ဒုက္ခ,အနတ္တ လက္ခဏာရေး ၃-တန်ကို သုံးသပ်ဆင်ခြင်ပုံ"

သွားဆဲ၌ ဘယ်ကလှမ်းလိုသောစိတ်ကို လှမ်းလိုသည် ထိုစိတ်ကြောင့် လှမ်းသောအခိုက် လှုပ်မှု, ရွေ့မှုသဘောကို (လှုပ်တယ်, ရွေ့တယ်)ဟုမှတ်။ ညာက လှမ်းလိုသောစိတ်ကို လှမ်းလိုသည်။ ထိုစိတ်ကြောင့် လှမ်းသောအခိုက် လှုပ်မှု, ရွေ့မှုသဘောကို(လှမ်းတယ်,ရွေ့တယ်)ဟုမှတ်။ လှမ်းလိုသောစိတ်သည်(လှမ်းတယ်)ဟုမှတ်သောစိတ်သို့ မပါသည်ကိုရင်း, (လှမ်းတယ်)ဟုမှတ်သောစိတ်သည် လှမ်းသောအခိုက် လှုပ်မှု,ရွေ့မှုသို့မပါသည်ကိုရင်း, သုံးသပ်ဆင်ခြင်မိလိမ့်မည်။ဤသို့ ဆင်ခြင်မိသောအခါ ဘယ်လှမ်းဆဲလှမ်းလိုသောစိတ်သည်(လှမ်းတယ်,ဟု မှတ်သောစိတ်သို့မပါ၊ မပါလို့မမြဲ၊ မမြဲလို့ အနိစ္စဟုအမှန်အတိုင်းထင်မြင်လာ၏။

လှမ်းတိုင်း,လှမ်းတိုင်း ချမ်းသာဟူ၍ မြဲမှုမရှိ၊ဆင်းရဲအတိသာရှိ၏။ဆင်းရဲလို့ဒုက္ခဟု ဟုတ်မှန်သောသဘောအတိုင်းထင်မြင်လာ၏။

လှမ်းတိုင်း,လှမ်းတိုင်း မမြဲတဲ့သဘော,ဆင်းရဲတဲ့သဘောကို မြဲအောင် ချမ်းသာအောင် ဘယ်သူမှ အစိုးမရ၊ အစိုးမရလို့ အနတ္တဟု ဟုတ်မှန်သောသဘောအတိုင်း ထင်မြင်လာ၏။

ရုပ်,နာမ်ကို သုံးသပ်တာက သမ္မသနဉာဏ်ဟုခေါ်သည်။ ဖြစ်ပြီးခိုက်က ဖြစ်ဆဲမဟုတ်၊ ဖြစ်ဆဲခိုက်က ဖြစ်လတ္တံ့မဟုတ်။ အတွင်းဖြစ်ခိုက်က အပဖြစ်မဟုတ်။အကြမ်းဖြစ်ခိုက်က အနုဖြစ်မဟုတ်။အယုတ်ဖြစ်ခိုက်က အမြတ်ဖြစ်မဟုတ်။ အဝေးဖြစ်ခိုက်က အနီးဖြစ်ခိုက်မဟုတ်။

ရုပ်တယ်, ထိုင်တယ်, ဖွိပ်တယ်-စသည်တို့နည်းတူ
ဤကား-သမ္မသနဉာဏ်အခဏ်းပြီးပြီ။

မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိအခဏ်းပြီး၏။

### ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ - ဥဒယဗ္ဗယဉာဏ်အခဏ်း။

မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိတဘက်ကမ်းသို့ရောက်သော ယောဂီပုဂ္ဂိုလ်သည် ပျက်သောခဏကို အာရုံမပြုသော်လည်း ပျက်သောသဘောသည် သချင်ဖြစ်တယ်ဟု ဖြစ်သောသဘောကို ဖြစ်သောခဏကိုအာရုံမပြုသော်

လည်း ဖြစ်သောသဘောသည်သာလျှင် ပျက်တယ်ဟု ပျက်သောသဘောကို ယခုလက်ရှိ မိမိအတွင်းသဘော၌ဖြစ်ပျက်တယ်ဟု ရှုသောစိတ်၏ မျက်မှောက်ပြုသော အခြင်းအရာအားဖြင့် ဖြစ်ပျက်တယ်ဟု ရှုသောဥဒယဗ္ဗယဉာဏ်နု၏ အဆုံး၊ သန္တတိပစ္စုပ္ပန်ကို လွန်၍ဖြစ်သော ခဏကို အာရုံပြု၍ ဖြစ်သောသဘောကို၊ ပျက်သောခဏကို အာရုံပြု၍ ပျက်သောသဘောကို ဖြစ်ပျက်တယ်ဟု ရှုသောစိတ်၏ အာရုံပြုသော အခြင်းအရာအားဖြင့် ဖြစ်ပျက်တယ်ဟု ရှုသောဥဒယဗ္ဗယဉာဏ်ရင့်၏ အစခဏပစ္စုပ္ပန်ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိဉာဏ်သို့ ကျရောက်၏။ ထိုပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိဉာဏ်ကို ပြီးစေလိုသော ယောဂီပုဂ္ဂိုလ်သည် ဒိဋ္ဌိဂါဟအမဂ္ဂေမဂ္ဂသညာဋ္ဌာန, မာနဂါဟ, အမဂ္ဂေမဂ္ဂသညာဋ္ဌာန, တဏှာဂါဟ, အမဂ္ဂေမဂ္ဂသညာဋ္ဌာန, ဝိပဿနုပက္ကိလေသာ အညစ်အကြေးမှကင်းလွတ်သော ဥဒယဗ္ဗယဉာဏ်, ဘင်္ဂဉာဏ်,ဘယဉာဏ်,အာဒီနဝဉာဏ်,နိဗ္ဗိဒါဉာဏ်,မုဉ္စိတုကမျတာဉာဏ်, ပဋိသင်္ခါဉာဏ်, သင်္ခါရုပေက္ခာဉာဏ်, အနုလောမဉာဏ်,(၉)ပါးတို့၌ အစဉ်သဖြင့် ကျင့်၍ အဆင့်ဆင့်ရောက်ခြင်း အကျိုးငှါ ဥဒယဗ္ဗယဉာဏ်ကိုသာ အစပြု၍ အားထုတ်အပ်၏။

လှမ်းဆဲ ရွှေ့မှု၏ ယခုအသစ်ဖြစ်ပေါ်မှုသည် ရုပ်၏-ဥဒယ။ ရွှေ့ပြီးအဆုံးပျက်မှုသည် ရုပ်၏-ဝယ။

ရွှေ့သောအခိုက် ရွှေ့မှုကို သိခြင်းသဘော၏ ယခုအသစ်ဖြစ်ပေါ်မှုသည် နာမ်၏-ဥဒယ။သိပြီးအဆုံးပျက်မှုသည် နာမ်၏-ဝယ။

ရွှေ့သောအခိုက် ရွှေ့မှုရုပ်ကို သိသောနာမ်ဖြစ်ပေါ်လို့သာ (ရွှေ့တယ်) ဟု သတိအမှတ်ကို ပြုနိုင်တော့သည်။ (ရွှေ့တယ်) မှတ်သော သဘောသည်လည်း နာမ်တရား၊ထိုသတိအမှတ် နာမ်တရား၏ ယခုအသစ်ဖြစ်ခြင်းသည် နာမ်၏-ဥဒယ။မှတ်ပြီးအဆုံးပျက်ခြင်းသည်-ဝယ။

တဖန်ရွှေ့မှု၏ အဖြစ်သဘော, အပျက်သဘောရုပ်နှင့် ၎င်းကို သိမှုသဘောနာမ်၏ အဖြစ်သဘော, အပျက်သဘောကို (ရွှေ့တယ်) ဟူ၍ပင် သတိအမှတ်ပြုရပြန်၏။

မြင်, ကြား,နံ,စား, ထိ,သိ-စသော ပစ္စုပ္ပန်အခိုက်အခိုက်၌ အတိတ်ဘဝက သစ္စာလေးပါးကို မသိမှု ပုဂ္ဂိုလ်, သတ္တဝါ, ငါ, သူတပါး,ယောကျ်ား, မိန်းမ-စသည်ကိုသာ သိမှုအဝိဇ္ဇာဖြစ်ခြင်းကြောင့်--

(၁) ယခုပစ္စုပ္ပန်အခိုက်အခိုက်၌ မျက်စိအကြည်-စသောရုပ်ခြောက်မျိုး ဖြစ်၏

(၂) အတိတ်ဘဝက နှစ်သက်မှု တဏှာ ဖြစ်ခြင်းကြောင့် ယခုပစ္စုပ္ပန် မျက်စိအကြည်-စသော ရုပ်ခြောက်မျိုးဖြစ်၏။
(၃) အတိတ်ဘဝက တခုခုသော နာနာကုသိုလ်က စေတနာကံဖြစ်ခြင်း ကြောင့် ယခုပစ္စုပ္ပန် အကြည်ရုပ်ခြောက်မျိုးဖြစ်၏။
(၄) ယခုဘဝ စားသောက်ကြသော ထမင်း-စသောအာဟာရကြောင့် ယခုပစ္စုပ္ပန် အကြည်ရုပ်ခြောက်မျိုးဖြစ်၏။
(၅) ယခုပစ္စုပ္ပန် အကြည်ရုပ်ခြောက်မျိုးတို့၏ ဥပါဒ်အားဖြင့် ဖြစ်ခြင်း လက္ခဏာတပါး ဤသို့ရုပ်ခန္ဓာ၌ အဖြစ်လက္ခဏာဥဒယ ၅-ပါး။

ဤနည်းအတူ။

(၁) အတိတ်ဘဝက အဝိဇ္ဇာဖြစ်ခြင်းကြောင့် ယခုပစ္စုပ္ပန် ခံစားမှုဝေဒ နာတခုခုဖြစ်၏။
(၂) တဏှာဖြစ်ခြင်းကြောင့် ယခုပစ္စုပ္ပန် ခံစားမှုဝေဒနာတခုခုဖြစ်၏။
(၃) ကံဖြစ်ခြင်းကြောင့် ယခုပစ္စုပ္ပန် ခံစားမှုဝေဒနာတခုခုဖြစ်၏။
(၄) အကြည်ခြောက်မျိုးနှင့် အဆင်း-စသောအာရုံခြောက်မျိုးတို့ပေါင်း ဆုံမှုဖဿကြောင့် ယခုပစ္စုပ္ပန်ခံစားမှုဝေဒနာတခုခုဖြစ်၏။
(၅) ယခုပစ္စုပ္ပန် ခံစားမှု တခုခု ဝေဒနာတို့၏ ဥပါဒ်အားဖြင့် ဖြစ်ခြင်း လက္ခဏာတပါး ဤသို့ ဝေဒနာက္ခန္ဓာ၌ အဖြစ် လက္ခဏာ ဥဒယ ၅-ပါး။ ။

ဤနည်းအတူ အတိတ်ဘဝက အဝိဇ္ဇာ, တဏှာ, ကံ - ဖြစ်ခြင်း, ယခု ပစ္စုပ္ပန် ဖဿဖြစ်ခြင်းကြောင့် ယခုပစ္စုပ္ပန်သညာဖြစ်ခြင်း၊ ဥဒယလက္ခဏာ ၅-ပါး။

အတိတ်ဘဝက အဝိဇ္ဇာ, တဏှာ, ကံ - ဖြစ်ခြင်း ယခုပစ္စုပ္ပန် ဖဿဖြစ် ခြင်းကြောင့် ယခုပစ္စုပ္ပန် စေတနာ စသော သင်္ခါရဖြစ်ခြင်း - ဥဒယလက္ခ ဏာ ၅-ပါး။ ။

အတိတ်ဘဝက အဝိဇ္ဇာ, တဏှာ, ကံ-ဖြစ်ခြင်း ယခုပစ္စုပ္ပန်အကြည်ရုပ် ခြောက်မျိုးနှင့် အဆင်း-စသောအာရုံခြောက်မျိုး၊ ၎င်းခြောက်ခွါရတွင် ဖြစ် သင့်သော စေတနာ-စသောစေတသိက်ဟုဆိုအပ်သော ရုပ်, နာမ် ၂-မျိုး ဖြစ်ခြင်းကြောင့် ယခုပစ္စုပ္ပန် ဝိညာဏ်ခြောက်မျိုး၏ ဖြစ်ခြင်း - ဥဒယလက္ခ ဏာ ၅-ပါး-ဤသို့ခြောက်ခွါရခန္ဓာ ၅-ပါးတို့တွင် တပါးတပါးသောခန္ဓာ ၌ အတိတ်အကြောင်းကြောင့် ဖြစ်သော ဥဒယလက္ခဏာ ၃-ပါး၊ယခုဘဝ

အာဟာရ, ဖဿ, ရုပ်နာမ်ဖြစ်သော ဥဒယလက္ခဏာတပါး၊ ယခုပစ္စုပ္ပန် ခြောက်ခွါရရုပ်နာမ်ခန္ဓာ ၅-ပါး၏ဖြစ်ခြင်း နိဗ္ဗတ္တိလက္ခဏာတပါးအားဖြင့် ခြောက်ခွါရခန္ဓာ ၅ ပါးတို့၌ တခွါရ တခွါရ၌ အသီးအသီးဖြစ်ကြသော ခန္ဓာ ၅-ပါး၊ဘလီတလီစီဖြစ်ကြ၏။ထို့ကြောင့် ခန္ဓာတပါးတပါး၌ အဖြစ်ဥဒယ လက္ခဏာ ၅-ပါး,၅ ပါးစီဖြစ်သင့်သောကြောင့် ၅-ပါး, ၅-လီ (၂၅) ပါး သော ဥဒယလက္ခဏာကိုရ၏။

အပျက်ဝယလက္ခဏာ၌လည်း ယခုဥဒယလက္ခဏာ (၂၅) ပါး၌ ပြဆို အပ်ခဲ့ပြီးသောအတိုင်း အတိတ်ဘဝက အဝိဇ္ဇာ,တဏှာ,ကံ - တို့မဖြစ်ဘဲ ချုပ်ပျက်ခဲ့လျှင် ယခုပစ္စုပ္ပန် အကြောင်းအာဟာရ ဖဿ နာမ်ရုပ်တို့မဖြစ် ဘဲ ချုပ်ပျက်ခဲ့ရာ၏။ ယခုပစ္စုပ္ပန် အကြောင်းအာဟာရ ဖဿ နာမ်ရုပ်တို့ မဖြစ်ဘဲ ချုပ်ပျက်ခဲ့လျှင် ယခုပစ္စုပ္ပန်ခြောက်ခွါရ ရုပ်နာမ်တို့မဖြစ်ဘဲ ချုပ် ငြိမ်း၍ ခန္ဓာဓာတ်သိမ်းသော နိဗ္ဗာန်သို့ ရောက်ကြရာ၏။

ယခုမှာ ငါကစ – သတ္တဝါသဉ္ဉာရတိုင်း အတိတ်ဘဝက အကြောင်း မချုပ်ပျက်သောကြောင့် ပစ္စုပ္ပန်အကြောင်းမချုပ်ပျက်၊ ပစ္စုပ္ပန်အကြောင်း မချုပ်ပျက်သောကြောင့် ယခုခြောက်ခွါရပစ္စုပ္ပန် ရုပ်နာမ်တို့ အသီးအသီး ခဏမခဲ တဖွဲဖွဲ ဥဒယလက္ခဏာ (၂၅) ပါးနှင့်တကွ ဖြစ်ပေါ်၍နေကြရ လေ၏။

ဤသို့ ဥဒယလက္ခဏာ(၂၅)ပါးကိုဖြစ်ခြင်းကြောင့်သာ ပျက်ကြရသော ကြောင့် အပျက်ခဏ၌—

အတိတ်ဘဝက အဝိဇ္ဇာ,တဏှာ,ကံ-အကြောင်းလဲ ဘင်အားဖြင့် ချုပ် ပျက်ခဲ့ရာ၏။

ယခုပစ္စုပ္ပန်အကြောင်းဖြစ်သော အာဟာရ, ဖဿ, နာမ်ရုပ်တို့လဲ ဘင် အားဖြင့် ချုပ်ပျက်ခဲ့ရာ၏။

ထိုသို့ အကြောင်းဟူသမျှ ဘင်အားဖြင့် ချုပ်ပျက်ခဲ့သောကြောင့် အ ကျိုးရုပ်နာမ်ခန္ဓာတို့ ချုပ်ပျက်ကြရလေ၏။

ဤသို့ ခြောက်ခွါရခန္ဓာ-၅ပါး=၅ပါးတို့၌ တပါးတပါးလျှင် အဝိဇ္ဇာ, တ ဏှာ,ကံ အာဟာရ-ချုပ်ပျက်ခြင်းကြောင့် မြင်မှု, ကြားမှု-စသည်ဖြစ်ခိုက် အကြည်ရုပ် ခန္ဓာခြောက်မျိုးတို့ ချုပ်ပျက်ကြ၏။ဤသို့ ရုပ်ခန္ဓာ၌ အကြောင်း ပျက်လေးပါး, အကျိုးပျက်တပါးအားဖြင့် ဝယလက္ခဏာ-၅ပါး။

ဝေဒနာ,သညာ, သင်္ခါရက္ခန္ဓာတို့၌လည်း အဝိဇ္ဇာ, တဏှာ, ကံ,ဖဿ-အကြောင်းပျက်-၄ပါးစီ အကျိုးဝေဒနာပျက်၊ သညာပျက်-သင်္ခါရပျက်တပါးစီဖြစ်သောကြောင့် ခန္ဓာတပါးတပါး၌ ဝယလက္ခဏာ-၅ပါး-၅ပါးစီရ၏။

ဝိညာဏက္ခန္ဓာ၌ အဝိဇ္ဇာ, တဏှာ, ကံ-နာမ်ရုပ်ဟု ဆိုအပ်သော အကြောင်းပျက်-၄ပါး၊မြင်မှု,ကြားမှု-စသော အကျိုးဝိညာဏ်ပျက်တပါးအားဖြင့် ဝယလက္ခဏာ-၅ပါး ဤသို့ ခြောက်ဒွါရခန္ဓာ-၅ပါးတို့တွင် တပါးတပါး၌ အပျက်လက္ခဏာ-၅ပါး-၅ပါးစီရသောကြောင့် ၅ပါး-၅သီ။(၂၅)ပါးသော ဝယလက္ခဏာကိုရ၏။

ဤသို့ ခန္ဓာ ၅-ပါး၌ ဥဒယအဖြစ်လက္ခဏာ ၂၅-ပါး၊ဝယအပျက်လက္ခဏာ ၂၅-ပါးအားဖြင့် ဥဒယဗ္ဗယ ၅၀-ကိုသိသောဉာဏ်ကို ဥဒယဗ္ဗယဉာဏ်ဟုဆိုအပ်၏။ ဤသို့ဥဒယဗ္ဗယ ၅၀-ကိုသိသောဉာဏ်ကို ဥဒယဗ္ဗယဉာဏ်ဟုဆိုသော်လည်း သရုပ်သင်္ချာကိုသာ သိ၍ ပြောတတ်,ဟောတတ်ရုံကိုဆိုသည်မဟုတ်။ ခြောက်ဒွါရရုပ်,နာမ်တို့ ဖြစ်ပေါ်တိုင်း သတိအမှတ်ပြုရပုံကို ပြဆို၍ ထားခဲ့သည့်အတိုင်း အားထုတ်သည်ရှိသော် ရုပ်, နာမ်တို့၏ အဖြစ်ကိုရင်း, အပျက်ကိုရင်း-မြင်၍လာလိမ့်မည်။ ထိုတွင် ခန္ဓာတပါးတပါး၏ အဖြစ်ကို မြင်က ဥဒယလက္ခဏာ ၅-ပါးကို တပေါင်းတည်းမြင်သည်မည်၏။ ခန္ဓာတပါးတပါး၏ အပျက်ကို မြင်က ဝယလက္ခဏာ ၅-ပါးကို တပေါင်းတည်းမြင်သည်မည်၏။

ဤသို့ သတိအမှတ်ကိုပြုသော အခိုက်အခိုက်၌ မိမိတို့ရှုမှတ်သော ခန္ဓာတပါးတပါး၏ အဖြစ်ကိုသော်ရင်း, အပျက်ကိုသော်ရင်း - သတိအမှတ်ကိုပြုတိုင်းပြုတိုင်းမြင်မှသာ (၅၀)သောလက္ခဏာရှိသော ဥဒယဗ္ဗယဉာဏ်ကို သိသူ, မြင်သူ, ထင်သူ, ပညာရှိသောသူဟူ၍ ဆိုအပ်၏။ ရုပ်နာမ်တို့၏ သရုပ်သင်္ချာကို ရအောင်ကြည့်ရှု၍ ပြောတတ်, ဟောတတ်ရုံကာမျှနှင့် အထက်လောကုတ္တရာမဂ်ကို မဆိုထားဘိ၊ ဝိပဿနာအရာ၌ အောက်တန်းစားဖြစ်သော ဥဒယဗ္ဗယဉာဏ်ကိုသော်မှလည်း မရကြသေးဟူ၍ မှချပုံသေမှတ်ကြလေကုန်။ ။

ဤဥဒယဗ္ဗယဉာဏ်ကိုရသော ယောဂီပုဂ္ဂိုလ်၏ အကျိုးအာနိသံသမှာ—

နိဗ္ဗိဓိကာယာတိ အနိဗ္ဗိဒ္ဓပုဗ္ဗေ လော
ဘက္ခန္ဓာဒယော နိဗ္ဗိဇ္ဈိတုံ သမတ္ထာယ။ ။

နိဗ္ဗေဓိကာယာတိ၊ကား။ပုဗ္ဗေ၊ရှေးသံသရာဘဝ အဆက်ဆက်၌။အနိဗ္ဗိဒ္ဓါ၊ တခါတရံမျှ မပေါက်ခွဲး မပယ်သတ် ဘူးသေးကုန်သော။ လောဘက္ခန္ဓာဒယော၊ လောဘတုံး,ဒေါသတုံး, မောဟတုံးတို့ကို။ နိဗ္ဗိဇ္ဈတိ၊ ပေါက်ခွဲးပယ်သတ်ခြင်းငှါ။ သမတ္ထာယ၊ စွမ်းနိုင်သောဉာဏ်ကိုရ၏။ ။

သမ္ဗာဒုက္ခက္ခယဂါမိနီယာတိ တဒင်္ဂသေန
ကိလေသာနံ ပဟီနတ္တာ ယံဒုက္ခံ ဒိယတိ၊
တဿ ဒုက္ခဿ ခယဂါမိနီယာ။ ။

သမ္ဗာဒုက္ခက္ခယဂါမိနီယာတိ၊ ကား။ တဒင်္ဂဝသေန၊တဒင်္ဂ၏အစွမ်းအားဖြင့်။ ကိလေသာနံ၊ ကိလေသာတို့ကို။ပဟီနတ္တာ၊ ပယ်သတ်နိုင်သည်၏အဖြစ်ကြောင့်။ ယံဒုက္ခံ၊ အကြင် အပါယ်စသော အကျိုးဒုက္ခမျိုးဟူသမျှသည်။ ဒိယတိ၊ ကုန်ဆုံး၏။ တဿဒုက္ခဿ၊ ထိုအပါယ်စသော အကျိုးဒုက္ခမျိုးဟူသမျှ၏။ခယဂါမိနီယာ၊တခါထဲးကိစ္စတုံး ကုန်ဆုံးသောနိဗ္ဗာန်သို့ ရောက်ခြင်းအကျိုးငှါ။ ဟောတိ၊ ဖြစ်၏။ ဟူ၍ဝင်း။ ။အဋ္ဌကထာဖွင့်ဆိုသည်ကို နှလုံးပြုကြ၍ လူဖြစ်ကြသည့်အခါ မြတ်စွာဘုရားသာသနာတော်နှင့် တွေ့ဆုံရသောအကျိုးနပ်ကြရန် ဥဒယဗ္ဗယဉာဏ်ကိုရအောင် ပွါးများအားထုတ်သင့်ကုန်ရာသည်။ ။ထိုကြောင့်—

ဥဒဗ္ဗယသင်္ခါရေ၊ နိဗ္ဗိန္ဒိဘူဘာန ပဏ္ဍိတော။
သကိစ္စမနုယုဉ္ဇေယျ၊ မောဃကာလံ နခိပယေ။ ။

( ဓမ္မပဒပါဠိတော် )

ဟူသော အာဏတ္တိဒေသနာတော်ကို မြတ်စွာဘုရား ဟောကြား တိုက်တွန်း နှိုးဆော်တော်မူလေသတည်း။

ဘိက္ခဝေ၊တို့။ ပဏ္ဍိတော၊ ကုသိုလ်အကြောင်း - ကုသိုလ်အကျိုး၊အကုသိုလ်အကြောင်း, အကုသိုလ်အကျိုးကို မြော်ကိုးကြဘ် ပညာရှိသည်။ဥဒဗ္ဗယသင်္ခါရေ၊ ခြောက်ဒွါရရုပ်နာမ် ပစ္စုပ္ပန် အခိုက်အခိုက်၌ ဖြစ်ပျက်မစဲး တဖွဲးဖွဲးနေကြသော ရုပ်နာမ်ဓမ္မ သင်္ခါရ၌။ နိဗ္ဗိန္ဒတိ၊ပျင်းမုန်းငြီးငွေ့သင့်ကြ၏။ နိဗ္ဗိန္ဒိဘူဘာန၊ ပျင်းမုန်းငြီးငွေ့ကြ၍။ သကိစ္စံ၊ ကိုယ်ကျိုး ကိုယ်စီးပွါးဖြစ်သော ဝိပဿနာ ဘာဝနာ ကမ္မဋ္ဌာန်း စီးဖြန်းပွါးများ အားထုတ်မှုကို။ အနုယုဉ္ဇေယျ၊ နေ့ရော ညဉ့်ပါ ဘယ်ခါမစဲး စွဲးမြဲး အားထုတ်ကြရာ၏၊ မောဃ

ကာလံ၊ အသက်လျာမျှ တဝမ်းဝကာ လိုရာမပြီး အချည်းနှီးသောအမှုန်အခါကာလကို။ နခိပယော၊ မကုန်းမခမ်းကြစေရာ။

ဤအသက်နည်းအတူ ဖြစ်ကြ၊ ပျက်ကြပြန်သည်ကိုရင်း, မာမှ, နူးညံ့မှု, ပူမှု,အေးမှု-အစရှိသောရုပ်-၁၇-ပါးတရားတို့၏ အဖြစ်, အပျက် ဥဒယဗ္ဗယတို့ကိုရင်း, ၎င်းတို့ကို သိသောနာမ်တို့၏ အဖြစ်, အပျက်ဥဒယဗ္ဗယတို့ကိုရင်း သတိအမှတ်နာမ်တရားတို့၏ အဖြစ်,အပျက်-ဥဒယဗ္ဗယတို့ကိုရင်း-သိ,ထင်, မြင်သော ပညိန္ဒြေစေတသိက် နှင့် ယှဉ်သော ကာမာဝစရကုသိုလ်ဉာဏသမ္ပယုတ်တိဟိတ်စိတ်ကို ဥဒယဗ္ဗယဉာဏ်ဟုဆိုအပ်၏။

> နိဗ္ဗာနံ ကာမာဝစရတော ဉာဏသမ္ပယုတ္တကုသလသာ ဉာဏသမ္ပယုတ္တကြိယာသာ လောကုတ္တရကုသလသာ လောကုတ္တရဝိပါကသာစာတိ ဈာနမသံ စတုန္နံ ရာသိနံ အာရမ္မဏာဓိပတိပစ္စယော ဟောတိ။ ။

( ပဋ္ဌာန်အဋ္ဌကထာ )

နိဗ္ဗာနံ၊ နိဗ္ဗာန်သည်။ ကာမာဝစရတော၊ ကာမာဝစရစိတ်မှ။ ဉာဏသမ္ပယုတ္တကုသလသာစ၊ ဉာဏသမ္ပယုတ် ကာမာဝစရကုသိုလ်တိဟိတ်စိတ် ၄-ခုအားရင်း။ ဉာဏသမ္ပယုတ္တကြိယာသာစ ဉာဏသမ္ပယုတ် ကာမာဝစရကြိယာစိတ်-၄ခုအားရင်း။ လောကုတ္တရကုသလသာစ၊ မဂ်နှင့် ယှဉ်သောလောကုတ္တရာကုသိုလ်စိတ်-၄ခုအားရင်း။လောကုတ္တရဝိပါကသာစ၊ လောကုတ္တရာဝိပါက်ဖိုလ်စိတ်-၄ခုအားရင်း။ ဣတိ-ဈာနမသံစတုန္နံရာသိနံ၊ ဤ၄ပါးကုန်သောတရားအစုတို့အား။ အာရမ္မဏာဓိပတိပစ္စယော၊အကြီးအမှူးဖြစ်၍အလေးအမြတ်ပြုတတ်သောအာရမ္မဏာဓိပတိပစ္စည်းသည်။ဟောတိ၊ဖြစ်၏။

ဤသို့ နိဗ္ဗာန်သည် ကာမာဝစရကုသိုလ်ဉာဏသမ္ပယုတ်တိဟိတ်စိတ် ၄ခုအား အာရမ္မဏာဓိပတိပစ္စည်းဖြင့် ကျေးဇူးပြုတတ်သည်ဟု ပဋ္ဌာန်အဋ္ဌကထာ၌ပစ္စယုဒ္ဒေသအာရမ္မဏာဓိပတိပစ္စည်းအဖွင့်၌ မိန့်ဆိုသည်ကို ကြားသိရသောအားဖြင့် ဥဒယဗ္ဗယဉာဏ်က ရသောယောဂီပုဂ္ဂိုလ်တို့မှာ နိဗ္ဗာန်နှင့် အကြောင်းအကျိုးပစ္စည်း, ပစ္စယုပ္ပန်ဆက်စပ်၍ နေကြသဖြင့် အားတက်၍ အထူးဝမ်းမြောက်ဘွယ်ကောင်းလှ၏။ အထူးအားတက်၍ ဝမ်းမြောက်ကြစေကုန်သတည်း။

ဤဉာဏ်ကိုရခါစ၌ ဝိပဿနာ၏အညစ်အကြေး-ဝိပဿနုပက္ကိလေသတရား(၁၀-၃၀) နှင့်တွေ့တတ်သည်။

## " ဝိပဿနုပက္ကိလေသ ( ၁၀–၃၀ ) ကား "

ဤဥဒယဗ္ဗယဉာဏ်၌ အထူးကား – တရုဏနုသော ဝိပဿနာ ပညတ် ဉာဏ်, ဗလဝ–အားကြီးသော ဝိပဿနာပရမတ်ဉာဏ်–ဟူ၍ ၂-ပါးရှိ၏။ ထို ၂-ပါးတို့တွင် တရုဏဝိပဿနာပညတ်ဉာဏ်၌ ဝိပဿနာ အညစ်အကြေးခေါ်သော အကုသိုလ် ၁၀ –ပါး, အပြား ၃၀ တို့ပေါ်လာ, ထင်လာတတ်ကုန်၏။ အနိဋ္ဌဉာဏ် ၁၀–ပါး, ဒုက္ခဉာဏ် ၁၀ ပါး, အနတ္တဉာဏ် ၁၀–ပါး=ပေါင်းမဂ်ဟု ထင်မှားတတ်သော အကုသိုလ် ၃၀ – တို့ပေါ်လာတတ်ကုန်၏။

### " ထင်မှားပုံ။ "

(၁) ရွေ့ခြင်း–အစရှိသော ရုပ်,နာမ်တို့၏ မမြဲခြင်း–စသည်ကို မှတ်၍ နေသော ယောဂီပုဂ္ဂိုလ်အား ဝိပဿနာစိတ်ကြောင့် ဖြစ်သော ကိုယ်စသည်မှ တပုံတခုအရောင် အလင်းထင်၍ လာသည့် ဩဘာသကို မဂ်,ဖိုလ်,နိဗ္ဗာန်–ဟု မှတ်ထင်ခြင်း၊

(၂) မမြဲခြင်း–စသည့်မှတ်၍နေသော ယောဂီပုဂ္ဂိုလ်အား ၁–ခုဒ္ဒကပီတိ–ကြက်သီးမွေးညှင်းထ၍ ကိုယ်၌ရှိုးရှိုးရွရွထခြင်း၊ ၂-ခဏိကပီတိ–လျှပ်ရောင်လက်သကဲ့သို့ တကိုယ်လုံး–ဥက္ကောင်း, နားပါးကြီးခြင်း၊ ၃-ဩက္ကန္တိကပီတိ–လှိုင်းတံပိုးလွှမ်းသကဲ့သို့ တကိုယ်လုံးလွှမ်းမိုး၍ထခြင်း၊ ၄ – ဥဗ္ဗေဂပီတိ – လဲ, ဝါဂွမ်းကဲ့သို့ လေဖြင့်ဆောင်၍ အရပ်တပါးသို့ရောက်ခြင်း၊ ၅–ဖရဏာပီတိ–ဇီဝေါင်းပွသကဲ့သို့ တကိုယ်လုံးလွှမ်းမိုး၍ ထခြင်းတို့ကို မဂ်,ဖိုလ်,နိဗ္ဗာန်–ဟု မှတ်ခြင်း၊

(၃) မမြဲခြင်း – စသည်ကို မှတ်သော ယောဂီပုဂ္ဂိုလ်အား ကိုယ်စိတ်တို့သည် ခဏခဏငြိမ်း၍ သွားသော ပဿဒ္ဓိကို မဂ်, ဖိုလ်, နိဗ္ဗာန်–ဟု မှတ်ခြင်း။

(၄) မမြဲခြင်း – စသည်ဖြင့် မှတ်သော ယောဂီပုဂ္ဂိုလ်အား ရတနာသုံးပါးကို လေးနက်စွာ ယုံကြည်ခြင်းအားကြီးသောသဒ္ဓါ၊ ထိုသဒ္ဓါ, အဓိမောက္ခကို မဂ်,ဖိုလ်,နိဗ္ဗာန်–ဟု မှတ်ခြင်း၊

(၅) သမ္မပ္ပဓာန် – ၄ပါးဖြင့် မမြဲခြင်း စသည်မှတ်သော ယောဂီပုဂ္ဂိုလ်အား ပြင်းထန်စွာ အားထုတ်သော ဝီရိယ–ပဂ္ဂဟကို မဂ် ဖိုလ်, နိဗ္ဗာန်-ဟု မှတ်ခြင်း၊

(၆) မမြဲခြင်း-စသည်ဖြင့် မှတ်နေသော ယောဂီပုဂ္ဂိုလ်အား အလွန်ကိုယ်စိတ်ချမ်းသာသော ဝိပဿနာသုခကို မဂ်,ဖိုလ်, နိဗ္ဗာန်-ဟု မှတ်ခြင်း၊

(၇) လက္ခဏာရေး-၃-ပါးကို ရှုးယှသောဉာဏ်နှင့် မမြဲခြင်းစသည့်၌ သိမြင်၍လာသောဉာဏ်ကို မဂ်,ဖိုလ်,နိဗ္ဗာန်-ဟု မှတ်ခြင်း၊

(၈) နာရီမလစ်၊နေ့,လ,နှစ်တို့၌ ပေါ်လာတိုင်းသင်္ခါရတို့ကို မမြဲခြင်း-စသည်ဖြင့် မှတ်နေသော ယောဂီပုဂ္ဂိုလ်အား ဥပဋ္ဌာန ကျောက်ထက်အက္ခရာကဲ့သို့ သတိဉာဏ်ထင်၍ လာခြင်းကို မဂ်, ဖိုလ်, နိဗ္ဗာန်-ဟု မှတ်ခြင်း။

(၉) မမြဲခြင်း-စသည်ဖြင့် မှတ်နေသော ယောဂီပုဂ္ဂိုလ်အား ပေါ်လာတိုင်းသော သင်္ခါရတို့ကို ရှေ့မရောက်, နောက်မကျ မဇ္ဈတ္တရုံ ထင်အောင် မှတ်နိုင်သော ဥပေက္ခာ၊ ထိုဥပေက္ခာကို မဂ်, ဖိုလ် နိဗ္ဗာန်-ဟု မှတ်ခြင်း၊

(၁၀) မမြဲခြင်း-စသည်ဖြင့် မှတ်သော ယောဂီပုဂ္ဂိုလ်အား ဩဘာသ-စသော-၉-ပါးသော ဝိပဿနာ ဘေးရန်တို့ပေါ်လာသည့် အခါ မိမိရပ်, နာမ်ကို လက်လွှတ်၍ နှစ်သက်ခြင်း – နိကန္တိတဏှာ, ထောင်လွှားခြင်း မာန,ငါဟူ၍စွဲလမ်းခြင်း ဒိဋ္ဌိ၊ထိုတဏှာ,မာန,ဒိဋ္ဌိ-တို့ကို မဂ်,ဖိုလ်, နိဗ္ဗာန်-ဟု မှတ်ခြင်း၊

ဩဘာသော ပီတိ ပဿဒ္ဓိ၊
အဓိမောက္ခော စ ပဂ္ဂဟော။
သုခံ ဉာဏမုပဋ္ဌာနံ၊
မုပေက္ခာ စ နိကန္တိ စေတိ။ ။

( သင်္ခိပ်-ကမ္မဋ္ဌာန်းပိုင်း။ )

ဤကား – တရားရှု မှတ်သော ယောဂီပုဂ္ဂိုလ်တို့ ဥဒယဗ္ဗယဉာဏ်၌ ဝိပဿနုပက္ကိလေသတရား ( ၁၀-ပါး, အပြား-၃၀ )ကိုပယ်ခွါ၍ ရှုမှတ်မြဲတိုင်းရှုမှတ်သွားပါက အထက်အထက်ဉာဏ်သို့ ကူးတက်နိုင်သည်။

## (တိဟိတ်ဖြစ်၍ ယခုဘဝတွင် မဂ် ဖိုလ်-ရထိုက်သောပုဂ္ဂိုလ်)

သမထ၌ ပဋိဘာဂနိမိတ်ထင်လာလျှင် တိဟိတ်။ ။ဝိပဿနာ၌ ဥဒယဗ္ဗယဉာဏ်သို့ ဆိုက်ရောက်လျှင် တိဟိတ်ပုဂ္ဂိုလ်ဖြစ်၍ နိဗ္ဗာန်သည် ကာမာဝစရကုသိုလ် ဉာဏသမ္ပယုတ် ဥဒယဗ္ဗယဉာဏ်အား အာရမ္မဏာဓိပတိ ပစ္စည်းဖြစ်သော အာရုံအကြောင်း၏ အကျိုး ကာမာဝစရကုသိုလ် ဉာဏသမ္ပယုတ်ဖြစ်သော ဥဒယဗ္ဗယဉာဏ် ပစ္စယုပ္ပန်ဖြစ်သောကြောင့် ယခုဘဝတွင် မဂ်,ဖိုလ်ရထိုက်သော ပုဂ္ဂိုလ်ဟု-ဆုံးဖြတ်ရ၏။ ။ဝမ်းမြောက်အား တက်ဘွယ်။

(၁) နာမ်ရုပ်ကိုကောင်းစွာသိခြင်းသည် ဒိဋ္ဌိဝိသုဒ္ဓိ၊

ဒိဋ္ဌိဝိသုဒ္ဓိ၌ နာမ်,ရုပ်ကို ပိုင်းခြား၍သိသော ဉာဏ်ဖြင့် ဒုက္ခသစ္စာ၏ အပိုင်းအခြားကိုသိရန်။

(၂) နာမ်,ရုပ်ဖြစ်ခြင်း၏ အကြောင်းကို သိခြင်းသည် ကင်္ခါဝိတရဏ ဝိသုဒ္ဓိ၊

ကင်္ခါဝိတရဏဝိသုဒ္ဓိ၌ အဝိဇ္ဇာ-အစရှိသောအကြောင်းကို သိမ်းဆည်းသောဉာဏ်ဖြင့် သမုဒယသစ္စာ၏ အပိုင်းအခြားကို သိရန်။

(၃) နာမ်,ရုပ်၏ ဖြစ်ခြင်း,ပျက်ခြင်းကို မြင်၍ အရောင်အလင်းပေါ်သော အခါ မဂ်မှန် ဟုတ်, မဟုတ်သိခြင်းသည် မဂ္ဂါမဂ္ဂဉာဏ ဒဿန ဝိသုဒ္ဓိ၊

မဂ္ဂါမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိ၌ ဩဘာသ – စသည်ကို မဂ်ဟုထင်ခြင်းသည် အမှားဩဘာသ–စသည်ကို လွန်မြောက်၊ ဝိပဿနာဉာဏ်စဉ်လျှော်၍ အကြောင်း သမုဒယသစ္စာ, အကျိုးဒုက္ခသစ္စာ–၂ ပါးတို့၏ ယခုပစ္စုပ္ပန် လက်ရှိခန္ဓာ-၅ ပါး၌ အဟောင်းအသစ်ဖြစ်ခွင့်မရဘဲ ချုပ်ငြိမ်းတဲ့သဘော သည် လောကုတ္တရာမဂ်မှန်ဘဲဟု သိသော ဉာဏ်ဖြင့် မဂ္ဂသစ္စာ၏ အပိုင်း အခြားကို သိရန်။

ဤကား – ရှေးဦးစွာ လောကီဉာဏ်ဖြင့်သာလျှင်
ဒုက္ခ, သမုဒယ, မဂ္ဂသစ္စာ–၃ ပါးတို့၏ အပိုင်း
အခြားကို သိဘို့ရန်ဖြစ်သည်။

## ( နေတ္တိအာဝဋ္ဋဟာရကောက်နည်းကိုပြဆိုခြင်း။ )

ဘင်္ဂဉာဏ်၏ အထက်ဗလဝ ဝိပဿနာဉာဏ်၏ အခါ မဂ္ဂါမဂ္ဂဉာဏ ဒဿနဝိသုဒ္ဓိစခန်း၌ (၁၈) ရပ်သော မဟာဝိပဿနာဉာဏ်တို့ကို အာဝဋ္ဋ ဟာရကောက်နည်းအားဖြင့် လည်ပုံကိုထည့်သွင်း၍ပြဦးအံ့။

### "မဟာဝိပဿနာဉာဏ်(၁၈)ပါး"

| သာမညလက္ခဏာ | သဘာဝလက္ခဏာ | သမ္ပထဝိပဿနာ |
|---|---|---|
| ၁-အနိစ္စာနုပဿနာ- | မြဲမှတ်လွတ် | မမြဲ မမြဲတယ်မှတ် |
| ၂-ဒုက္ခာနုပဿနာ- | ဆင်းရဲခြင်း | ဆင်းရဲ ဆင်းရဲတယ်မှတ်။ |
| ၃-အနတ္တာနုပဿနာ- | ငါ့ကိုယ်မဟုတ် | ငါမဟုတ် မဟုတ်တယ်မှတ်။ |
| ၄-နိဗ္ဗိဒါနုပဿနာ- | မပျော်ငြီးငွေ့ | ငြီးငွေ့ ငွေ့တယ်မှတ်။ |
| ၅-ဝိရာဂါနုပဿနာ- | တပ်ခြင်းကင်း | ကင်း ကင်းတယ်မှတ်။ |
| ၆-နိရောဓာနုပဿနာ- | ချုပ်ကင်းဖြစ်စွန့် | ချုပ် ချုပ်တယ်မှတ်။ |
| ၇-ပဋိနိဿဂ္ဂါနုပဿနာ- | စွန့်ပစ် | ပစ် ပစ်တယ်မှတ်။ |
| ၈-ခယာနုပဿနာ- | လျှင်စွာကုန် | ကုန် ကုန်တယ်မှတ်။ |
| ၉-ဝယာနုပဿနာ- | အတ္တပျက်စီး | ပျက်စီး ပျက်စီးတယ်မှတ်။ |
| ၁၀-ဝိပရိဏာမာနုပဿနာ- | မြဲကင်းဘောက်ပြန် | ဘောက်ပြန် ပြန်တယ်မှတ်။ |
| ၁၁-အနိမိတ္တာနုပဿနာ- | တည်နိမိတ်ကင်း | တည်ကင်း ကင်းတယ်မှတ်။ |
| ၁၂-အပ္ပဏိဟိတာနုပဿနာ- | တောင့်တခြင်းလွတ် | လွတ် လွတ်တယ်မှတ်။ |
| ၁၃-သုညတာနုပဿနာ- | ငါဆိတ်ခြင်း | ငါဆိတ် ဆိတ်တယ်မှတ်။ |
| ၁၄-အဓိပညာဓမ္မာနုပဿနာ- | အာရုံကိုသိခြင်း | သိ သိတယ်မှတ်။ |
| ၁၅-ယထာဘူတဉာဏဒဿန- | မှန်စွာသိ | သိ သိတယ်မှတ်။ |
| ၁၆-အာဒီနဝါနုပဿနာ- | တပ်ခြင်းပြစ်မြင် | ပြစ်မြင် မြင်တယ်မှတ်။ |
| ၁၇-ပဋိသင်္ခါနုပဿနာ- | လွတ်ရန်ပယ်ခွါ | ပယ်ခွါ ခွါတယ်မှတ်။ |
| ၁၈-ဝိဝဋ္ဋနာနုပဿနာ- | အစဉ်ပွါး | ပွား ပွားတယ်မှတ်။ |

(၁) မြင်တယ်လို့ မှတ်တော့-မြင်တယ်ဟု မှတ်သောခဏ သမထ ပဒဋ္ဌာန်အကြောင်းကိုရ၍ အနိစ္စာနုပဿနာကို ပွါးသောယောဂီသည် အမှတ်များသော နိစ္စသညာကိုပယ်၍ အနိစ္စာနုပဿနာဉာဏ်လည်ခြင်း။

(၂) ဒုက္ခာနုပဿနာကို ပွါးသော ယောဂီသည် အမှတ်များသော သုခသညာကိုပယ်၍ ဒုက္ခာနုပဿနာလည်ခြင်း။

(၃) အနတ္တာနုပဿနာကို ပွါးသော ယောဂီသည် အမှတ်များသော အတ္တသညာကိုပယ်၍ အနတ္တာနုပဿနာဉာဏ်လည်ခြင်း။

(၄) အနိစ္စာနုပဿနာတို့ကြောင့် ကောင်းစွာဖြစ်၍ ငြီးငွေ့သော အခြင်းအရာအားဖြင့် အဖန်တလဲလဲရှုသော နိဗ္ဗိဒါနုပဿနာကို ပွါးသောယောဂီသည် နှစ်သက်ပုံမက်ခြင်း သပ္ပိတိကဘဏ္ဍာကိုပယ်၍ အနိစ္စ, ဒုက္ခ, အနတ္တ ဖြစ်၍ အနိဋ္ဌ, အသုဘ အခြင်းအရာကို မြင်သော ဉာဏ်ရှေ့သွားပြုလျက် စက်ဆုပ်သော အခြင်းအရာအားဖြင့် အဖန်တလဲလဲရှု၍ နိဗ္ဗိဒါနုပဿနာ ဉာဏ်ဖြင့်လည်ခြင်း။

(၅) ဝိရာဂါနုပဿနာကိုပွါးသော ယောဂီသည် တပ်စွန်းခြင်းရာဂကို ပယ်၍ ဝိရာဂါနုပဿနာဉာဏ်ဖြင့်လည်ခြင်း။

(၆) သင်္ခါရတို့၏ ချုပ်ကြောင်း, တဖန်မဖြစ်ကြောင်း အခြင်း အရာအားဖြင့် အဘယ်အခါမှ ချုပ်ပါအံ့နည်းဟု အဖန်တလဲလဲရှုသော နိရောဓာနုပဿနာကို ပွါးသောယောဂီသည် သင်္ခါရတို့၏ တဖန်ဘဝသစ်၌ ဖြစ်ခြင်း သမုဒယကိုစွန့်ပစ်ပယ်ခွါ၍ နိရောဓာနုပဿနာဉာဏ်ဖြင့်လည်ခြင်း။

(၇) သင်္ခါရတို့ကို တဖန်မယူ မစွဲးလမ်းမူ၍ စွန့်လွှတ်ကြောင်းဖြစ်သော ပဋိနိဿဂ္ဂါနုပဿနာကို ပွါးသော ယောဂီသည် တဖန်ဘဝသစ် အားဖြင့် သင်္ခါရတို့ကို ယူခြင်းကို၊ဝါ-နိစ္စ အစရှိသည်တို့၏ အခြင်းအရာဖြင့် စွဲးလမ်းခြင်း အာဒါနကို စွန့်ခွါပယ်၍ ပဋိနိဿဂ္ဂါနုပဿနာဉာဏ်ဖြင့်လည်ခြင်း။

(၈) သင်္ခါရတို့၏ ဘင်ခဏကို တဖန်တလဲလဲ ရှုသော ခယာနုပဿနာကို ပွါးသောယောဂီသည် သန္တတိဃန-အစဉ်ခဲ, သမူဟဃန-အပေါင်းခဲ, ကိစ္စဃန-အသိခဲ, အာရမ္မဏဃန-အာရုံခဲ, ဃနလေးလုံးကို မပြိုမကွဲ တလုံးတခဲတည်းဟု အမှတ်မှားသော ဃနသညာကိုပယ်ခွါ၍ ခယာနုပဿနာဉာဏ်ဖြင့်လည်ခြင်း။

(၉) သင်္ခါရတို့၏ ပျောက်ပျက်ခြင်း,ချုပ်ငြိမ်းခြင်းကို အဖန်တလဲလဲ ရှုသော ဝယာနုပဿနာကို ပွါးသောယောဂီသည် သင်္ခါရတို့ကိုအားထုတ် ဆည်းပူးသိမ်းကျုံး ရရုံးပေါင်းစည်းခြင်းကို ပြုသော အာယူဟနတဏှာကို ပယ်ခွါ၍ ဝယာနုပဿနာဉာဏ်ဖြင့်လည်ခြင်း။

(၁၀) ဇရာ,မရဏ-ဟူသောအဘို့ ၂-ပါးတို့ဖြင့် ဖေါက်ပြန်ခြင်းကို အဖန်တလဲလဲရှုသော ဝိပရိဏာမာနုပဿနာကို ပွါးသော ယောဂီသည် ခိုင်ခံ့မြဲမြံသည်၏အဖြစ်ဟု အမှတ်မှားသော ဓုဝသညာကို ပယ်ခွါ၍ ဝိပရိဏာမာနုပဿနာဉာဏ်ဖြင့်လည်ခြင်း။

(၁၁) နိမိတ်ကင်းကြောင်း ဖြစ်သော အနိမိတ္တာနုပဿနာမည်သော အနိစ္စာနုပဿနာကို ပွါးသော ယောဂီသည် အစဉ်၌ရှင်း,အပေါင်း၌ရှင်း တရ

တည်း, တလုံးတခဲတည်း မြဲတယ်ဟု အမှတ်များသော နိမိတ္တသညာကို ပယ်ခွါ၍ အနိမိတ္တာနုပဿနာဉာဏ်ဖြင့်လည်ခြင်း။

(၁၂) တောင့်တတပ်မက်၊ နှစ်သက်ဘွယ်မရှိဟု အသိဉာဏ်ဖြစ်ကြောင်း ဖြစ်သော အပ္ပဏိဟိတာနုပဿနာမည်သော ဒုက္ခာနုပဿနာကို ပွါးသော ယောဂီသည် သုခ–ချမ်းသာကို တောင့်တသော တဏှာပဏိဓိကို ပယ်ခွါ၍ အပ္ပဏိဟိတာနုပဿနာဉာဏ်ဖြင့်လည်ခြင်း။

(၁၃) သင်္ခါရတို့၏ အတ္တမှဆိတ်သည်၏အဖြစ်ကို အဖန်လဲလဲရှုသော သုညတာနုပဿနာမည်သော အနတ္တာနုပဿနာကို ပွားသောယောဂီသည် အတ္တ–ငါ့ကိုယ်ဟူ၍ အမှတ်များသော နှလုံးသွင်းခြင်း–အဘိနိဝေသကို ပယ်၍ သုညတာနုပဿနာဉာဏ်ဖြင့်လည်ခြင်း၊

(၁၄) နိစ္စ,သုဘ, သုခ, အတ္တမှဆိတ်သည်၏အဖြစ်ကို ယူ၍ ဖြစ်သော ဝိပဿနာပညာလွန်ကဲသော၊ ဝါ-အဓိပညာသိက္ခာမည်ထိုက်သော တရားတို့၌ အဖန်တလဲလဲရှုသော အဓိပညာဓမ္မဝိပဿနာကို ပွါးသောယောဂီသည် နိစ္စ,သာရ–စသည်တို့ကို အယူများသော နှလုံးသွင်းခြင်းဟူသော တဏှာနှင့်တကွသော သာရာဒါနာဘိနိဝေသဒိဋ္ဌိကို ပယ်ခွါ၍ အဓိပညာဓမ္မဝိပဿနာဉာဏ်ဖြင့်လည်ခြင်း၊

(၁၅) အကြင်အကြင်မဖေါက်မပြန် ဟုတ်မှန်သော သဘောကို သိတတ်, မြင်တတ်သော သဘောဖြင့် အကြောင်းနှင့်တကွသော နာမ်,ရုပ်ကို ရှုသော ယထာဘူတဉာဏဒဿနအနုပဿနာကို ပွားသော ယောဂီသည် “အဟောသိံ နုခေါ အဟမတီတမဒ္ဓါနံ” ဤသို့အစရှိသည်မှုလည်းဖြစ်သော “ လောကကို အစိုးရသည် ပရမိ, သွာ, ဗြဟ္မာ–စသည်ကြောင့် လောကသည်ဖြစ်၏ ” ဟု ဤသို့အစရှိသည်မှုလည်းဖြစ်သော ပြင်းစွာ တွေဝေသောအားဖြင့် နှလုံးသွင်းခြင်းကင်္ခါနှင့်တကွဒိဋ္ဌိဟူသောသမ္မောဟာဘိနိဝေသကို ပယ်ခွါ၍ ယထာဘူတဉာဏဒဿနအနုပဿနာဉာဏ်ဖြင့်လည်ခြင်း၊

(၁၆) ဘုံသုံးပါး၌ အလျှံပြောင်ပြောင် တောက်လောင်သော သံနှောင်အိမ်ကြီး အလား ကြီးစွာသော ဘေးအားဖြင့် ထင်သည်ဖြစ်၍ အပြစ်ဒေါသကို အဖန်တလဲလဲရှုသော အာဒီနဝါနုပဿနာကို ပွါးသောယောဂီသည် ရုပ်,နာမ်နှစ်ဖြာကိုတစုံတခုမျှလည်း ပုန်းအောင်းရာ,မှီခိုရာမရှိသည်၏ အဖြစ်ကို မြင်ခြင်းကြောင့် ပုန်းအောင်းရာ, မှီခိုရာဟု ကပ်ငြိတွယ်တာသဖြင့် များသောနှလုံးသွင်းခြင်းတဏှာ, ဒိဋ္ဌိဟူသော အာလယာဘိနိဝေသကို ပယ်ခွါ၍ အာဒီနဝါနုပဿနာဉာဏ်ဖြင့်လည်ခြင်း၊

(၁၇) သင်္ခါရတို့ကို စွန့်လွှတ်ခြင်း၏ အကြောင်းဖြစ်သော အနိစ္စ–စသည်တို့၌ ဉာဏ်အားဖြင့် အဖန်တလဲလဲဆင်ခြင်သော ပဋိသင်္ခါနုပဿနာကိုပွားသောယောဂီသည် အနိစ္စ-စသည်တို့၌ အဖန်တလဲလဲဆင်ခြင်သော ဉာဏ်၏ဆန့်ကျင်ဘက်ဖြစ်သော အပ္ပဋိသင်္ခါမည်သော အပ္ပဋိသင်္ခါကိုပယ်၍ ပဋိသင်္ခါနုပဿနာဉာဏ်ဖြင့်လည်ခြင်း၊

(၁၈) ဝင့်ကင်းခြင်း အကျိုး၌ အဖန်တလဲလဲရှုသော သင်္ခါရုပေက္ခာဉာဏ်,အနုလောမဉာဏ်–ဟူသော ဝိဝဋ္ဋနာနုပဿနာကို ပွားသော ယောဂီသည် ကာမဂုဏ်နှင့်စပ်ယှဉ်ခြင်း–အစရှိသော ကိလေသာ၏ဖြစ်ခြင်းဟုဆိုအပ်သော မှားသောနှလုံးသွင်းခြင်း –သံယောဂါဘိနိဝေသကို ပယ်၍ ဝိဝဋ္ဋနာနုပဿနာဉာဏ်ခေါ်တဲ့ သင်္ခါရုပေက္ခာဉာဏ်, အနုလောမဉာဏ်ဖြင့်လည်ခြင်း၊ ဤသို့ အမှတ်ပါလျှင်၊ သဘောမတူသောအသဘာဝတရားတို့သည် လည်ခြင်းမှ ချုပ်၍ သဘောတူသော ကုသိုလ်ဉာဏ်တရားတို့လည်ခြင်းကို ဘွင့်ပြသည့်အာဝဇ္ဇာဟာရနည်းတည်း။

မဟာဝိပဿနာဉာဏ် (၁၈) ရပ်ကိုပြသော
နေတ္တိအာဝဇ္ဇာဟာရကောက်နည်းအကျဉ်းပြီး၏။

ဤကား–ဥဒယဗ္ဗယအဉာဏ် အခဏ်း ပြီးပြီ။

" ဘင်္ဂဉာဏ်အခဏ်း "

ရုပ်,နာမ်တရား ၂–ပါးတို့၏ အဖြစ်ကို လွှတ်၍ အပျက်အပျက်ကိုသာ ရှုမှတ်သော ဉာဏ်သည် ဘင်္ဂဉာဏ်မည်၏။

ထင်စွာပြဦးအံ့။ ။ဟွမ်းဆဲ့,ရွှေ့မှုရုပ်ကို သိသောစိတ်သည် ဖြစ်၍ ပျက်၏။ (တနည်း။) ထိုရွှေ့မှုရုပ်ကို သိသောစိတ်၏ ဖြစ်၍ ပျက်ပြီးသည့်နောက် ထိုရွှေ့မှုရုပ်ကို အာရုံပြု၍ (ရွှေ့တယ်) ဟုမှတ်သောစိတ်သည်လည်း ဖြစ်၍ ပျက်၏။

လှမ်းတိုင်း–လှမ်းတိုင်း တရွှေ့,ရွှေ့နှင့် ရွှေ့မှုရုပ်၏ အပျက်အပျက်ကိုလည်း မြင်၏။

ရွှေ့မှုရုပ်၏ အပျက်–အပျက်ကို မြင်သောစိတ်၏ မြင်တိုင်း – မြင်တိုင်း အပျက် အပျက်ကိုလည်း ပျက်သည်ဟု သိသော နောက်စိတ်က ရှုမှတ်၍ ထိုသိသောနောက်စိတ်သည်လည်း ပျက်၏။

ရုပ်,နာမ် အပျက်ကို မြင်တာက ဘင်္ဂဉာဏ်, အာခုံအနိစ္စထင်ချက်အနိစ္စ, အာရုံ, အနိစ္စထင်ချက် ဒုက္ခအာရုံ အနိစ္စထင်ချက်အနတ္တ။

(၁) အနိစ္စထင်တုံး နိစ္စပျောက်။ ၂–ဒုက္ခထင်တုံး သုခပျောက်။ ၃–အနတ္တထင်တုံး အတ္တပျောက်။ ၄–ငြီးငွေ့နေတုံး နန္ဒီပျောက်။ ၅ တပ်မက်မှုတုံး တဏှာပျောက်။ ၆–ချုပ်တာမြင်တုံး ဖြစ်တာပျောက်။ ၇–တဖန်စွန့်တုံး တဖန်ပျောက်။

ဤသို့ ရွေ့မှု-စသောရုပ်,နာမ်တို့၏ အဖြစ်ကို မမြင်၊ အပျက် အပျက်ကိုသာ မြင်ခြင်းသည် ဘင်္ဂဉာဏ်မည်၏။

**အမှာစကား။** ။သမ္မသနဉာဏ်, ဥဒယဗ္ဗယဉာဏ်, ဘင်္ဂဉာဏ်၊ ၎င်း ၃–ပါးကို ယထာဘူတဉာဏ်ဟူ၍၎င်း, ခုဒ္ဒကအနုလောမဉာဏ်ဟူ၍၎င်း ခေါ်ဆို၏။ ။

ဤကား–ဘင်္ဂဉာဏ်အခန်းပြီးပြီ။

---

## " ဘယဉာဏ်အခန်း "

ထမ်းဆဲ,ရွေ့မှု-အစရှိသော ရုပ်,နာမ်တရားတို့ ကျရောက်သမျှ ပျက်၍နေကြသည်ကို ဘေးဟုထင်ခြင်းသည် ဘယဉာဏ်မည်၏။

မေး။ ။ဘေးဟု ထင်သော ဉာဏ်သည် ကြောက်တတ်သလား၊ မကြောက်တတ်ဘူးသလား။

ဖြေ။ ။မကြောက်တတ်ပါ။

မေး။ ။အဘယ့်ကြောင့် မကြောက်တတ်ပါသလဲ။

ဖြေ။ ။ကြောက်တတ်သော စိတ်သည် ဒေါသစိတ်၊ ဤဘယဉာဏ်သည် ကာမာဝစရ ကုသိုလ် ဉာဏသမ္ပယုတ်တိဟိတ်စိတ် ဖြစ်လို့မကြောက်တတ်ပါ။

မေး။ ။မကြောက်တတ်လျှင် အဘယ့်ကြောင့် ဘယဉာဏ်ဟု ခေါ်ဆိုနိုင်ပါသလဲ။

ဤဘယဉာဏ်၏ထင်ပုံမှာ —

ဖြေ။ ။အတိတ်ဖြစ်တဲ့ရုပ်,နာမ်တို့လဲ ချုပ်ပျောက်ခဲ့ကြလေကုန်ပြီ။ ရှေ့မှ-စသော ယခုပစ္စုပ္ပန်, ရုပ်,နာမ်တို့လဲဘဲ ချုပ်ပျောက်ကြကုန်ဆဲ။ ချုပ်ပျောက်ကြကုန်လတ္တံ့။ ဤသို့ဆင်ခြင်၍ ဘေးထင်ရုံမျှဖြစ်၍ ဘယဉာဏ်ဟုခေါ်ဆိုနိုင်ပါ၏။

အပျက်မြင်သောကြောင့်ဘေးထင်၏။ ဘေးထင်တာက ဘယဉာဏ်။

"ဥပမာ"

မိန်းမတယောက်သည် သား ၃-ယောက်ရှိ၏။ ထိုသား ၃-ယောက်တို့မှာ မင်းပြစ်-သေဒဏ်သင့်ကြကုန်၏။ မင်းသည် သား ၃-ယောက်တို့၏ ဦးခေါင်းကို သားကြီးကစ၍ အစဉ်အတိုင်းဖြတ်ကုန်၏။ ထိုသား ၃-ယော်အမိသည် သားကြီးဦးခေါင်းကို ဖြတ်ပြီး၍ သားလတ်ဦးခေါင်း ဖြတ်ဆဲးကိုမြင်၍ ဤသားငယ်လဲးဘဲး၊ သားကြီး, သားလတ်တို့နှင့်အတူ ဦးခေါင်းဖြတ်လတ္တံ့ဟု မင်းပြစ်ကိုဆင်ခြင်၍ သားငယ်၌ ငဲ့ကွက်ခြင်း-အာလယကို စွန့်လွှတ်၍ သုသာန်မှပြန်သွားတာလို။

ချုပ်ပြီး, ချုပ်ဆဲး, ချုပ်လတ္တံ့-ရုပ်,နာမ်,သင်္ခါရတို့၏ အပြစ်ကို ဆင်ခြင်၍ ဘေးထင်ခြင်းသည် ဘယဉာဏ်မည်၏။

ဤကား-ဘယဉာဏ်အခန်းပြီးပြီ။

{ အာဒီနဝဉာဏ်အခန်း။ }

ထှမ်းဆဲ, ရှေ့မှ-အစရှိသော ရုပ်,နာမ်သင်္ခါရတို့ ကျရောက်သမျှ ပျက်၍နေကြသည်ကို ရှုမှတ်တိုင်း အပြစ်ကိုသာ မြင်သောဉာဏ်သည် အာဒီနဝဉာဏ်မည်၏။

ဥပ္ပါဒဉ္စ ပဝတ္တဉ္စ၊ နိမိတ္တံ ဒုက္ခန္တိ ပဿတိ။
အာယူဟနံ ပဋိသန္ဓိံ၊ ဉာဏံ အာဒီနဝေ ဣဒံ။ ။

" ပဋိသန္ဓိဒါမဂ်ပါဠိတော် "

ဥပ္ပါဒဉ္စ၊ ရှေးကံကြောင့် ယခုရုပ်,နာမ်တို့၏ အသစ်အသစ်ဖြစ်ရခြင်းကိုလည်း၊ ဒုက္ခန္တိ၊ ဆင်းရဲဟု၊ ပဿတိ၊ ရှုမှတ်၏။ ပဝတ္တဉ္စ၊ ရှေးကံကြောင့်

ယခုရုပ်,နာမ်တို့၏ တချပြီးတခုအစဉ်မပြတ်စပ်၍ နေခြင်းကိုလည်း။ဒုက္ခန္တိ ဆင်းရဲဟု။ ပဿတိ၊ ရှုမှတ်၏။ နိမိတ္တဉ္စ၊ မိမိကိုယ်ဟုထင်သော အလုံးပုံ သင်္ခါရခယအမှတ်နိမိတ်၏ ကုန်သောသဘောကိုလည်း။ ဒုက္ခန္တိ၊ ဆင်းရဲဟု၊ပဿတိ၊ ရှုမှတ်၏။ အာယူဟနဉ္စ၊ နောက်ဘဝတဖန်၊ ခန္ဓာရုပ်,ရုပ်ဖြစ်ရခြင်း၏ အကြောင်းသမုဒယကမ္မဘဝဖြစ်အောင် အားထုတ်ရခြင်းကိုလည်း။ ဒုက္ခန္တိ၊ ဆင်းရဲဟု။ ပဿတိ၊ ရှုမှတ်၏။ ပဋိသန္ဓိံစ၊ ဘဝတဖန် ပဋိသန္ဓေတည်နေရခြင်းကိုလည်း။ ဒုက္ခန္တိ၊ ဆင်းရဲဟု။ပဿတိ၊ ရှုမှတ်၏။ ဣဒံ၊ ဤသို့ရှုမှတ်ခြင်း၊ ငါးပါးသောတရားသည်။ အာဒီနဝေဉာဏံ၊ အပြစ်မြင်ဘိ၊ အာဒီနဝဉာဏ်မည်၏။

အနုပ္ပါဒံ အ-ပဝတ္တံ၊ အ-နိမိတ္တံ သုခန္တိစ။
အနာယူဟနံ အပဋိသန္ဓိံ၊ဉာဏံ သန္တိပဒေ ဣဒံ။

“ ပဋိသမ္ဘိဒါမဂ်ပါဠိတော် ”

အနုပ္ပါဒဉ္စ၊ ရုပ်,နာမ်တို့၏ မဖြဘဲချုပ်ခြင်းကိုလည်း။ သုခန္တိ၊ ချမ်းသာဟု၊ပဿတိ၊ ရှုမှတ်၏။ အပဝတ္တဉ္စ၊ ရုပ်, နာမ်တို့၏ တချပြီး တခုအစဉ်မပြတ် မစပ်ခြင်းကိုလည်း။ သုခန္တိ၊ ချမ်းသာဟု။ ပဿတိ၊ ရှုမှတ်၏။ အနိမိတ္တဉ္စ၊ ရုပ်, နာမ်တို့၏ သင်္ခါရခယ အမှတ်နိမိတ် ကုန်၍ကုန်၍နေခြင်းသဘောကို မိမိကိုယ်ဟု မထင်ခြင်းသဘောကိုလည်း။ သုခန္တိ၊ ချမ်းသာဟု။ ပဿတိရှုမှတ်၏။ အနာယူဟနဉ္စ၊ နောင်ဘဝတဖန်-ခန္ဓာနာမ်, ရုပ်ဖြစ်ရခြင်း၏ အကြောင်းသမုဒယ-ကမ္မဘဝဖြစ်အောင် အားမထုတ်ရခြင်းကိုလည်း။သုခန္တိ၊ချမ်းသာဟု။ ပဿတိ၊ ရှုမှတ်၏။ အပဋိသန္ဓိံစ၊ ပဋိသန္ဓေမနေရခြင်းကိုလည်း။ သုခန္တိ၊ ချမ်းသာဟု။ ပဿတိ၊ ရှုမှတ်၏။ ဣဒံ၊ ဤသို့ရှုမှတ်ခြင်းသည်။ သန္တိပဒေဉာဏံ သန္တိပဒဉာဏ်မည်၏။ ဝါ-နိဗ္ဗာန်ထင်သောဉာဏ်မည်၏။

အာဒီနဝဉာဏ်၌ ၅-ပါး, သန္တိပဒဉာဏ် ၅-ပါး၊ ဤ ၁၀-ပါးသော ဉာဏ်တို့ကို ထင်မြင်၍ လာသောသူတို့မှာ ဒိဋ္ဌိအမျိုးမျိုးတို့ မကပ်မရောက် ကင်းစင်လွင့်ပျောက်၍သာ နေတော့၏။

ဤကား-အာဒီနဝဉာဏ်အခန်းပြီးပြီ။

## (နိဗ္ဗိဒါဉာဏ်အခန်း)

ငါ၏ ရုပ်, နာမ် ခန္ဓာတို့သည် ဤသို့ ခဏမစဲ အမြဲပျက်၍ နေရခြင်းကား - စက်ဆုပ်ဘွယ်ပါတကား, ငြီးငွေ့ဘွယ်ပါတကား, မွေ့လျော်စရာမရှိပါတကားဟု သင်္ခါရဒုက္ခအစစ်ထင်၍ ဘကယ်ငြီးငွေ့ခြင်းသည် နိဗ္ဗိဒါဉာဏ်မည်၏။

### "ဥပမာ"

ကိုယ်လုံးဖြူ၍ အင်္ဂါ ၇-ပါးတို့နှင့် ပြည့်စုံလျက် ကောင်းကင်ခရီးဖြင့် ပျံသွားသော ဆဒ္ဒန်ဆင်မင်းသည် မြို့လယ်၌ မမွေ့မလျော်မပျော်ပိုက်၊ ဟိမဝန္တာ-ဆဒ္ဒန်အိုင်၌သာလျှင် မွေ့လျော် ပျော်ပိုက်သကဲ့သို့ ဤယောဂီပုဂ္ဂိုလ်သည် အလုံးစုံ-ရုပ်,နာမ်ဓမ္မသင်္ခါရအပေါင်းတို့၏ အသစ်အသစ်ဖြစ်ခြင်း ဥပ္ပါဒ,ပဝတ္တ,နိမိတ္တ,အာယူဟန,ပဋိသန္ဓိ-တို့၌ မမွေ့လျော် မပျော်ပိုက်၊ အနုပ္ပါဒ,အပဝတ္တ, အနိမိတ္တ, အနာယူဟန, အပဋိသန္ဓိ-ဟုဆိုအပ်သော နိဗ္ဗာန်ထင်သော သန္တိပဒဉာဏ်၌သာ မွေ့လျော် ပျော်ပိုက်၍ နိဗ္ဗာန်သို့ညွတ်ကိုင်းရှိုင်းသောစိတ်ဖြင့်သာ ရှုမှတ်၍ နေ၏။

(က) အပျက်မြင်သောကြောင့် ငြီးငွေ့၏၊ ငြီးငွေ့တာက နိဗ္ဗိဒါဉာဏ်။
(ခ) ဖြစ်ပေါ်ခြင်းက-ရုပ်နာမ်ဘဲ၊ မဖြစ်ပေါ်ခြင်းက-နိဗ္ဗာန်ဘဲ။
(ဂ) အစဉ်စပ်ခြင်းက-ရုပ်နာမ်ဘဲ၊ အစဉ်ပြတ်ခြင်းက-နိဗ္ဗာန်ဘဲ။
(ဃ) နိမိတ်ထင်ခြင်းက-ရုပ်နာမ်ဘဲ၊ နိမိတ်မထင်ခြင်းက-နိဗ္ဗာန်ဘဲ။
(င) အားထုတ်ခြင်းက-ရုပ်နာမ်ဘဲ၊ အားမထုတ်ခြင်းက-နိဗ္ဗာန်ဘဲ။
(စ) ဘဝစပ်ခြင်းက-ရုပ်နာမ်ဘဲ၊ ဘဝပြတ်ခြင်းက-နိဗ္ဗာန်ဘဲ။

**အမှာစကား။** ။ဘယဉာဏ်,အာဒီနဝဉာဏ်,နိဗ္ဗိဒါဉာဏ်, ဤ ၃ - ပါးကို နိဗ္ဗိဒါဉာဏ်ဟူ၍၎င်း, မဇ္ဈိမအနုလောမဉာဏ်ဟူ၍၎င်း—ခေါ်ဆို၏။

ဘယဉာဏ်, အာဒီနဝဉာဏ်, နိဗ္ဗိဒါဉာဏ်-၎င်း ၃-ပါးတို့သည် သဘောတူကြ၍ သဒ္ဒါသာကွဲးသည်ဟု-ပဋိသမ္ဘိဒါမဂ်ပါဠိတော်၌ လာရှိသည်။

ဤကား-နိဗ္ဗိဒါဉာဏ်အခန်းပြီး၏။

## ( မုဉ္စိတုကမျတာဉာဏ်အခဏ်း။ )

နိဗ္ဗိဒါဉာဏ်ဖြင့် ငြီးငွေ့ခြင်းကြောင့် သင်္ခါရနယ်အတွင်းမှ လွတ်လိုချင်တဲ့စိတ်ရှိတာကို မုဉ္စိတုကမျတာဉာဏ်။

အပျက်မြင်သောကြောင့် လွတ်လို၏၊ လွတ်လိုတာက မုဉ္စိတုကမျတာဉာဏ်။

### " ဥပမာ "

ပိုက်ကွန်အတွင်းမှာ မိနေတဲ့ငါးလို, မြွေကိုက်ခံနေရတဲ့ဘားလို,ချိုင့်ထဲးမှာ အလှောင်ခံနေရတဲ့ ကြက်လို, အလမ္မါယ်လက်ထဲးရောက်သည့်မြွေ-စသည်တို့ကဲ့သို့ အနှောင်အဖွဲ့များမှ လွတ်ချင်ကြသလို၊ သင်္ခါရနယ်ထဲးမှ လွတ်လို, ထွက်မြောက်လိုတဲ့ ယောဂီပုဂ္ဂိုလ်မှာ ထို မုဉ္စိတုကမျတာဉာဏ်ဖြစ်တယ်။ "ငြီးငွေ့အားသန်၊ စိတ်ပူပန်က၊ လျှင်မြန်တစိ၊ လွတ်လိုဘိ၊ မုဉ္စိတုကမျတာဉာဏ်"။ ။

ဤကား-မုဉ္စိတုကမျတာဉာဏ်အခဏ်းပြီးပြီ။

## " ပဋိသင်္ခါဉာဏ်အခဏ်း "

ခြောက်ဒွါရ၌ ကျရောက်သမျှ ရွေ့မှု - စသော ရုပ်တို့ကို သိမှု-စသော နာမ်-ဤရုပ်, နာမ်တရား ၂-ပါးတို့၏ ရွေ့တိုင်း, သိတိုင်းမမြဲသော အနိစ္စသဘော, ဆင်းရဲသော ဒုက္ခသဘော, အစိုးပိုင်အတ္တမဟုတ်သော အနတ္တသဘောကို အထပ်ထပ် တလဲးလဲး ရှုမှတ်နေသောဉာဏ်သည် ပဋိသင်္ခါဉာဏ်မည်၏။

အပျက်မြင်သောကြောင့် ဆင်ခြင်၏၊ဆင်ခြင်တာက ပဋိသင်္ခါဉာဏ်။

### " ဥပမာ "

ငါးဖမ်းသောသူသည် မြှုံးကို ကိုင်၍ ရေ၌ ချလိုက်ပြီးလျှင် မြှုံးဝဖြင့် လက်ကိုနှိုက်၍ ရေ၏အတွင်း၌ မြွေ၏လည်ဘင်းကို ဆုတ်ကိုင်၍ ငါသည် ဧရာမငါးကြီးကိုဖမ်းယူမိပြီဟု အလွန်နှစ်သက်ရွှင်လမ်းသော စိတ်တွေ-တဖွါးဖွါးဖြစ်ပေါ်လျက် လက်ကိုမြှောက်၍ ကြည့်ရှုလိုက်သော် အရွှေသုံးပတ်ကို မြင်သဖြင့် မြွေကြီးပါတကားဟု သိ၍ အလွန်ထိတ်ထိတ် ကြောက်လန့်သော

စိတ်ဖြစ်ရကား မြွေ၏အဆိပ်ဘေး အပြစ်ကိုမြင်၍ မြွေကိုဆုပ်ကိုင်မိခြင်း၌ အလွန်ငြီးငွေ့လှသောကြောင့် သုံးပတ်ရစ်ခွေ ထိုမြွေကြီး၏ ဘေးအပြစ်မှ လွတ်လို၍ မြွေကြီး၏ ဘေးအပြစ်မှလွတ်ကြောင်းကို ရှာကြံပြီးလျှင် မြွေကြီး၏ အမြီးဖျားကို ကိုင်လျက် လက်ကိုမြှောက်၍ ဦးခေါင်းထက်၌ နှစ်ကြိမ်, သုံးကြိမ်ဆွဲးရမ်း၍ မြွေကြီးကို အားနည်းအောင် ပြုပြီးလျှင် မြွေဆိုးကြီးသွားလေဟု လက်မှဝှန့်လွှတ်လိုက်၍ လျှင်မြန်စွာပြေး၍ ရေမှ ကုန်းသို့ တက်ပြီးလျှင် အို.. အချင်းတို့ ငါသည် ယခု ကြီးစွာသော မြွေဘေးမှ လွတ်ပေပြီတကားဟု ပြေးသွားသော လမ်းခရီးကို ပြန်၍ ကြည့်လျက် နေလေ၏။

## " ဥပမာ – ဥပမေယျယှဉ်ပုံ "

ငါးဖမ်းသူ၏ ငါးဟု ထင်မှတ်၍ မြွေကို လည်ဘင်း၌ ဆုပ်ကိုင်မိ၍ နှစ်သက်သောစိတ်တွေ တဖွါးဖွါးဖြစ်ပေါ်သော ကာလနှင့် ရွှေမှ–စသောရုပ်, နာမ်ကို မှတ်ရှု၍ နေသော ယောဂီပုဂ္ဂိုလ်အား ဝိပဿနာကို မရှုမှတ်မိကမိမိ၏ အတ္တဘောခန္ဓာကို ငါ့ကိုယ်ဟု ထင်မှတ်မိ၍ နှစ်သက်သော စိတ်တွေ တဖွါးဖွါးဖြစ်ပေါ်၍ နေသောကာလနှင့်တူ၏။ ။

မြုံးဝမှ မြွေ၏ ဦးခေါင်းကို ကိုင်ဆုပ်လျက် လက်ကို မြှောက်၍ ယူလိုက်သော် အခွေ ၃ – ပတ်ကို မြင်သည်နှင့် ရှုမှတ်သော ယောဂီပုဂ္ဂိုလ်အား ရွှေမှ–အစရှိသော ရုပ်,နာမ်တို့၏ တချပြီး, တချဖြစ်စဉ်,ပျက်စဉ်–ဟုဆိုအပ်သော သန္တတိဃန – အစဉ်ခဲ, ရုပ်ကလာပ်, နာမ်ကလာပ်တို့၏ အပေါင်းအရုဟု ဆိုအပ်သော သမူဟဃန – အပေါင်းခဲ, ရုပ်, နာမ်တို့၏ ဥပါဒ်, ဌီ, ဘင်–ဟုဆိုအပ်သော ဖြစ်,တည်, ပျက်ခြင်း ကိစ္စဃန–အသိခဲ,ရုပ်,နာမ်တို့၏ အဆင်းအာရုံကို မြင်ခြင်း–အစရှိသော အာရမ္မဏဃန–အာရုံခဲ, ကွဲးပြိုပျက်စီး၍ ရွှေ့မှ–အစရှိသော ရုပ်,နာမ်ခမ္ဘသဘောတို့၌ ရှုမှတ်တိုင်း မမြဲး–အနိစ္စ, ဆင်းရဲး–ဒုက္ခ, အစိုးမရ အနတ္တ – ဟူသော လက္ခဏာရေး ၃–ပါး ထင်၍ နေပုံနှင့်တူ၏။

မြွေကိုကြောက်သောကာလနှင့် ရွှေ့မှ–စသော ရုပ်,နာမ်တို့၌ ဘေးထင်ပုံ ဘယတုပဋ္ဌာနဉာဏ်နှင့်တူ၏။ ။

မြွေ၏ အပြစ်ကို မြင်သည်နှင့် ရွှေ့မှ–စသော ရုပ်,နာမ်ဘို့၌ အပြစ်ထင်ပုံ အာဒီနဝဉာဏ်နှင့်တူ၏။

မြွေကိုဆုပ်ကိုင်မိခြင်း၌ ငြီးငွေ့သည်နှင့် ခန္ဓာ–စသော ရုပ်, နာမ်တို့၌ ငြီးငွေ့ပုံ နိဗ္ဗိဒါဉာဏ်နှင့်တူ၏။

မြွေကိုလွှတ်လိုသည်နှင့်၊ ခန္ဓာ–စသော ရုပ်,နာမ်ကို လွှတ်လိုပုံနှင့်၊ မုဉ္စိတုကမျတာဉာဏ်တူ၏။ ။

မြွေကိုလွှတ်ခြင်း၏ အကြောင်းကိုရှာသည်နှင့် ခန္ဓာ–စသော ရုပ်,နာမ် သင်္ခါရတို့၌ မမြဲ–အနိစ္စ, ဆင်းရဲ ဒုက္ခ, အစိုးမရ–အနတ္တ–ဟူသော လက္ခဏာရေး ၃ – ပါးကို ထင်စေ၍ ထပ်တလဲလဲ ရှုမှတ်နေပုံနှင့် ပဋိသင်္ခါဉာဏ်တူ၏။

## " လက္ခဏာရေး ၃ ပါးထင်ပုံ–ထင်ရှားစေဦးအံ့ "

ထိုယောဂီသည် မြွေကို ၂-ကြိမ်, ၃-ကြိမ် ဆွဲးရမ်းပြီးလျှင် အားနည်းအောင် ပြုလျက် ပြန်လှန်၍ ကိုက်ခြင်းငှါ မစွမ်းနိုင်သည်၏ အဖြစ်သို့ ရောက်စေလျက် မိမိလက်မှလွှတ်ပစ်လိုက်ထလို ၅ယောဂီပုဂ္ဂိုလ်သူမြတ်သည် မမြဲ - အနိစ္စ, ဆင်းရဲ - ဒုက္ခ, ၊အစိုးမရ - အနတ္တ–ဟု ဆိုအပ်သော လက္ခဏာရေး ၃ - ပါးကို ထင်စေခြင်းဖြင့် ခန္ဓာ–စသောရုပ်,နာမ်သင်္ခါရတို့ကို၊ ၂-ကြိမ်, ၃–ကြိမ်ဆွဲးရမ်းသကဲ့သို့ ရှုမှတ်၍ ကိလေသာကိုဖြစ်ခွင့် မရစေဘဲ အားနည်းအောင်ပြု၍ နောင်တဖန်မြဲသောအခြင်းအရာ, ချမ်းသာသော အခြင်းအရာ, တင့်တယ်သော အခြင်းအရာ, အလိုကျ၍ အစိုးရသော အခြင်းအရာဟု ဆိုအပ်သော နိစ္စ, သုခ, သုဘ, အတ္တ - အားဖြင့် ပြန်၍ ထင်ခြင်းငှါ မစွမ်းနိုင်သည်၏အဖြစ်သို့ ရောက်စေလျက် ပဉ္စုပ္ပန်လက်ရှိ ခန္ဓာမှ ကိလေသာမြွေဆိုးကို လွှတ်ပစ်လိုက်ခြင်းသည် ပဋိသင်္ခါဉာဏ်ကို ရသည်မည်၏။ ။ထို့ကြောင့် သဗ္ဗညုဘုရားရှင်ဟောတော်မူသည်မှာ—

**မေး၊** ၊အနိစ္စတော မနသိကရောတော။
ကိံ ပဋိသင်္ခါဉာဏံ ဥပ္ပဇ္ဇတိ။ ။

## " ဝိသုဒ္ဓိမဂ်အဋ္ဌကထာ "

အနိစ္စတော၊ ခန္ဓာ – စသောရုပ်, နာမ်သင်္ခါရဘို့ကို မမြဲဟု မနသိကရောတော၊ နှလုံးသွင်းသောယောဂီပုဂ္ဂိုလ်အား၊ ကိံ၊အဘယ်သဘောကို။ပဋိသင်္ခါ–ပဋိသင်္ခါယ၊ဆင်ခြင်၍။ ဉာဏံ၊ဉာဏ်သည်။ဥပ္ပဇ္ဇတိ၊ဖြစ်ပါသနည်း။

ဖြေ။ ။အနိစ္စတော မနသိကရောတော။
နိမိတ္တံ ပဋိသန္ဓိ ဥာဏံ ဥပ္ပဇ္ဇတိ။ ။
-( ဝိသုဒ္ဓိမဂ်အဋ္ဌကထာ )-

အနိစ္စတော၊ ရွေ့မှု-စသောရုပ်, နာမ်သင်္ခါရတို့ကိုမမြဲဟု။ မနသိကရောတော၊ နှလုံးသွင်းသောယောဂီပုဂ္ဂိုလ်အား။ နိမိတ္တံ၊ မိမိကိုယ်ဟုထင်သော ရွေ့မှု-စသောသင်္ခါရခဲယအမှတ်နိမိတ်, ကုန်သောသဘောကို။ ပဋိသန်္ခါ-ပဋိသင်္ခါယ၊ ကုန်သောသဘော,ပျက်သောသဘောဟု ဆင်ခြင်၍။ ဥာဏံ၊ ဥာဏ်သည်။ ဥပ္ပဇ္ဇတိ၊ဖြစ်ပါ၏။

မေး။ ။ဒုက္ခတော မနသိကရောတော၊
ကိံ ပဋိသန်္ခါ ဥာဏံ ဥပ္ပဇ္ဇတိ။ ။
-( ဝိသုဒ္ဓိမဂ်အဋ္ဌကထာ )-

ဒုက္ခတော၊ရွေ့မှု-စသောရုပ်,နာမ်သင်္ခါရတို့ကို ဆင်းရဲဟု။မနသိကရောတော၊ နှလုံးသွင်းသောယောဂီပုဂ္ဂိုလ်အား။ ကိံ၊ အဘယ်သဘောကို။ ပဋိသင်္ခါ-ပဋိသင်္ခါယ၊ ဆင်ခြင်၍။ ဥာဏံ၊ ဥာဏ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပါသနည်း။

ဖြေ။ ။ဒုက္ခတော မနသိကရောတော၊
ပဝတ္တံ ပဋိသင်္ခါ ဥာဏံ ဥပ္ပဇ္ဇတိ။ ။
-( ဝိသုဒ္ဓိမဂ်အဋ္ဌကထာ )-

ဒုက္ခတော၊ ရွေ့မှု-စသောရုပ်,နာမ်သင်္ခါရတို့ကို ဆင်းရဲဟု။ မနသိကရောတော၊ နှလုံးသွင်းသောယောဂီပုဂ္ဂိုလ်အား။ ပဝတ္တံ၊ ရွေ့မှု-စသောရုပ်, နာမ်သင်္ခါရတို့၏တချပြီး တခုအစဉ်မပြတ် စပ်ခြင်းကို။ပဋိသင်္ခါ-ပဋိသင်္ခါယ၊ ရွေ့မှု-စသောရုပ်, နာမ်သင်္ခါရတို့၏ မမြဲခြင်းသည် ကပ်၍နှိပ်စက်အပ်သောကြောင့် ဆင်းရဲဟု ဆင်ခြင်၍။ ဥာဏံ၊ ဥာဏ်သည်။ဥပ္ပဇ္ဇတိ၊ ဖြစ်ပါ၏။

မေး။ ။အနတ္တတော မနသိကရောတော၊
ကိံ ပဋိသင်္ခါ ဥာဏံ ဥပ္ပဇ္ဇတိ ။ ။
-( ဝိသုဒ္ဓိမဂ်အဋ္ဌကထာ )-

အနတ္တတော၊ ရွေ့မှု-စသောရုပ်,နာမ်သင်္ခါရတို့ကို အစိုးမရဟု။ မနသိကရောတော နှလုံးသွင်းသောယောဂီပုဂ္ဂိုလ်အား။ ကိံ၊အဘယ်သဘောကို။

ပဋိသင်္ခါ–ပဋိသင်္ခါယ၊ ဆင်ခြင်၍။ ဉာဏံ၊ ဉာဏ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပါသနည်း။

ဖြေ။ ။အနတ္တတော မနသိကရောတော၊
အနိမိတ္တဉ္စ ပဝတ္တဉ္စ ပဋိသင်္ခါ ဉာဏံ ဥပ္ပဇ္ဇတီတိ။ ။

( ဝိသုဒ္ဓိမဂ်အဋ္ဌကထာ )

အနတ္တတော၊ ရွေ့မှု–စသောရုပ်,နာမ်သင်္ခါရတို့ကို အစိုးမရဟု။ မနသိကရောတော၊ နှလုံးသွင်းသော ယောဂီပုဂ္ဂိုလ်အား။ နိမိတ္တဉ္စ၊ မိမိကိုဟုထင်သော ရွေ့မှု–စသောသင်္ခါရခယအမှတ်နိမိတ်၏ကုန်သောသဘောကိုရင်း။ ပဝတ္တဉ္စ၊ ရွေ့မှု–စသောရုပ်, နာမ်သင်္ခါရ တချပြီးတချ အစဉ်မပြတ်စပ်ခြင်းကိုရင်း။ ပဋိသင်္ခါ–ပဋိသင်္ခါယ၊ ဆင်ခြင်၍။ ဉာဏံ၊ ဉာဏ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပါ၏။ ဣတိဝေ၊ ဤသို့ဘုရားရှင်ဟောတော်မူအပ်၏။

ရွေ့မှု – စသော ရုပ်,နာမ်တို့ကို မမြဲဟု သိသော ရှေ့ဉာဏ်က အနိစ္စာနုပဿနာဉာဏ်။

ဤမမြဲတဲ့သဘောသည် မိမိကိုယ်ဟုထင်မှတ်၍နေသော ရွေ့မှု–စသော ရုပ်,နာမ်တို့၏ ကုန်ပျောက်ချုပ်ဆုံးတဲ့သဘောဘဲဟု ဆင်ခြင်သော နောက်ဉာဏ်က ပဋိသင်္ခါနုပဿနာဉာဏ်,

ရွေ့မှု–စသော ရုပ်,နာမ်တို့ကို ဆင်းရဲဟုသိသော ရှေ့ဉာဏ်က ဒုက္ခာနုပဿနာဉာဏ်,

ဤ ဆင်းရဲတဲ့ သဘောသည် တချပြီး တချ အစဉ်မပြတ် စပ်၍ နေတဲ့ သဘောဘဲဟု ဆင်ခြင်သော နောက်ဉာဏ်က ပဋိသင်္ခါနုပဿနာဉာဏ်။

ရွေ့မှု–စသောရုပ်,နာမ်တို့ကို အစိုးမရဟုသိသောရှေ့ဉာဏ်က အနတ္တာနုပဿနာဉာဏ်၊

ဤအစိုးမရတဲ့သဘောသည် ကုန်တဲ့သဘော အစဉ်မပြတ် စပ်၍နေတဲ့ သဘောဘဲဟု ဆင်ခြင်သော နောက်ဉာဏ်က ပဋိသင်္ခါနုပဿနာဉာဏ်။

ဤကား-ပဋိသင်္ခါဉာဏ်အခဏ်းပြီးပြီ။

( **သင်္ခါရုပေက္ခာဉာဏ်အခဏ်း။** )

သင်္ခါရုပေက္ခာဉာဏ်သည် မည်သည့် အာရုံ, မည်သည့် အရာဝတ္ထု၌မျှ ချစ်သည်, မုန်းသည်မရှိ၊ ရှုမြဲအာရုံ, အနိစ္စာရုံတို့၌လဲး ကပ်ငြိတွယ်တာခြင်းမရှိ၊

ရုပ်,နာမ် ၂-ပါးဘို့ကို အညီအမျှသား၍ မြင်ဆဲးလဲးလျှပ်လျူ, ကြားဆဲးလဲး လျှပ်လျူ, နံ့ဆဲးလဲလျှပ်လျူ, စားဆဲးလဲးလျှပ်လျူ, ထိဆဲးလဲလျှပ်လျူ, သိဆဲး လဲးလျှပ်လျူ – စသည်ဖြင့် စိတ်ကျရောက်ရာ ဌာနတိုင်းတို့၌ လျှပ်လျူပြုနိုင် ခြင်းသည် သင်္ခါရုပေက္ခာဉာဏ်မည်၏။

> အပျက်မြင်သောကြောင့် အညီအညွတ်ရှု၏။ အညီအညွတ် ရှုတာက သင်္ခါရုပေက္ခာဉာဏ်။

အထက်က ပြဆိုခဲ့သော ပဒိုသင်္ခါနုပဿနာဉာဏ်ဖြင့် မြင်အပ်ပြီးသော မြင်, ကြား, နံ့, စား, ထိ, သိ, လှုပ်, ရွေ့ – အစရှိသော ရုပ်,နာမ်သင်္ခါရတို့၏ မိမိကိုယ်ဟု မှတ်ထင်သော အတ္တနိမိတ်မှ မရှိလုံးလုံး သုဉ်းဆိတ်သည်၏ အဖြစ်ကို။ ဝါ၊ မြဲသော ချမ်းသာသော တင့်တယ်သော အခြင်းအရာတို့မှ သုဉ်းဆိတ်သည်၏အဖြစ်ကို အဖန်တလဲးလဲး (လှုပ်တယ်, ရွေ့တယ်) စသည် ဖြင့် သိမ်းဆည်းရှုမှတ်သော ယောဂီပုဂ္ဂိုလ်သည် ဤမြင်မှု – စသော ရုပ်, နာမ်သင်္ခါရသဘောသည် မိမိကိုယ်ဟု မှတ်ထင်သော အတ္တနိမိတ်မှငင်း, ချမ်းသာဆင်းရဲးကို မြင်စေတတ်သော မိမိဥစ္စာ သတ္တဝါသင်္ခါရမှငင်း, မရှိလုံးလုံးသုဉ်းဆိတ်၍သာနေကြောင်းကို မိမိဉာဏ်၌ ထင်မြင်လာ ဆင်ခြင် ၍သာ နေတော့၏။

ဤသို့ အဖန်ဖန် အထပ်ထပ် ရှုမှတ်ဆင်ခြင်ပါများလတ်သော် မိမိ၏ အဇ္ဈတ္တခန္ဓာပဉ္စက–ရုပ်,နာမ် သင်္ခါရနှင့်တကွ ဗဟိဒ္ဓခန္ဓာပဉ္စက–ရုပ်, နာမ် သင်္ခါရအသက်ရှိမရှိအလုံးစုံရုပ်,နာမ်သင်္ခါရတို့သည် မိမိကိုယ်ဟု မှတ်ထင် သော အတ္တနိမိတ်မှငင်း, မိမိဥစ္စာဟု ထင်မှတ်သော အတ္တနိယမှငင်း, မိမိ, သူတပါး နှစ်ပါးစုံကို မြဲတယ်ဟုထင်မှတ်သော နိစ္စသညာမှငင်း,ခိုင်ခံ့သည် ဟု ထင်မှတ်သော ရဝသညာမှငင်း, အခါခပ်သိမ်း မိမိ, သူတပါး နှစ်ပါးစုံ ထင်ရှားသည်, မြဲသည်ဟု ထင်မှတ်သော သဿတဒိဋ္ဌိမှငင်း၊ ဖေါက်ပြန် ပျက်စီးခြင်းသဘောမရှိဟု ထင်မှတ်သော အ-ဝိပရိဏာမဓမ္မမှငင်း, မရှိလုံး လုံးသုဉ်းဆိတ်ချေ၏ဟု မိမိဉာဏ်၌ထင်၍သာနေ၏။

"ဥပမာ"

ရေသဖန်းပင်, ကြက်ဆူပင်, ကျူပင်, ပေါက်ပင်, ကသစ်ပင်, ရေခတက် ဖြူပင်, ကြောင်မီးကူပင်, ရေမြှုပ်စိုင်, ဝံလျှပ်, ရေပွက်, မျက်လှည့်ရုပ်,ဌက် ပျောတုံးကို့သည် အနှစ်မရှိတာလို အဇ္ဈတ္တ, ဗဟိဒ္ဓ ခြောက်ဒွါရ ခန္ဓာပဉ္စက

အသက်ရှိမရှိ၊ ရုပ်,နာမ်သင်္ခါရဟူသမျှသည် နိစ္စ, ရာ, သုခ, အတ္တ, သဿတ, အဒိပရိဏာမ-တည်းဟူသော အနှစ်သာရမှကင်းချေ၏။ သတ္တ, ဇီဝ, အတ္တမဟုတ်၍ ငါငါဟု မှန်ကင်းကဲ့သို့ ထောင်လွှား၍နေသော မာန၏ဖြစ်ရာဌာန ဘာဝတရမျှမရှိ။

လူ, နတ်, ဗြဟ္မာ, ပုဂ္ဂိုလ်, သတ္တဝါ, ငါ, သူတပါး, ယောကျ်ား, မိန်းမ-ဟူ၍ တဏှာ, မာန, ဒိဋ္ဌိတို့ ဖြစ်ရာဌာန ဘာဝတရမျှ ရှာမရဟု မိမိဉာဏ်၌ ထင်မြင်လျက် မြင်, ကြား, နံ, စား, ထိ, သိ, ရွေ့မှု-စသော ရုပ်, နာမ်သင်္ခါရတို့၏ မှတ်တိုင်း မှတ်တိုင်း မမြဲ-အနိစ္စ, ဆင်းရဲ-ဒုက္ခ, အစိုးမရ-အနတ္တ သဘောအားဖြင့် မြင်၍နေသော ယောဂီပုဂ္ဂိုလ်သည် အလုံးစုံသော တေဘူမကသင်္ခါရလောကဟူသမျှ၏ အတ္တ, ဇီဝ, နိစ္စ, သုခ, ရဝ, သဿတ, အဝိပရိဏာမသဘောမှ သုဉ်းဆိတ်နေကြောင်းကို ရှုမြင်၍ နေသည်မည်၏။

သုညတော လောကံ အဝေက္ခဿု၊
မောဃရာဇ သဒါ သတော။
အတ္တာနုဒိဋ္ဌိံ ဥဟစ္စ၊ ဧဝံ မစ္စုတရော သိယာ၊
ဧဝံ လောကအဝေက္ခန္တံ၊ မစ္စုရာဇာ န ပဿတိ။ ။

( သုတ္တနိပါတ်ပါဠိတော် )

မောဃရာဇ၊ မောဃရာဇရဟန်း။ သဒါ၊ နေ့ရောညဉ့်ပါ ဘယ်ခါမပြတ်။ သတော၊ ဒွါရအာရုံ ခန္ဓာဘုံ ကျရောက်တိုင်း ကျရောက်တိုင်း မြင်တယ်, ကြားတယ်, နံတယ်, စားတယ်, ထိတယ်, သိတယ်, ရွေ့တယ်-စသည် အမှတ်သတိနှင့် ပြည့်စုံသည်ဖြစ်၍။ အတ္တာနုဒိဋ္ဌိံ၊ ငါ့ကိုယ်ဟူ၍ မှတ်ထင်နေသော သက္ကာယဒိဋ္ဌိကို။ ဥဟစ္စ၊ စွန့်ပယ်နှုတ်၍။ လောကံ၊ မြင်မှု,ကြားမှု, နံမှု,စားမှု, ထိမှု, သိမှု-စသောသင်္ခါရလောကကြီးကို။ သုညတော၊ နိစ္စ, ရဝ-စသည် အနှစ်ကင်းဆိတ်သောအားဖြင့်။ အဝေက္ခဿု၊ သမထ,ဝိပဿနာပညာစက္ခုထင်အောင် ပြု၍ မြော်ရှုပုံစမ်းဘိလော။ ဧဝံ၊ ဤသို့မြော်ရှုပုံစမ်းသည်ရှိသော်။ မစ္စုတရော၊ သေမင်းကိုလွန်မြောက်သည်။ သိယာ၊ ဖြစ်ရာ၏။ ဧဝံ၊ ဤသို့သုဉ်းဆိတ်သောအားဖြင့်။ လောကံ၊ မြင်မှု, ကြားမှု, နံမှု, စားမှု, ထိမှု, သိမှု-စသောသင်္ခါရလောကကြီးကို။ အဝေက္ခန္တံ၊ သမထ, ဝိပဿနာပညာစက္ခုဖြင့် ထင်အောင် ပြု၍ ရှုမှတ်သော ယောဂီပုဂ္ဂိုလ်ကို။ မစ္စုရာဇာ၊ သေမင်းသည်။ န ပဿတိ၊ မမြင်နိုင်တော့ပေ။

ဤသို့ မြင်မှု, ကြားမှု, နံမှု, စားမှု, ထိမှု, သိမှု, လှုပ်မှု, ရွေ့မှု-စသော ရုပ်, နာမ်သင်္ခါရ လောကကြီးကို သုညအားဖြင့်ပြီးသော ယောဂီပုဂ္ဂိုလ်သည် မိမိ၏ ခြောက်ဒွါရအဇ္ဈတ္တသန္တာနပဉ္စကန္ဓ ဖြစ်တိုင်း, ဖြစ်တိုင်းသော ရုပ်, နာမ်တို့ကို သတိအမှတ်ပြုတိုင်း မမြဲ-အနိစ္စ, ဆင်းရဲ-ဒုက္ခ, အစိုးမရ - အနတ္တဟု လက္ခဏာရေး ၃-ပါးကို မိမိဉာဏ်၌ ထင်စေလျက် အဖန်ဖန်ရှုသောယောဂီပုဂ္ဂိုလ်သည်—

"ဥပမာ"

ချစ်ကြည်လှစွာသော မယားကို မုန်းထားပြစ်မြင် ကွာကြည်ပြီးနောက် တစုံတယောက်သော ယောက်ျားနှင့် စကားကြည်ရွှင်၊ နေချင်တိုင်းပင်နေသော်လည်း မမုန်းမချစ် လျစ်လျူဥပေက္ခာစိတ်သာဖြစ်၍ နေတော့သကဲ့သို့ မြင်မှု, ကြားမှု, နံမှု, စားမှု. ထိမှု, သိမှု, လှုပ်မှု, ရွေ့မှု-စသော ရုပ်နာမ်သင်္ခါရတို့၌ မျက်စိသည် ငါတည်း, ငါ၏မျက်စိတည်း၊ ဤသို့ စသောသဘောကို ယူဘွယ်ပြတ်ကင်း။ မြင်ခြင်း, ကြားခြင်း. နံခြင်း, စားခြင်း, ထိခြင်း, သိခြင်း, လှုပ်ခြင်း, ရွေ့ခြင်း-စသော ရုပ်, နာမ်တို့၏ မမြဲ-အနိစ္စ, ဆင်းရဲ-ဒုက္ခ, အစိုးမရ အနတ္တကိုသာ မြင်ခြင်းကြောင့် မုန်းခြင်း, ကြောက်ခြင်း, ချစ်ခြင်း, နှစ်သက်ခြင်းကို စွန့်ပစ်၍ မမုန်း, မချစ်, မြင်ခြင်း, ကြားခြင်း, နံခြင်း, စားခြင်း, ထိခြင်း, သိခြင်း, လှုပ်ခြင်း, ရွေ့ခြင်း - စသော ရုပ်, နာမ်တို့၏ တခုပြီး တခုအရှိန်မပဲ တဖွဲဖွဲဖြစ်ပျက်၍ နေသည်ကိုသာ အညီအညွတ် ရှုမှတ်တိုင်း ရှုမှတ်တိုင်း မမြဲ-အနိစ္စ, ဆင်းရဲ-ဒုက္ခ, အစိုးမရ-အနတ္တ-ဟူ၍သာ ရှုမှတ်၍နေ၏။ ။ဤသို့ သိမြင်သော ယောဂီပုဂ္ဂိုလ်၏စိတ်သည် .....

"ဥပမာ"

ကြာရွက်၌ ရေပေါက်, မီး၌ကျသော ကြက်တောင်တို့ကျရောက်သကဲ့သို့ ဘဝ-၃ပါး, ယောနိ-၄ပါး-စသည်တို့၌ ထိတ်, ထောင်, နှောင်, အိမ်အအလား၊ မနှစ်မြို့က် မပြန့်ပွားမူ၍ တွန့်တိုကွေးကုတ် နောက်သို့ ဆုတ်နစ်သော စိတ်ဖြစ်၍ ဒွါရအာရုံ-ခန္ဓာဘုံ၌ ဖြစ်ပေါ်သမျှ ရုပ်, နာမ်, သင်္ခါရတို့ကို မမုန်း, မချစ်, လျစ်လျူဖြစ်သော စိတ်ဖြင့် ရှုမှတ်၍ နေခြင်းသည် သင်္ခါရုပေက္ခာဉာဏ်မည်၏။ ။ထို-သင်္ခါရုပေက္ခာဉာဏ်ရင့်သန်အားရှိသဖြင့် အနုလောမဉာဏ်၏ အခြေမှန်၍ နိဗ္ဗာန်ကိုသန့်အားဖြင့် မြင်သည်ရှိသော်.....

"ဥပမာ"

သမုဒြာ၌ ကုန်သွားသော သင်္ဘောသားတို့ ယူဆောင်အပ်သော ဒိသာကာကအမည်ရှိသော ကျီးကို လွှတ်လိုက်သည်ရှိသော် ထိုကျီးသည် ပျံသွား၍ ကမ်းကို မမြင်သေးသမျှ ကာလပတ်လုံး ပျံကာပျံကာ လင်းယဉ်တိုင်၌သာ နားလာ၍ ကမ်းကိုမြင်သည့်အခါ မပျံလာဘဲ ကမ်းရှိရာသို့ ဈေရှု ပျံသွားသကဲ့သို့ ခပ်သိမ်းသော မြင်ခြင်း,ကြားခြင်း,နံခြင်း,စားခြင်း ထိခြင်း, သိခြင်း,လှုပ်ခြင်း,ရွေ့ခြင်း–စသော ရုပ်နာမ်သင်္ခါရဝဋ်ကို အာရုံမပြု။လက်လွှတ်စွန့်ပစ်လျက် အနုလောမဉာဏ်, ဂေါတြဘူဉာဏ်သို့ အစဉ်အတိုင်းတက်၍ မဂ်ဉာဏ်,ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်သို့ပြေးဝင်၏။

ထိုသင်္ခါရုပေက္ခာဉာဏ်သည် အနုလောမဉာဏ်၏ အခြေမဖြစ်သေး, မရင့်သန်သေး၍ နိဗ္ဗာန်ကို သန္တအားဖြင့် မမြင်သေးမှုကား မုန့်ညက်ဆင်းခတ်, ဝါဂွမ်းဖတ်သည့်အလား မြင်ခြင်း, ကြားခြင်း,နံခြင်း,စားခြင်း,ထိခြင်း, သိခြင်း,လှုပ်ခြင်း,ရွေ့ခြင်း–စသော ရုပ်နာမ်သင်္ခါရတို့ကို မမြဲ,ဆင်းရဲ,အစိုးမရ၊ မမြဲ,ဆင်းရဲ, အစိုးမရဟု အဖန်ဖန် အထပ်ထပ်ရှုမှတ်သော သတိဖြင့် သင်္ခါရုပေက္ခာဉာဏ်၌သာ တည်နေပြန်တော့၏။ ။ထို့ကြောင့်....

တံ ပနေတံ သစေ နိဗ္ဗာနံ သန္တတော ပဿတိ၊ သဗ္ဗံ သင်္ခါ ရပ္ပဝတ္တံ ဝိဿဇ္ဇေတွာ၊ နိဗ္ဗာနမေဝ ပက္ခန္ဒတိ။ ။

တံပနေတံ၊ ထိုသင်္ခါရုပေက္ခာဉာဏ်သည်။ နိဗ္ဗာနံ၊ နိဗ္ဗာန်သို့။ ဝါ–ကို။ သန္တတော၊ သန္တအားဖြင့်။ သစေပဿတိ၊ အကယ်၍မြင်အံ့။ ဧဝံသတိ၊ ဤသို့ မြင်သည်ရှိသော်။သဗ္ဗံသင်္ခါရပ္ပဝတ္တံ၊ အလုံးစုံမြင်မှု ကြားမှု, နံမှု, စားမှု, ထိမှု, သိမှု, လှုပ်မှု, ရွေ့မှု–အစရှိသော ရုပ်နာမ်သင်္ခါရ၏ အဖြစ်အပျက်သဘောကို။ ဝိဿဇ္ဇေတွာ၊လက်လွှတ်စွန့်ပစ်၍။ နိဗ္ဗာနမေဝ၊နိဗ္ဗာန်သို့သာလျှင်။ ပက္ခန္ဒတိ၊ အာရုံပြုသောအားဖြင့် ပြေးဝင်၏။

ဟုဆိုအပ်သော အဋ္ဌကထာစကားသည် သင်္ခါရုပေက္ခာဉာဏ်, ရင့်ကျက်စွမ်းသန်၍ အနုလောမဉာဏ်၏ အခြေဖြစ်၍ အနုလောမဉာဏ်, ဂေါတြဘူဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ်, ပစ္စဝေက္ခဏာဉာဏ်သို့ ဆိုက်ရောက်သော ၃ -ပါးသော ဝိဝိဓဝိမောက္ခမုခ၏ အဖြစ်သို့ ရောက်၍ အရိယာပုဂ္ဂိုလ်ဖြစ်ခြင်း၏ အကြောင်းဖြစ်၏။

( အထူးသတိပြု၍ကြည့်ရှုကြပါကုန် )

## {တိဝိဓဝိမောက္ခအဖြစ်သို့ရောက်ပုံ}

(၁) သင်္ခါရုပေက္ခာလွန်ကဲ အားကြီးသော ယောဂီပုဂ္ဂိုလ်အား မြင်မှု, ကြားမှု, နံမှု, စားမှု, ထိမှု, သိမှု, လှုပ်မှု, ရွေ့မှု-စသော ရုပ်,နာမ်တို့၏ ဖြစ်ပေါ် တိုင်း ဖြစ်ပေါ်တိုင်း ရှုမှတ်သော သတိဖြင့် ရှုမှတ်တိုင်း ရှုမှတ်တိုင်း ရှေ့မြင်မှု, ရှေ့ကြားမှု, ရှေ့နံမှု, ရှေ့စားမှု, ရှေ့ထိမှု, ရှေ့သိမှု, ရှေ့လှုပ်မှု, ရှေ့ရွေ့မှု – စသော ရုပ်, နာမ်နှင့် နောက်ရှုမှတ်သော သတိ၏ မမြဲမှု သဘော ထင်သော အနိစ္စာနုပဿနာဉာဏ်ထက်သန်လှ၍ မိမိ၏ မြင်မှု, ကြားမှု, နံမှု, စားမှု, ထိမှု, သိမှု, လှုပ်မှု, ရွေ့မှု–စသောရုပ်, နာမ်သင်္ခါရတို့၏ မြဲ၏ဟု ထင်မှတ်သော နိစ္စနိမိတ်, ခိုင်ခံ့၏ဟု ထင်မှတ်သော ဓုဝနိမိတ်, ချမ်းသာ၏ဟု ထင်မှတ်သော သုခနိမိတ်, တင့်တယ်လှပ၏ဟု ထင်မှတ်သော သုဘနိမိတ်, ငါ့ကိုယ်ဟု ထင်မှတ်သော အတ္တနိမိတ်, ကင်းကွာပပျောက်လျက် မြင်မှု, ကြားမှု နံမှု, စားမှု, ထိမှု, သိမှု, လှုပ်မှု, ရွေ့မှု–စသော ရုပ်,နာမ်သင်္ခါရခယနိမိတ်-အကြွင်း မဲ့ ကင်းဆိတ်သော နိဗ္ဗာန်သို့ သင်္ခါရုပေက္ခာဉာဏ်ဖြင့် ညွတ်စဉ် ဘဝင် ပြတ်လျက် အနုလောမဉာဏ်, ဂေါတြဘူဉာဏ်သို့ တက်၍ မဂ်, ဖိုလ်သို့ ချဉ်းကပ်တစပ်တည်းသွားသည်ဖြစ်ဒံ့။

အာရုံဖြစ်သော နိဗ္ဗာန်သည် မြင်မှု, ကြားမှု, နံမှု, စားမှု, ထိမှု, သိမှု, လှုပ်မှု, ရွေ့မှု – စသော သင်္ခါရခယနိမိတ်ကင်း ဆိတ်သော အနိမိတ္တနိဗ္ဗာန်မည်၏။

အာရမ္မဏိက ဖြစ်သော မဂ်သည် မြင်မှု, ကြားမှု, နံမှု, စားမှု, ထိမှု, သိမှု, လှုပ်မှု, ရွေ့မှု–စသော ရုပ်,နာမ်သင်္ခါရ ခယနိမိတ်ကင်းဆိတ်သော အနိမိတ္တနိဗ္ဗာန်သို့ ရှေးရှုကြောင်း ဖြစ်၍ နိစ္စ, ဓုဝ, သုခ, သုဘ, အတ္တ - ဟုထင်မှတ်သော မာန ကိလေသာမှ ကင်းလွတ်သောကြောင့် အနိမိတ္တဝိမောက္ခ မည်၏။

မြင်မှု, ကြားမှု, နံမှု, စားမှု, ထိမှု, သိမှု, လှုပ်မှု, ရွေ့မှု- စသော ရုပ်,နာမ်တို့ကို မမြဲ–မမြဲဟု အဖန်ဖန်ရှုမှတ်သော အနိစ္စာနုပဿနာ, သင်္ခါရုပေက္ခာဉာဏ်သည် အနိမိတ္တဝိ မောက္ခမဂ်သို့ ရောက်ကြောင်းတံခါးဝဖြစ်သောကြောင့် အနိ မိတ္တဝိမောက္ခမုခမည်၏။

## နေတ္တိ–တိပုက္ခလနည်း–
## ဝိမောက္ခ ၃–ပါးဖြင့်သံသရာမှထွက်မြောက်ပုံ။

### "အနိမိတ္တဝိမောက္ခ။"

၁–မနောသဉ္စေတနာဟာရ။
၂–အတ္တသညာဝိပလ္လာသ။
၃–အတ္တဝါဒုပါဒါန်။
၄–အဝိဇ္ဇာယောဂ။
၅–ဣဒံသစ္စာဘိနိဝေသကာယဂန္ထ။
၆–အဝိဇ္ဇာသဝ။
၇–အဝိဇ္ဇောဃ။
၈–မောဟသလ္လ။
၉–သင်္ခါရုပဂါဝိညာဏဋ္ဌိတိ။
၁၀–မောဟာဂတိ။

ဣတိ၊ ဤသို့။ သဗ္ဗေဓမ္မာ၊ အလုံးစုံသောတရားတို့သည်။ လောကဉ္စာနု သာရိနော၊ လောကမှလွတ် သံသရာဝင်သို့ အစဉ်လိုက်ကုန်၏။ တေဓမ္မာ၊ ထိုတရားတို့သည်။ လောကာ၊ လောကမှ။ တိဟိ ဝိမောက္ခမုခေဟိ၊ ဝိမောက္ခမုခ ၃–ပါးတို့ဖြင့်။ နိယျန္တိ၊ ထွက်မြောက်ကုန်၏။ ဣဒံ၊ ဤသည်ကား။ တတြ တေဟိ တိဟိ ဝိမောက္ခမုခေဟိ၊ ထို ၃–ပါးသောဝိမောက္ခမုခတို့ဖြင့်။ နိယျာနံ၊ ထွက်မြောက်ခြင်းတည်း။

### "အနိမိတ္တဝိမောက္ခဖြင့် ထွက်ပုံ။"

၁–သုခပဋိပဒါခိပ္ပါဘိညာ။
၂–ဓမ္မာနုပဿနာသတိပဋ္ဌာန်။
၃–စတုတ္ထဈာန်။
၄–အာနေဉ္ဇဝိဟာရ။
၅–အနုရက္ခသမ္မပ္ပဓာန်။
၆–ဘဂုပသမ။
၇–ဥပသမာဓိဋ္ဌာန်။
၈–ဝိမံသ သမာဓိ။
၉–သဉ္ဇုပမိပဋိနိဿဂ္ဂ။
၁၀–ဥပေက္ခာ။

(၂) သမာဓိဉာဏ်အားရှိလွန်ကဲထက်သန်သော ယောဂီပုဂ္ဂိုလ်အား မြင်မှု, ကြားမှု, နံမှု, စားမှု, ထိမှု, သိမှု, လှုပ်မှု, ရွေ့မှု–စသော နာမ်, ရုပ်တို့၏ ဖြစ်ပေါ်တိုင်း ဖြစ်ပေါ်တိုင်း ရှုမှတ်သော သတိဖြင့် ရှုမှတ်တိုင်း ရှုမှတ်တိုင်း ရှေ့မြင်မှု, ရှေ့ကြားမှု, ရှေ့နံမှု, ရှေ့စားမှု, ရှေ့ထိမှု, ရှေ့သိမှု, ရှေ့လှုပ်မှု, ရှေ့ရွေ့မှု–စသော ရုပ်, နာမ်တို့၏ တချပြီး တချဖြစ်ပျက်၍ နေသောအစဉ်နှင့် နောက်ရှုမှတ်သောသတိ၏ တချပြီး တချဖြစ်ပျက်၍ နေသော အစဉ်ကို မြင်သဖြင့် ဆင်းရဲမှုသဘောထင်သော ဒုက္ခာနုပဿနာထက်သန်လှ၍ ဇာတိ–စသော ဘေးသည် အဖန်ဖန်အထပ်ထပ် နှိပ်စက်အပ်သော မြင်မှု, ကြားမှု, နံမှု, စားမှု, ထိမှု, သိမှု, လှုပ်မှု, ရွေ့မှု–စသော ရုပ်,နာမ်သင်္ခါရတို့၌။ဝါ၊လူ, နတ်,ဗြဟ္မာ,သတ္တဝါ သင်္ခါရတို့၌ တောင့်တခြင်း–တဏှာပဏိဓိကင်းကွာ ပပျောက်လျက် ယခုပစ္စုပ္ပန် လက်ရှိခန္ဓာ၌ အသစ်အသစ် ဖြစ်ခွင့်အကျိုး တဏှာ၊ အကြွင်းမဲ့ ကင်းဆိတ်သော 'နိဗ္ဗာန်သို့ သင်္ခါရုပေက္ခာဉာဏ်ဖြင့် ညွှတ်စဉ် ဘဝင်ပြတ်လျက် အနုလောမဉာဏ်, ဂေါတြဘူဉာဏ်သို့ တက်၍ မဂ်, ဖိုလ်–သို့ ချဉ်းကပ် တစပ်တည်းသွားသည်ဖြစ်အံ့။

အာရုံဖြစ်သော နိဗ္ဗာန်သည် တောင့်တခြင်းတဏှာကင်းဆိတ်သော အပ္ပဏိဟိတနိဗ္ဗာန်မည်၏။

အာရမ္မဏိက ဖြစ်သော မဂ်သည် အပ္ပဏိဟိတနိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်၍ တောင့်တခြင်းတဏှာကိလေသာ မကင်းလွတ်သောကြောင့် အပ္ပဏိဟိတဝိမောက္ခမည်၏။

မြင်မှု, ကြားမှု, နံမှု,စားမှု, ထိမှု, သိမှု, လှုပ်မှု, ရွေ့မှု–စသော ရုပ်,နာမ်တို့၏ တချပြီး တချဖြစ်ပျက်ခြင်းတို့ဖြင့် နှိပ်စက်အပ်သောကြောင့် ဆင်းရဲ–ဆင်းရဲဟု အဖန်ဖန်ရှုမှတ်သော ဒုက္ခာနုပဿနာ သင်္ခါရုပေက္ခာဉာဏ်သည် အပ္ပဏိဟိတ ဝိမောက္ခမဂ်သို့ ရောက်ကြောင်း တံခါးဝ ဖြစ်သောကြောင့် အပ္ပဏိဟိတဝိမောက္ခမုခမည်၏။

**နေ့တွက်–တိပုကွလနည်း။**

**ဝိမောက္ခ ၃–ပါးဖြင့် သံသရာမှ ထွက်မြောက်ပုံ။**

**" အပ္ပဏိဟိတဝိမောက္ခ "**

၁–ကဗဠီကာရအာဟာရ။

၂–ဖဿအာဟာရ။

၃-သုဘသညာဝိပလ္လာသ၊
၄ သုခသညာဝိပလ္လာသ၊
၅-ကာမုပါဒါန်၊
၆-ဘဝုပါဒါန်၊
၇-ကာမောဃော၊
၈-ဘဝေါဃော၊
၉-အဘိဇ္ဈာကာယဂန္ထ၊
၁၀-ဗျာပါဒကာယဂန္ထ၊
၁၁-ကာမာသဝ၊
၁၂-ဘဝါသဝ၊
၁၃-ကာမောဃ၊
၁၄-ဘဝေါဃ၊
၁၅-ရာဂသလ္လ၊
၁၆-ဒေါသသလ္လ၊
၁၇-ရူပုပဂါဝိညာဏဋ္ဌိတိ၊
၁၈-ဝေဒနုပဂါဝိညာဏဋ္ဌိတိ။
၁၉-ဆန္ဒာဂတိ၊
၂၀-ဒေါသာဂတိ၊

ဤတ်သို့၊ သင်္ခေပမျှော၊ တို့သည်၊ လောကဝဋ္ဋာနုသာရိနော၊ ကုန်၏၊ တေခမ္ဘာ၊ တို့သည်၊ လောကာ၊ မှ၊ တီဟိဝိမောက္ခမုခေဟိ၊ တို့ဖြင့်၊ နိယျန္တိ၊ ကုန်၏၊ ရှုန်၊ ကား၊ တကြွဲတေဟိတီဟိဝိမောက္ခမုခေဟိ၊ တို့ဖြင့်၊ နိယျာန်၊ တည်း၊

{ အပ္ပဏိဟိတဝိမောက္ခဖြင့်-ထွက်ပုံ }

၁-ဒုက္ခပဋိပဒါဒန္ဓာဘိညာ၊
၂-ဒုက္ခပဋိပဒါခိပ္ပါဘိညာ၊
၃-ကာယာနုပဿနာသတိပဋ္ဌာန်၊
၄-ဝေဒနာနုပဿနာသတိပဋ္ဌာန်၊
၅-ပဌမဈာန်၊
၆-ဒုတိယဈာန်၊
၇-ဒိဗ္ဗဝိဟာရ၊

၈ ဗြဟ္မဝိဟာရ။
၉–သံဝရသမ္မပ္ပဓာန်။
၁၀ ပဟာနသမ္မပ္ပဓာန်။
၁၁–မာနပ္ပဟာန်။
၁၂ အာလယသမုဂ္ဃါတ။
(အရိယအဋ္ဌုတ္တမဂ္ဂ၊ ပဌမ-ဒုတိယ-တတိယ-စတုတ္ထ–၄ပုဒ်ကိုယူ )
၁၃–သက္ကာဒိဋ္ဌာန်။
၁၄–စာဂါဓိဋ္ဌာန်။
၁၅ - ဆန္ဒသမာဓိ။
၁၆–ဣရိယသမာဓိ။
၁၇–ဇာဂ္ဂရိယသံဝရသီလ။
၁၈–တပေါ။
၁၉–မေတ္တာ။
၂၀–ကရုဏာ။

(၃) ပညိန္ဒြေအားရှိလွန်ကဲ ထူးချွန်ထက်သန်သော ယောဂီပုဂ္ဂိုလ်အား မြင်မှု ကြားမှု,နံမှု,စားမှု,ထိမှု,သိမှု,လှုပ်မှု,ရွေ့မှု – စသော ရုပ်နာမ်တို့၏ ဖြစ်ပေါ်တိုင်း ဖြစ်ပေါ်တိုင်း ရှုမှတ်သောသတိဖြင့် ရှုမှတ်တိုင်းရှုမှတ်တိုင်း မြင်မှု,ကြားမှု,နံမှု,စားမှု,ထိမှု,သိမှု,လှုပ်မှု, ရွေ့မှု-စသောရုပ်နာမ်တို့၏ မမြဲမှုသဘောကို မြဲပါစေ၊ ဆင်းရဲမှုသဘောကို ချမ်းသာပါစေဟု တောင့်တ၍ မရ အနှစ်သာရ ဘာတခုမျှအစိုးမရသော အတ္တကို မမြင်သဖြင့်အစိုးမရမှု သဘောထင်သော အနတ္တာနုပဿနာဉာဏ်ထက်သန်လှ၍ မြင်မှု, ကြားမှု, နံမှု,စားမှု,ထိမှု,သိမှု လှုပ်မှု,ရွေ့မှု – စသော ရုပ်နာမ်သင်္ခါရတို့၌ မိမိကိုယ်, ဟု ထင်မှတ်သော အတ္တသညာ – ကင်းကွာ ပပျောက်လျက် အတ္တကင်းဆိတ်သော နိဗ္ဗာန်သို့ သင်္ခါရုပေက္ခာဉာဏ်ဖြင့် ညွတ်စဉ် ဘဝင်ပြတ်လျက် အနုလောမဉာဏ်,ဂေါတြဘူဉာဏ်သို့ တက်၍ မဂ်, ဖိုလ်–သို့ ချဉ်းကပ်တစပ်တည်းသွားသည်ဖြစ်အံ့။

နိဗ္ဗာန်သည် အတ္တကင်းဆိတ်သော သုညတနိဗ္ဗာန်မည်၏။
မဂ်သည် အတ္တဒိဋ္ဌိ–ကိလေသာမှ ကင်းလွတ်သောကြောင့် သုညတဝိမောက္ခမည်၏။

အနတ္တာနုပဿနာသင်္ခါရုပေက္ခာဉာဏ်သည် သုညတဝိမောက္ခမဂ် သို့ရောက်ကြောင်းတံခါးဝဖြစ်သောကြောင့်သုညတဝိမောက္ခမုခမည်၏။

**“ နေတ္တိ – တိပုက္ခလနည်း ”**

**“ ဝိမောက္ခ (၃) ပါးဖြင့် သံသရာမှ ထွက်မြောက်ပုံ ”**

(သုညတဝိမောက္ခ။)

၁–ဒိဋ္ဌာဘာဟာရ။
၂–နိဗ္ဗသုညာဒိပလ္လာသ။
၃–ဒိဋ္ဌုပါဒါန်။
၄–ဒိဋ္ဌိယောဂ။
၅–သီလဗ္ဗတပရာမာသကာယဂန္ထ။
၆–ဒိဋ္ဌာသဝ။
၇–ဒိဋ္ဌောဃ။
၈–မာနသလ္လ။
၉–သညုပဂါဝိညာဏဋ္ဌိတိ။
၁၀–ဘယာအဂတိ၊

ဣတိ၊သို့။ သဠ်ဝမ္ပာ၊တို့သည်၊ လောကဝဋ္ဋာနုသာရိနော၊ကုန်၏။ တေ ဓမ္မာ၊တို့သည်။လောကာ၊မှ။ တိပဟိဝိမောက္ခမုခေဟိ တို့ဖြင့်။ နိယျန္တိ၊ကုန်၏။ ဣဒံ၊ ကား။ တတြ တေဟိ တိဟိ ဝိမောက္ခမုခေဟိ၊ တို့ဖြင့်။နိ ယျာနံ၊တည်း။

**“ သုညတဒိမောက္ခဖြင့် - ထွက်ပုံ ”**

၁–သုခပဋိပဒါဒန္ဓာဘိညာ။
၂–စိတ္တာနုပဿနာသတိပဋ္ဌာန်။
၃–တတိယဈာန်။
၄–အရိယဝိဟာရ။
၅–ဘာဝနာသမ္မပ္ပဓာန်။
၆–အဝိဇ္ဇာပဟာန်။
၇–ပညာဝိဋ္ဌာန်။
၈–စိတ္တသမာဓိ။
၉–ဗုဒ္ဓိ။
၁၀–မုဒိတာ။

{ ဤသို့တိဝိဓဝိမောက္ခမုခအဖြစ်သို့ရောက်ပုံကိုသိကြပါကုန်၊ }

ဤသို့လျှင် တိဝိဓဝိမောက္ခအဖြစ်သို့ ရောက်ကြောင်းဖြစ်သော ဤသင်္ခါရုပေက္ခာဉာဏ်သည် မရင့်သန်သေးမူကား မုဉ္စိတုကမျတာဉာဏ်,ပဋိသင်္ခါဉာဏ်,သင်္ခါရုပေက္ခာဉာဏ်-ဤဉာဏ် ၃-ပါးသဘောတူ၏။ သဒ္ဒါသာကွဲသည်ဟု ပဋိသမ္ဘိဒါမဂ်ပါဠိတော်၌လာရှိ၏။ ။ရင့်သန်မူကား သင်္ခါရုပေက္ခာဉာဏ်, အနုလောမဉာဏ်, ဂေါတြဘူဉာဏ် - ဤ အထက်ဉာဏ် ၃-ပါး သဘောတူ၏။

ဤကား-သင်္ခါရုပေက္ခာဉာဏ်အခန်းပြီးပြီ။

## ( အနုလောမဉာဏ်အခန်း။ )

ဤသင်္ခါရုပေက္ခာဉာဏ်ကို အဖန်ဖန် အထပ်ထပ် သတိ ရှုမှတ်သော ယောဂီပုဂ္ဂိုလ်အား အလွန်အားရှိသော အဓိမောက္ခသဒ္ဓါ, ကောင်းစွာချီးမြှောက်အပ်သော ဝီရိယ,မြင်မှု,ကြားမှု, နံမှု, စားမှု, ထိမှု, သိမှု, လှုပ်မှု, ရွေ့မှု-စသော ရုပ် နာမ်တို့၏ မမြဲ-အနိစ္စ၊ ဆင်းရဲ-ဒုက္ခ၊ အစိုးမရ-အနတ္တ-ဟု ရှုမှတ်တိုင်း ရှုမှတ်တိုင်း ထင်မြင်လှစွာသော သတိ၊ အလွန်တည်ကြည်ဘိသော သမာဓိစိတ် အလွန်ထက်မြက်လှစွာသော သင်္ခါရုပေက္ခာဉာဏ်ဖြစ်ပေါ်လာ၍ မဂ်ဖြစ်ခါနီးသည်ရှိသော် သုံးဆဲ့နှစ်-၃၂-ဝိထိတို့၌ ယှဉ်သော သင်္ခါရုပေက္ခာဉာဏ်အာရုံပြုအပ်သော အနိစ္စကို သော်၎င်း ဒုက္ခကို သော်၎င်း အနတ္တကိုသော်၎င်း-တပါးပါးကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်းစိတ်ဖြစ်၏။ ထိုနောင် မဟာကုသိုလ်ဉာဏသမ္ပယုတ် ၄-ခုတို့တွင် တခုခုသည် ပရိကမ်ဥပစာ အနုလုံ ဟု ၃-ကြိမ် အနုလောမဉာဏ်ဇောဖြစ်၏။

ဥဒယဗ္ဗယဉာဏ်, ဘင်ဉာဏ်, ဘယဉာဏ်, အာဒီနဝဉာဏ်, နိဗ္ဗိဒါဉာဏ်, မုဉ္စိတုကမျတာဉာဏ်, ပဋိသင်္ခါဉာဏ် သင်္ခါရုပေက္ခာဉာဏ်-ဟု ဆိုအပ်သော ရှစ်(၈)ပါးသော ဝိပဿနာဉာဏ်တို့အား၎င်း,နောက်ဖြစ်သော မဂ်၌ သုံးဆဲ့ခုနစ် (၃၇) ပါးသော ဗောဓိပက္ခိယတရားတို့အား၎င်း-သင့်တင့်လျော်ကန်မှန်သော ကိစ္စရှိသည်၏အဖြစ်ကြောင့် မဂ္ဂသစ္စာအား လျော်သော သစ္စာနုလောမိကဉာဏ်မည်၏။

## ( အထူးသတိပြုဘို့ရန် )

ဣဒဉ္စ ပန အနုလောမဉာဏံ သင်္ခါရာရမ္မဏာယ ဝုဋ္ဌာနဂါမိ
နိယာ ဝိပဿနာယ ပရိယောသာနံ ဟောတိ။ ။
-( ဝိသုဒ္ဓိမဂ်အဋ္ဌကထာ )-

## (ဂေါတြဘူဉာဏ်အခန်း။)

ပုထုဇ္ဇဉ်တို့၏ အနွယ်ကို လွှမ်းမိုးကျော်လွှန်၍ အရိယာတို့၏ အနွယ်သို့ ရောက်သောအခိုက်၌ ပရိကံ, ဥပစာ, အနုလုံ-မည်သောစိတ်တို့ကဲ့သို့ အနိစ္စ, ဒုက္ခ, အနတ္တ-ဟူသောလက္ခဏာတို့ကို အာရုံမပြုတော့ဘဲ နိဗ္ဗာန်ကိုအာရုံ ပြုတော့၏။

ထို့ကြောင့် မဂ်၏ ရှေ့က နိဗ္ဗာန်ကိုညွှန်ပြသောကြောင့် မဂ်ဇော, ဖိုလ်ဇောတို့၏ ရှေ့ပြေးအာဝဇ္ဇန်းနှင့် တူ၏ဟု ပြောစမှတ်ပြုကြသည်။ ။၎င်း ဂေါတြဘူစိတ်ဖြစ်ပေါ်လာသည်ကိုပင် ဂေါတြဘူဉာဏ်ဟုဆိုရာ၏။ ။

ပြဆိုအပ်ခဲ့ပြီးသော အနုလောမဉာဏ်-၃ပါးဖြင့် အစွမ်းအားလျော်စွာ အကြမ်း, အလတ်, အနုဖြစ်သော သစ္စာ (၄)ပါး တရားကို မသိမမြင်နိုင် အောင် ဖုံးလွှမ်းတတ်သော ကိလေသာမှောင်တုံးကို ခါထွက်ဖျောက်သွင့် ပြီးသော ယောဂီပုဂ္ဂိုလ်အား ခပ်သိမ်းကုန်သော ရုပ်, နာမ်သင်္ခါရနိမိတ္တ, ရုပ်နာမ်တို့၏ တခုပြီးတခု အစဉ်မပြတ် တလျှပ်လျှပ် ဖြစ်ပျက်၍ နေသော ပဝတ္တသင်္ခါရတို့ကို ဧရာမ ပလိဗောဓကြီးဟု ထင်မှတ်၍ ရုပ်, နာမ်သင်္ခါ ရတို့၌ စိတ်မဝင်ဆန့်မတန့်မရပ်မငြိကပ်ဘဲ—

{ ဥပမာ }

ကြာချပ်၌ ရေပေါက်ကဲ့သို့ တွန့်တို, ကွေးကုတ်, ဆုတ်နစ်, လတ်သော် ထိုအနုလောမဉာဏ်-၃ကြိမ်တို့၏ အခြားမဲ့၌ ခပ်သိမ်းကုန်သော ရုပ်နာမ် သင်္ခါရနိမိတ်ကင်းဆိတ်သော အနိမိတ္တဖြစ်ပျက်ခြင်းအစဉ်ကင်းပြတ် ရပ် သောအပ္ပဝတ္တ၊ ကြောင်းကျိုးရုပ်နာမ်ဓမ္မ၊ သင်္ခါရကင်းဆိတ်ချုပ်ငြိမ်းသော ဝိသင်္ခါရနိရောဓမည်မှန်။ ပြည်နိဗ္ဗာန်ကို အာရုံပြုလျက် ပုထုဇ္ဇဉ်နွယ် အဆက်ကို နှိပ်စက်လွှန်မြောက် အရိယာနွယ်ဘက်သို့ရောက်၍ မဂ်၏ အာဝဇ္ဇန်းအရာ၌ တည်လျက် ပုထုဇ္ဇဉ်အဖြစ်သို့ တဖန်ဘခေါက် ပြန်လည်မ ရောက်ဘဲ ဂေါတြဘူကိစ္စတပ်၍ ဖြစ်၏။ ။ထို့ကြောင့်—

**ဆောင်ပုဒ်သင်္ကါ။** ။ပုထုဇ္ဇဉ်ဟူ၊ နွယ်ဖြတ်မူ ဂေါတြဘူဉာဏ်။ ။

ဤကား-ဂေါတြဘူဉာဏ်အခန်း ပြီး ပြီ။

ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိအခန်း ပြီး၏။

## ( သောတာပတ္တိမဂ်ဉာဏ်အခန်း။ )

ဂေါတြဘူဉာဏ်နောက် မဂ်စိတ်ပေါ်လာလျှင် အရိယာအနွယ်သို့ ရောက်ပြီဖြစ်၍ ၁-ဆင်မီးသည် မီးစာကိုလောင်ခြင်း၊ ၂-အမှောင်ကိုပယ်ရှင်းခြင်း၊ ၃-အလင်းရောင်ကိုလွှမ်းစေခြင်း၊ ၄-ဆီကိုခန်းစေခြင်း-ဟူသောကိစ္စ-လေးချက်ကို တပြိုင်နက်ပြီးစီးနိုင်သကဲ့သို့

(၁) မဂ်ဉာဏ်သည် ဆင်းရဲအမှန် ဒုက္ခသစ္စာကို ပိုင်နိုင်စွာသိခြင်း။
(၂) ဆင်းရဲခြင်း၏ အကြောင်းအမှန်-သမုဒယသစ္စာကိုပယ်ခြင်း။
(၃) နောင်အသစ်အသစ်ဖြစ်ခွင့်မရတော့ဘဲ ချုပ်ငြိမ်းခြင်းအမှန် နိရောဓသစ္စာကို မျက်မှောက်ပြုခြင်း။
(၄) နိဗ္ဗာန်ရောက်ကြောင်းလမ်းအမှန်၊ မဂ္ဂသစ္စာကို ပွားခြင်း ဖြစ်ပေါ်လာစေခြင်းဟူသော ကိစ္စ-၄ ချက်ကို တပြိုင်နက်ပြီးစေနိုင်၏။

### " မဂ်ဉာဏ်၏ကိစ္စ(၄)ချက် တပြိုင်နက်ပြီးစီးပုံ "

(က) မဂ်ဉာဏ်၏ အသိထဲ၌ ဆင်းရဲ - ဒုက္ခ, မပါမရှိသည့်ကိုပင် ဒုက္ခသစ္စာကိုပိုင်းခြားသည် (ပိုင်နိုင်စွာသိသည်)ဟု ဆိုရပေသည်။
(ခ) မဂ်ဉာဏ်၏ အသိထဲ၌ တဏှာ-သမုဒယ - မပါမရှိသည့်ကိုပင် သမုဒယသစ္စာကိုပယ်သည်ဟု ဆိုရပေသည်။
(ဂ) မဂ်ဉာဏ်၏ အသိထဲ၌ ကိလေသာခန္ဓာချုပ်, နာမ်ချုပ်ငြိမ်းချုပ် သိမ်းသဖြင့် အကြောင်းကင်းနိဗ္ဗာန်ဟု သိမြင်ခြင်းသည်ပင် နိရောဓသစ္စာကို မျက်မှောက်ပြုရသည်ဟု ဆိုရပေသည်။
(ဃ) မဂ်ဉာဏ်၏ အသိထဲ၌ မသိပျောက်၍ အသိရောက်သောဉာဏ်ကိုပင် မဂ္ဂသစ္စာကို ဖြစ်ပေါ်လာစေသည်။ (ပွားသည်) ဟု ဆိုရပေသည်။

### " ဥပမာ "

သောတာပတ္တိမဂ်ဉာဏ်။ ။ဥပမာကား-ချောင်း၏ကမ်းတဘက်သို့ ကူးတက်လိုသော ယောကျ်ားသည် လျင်စွာပြေး၍ ချောင်းကမ်းပါးနားသစ်ပင်၌ ဆွဲထားသော ကြိုးကို ကိုင်၍ ခုန်တက်ပြီးလျှင် ထိုမှာဘက်ကမ်းသို့ ညွတ်သော-ကိုင်းသော-ရှိုင်းသော ကိုယ်ရှိသည်ဖြစ်၍ ထိုမှာဘက်ကမ်း၏ တဘက်သို့ရောက်လျှင် ကြိုးကို လွှတ်၍ တုန်လှုပ်လျက် တည်သကဲ့သို့ ထိုအတူ၊ ၁-ဤမှာဘက်ကမ်းနှင့် ဘဝယောနိ ဂတိ ဋ္ဌိတိ နိဝါသနှင့်တူ၏။

၂-ထိုမှာဘက်ကမ်းနှင့် နိဗ္ဗာန်နှင့်တူ၏။ ၃-ပြေးလာခြင်းနှင့် ဥဒယဗ္ဗယမှ-စသောဉာဏ်စဉ်တို့နှင့်တူ၏။ ၄-သစ်ကိုင်း၌ ဖွဲ့ချည်းခြင်းနှင့် အတ္တဘော၌ စိတ်တည်းခြင်းနှင့်တူ၏။ ၅-ကြိုးနှင့် ရူပက္ခန္ဓာနှင့်တူ၏။ ၆-တုတ်နှင့်ဝေဒနာ-စသော ၄-ပါးသောနာမ်ခန္ဓာတို့နှင့်တူကုန်၏။ ၇-ကိုင်ဆွဲးခြင်းနှင့်အနုလောမအာဝဇ္ဇန်းနှင့် တူ၏။ ၈-ခုန်ခြင်းနှင့် ပဌမအနုလုံစိတ်နှင့် တူ၏။ ၉-ကမ်းတဘက်သို့ ကိုင်းသော ရှိုင်းသော ကိုယ်ရှိခြင်းနှင့်ဒုတိယအနုလုံစိတ်နှင့်တူ၏။ ၁၀-ကမ်းတဘက်၏ အထက်အတို့ သို့ရောက်ခြင်းနှင့် တတိယအနုလုံစိတ်နှင့်တူ၏။ ၁၁-တုတ်ကြိုးကိုလွှတ်ခြင်းနှင့် ဂေါတြဘူစိတ်နှင့်တူ၏။ ၁၂-ကောင်းစွာတည်ခြင်းနှင့်သောတာပတ္တိမဂ်စိတ်နှင့်တူ၏။မဂ်ဉာဏ်ဖြင့် လှလှကြီးတည်ရသည်ဟုမှတ်ရမည်။ ။

ထိုတွင် ကြမ်း, လတ်, အနု-၃-ခုသောမိုးယံးတိမ်ကို လေသုံးကြိမ်ပယ်ရှား၍ ပုဏ္ဏား(လ)ကိုမြင်သကဲ့သို့ အနုလုံ-၃-ခုသည်ရုပ်,နာမ်သင်္ခါရ၏မမြဲး, ဆင်းရဲး အစိုးမရသည်ကို အာရုံပြုသောကြောင့် ကြမ်း, လတ်, အနု-ကိလေသာအမိုက်ရကို တဒင်္ဂပဟာန်အားဖြင့်သာ ပယ်နိုင်သည်။နိဗ္ဗာန်ကိုအာရုံမပြုနိုင်သေး။

ဂေါတြဘူဉာဏ်သည်ရုပ်,နာမ်သင်္ခါရ၏မမြဲး-ဆင်းရဲးအစိုးမရသည်ကို အာရုံမပြုသောကြောင့် ဗဟိဒ္ဓသင်္ခါရခယနိမိတ်အာရုံမှ ကိလေသာ ကင်းလွတ်၍ နိဗ္ဗာန်အာရုံပြုသောအားဖြင့်သာမြင်နိုင်သည်။ ဂေါတြဘူ၏အဇ္ဈတ္တအာရမ္မဏိကန္တ ကိလေသာထင်လင်း ရှိနေသေးသောကြောင့် နိဗ္ဗာန်ကို မျက်မှောက်ပြုသောအားဖြင့် မမြင်နိုင်သေး။

## "ဥပမာ"

လေးသမားသည် မျက်နှာကို အဝတ်ရက်လျက် ယန္တရားစက်၌ တည်ရပ်၍ စက်လှည့်သူ အမှတ်ပေးသော တုတ်သံဖြင့် ရှစ်ဥသဘအရပ်၌ ထားသော ပိတောက်နှစ်, ပျဉ်ချပ်တရာကို ပစ်ဖေါက်သကဲ့သို့ ဂေါတြဘူဉာဏ်ထင်သော အနိမိတ္တနိဗ္ဗာန်,အပ္ပဏိဟိတနိဗ္ဗာန်, သုညတနိဗ္ဗာန်-အာရုံ ၃-ပါးတို့တွင် တပါးပါးသော နိဗ္ဗာန်အာရုံကို ဂေါတြဘူဉာဏ်က အမှတ်ပေးတိုင်း မလွှတ်ဘဲ မဂ်ဉာဏ်၏ အဇ္ဈတ္တပစ္စုပ္ပန်လက်ရှိခန္ဓာ၌ အနမတဂ္ဂသံသရာမှစွဲး၍ လာခဲ့သော လောဘခဲး ဒေါသခဲး မောဟခဲး - ကိုပေါက်ခွဲးဖြိုဖျက်လျက် သောတာပတ္တိမဂ်ဉာဏ်တကြိမ်ဖြစ်လာ၏။ ဤမဂ်ဉာဏ်သည်

အဇ္ဈတ္တဗဟိဒ္ဓသင်္ခါရ ခယနိမိတ်အာရုံ ၂-ပါးရုံမှ ကိလေသာကင်းလွတ်သောကြောင့် နိဗ္ဗာန်ကို အာရုံလဲးပြု မျက်မှောက်လဲးပြု၏။

**( အထူးသတ်ပြရန်။ )**

အနုလုံဇော ၃-ချသည် အနိစ္စ, ဒုက္ခ, အနတ္တ-ဟုဆိုအပ်သော ရုပ်,နာမ်သင်္ခါရကို အာရုံပြု၏။ဂေါတြဘူဇောသည် ဗဟိဒ္ဓသင်္ခါရအာရုံကို လွှတ်၍ အနိမိတ္တ, အပ္ပဏိဟိတ, သုညတနိဗ္ဗာန် ၃-ပါးတွင်တွင် တပါးပါးကို အာရုံပြုသောကြောင့် ဗဟိဒ္ဓသင်္ခါရ-ခယနိမိတ်အာရုံမှ ကိလေသာကင်းလွတ်၍ ဂေါတြဘူ၏ အဇ္ဈတ္တ၌ ကိလေသာရှိသေး၍ ဧကကောဝုဋ္ဌာနမည်၏။

မဂ်ဇောသည် ဗဟိဒ္ဓသင်္ခါရခယနိမိတ်ကို အာရုံမပြုသောကြောင့် ဗဟိဒ္ဓသင်္ခါရ ခယနိမိတ်အာရုံမှလည်း ကိလေသာကင်း, မဂ်ဇော၏ အဇ္ဈတ္တ၌လည်း ကိလေသာကင်း၍ ဥဒယဗ္ဗယ-စသည်ဉာဏ်စဉ်တက်၍ အနုလုံဝိပဿနာမှလာသောအတိုင်း ဂေါတြဘူဉာဏ်ကိုအာရုံပြု၏။ဂေါတြဘူအာရုံပြုသည့်နိဗ္ဗာန်ကို အာရုံလဲပြု, မျက်မှောက်လဲပြုသောကြောင့် ဥဘတောဝုဋ္ဌာနမည်၏။

**အမှာစကား။** ။ထို့ကြောင့်-ရုပ်သဘော, နာမ်သဘောကို ပြောဆိုတတ်ရုံနှင့် သောတာပန်ဖြစ်,မဖြစ်ကို စိစစ်ကြပါကုန်။

**" သောတာပတ္တိမဂ်ဉာဏ်အကျိုးဆုးကို – ခံစားရပုံ "**

၃=ဂါထာ။

(၁) ကဒါစိဒိ အ-နိစ္စိဒ္ဓ၊ ပုဗ္ဗံ မဂ္ဂေါ ပနေသ။
လောဘံ ဒေါသဥ္စမောဟဥ္စ၊ဝိဒ္ဓံသေန္တော ဇာယတိ။ ။

ဧသဧသောမဂ္ဂေါပန်၊ ဤသောတာပတ္တိမဂ်သည်ကား။ ကဒါစိပိ၊တရံတခါမှုလည်း။ အနိစ္စိဒ္ဓပုဗ္ဗံ၊ အစမထင်သော သံသရာရေအယဉ်ဝယ် မပယ်မခွင်း မပေါက်ထွင်းဘူးသော။ တာဒိသံ၊ ထိုသို့သဘောရှိသော။ လောဘဥ္စ၊ လောဘခဲကိုင်၊ ဒေါသဥ္စ၊ ဒေါသခဲကိုင်။ မောဟဥ္စ၊ မောဟခဲကိုင်။ ဝိဒ္ဓံသေန္တော၊ မုန့်မုန့်ညက်ညက်ပေါက်ခွဲပြိုဖျက်သည်ဖြစ်၍သာလျှင်။ ဇာယတိ၊ ဖြစ်ပေါ်လာ၏။

(၂) ပိဓေ သဒ္ဒါပါယဒွါရံ၊ သောသောတိ ဒုက္ခသာဂရံ။
မိစ္ဆာမဂ္ဂံ ပဇဟတိ၊ အရိယဒ္ဓနမုဒိကရော။ ။

ဧသေဧသောမဂ္ဂေါ၊ ဤသောတာပတ္တိမဂ်သည်။ အပါယ်ဒုက္ခ၊ အပါယ်-
၄ပါးတံခါးကို။ သဒ္ဓါ၊ အခါခပ်သိမ်း။ ပိဓေ-ပိဒဟာတိ၊ ပိတ်ဆို့၏။ ဒုက္ခသာ
ဂရံ၊ ဆင်းရဲအရုတ် ရေသမုဒ်ကို။ သောသေတိ၊ ခန်းခြောက်စေ၏။ မိစ္ဆာ
မဂ္ဂံ၊ မိစ္ဆာဒိဋ္ဌိ, မိစ္ဆာသင်္ကပ္ပ, မိစ္ဆာဝါစာ, မိစ္ဆာကမ္မန္တ, မိစ္ဆာအာဇီဝ,
မိစ္ဆာဝါယာမ, မိစ္ဆာသတိ, မိစ္ဆာသမာဓိ-ဟုဆိုအပ်သော အင်္ဂါ-ဝပါး
မိစ္ဆာလမ်းများကို။ ပဇဟာတိ၊ စွန့်ပယ်ရှောင်လွှဲ၏။ အရိယဒ္ဓနမုခ်ီကရော၊
သဒ္ဓါ, သီလ, သုတ, စာဂ, ပညာ, ဟိရိ, ဩတ္တပ္ပ-ဟူသော သူတော်ကောင်း
ဥစ္စာ၊ ခုနစ်ပြားသို့ ရှေ့ရှုပြုတတ်၏။

(၃) သမေတိ ဝေရဘယာနိ၊ နေတိ ဗုဒ္ဓသာ ဩရသံ။
အညေသဥ္စာနိသံသာနံ၊ မဂ္ဂေါ လာဘာယ ဝတ္တတိ။ ။

ဝေရဘယာနိ၊ တွင်းပြင်နီးဝေးရန်ဘေးဟူသမျှတို့ကို။ သမေတိ၊ ငြိမ်း
ပျောက်စေတတ်၏။ ဗုဒ္ဓသာ၊ မြတ်စွာဘုရား၏။ ဩရသံ၊ ရွှေရင်တော်နှစ်-
သားတော်,သွီးတော်စစ်အဖြစ်သို့။ နေတိ၊ ဆောင်တတ်၏။ အညေသဥ္စ၊ ဤမှ
တပါး၊ များပြားစွာလည်းဖြစ်ကုန်သော။ အာနိသံသာနံ၊ ရတနာသုံးပါး၌
သက်ဝင်ကြည်ညို ယုံကြည်သောသဒ္ဓါ, ပဋိသမ္ဘိဒါ,အဘိညာ-အစရှိကုန်
သောအကျိုးအာနိသင်တို့ကို။ လာဘာယ၊ ရခြင်းငှါ။ ဝတ္တတိ၊ ဖြစ်ပေါ်လာ၏။

ဤကား-သောတာပတ္တိမဂ်ဉာဏ်အခဏ်းပြီးပြီ။

**( သောတာပတ္တိဖိုလ်ဉာဏ်အခဏ်း။ )**

ဤသို့သော သတ္တိရှိန်စော်၊ အာနုဘော်နှင့်ပြည့်ဝုံသော သောတာပတ္တိမဂ်
ဖြစ်ပြီးနောက် မဂ်စိတ်၏ အကျိုးဖြစ်တဲ့၊ သောတာပတ္တိဖိုလ်စိတ် ၂ ကြိမ်,
၃-ကြိမ်ဖြစ်လျက် ဘဝင်သို့သက်လေ၏။

ဤကား-သောတာပတ္တိဖိုလ်ဉာဏ်အခဏ်းပြီးပြီ။

**( ပစ္စဝေက္ခဏာဉာဏ်အခဏ်း။ )**

(၁) ထိုနောင် မဂ်ကိုရပြီး, ၂-ဖိုလ်ကိုရပြီး, ၃-နိဗ္ဗာန်ကို မျက်မှောက်
မြင်ပြီး, ၄-ဤမျှသော ကိလေသာကို ပယ်အပ်ပြီ, ၅-ဤမျှသော ကိလေသာ
သည် ကြွင်းသေး၏။ ဤသို့ ပစ္စဝေက္ခဏာ ငါး(၅)ခုထိကျ၏။

ထိုပစ္စဝေက္ခဏာ ၅ ဝီထိတို့တွင် ဗဟုဿုတပုဂ္ဂိုလ်မှာ ၅-ဝီထိလုံး ဆင်ခြင်၏။ အပ္ပဿုတပုဂ္ဂိုလ်မှာ ပယ်ပြီးသော ကိလေသာကို ဆင်ခြင်သော ဝီထိ, ကြွင်းကျန်သောကိလေသာကို ဆင်ခြင်သော ဝီထိ – ဤပစ္စဝေက္ခဏာ ၂-ဝီထိကို ဆင်ခြင်မိသည်လည်းရှိ၏။ မဆင်ခြင်မိသည်လည်းရှိ၏။

အောက်မဂ်(၃)ခုမှာ မဟာကုသိုလ်ဉာဏသမ္ပယုတ်စိတ်-၄-ခုတို့တွင် တပါးပါးနှင့် ဆင်ခြင်၍ ပစ္စဝေက္ခဏာဝီထိကျ၏။ ။ဤသို့ ပစ္စဝေက္ခဏာ ဝီထိကျပြီးနောက်—

ယံကိဉ္စိ သမုဒယဓမ္မံ၊ သဗ္ဗံ တံ နိရောဓဓမ္မံ။

ယံကိဉ္စိ၊ အလုံးစုံ ရုပ်, နာမ်သင်္ခါရတရားအပေါင်းသည်။ သမုဒယဓမ္မံ၊ ခဏခဏ အသစ်အသစ်ဖြစ်ခြင်းသဘောရှိ၏။ တံသဗ္ဗံ၊ ထိုအလုံးစုံ-ရုပ်,နာမ် သင်္ခါရတရားအပေါင်းသည်။ နိရောဓဓမ္မံ၊ ဖြစ်တိုင်းဖြစ်တိုင်းချုပ်ပျောက်ခြင်း သဘောရှိ၏။ ။ဟူ၍ ဥဒယဗ္ဗယဉာဏ် ဝိပဿနာဇောဝီထိ၌သာ တည်၍ နေတော့လေသတည်း။

အရဟတ္တမဂ် ပုဂ္ဂိုလ်မှာ မဟာကြိယာဉာဏသမ္ပယုတ် ၄-ခုတို့တွင် တခုခုနှင့် ၁-မဂ်ကိုရပြီး ၂-ဖိုလ်ကိုရပြီး၊ ၃-နိဗ္ဗာန်ကို မျက်မှောက်ပြုပြီး၊ ၄-ကိလေသာကိုအကြွင်းမရှိအကုန်ပယ်ပြီးလျှင် ၄-ဝီထိကျ၏။ ကြွင်းသော ကိလေသာကို ဆင်ခြင်သောဝီထိမရှိ။အထက်မဂ် ၃-ဆင့်သို့ တက်လိုသော ယောဂီပုဂ္ဂိုလ်သည် ပြဆိုအပ်ခဲ့ပြီးသည့်အတိုင်း ဥဒယဗ္ဗယဉာဏ်ကစ၍ အဖန်ဖန်မှတ်ရှုလျက် မဂ် ၄-ဆင့်လုံး တက်ရ၏။ ဆိုခဲ့ပြီးသောဉာဏ် ၄ ချက်၌ ရှိသော ဉာဏ်သည် ဉာဏဒဿနဝိသုဒ္ဓိမည်၏။

ဉာဏဒဿနဝိသုဒ္ဓိအခန်းပြီး၏။

## " သစ္စာ(၄)ပါး သစ္စာဉာဏ်ထင်ပုံ "

(၁) မိမိ၏ခြောက်ဒွါရအဖြာဖြာ၌ ကျရောက်သမျှ အဆင်း, အသံ, အနံ့, အရသာ,အတွေ့,ဓမ္မာရုံစသည်တို့၌ ချစ်ကြိုက်နှစ်သက်ခြင်းသည် ဆင်းရဲ၏ အကြောင်းအမှန်ဟုသိခြင်းသည် သမုဒယသစ္စာကို သိသောသစ္စာဉာဏ် မည်၏။

(၂) မိမိ၏ ခြောက်ဒွါရအဖြူတွင်၌ ကျရောက်သမျှ မြင်မှု, ကြားမှု, နံမှု, စားမှု, ထိမှု,သိမှု,လှုပ်မှု, ရွေ့မှု–စသောရုပ်,နာမ်သင်္ခါရတို့၏ မမြဲ, ဆင်းရဲ, အစိုးမရသည်ကို သိခြင်းသည် ဆင်းရဲအမှန်ဒုက္ခသစ္စာကို သိသော သစ္စာဉာဏ်မည်၏။

(၃) မိမိ၏ အဖြူတွင်ခြောက်ဒွါရ၌ ကျရောက်သမျှ–ရုပ်, နာမ်တို့ကို ကျရောက်တိုင်း ကျရောက်တိုင်း ရှုမှတ်သဖြင့် ရုပ်,နာမ်တို့၏ အပျက်အပျက်ကို မြင်သောကြောင့် ခုပယာနောင်ပါ ဖြစ်ခွင့်အကြောင်းတဏှာ၊ သမုဒယသစ္စာနှင့် ဖြစ်ခွင့်အကျိုးဒုက္ခသစ္စာဖြစ်ခွင့်မရဟု သိခြင်းသည် နိဗ္ဗာန်ရောက်ကြောင်းလမ်းမှန် – သမ္မာဒိဋ္ဌိ–စသော မဂ္ဂသစ္စာကို သိသော သစ္စာဉာဏ်မည်၏။

(၄) မိမိ၏ ခြောက်ဒွါရအဖြူတွင်၌ ကျရောက်သမျှ–အဆင်းအာရုံ,အသံအာရုံ, အနံ့အာရုံ,အရသာအာရုံ, အတွေ့အာရုံ, သဘောဓမ္မာရုံ–စသည်တို့၌ ချစ်ကြိုက်နှစ်သက်မှုအကြောင်းတဏှာ၊ သမုဒယသစ္စာကင်းလွတ်ချုပ်ငြိမ်းသဖြင့် နောင်ဘဝတပန် အကျိုးဒုက္ခကင်းလွတ် ချုပ်ငြိမ်းခြင်းအမှန်ဟု သိခြင်းသည် နိရောဓသစ္စာကို သိသောသစ္စာဉာဏ်မည်၏။

**“ သစ္စာ(၄)ပါး ကိစ္စဉာဏ်ထင်ပုံ။ ”**

၁– ဆီမီးသည် မီးစာကိုကုန်ကျွမ်းစေခြင်း၊ ၂–ရိုက်မှောင်ကို ဖျက်ဆီးခြင်း၊ ၃–အလင်းရောင်ကို ထွန်းပြခြင်း၊ ၄–ဆီကိုခန်းခြောက်စေခြင်းဟူသောကိစ္စ–၄ပါးကို တပြိုင်နက်ပြီးစေနိုင်သကဲ့သို့......

၁– မဂ်ဉာဏ်သည် အနိမိတ္တစသည် ၃–တန်တပါးပါးသော နိဗ္ဗာန်ကို အာရုံလျက် မဂ်ဉာဏ်၏ အသိထဲ၌ ခြောက်ဒွါရတဏှာ သမုဒယသစ္စာမပါမရှိသည်ကိုပင် သမုဒယသစ္စာကို ပယ်သော ပဟာနတဗ္ဗကိစ္စဉာဏ်ဟု ဆိုရသည်။

၂– မဂ်ဉာဏ်သည် အနိမိတ္တ, အပ္ပဏိဟိတ, သုညတနိဗ္ဗာန်–၃ပါးတို့တွင် တပါးပါးကို အာရုံပြုလျက် မဂ်ဉာဏ်၏ အသိထဲ၌ ခြောက်ဒွါရရုပ်, နာမ်သင်္ခါရဒုက္ခမပါမရှိသည်ကိုပင် ဒုက္ခသစ္စာကို ပိုင်းခြား၍ သိသော ပရိညေယျကိစ္စဉာဏ်ဟု ဆိုရသည်။

၃– မဂ်ဉာဏ်သည် အနိမိတ္တ–စသည်– ၃တန်တပါးပါးသောနိဗ္ဗာန်ကို အာရုံပြုလျက် သမ္မာဒိဋ္ဌိ–စသောမဂ္ဂင် (၈) ပါးလမ်းမှန်ဘာရေး ဖြစ်ပွား၍လာခြင်းကိုပင် မဂ္ဂသစ္စာကို ပွားသော ဘာဝေတဗ္ဗကိစ္စဉာဏ်ဟု ဆိုရသည်။

၄– မဂ်ဉာဏ်သည် အနိမိတ္တ–စသည်၊ ၃–တန်တပါးပါးသောနိဗ္ဗာန်ကို အာရုံပြုလျက် မဂ်ဉာဏ်၏ အသိထဲ၌ ကိလေသာခန္ဓာရုပ်, နာမ် ချုပ်ငြိမ်းရုပ်သိမ်းသဖြင့် အကျိုးဒုက္ခမဖြစ်ခြင်းသည်ပင် နိရောဓသစ္စာကို မျက်မှောက်ပြုသော သစ္ဆိကာတဗ္ဗကိစ္စဉာဏ်ဟုဆိုရသည်။ ။ဤသို့ သစ္စာ-၄ချက်၌ မဂ်ကိစ္စဉာဏ်ကို တပြိုင်နက်ပြီးစေသည်။

## ( သစ္စာ ၄ ပါး ကတဉာဏ်ထင်ပုံ။ )

၁–မဂ်ဉာဏ်ဖြစ်ခိုက် ခြောက်ဒွါရအာရုံ ခန္ဓာဘုံနှစ်သက်မှုတဏှာ သမုဒယသစ္စာကို ပယ်အပ်ပေပြီဟု သိခြင်းသည် သမုဒယသစ္စာ၌ ပဟီနကတဉာဏ်မည်၏။

၂–မဂ်ဉာဏ်ဖြစ်ခိုက် ရုပ်, နာမ်သင်္ခါရဒုက္ခကို အာရုံမပြု စွန့်လွှတ်၍ ပိုင်းခြားမှုကို ပြုအပ်ပေပြီဟု သိခြင်းသည် ဒုက္ခသစ္စာ၌ ပရိညာတကတဉာဏ်မည်၏။

၃ - သမ္မာဒိဋ္ဌိ-စသည်အပြား မဂ္ဂင်(၈)ပါး လမ်းမှန်တရား ဖြစ်ပွါး၍ လာပေပြီဟု သိခြင်းသည် မဂ္ဂသစ္စာ၌ ဘာဝိတကတဉာဏ်မည်၏။

၄ - မဂ်ဉာဏ်ဖြစ်ခိုက် ကြောင်းကျိုးနှစ်တန် ခန္ဓာရုပ်,နာမ်မဖြစ်ဘဲ ချုပ်တဲ့နိဗ္ဗာန်ကို မျက်မှောက်ပြုအပ်ပေပြီဟု သိခြင်းသည် နိရောဓသစ္စာ၌ သစ္ဆိကတဉာဏ်မည်၏။ ။ဤသို့ သစ္စာ ၄–ပါး၌ မဂ်၏ ကိစ္စဉာဏ်ကို တပြိုင်နက်ပြီးစေသည်။

## (ဘုရားရှင်ပင် နိဗ္ဗာန်မပေးနိုင်သည်ကိုပြဆိုချက်။)

ဝိပဿနာဝင်, သူတော်စင် အပေါင်းတို့ နိဗ္ဗာန်ကို အမှန်လိုလားကြကုန်သော သင် ယောဂီပုဂ္ဂိုလ်တို့သည် အဘယ်ကြောင့် မြင်သောခဏ, နံသောခဏ, စားသောခဏ, ထိသောခဏ, သိသောခဏ–တို့၌ သိ, မှတ်ပိုင်းခြားခြင်းအမှုကို မပြုဘဲ နေချင်ကြကုန်ဘိသနည်း။ ထိုခဏတို့၌ သိမှတ်ပိုင်းခြားနေသော အလုပ်သည် အဘိုးတန်လှသော ဝိပဿနာအလုပ် မဟုတ်ပါကုန်လော။ ထိုအလုပ်မှတပါး နိဗ္ဗာန်ကို ရောက်ဘို့ အခြားနည်းလမ်းအလုပ်ရှိပါသေးကုန်၏လော။ မရှိမှန်းသိကြသော သင်ယောဂီပုဂ္ဂိုလ်တို့ကို ဘုရားရှင်က နိဗ္ဗာန်ကို လက်လှမ်းကမ်း၍ ပေးနိုင်ပါမည်လော။ သေဋ္ဌာပန်, သကဒါဂါမ်, အနာဂါမ်–စသော အရိယာအရှင်မြတ်တို့ကပင် နိဗ္ဗာန်ကို လက်လှမ်းကမ်း၍ပေးနိုင်ပါမည်လော။ဘုရားရှင်နှင့်တကွ အရိယာသာဝကသို့က

နိဗ္ဗာန်ရသို့ လမ်းကြောင်းကိုသာ ညွှန်ပြနိုင်၍ နိဗ္ဗာန်ကို လက်လှမ်းကမ်း၍ မပေးနိုင် ကြောင်းကို သိလျက်သားနှင့် အားမထုတ်ဘဲ နေကြခြင်းသည် မည်သူတို့၏ အပြစ်ပါနည်း။ လူ, နတ်, ဗြဟ္မာ, သတ္တဝါ – တို့၏ စည်းစိမ် ကလေးမျှကို နှစ်သက်ခင်မင်တွယ်တာ၍ နေသော သင်တို့၏အပြစ်မဟုတ် ဘုံလော။

အက္ခာတော ဝေါ မယာ မဂ္ဂေါ၊ အညာယ သလ္လမန္တနံ။
တုမှေဟိ ကိစ္စမာတပ္ပံ၊ အက္ခာတာရော တထာဂတာ။
ပဋိပန္နာ ပမောက္ခန္တိ၊ ဈာယိနော မာရဗန္ဓနာ။ ။

( ဓမ္မပဒပါဠိတော် )

**အနက်ကား။** ။ဘိက္ခဝေ၊ ရဟန်းတို့။ သလ္လမန္တနံ၊ ကာမ,ရာဂ–စသည် ခပင်း ငြောင့်တံသင်းတို့ကို ပယ်ရှင်းနှုတ်သိမ်း၍ ချုပ်ငြိမ်းအေးမြရာမှန်သော နိဗ္ဗာန်ရွှေပြည်မြတ်ကို။ အညာယ၊ သဗ္ဗညုတဉာဏ်ဖြင့် ဟုတ်မှန်ထင်လင်း ထိုးထွင်းသိမြင်တော်မူပြီး၍။ မဂ္ဂေါ၊ အရိယာပုဂ္ဂိုလ်မြတ်တို့၏ မပြတ်သွား လာရာ ခရီးဖြစ်သော လမ်းမကြီးကို။ ဝေါ၊ သင်ချစ်သား, ချစ်သမီးတို့အား။ မယာ၊ သင်တို့ဆရာ ငါဘုရားသည်။ အက္ခာတော၊ ညွှန်ပြသောအားဖြင့် ဟောကြားတော်မူအပ်လေပြီ။ တထာဂတာ၊ တထာဂတ နာမမည်တွင် ဘုရားရှင်တို့သည်။ အက္ခာတာရော၊ မဂ်ခရီလမ်းမှန်, ကျင့်တတ်ရန်ကို မထိန်မချန်ကျနဟောပြရုံသာ ဟောပြခြင်း၌ စွမ်းနိုင်တော်မူကြလေကုန်ပြီ။ ဝါ၊ သောတာပန် – စသည်ဖြစ်အောင် စင်စစ်ပို့၍ မပေးနိုင်ကြလေကုန်ပြီ။ တုမှေဟိ၊ မဂ်,ဖိုလ်ကိုလိုလားကြကုန်သော သင်ယောဂီပုဂ္ဂိုလ်အပေါင်းသူ တော်ကောင်းတို့သည်။ အာတပ္ပံ၊ ဣန္ဒြေခြောက်တန် မဟာသတိပဋ္ဌာန် အလာ ကိုယ်အမူအရာ, နှုတ်အမူအရာ, စိတ်အမူအရာတို့၌ အဇ္ဈတ္တ,ဗဟိဒ္ဓ, ဩဠာရိက သုခုမ ဟီန, ပဏီတ, ဒူရ, သန္တိက, အာရုံကျဆိုက် အခိုက် အခိုက်သိအောင် လိုက်၍မှတ်သားသော လုံ့လဝီရိယကို။ ကိစ္စံ မနားမနေ အားထုတ်သင့်ပေ၏။ ပဋိပန္နာ၊ ပြုကျင့်ကြကုန်သော။ ဝါ၊ မြင်တိုင်း, ကြား တိုင်း, နံတိုင်း, စားတိုင်း, ထိတိုင်း, သိတိုင်း–စသည်တို့၌ လိုက်၍မှတ်သား ကြကုန်သော။ ဈာယိနော၊ နာမရူပပရိစ္ဆေဒဉာဏ်အစ မဂ်ဉာဏ်, ဖိုလ် ဉာဏ်အရ ပစ္စဝေက္ခဏာဉာဏ်သို့ကျအောင် ရှုနိုင် မှတ်နိုင်ကြကုန်သော သင် ဝိပဿနာယာနိကယောဂီပုဂ္ဂိုလ်အပေါင်း သူတော်ကောင်းတို့သည်။

မာရဗ္ဗနာ၊ ၁၂၀၀၀ – ကိလေသာမာရ်မင်း နှောင်ဘွဲ့ခြင်းမှ။ ပမောက္ခန္တိ၊ သောတာပန်, သကဒါဂါမ်, အနာဂါမ်နှင့် ရဟန္တာအစစ် အဆင့်ဆင့်ဖြစ်၍ ကင်းလွတ်ကြလေကုန်သတည်း။

**" မိမိကိုယ်၌ သောတာပန်ဖြစ်မဖြစ် စစ်တမ်းထုတ်ပုံ "**

(၁) ဘုရား၌ တွေးတော ယုံမှားခြင်းမရှိ၊ လေးမြတ်ကြည်ညိုခြင်း။
(၂) တရား၌ တွေးတော ယုံမှားခြင်းမရှိ၊ လေးမြတ်ကြည်ညိုခြင်း။
(၃) သံဃာ၌ တွေးတော ယုံမှားခြင်းမရှိ၊ လေးမြတ်ကြည်ညိုခြင်း။
(၄) ငါးပါးသီလ၌ မကျိုးမပေါက် မကြားမပြောက်ဘဲ တည်မြဲခြင်း။

" မဟာဝဂ္ဂသံယုတ် "

(က) သူတော်သူမြတ်, မြဲဆည်းကပ်၍။
(ခ) မှတ်မှတ်သားသား, တရားကိုနာ။
(ဂ) ဖြူစွာနှလုံး,တဖြောင့်သုံးလျက်။
(ဃ) အားတက်ကျင့်ကြံ–သောတာပန်။
ဖြစ်ရန်အကြောင်း(၄)ချက်တည်း၊ ။

ဤအင်္ဂါလေးပါးတို့ အနက် တစိတ်တဒေသမျှ ချွတ်ယွင်းချက်ရှိခဲ့သော် မိမိရရှိထားသည်ဟု မှတ်ထင်သော အရိယာတရားသည် မမှန်သေးဟုစစ်တမ်းထုတ်ရမည်။

ဤသို့ပြဆိုအပ်ခဲ့ပြီးသော ( ဝိပဿနာ့အလင်းရောင်ကျမ်း။ ) ကျင့်စဉ်လမ်းမှန်တရားကို ပွားများရှုမှတ်သော ယောဂီပုဂ္ဂိုလ်အား ပြဆိုအပ်ခဲ့ပြီးသောစကားစဉ်ကို မပျက်စေဘဲ အားထုတ်ကြသဖြင့် မဂ်–၄ချက်, ဖိုလ်–၄တန်ကို ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်ဟူသမျှ၊ ရလို့, သိလို မျက်မှောက်ပြုလိုကြသည့်အတိုင်း၊ အလွယ်တကူနှင့် ကျင့်ကြ ရကြ သိကြမျက်မှောက်ပြုနိုင်ကြပါစေကုန်သတည်း။

**" ပါဠိနိဂမနံ "**

ဧတ္တာဝတာစ မရမ္မပုရေ တမ္ဗဒီပါပရဋ္ဌာခံ ဗိန္ဒု ရဋ္ဌာခံ အဘာရံ ဝိဓို တွာပတိတာ သုမ္ဘိတာ ရောဝတိနာမ ယာ နဒီ အတ္ထိ၊ တဿာ ပုဗ္ဗသိမ္ ဒိသာဘာဂေ ဒိယဓုယောဇနေ ဘူမိတလေ မာဂဓဘာသာယ သေလုသိ

တောတိ ဝုတ္တံ။ မရမ္မဘာသာယ ကျောက်ဆောက်တိ ပုရာဏနဂရဿ ဒက္ခိဏာသ္မိံ ဒိသာဘာဂေ နာနုယျာနေဟိ ပဋိမဏ္ဍိတော မာဂဓဘာသာယ စိဥ္စမရရဂါမောတိ စ မရမ္မဘာသာယ မန်ကျဉ်းချိုဂါမောတိ စ ဝိဿုတော ယော အတ္ထိ၊ တသ္မိံ အဟံ ဇာတိယာ သုဇာတော တဿ ပုရတ္ထိမသ္မိံ ဒိသာဘာဂေ ဝိသုကမ္မနိမ္မိတသဒိသော တဋ္ဌာကေဟိသဟာရမဏီယော ယောဂါမဝိဟာရော အတ္ထိ၊ တတ္ထေဝ ဝသန္တော သဂဏာစေရဿ သန္တိကေ ပဗ္ဗဇ္ဇူပသမ္ပဒံပတ္တောဒဟရကာလတောပဋ္ဌာယနာနာဂန္ထံ ဥဂ္ဂဏှိံ၊ ဥဂ္ဂဏှိတွာ ဣဒါနိ တောင်သာနဂရဿ ပစ္ဆိမာယ အနုဒိသာယ သောတုဇနဂါမဿ ဒက္ခိဏာယ ပစ္ဆိမာယ ဝိဒိသာယစ ဝိသုကမ္မနိမ္မိတသဒိသော ပေါက္ခရဏီယာ သဟ ရမဏီယော သောတုဇနမဟာသုခကာရိနာမ အာရာမဝိဟာရော အတ္ထိ၊ တံ ဂါမနဂရံ နိဿာယ အတ္တသမ္ပဒါယ သတ္တာနံ ဘဇနံ ကာရေသိံ၊ သတ္တသိနေဟံ ဥပ္ပါဒေသိန္တိ အတ္ထော။ နာနာဝိဓေကုသုမဂန္ဓသမ္မောဒမတ္တကောကိလာဒိဝိဟင်္ဂေဟိ မန္ဒမာလုတစလိတရုက္ခသာခါဝိဋပပလ္လဝပလာသေဟိစ ထေ မံ ပရိဘုဥ္ဇထာတိ ဝါ ပါဏီနံ ယာစတိ ဝိယာတိ အတ္ထော။ ဝိသေသေန ဝါ ပဗ္ဗဇိတာ အာဂန္တွာ ရမန္တိ ဧတ္ထာတိ အာရာမော၊ တဿ ပုပ္ဖဖလပလ္လဝါဒီသောဘာယ နာတိဒူရနစ္စာသန္နာဒိ ပဉ္စဝိဓသေနာသနင်္ဂသမ္ပတ္တိယာစ တတော တတော အာဂမ္မ ရမန္တိ အနုက္ကဏ္ဌိတာ ဟုတွာ နိဝသန္တီတိ အတ္ထော။ ဝုတ္တပ္ပကာရာယ ဝါ သမ္ပတ္တိယာ တတ္ထ တတ္ထ ဂတေပိ အတ္တနော အဗ္ဘန္တရံယေဝ အာနေတွာ ရမေတီတိ အာရာမော၊ တသ္မိံ ဝသန္တော တိပိဋကဆေကော သုစိသလ္လေခဝုတ္တိနော ဝိနယဂရုကော လဇ္ဇိပေသလော သုမနော ယော စ အတ္ထိ၊ တေန ရစိတော ဝိပဿနာဒြဘာသဂန္ထော သတ္တုရာဇေ ကာသိ တိသတ ဆဋ္ဌမေပဏ္ဏာဘဒ္ဒမာသကာဠပက္ခဿ အဋ္ဌမေ ဒိဝသေ သောရိဒိနေ အနာယာသေန နိဋ္ဌိတော။

ဣမိနာ ပုညကမ္မေန သဗ္ဗေသံ သင်္ကပ္ပါ ဥဇုတီဟိ သဟ ပရိပုဏ္ဏာ ပါပုဏန္တု။ ရာဇာနောစ ဓမ္မေန သမေန မေဒနိံ ရက္ခန္တု။ ဒေဝေါ ဝဿကာလေ ပဝဿတု၊ ယံ မယာ သဗ္ဗညုတညာဏံ ပတ္ထိတံ၊ တံ ခိပ္ပံ ပူရေတု။

**အနက်ကား။** ၁၀–၊ ဝိပဿနာအလင်းရောင်ကျမ်း၏ စာကိုယ်ပြီးဆုံး နိဂုံးချုပ်တော့မည်။ တွောဝတာ–တွောဝတ္ထေန–ဝစန–ဝစနီယတ္ထမေန၊ ပါဠိမပျက်, အနက်မချွတ်, နုတ်သံသွတ်၍ ရွတ်အပ်သော ဤမျှအတိုင်းအရှည် ရှိသော သဒ္ဒါအစဉ်, အနက်အစဉ်ဖြင့်။ မရမ္မပုရေ၊ မြန်မာအစ–တကောင်း

ကဟု၊ သကျနွယ်စဉ်, သာကီဝင်မင်းမျိုး၊သတိုးရာဇာ, အဖြာဖြာတို့၊ ပျော်ရာဌာနီ၊ ဇေရာဝတီ၊ မြကြိုးသိသကဲ့သို့၊ နဒီများမြောင်၊ တောတောင်ချိုင့်ဖွမ်း၊ ရေယဉ်စမ်းတို့ဖြင့်၊ ယှက်သန်းထူးလည်၊ မြန်မာပြည်၌။ တမ္ဗဒီပါပရန္တာခန်း၊ တမ္ဗဒီပ, အပရန္တ အမည်ရှိကုန်သော။ ဒွိန္နံရဋ္ဌာနံ၊ တကောင်းမင်းမှ၊ သက်ဆင်းပြန့်လိုင်း၊ တိုင်းကြီးနှစ်တိုင်းတို့၏။ အန္တရံ၊ အကြားအလယ်ကို။ ဝါ၊ အကြားအလယ်သို့။ဝိဇ္ဈိတွာ၊ စီးသွယ်ကျဆင်း၊ လျှိုဖေါက်ထွင်း၍။ပတိတာ၊ သွန်သွန်ကျဆင်းသော။ သုဋ္ဌိတာ၊ သာယာပျံ့ပြူး၊ အထူးကောင်းစွာ တည်ရှိပါသော။ ဇေရာဝတီနာမ၊ ဇေရာပထ နဂါးမင်း၏ လှည့်လည်သွားလာရာနေရာဖြစ်ခြင်းကြောင့် ဇေရာဝတီအမည်ရှိသော။ ယာနဒီ၊ သောင်ခုံသဲးရ၊ ပုလဲးအခုသို့၊ ရေထုချိုလွင်၊ စီးကျဝင်သော အကြင်မြစ်ကြီးသည်။ အတ္ထိ၊ ယှိ၏။ တဿာနဒိယာ၊ နာမည့်ဖွဲ့ချီး၊ ထိုမြစ်ကြီး၏။ ပုဗ္ဗသ္မိံ ဒိသာဘာဂေ၊ အရှေ့မျက်နှာအရပ်အဘို့၌၊ ဒိယၚ္ဍယောဇနေ၊ အတိုင်းအရှည်၊ တာတည်ပြုတွက်၊ တယူဇနာနှင့်–တဝက်ရှိသော။ ဘူမိတလေ၊ သာယာသန့်စင်၊ မြေအပြင်၌။ မာဂဓဘာသာယ၊ မဂဓတိုင်းသူတို့၏ နှုတ်မှုသာချို ခေါ်ဆိုအသုံ ပြုအပ်သော မဂဓဘာသာအားဖြင့်။သေလုဿိတောတိ၊သေလုဿိတဟူ၍။ ဝုတ္တံ၊ ခေါ်ဆိုအပ်၏။ မရမ္မဘာသာယ၊ ငါတို့ဝေါဟာ၊ မြန်မာဘာသာအားဖြင့်။ ကျောက်ဆောက်တိ၊ ကျောက်ဆောက်ဟူ၍။ ဝုတ္တံ၊ ခေါ်ဆိုအပ်၏။ ပုရာဏနဂရဿ၊ ရွှေပြည်ရန်အောင်၊ ယခေါင်ရှည်ခြောင်း၊ ရွှေမြို့ဟောင်း၏။ဒက္ခိဏသ္မိံဒိသာဘာဂေ၊ တောင်မျက်နှာအရပ်အဘို့၌။ နာနုယာနေဟိ၊ အထူးထူးသောဥယျာဉ်ဗိမာန်တို့ဖြင့်။ ပဋိမဏ္ဍိတော၊ သာယာစိန်းစို၊ နုပျိုရွှင်ရွှင်၊ တန်းဆာဆင်အပ်ထသော။ မာဂဓဘာသာယ၊အားဖြင့်။စိဋ္ဌမရုရဂါမောတိစ၊ စိဋ္ဌမရုရွာဟူ၍၎င်း။ မရမ္မဘာသာယ၊ အားဖြင့်။ မန်ကျည်းချိုဂါမောတိစ၊ မန်ကျည်းချိုရွာဟူ၍၎င်း။ ဝိဿုတော၊ ပျံ့သင်းအမည်၊ သာစည်ကိတ္တိ၊ကျော်စောထင်ရှားခြင်းရှိပေထသော။ ယောဂါမော၊ မြူးပျော်စဘွယ်၊ တင့်တယ်စည်သာ၊ အကြင်ရွာသည်။ အတ္ထိ၊ ယှိ၏။ တသ္မိံ ဂါမေ၊ မန်ကျည်းချိုဟု၊ ထိုထိုရပ်နယ်၊ ပြန့်ကြွယ်သတင်း၊ ကျော်စောခြင်းရှိသော ထိုရွာနိုက်။ အဟံ၊ ငါသည်။ ဇာတိယာ၊ ပဋိသန္ဓေအားဖြင့်။သုဇာတော၊ တင့်တယ်ကောင်းစွာ၊ ဘွားမြင်လာသည်ဖြစ်၍။ တဿဂါမဿ၊ ထိုမန်ကျည်းချိုရွာ၏။ ပုရတ္ထိမသ္မိံ ဒိသာဘာဂေ၊ အရှေ့အရပ်မျက်နှာအဘို့၌။ ဝိဿကမ္မနိမ္မိတသဒိသော၊ ကောသိယသူကြွယ့်၏ မျစ်ဖြစ်ဘူး၍ တနေ့ခြောက်သိန်းကျ အလှူပေးဘူးသော၊ တာဝတိံသာ၊ ထက်နေရုံက၊ ဝိသကြုံခေါ်၊ နတ်သူတော်သည်၊ လာ

လတ်မရွှင်း၊ ဘန်ဆင်းသည်နှင့် တူပေထသော။ တဋ္ဌာကေဟိ၊ တဘက်ဆည်ကန်တို့နှင့်။ သဟာ၊ တကွ။ ရမဏီယော၊ နှလုံးမွေ့လျော်၊ မြူးပျော်ချင်စဘွယ်၊ တင့်တယ်သာယာသော သဘောရှိပေထသော။ ယောအာရာမဝိဟာရော၊ ပရိယတ်စာပေ၊ ကျင့်ထွေသိက္ခာ၊ နှစ်ဖြာခုရ၊ ပွါးကြနှစ်မြိုက်၊ အကြင်အာရာမ်ကျောင်းတိုက်သည်။ အတ္ထိ၊ ယှိ၏။ တတ္ထ၊ ထိုမန်ကျည်းချိုကျောင်းတိုက်၌။ ဝသန္တော၊ မွေ့လျော်ချွင်ပြုံး၊သီတင်းသုံးနေတော်မူသော။ ဂဏာစရေသော၊ ကျောက်ဆောက်ဂိုဏ်းအုပ်–ကျေးဇူးရှင်ဆရာတော်ဘုရားကြီး၏။ သန္တိကေ၊အထံတော်၌။ ပစ္စုဋ္ဌုပသမ္ပဒံ၊ရဟန်း,သာမဏေအဖြစ်သို့။ ပတ္တော၊ ရောက်သည်ရှိသော်။ အဟံ၊ငါသည်။ {ထည့်} ဒဟရကာလတော၊ ငယ်စဉ်အခါမှ။ ပဋ္ဌာယ၊ စ၍။ နာနာဂန္ထံ၊သဗ္ဗိုဟ်, သဒ္ဒါအောက်သက်စာတို့နှင့်တကွ အထူးထူးသော စာပေကျမ်းဂန်ကို။ ဥဂ္ဂဏှိ၊လုံ့လပွါးများ၊ ကြိုးစားမလတ်၊ သင်ယူမှတ်ခဲ့ပြီ။ ဥဂ္ဂဏှိတွာ၊ လုံ့လပွါးများ၊ ကြိုးစားမလတ်၊ သင်ယူမှတ်ခဲ့ပြီး၍–

ဣဒါနိ၊နမ်ကာဝါစတေး - လွတ်လပ်ရေးခေါ်သော ဟက်ကို-ဇိချိယူ–ဝါဒ၊ တသွေး, တသံ, တမိန့်ဆိုက်လာ ရုပ်သေးအစိုးရ–ဂျာပန်လက်ထက်၊ ယခုအခါနှိက်။ တောင်သာနဂရေသ၊ တောင်သာမြို့၏—

(တောသေတိတိ တောင်သာ၊ တုသ-တုဋ္ဌိယံ။ တုသ–ပီတိယံ၊)

၁၁၆၄–ခုနှစ် တောင်သာမြို့တည်ရွှေဘိုက်စာရင်းဝင်စာတမ်း။ တောင်သာမြို့သူကြီးဦးမြတ်သာဒွန်းနှင့်ပညာရှိများ တိုင်ပင်၍ ၎င်းလက်ထက်ပညာရှင်များကျင်းပသောဝိဂြိုဟ်ကား။ ။တုသန္တိဧတ္ထာတိတောင်သာ၊ ။ဧတ္ထပဒေသေ၊ ဤအရပ်၌။ သန္တာ၊ သူတော်ကောင်းတို့သည်။ တုသန္တိ၊နှစ်သက်ကြကုန်၏၊ ဣတိတသ္မာ၊ ထိုသို့ သူတော်ကောင်းတို့သည် နှစ်သက်ကြကုန်သောကြောင့်၊ တောင်သာ၊ တောင်သာမည်၏။

အထူးမှတ်ချက်၊ ၊သက္ကရာဇ် ၁၁၈၁-ခုနှစ်၊ ရတနာပူရအင်းဝ–စတုတ္ထမြို့တည်-နန်းတည်ဖြစ်သော ဘကြီးတော်ဘုရားလက်ထက်၊ တောင်သာမြို့စား-မင်းကြီး ဦးအပ်-၁၁၉၉-နှစ်၊ ဆောက်လုပ်ခဲ့သော စာသင်ကုန်းကျောင်းကြီးမှာ ၁၃၀၆-ခု၊ တပေါင်းလဆုတ် (၁၂) ရက် ကြာသပတေးနေ့က အင်္ဂလိပ်မင်းပြန်အတက် ဗုံးလောင်ဗုံးကျ၍ ဘိနပ်မျက်စီးခြင်းသဘောရောက်ခဲ့၏၊ ၎င်းကျောင်းကြီးမှာ အုတ်တိုက်ခံ-လယ်ပေါ်ကျောင်းသုံးထပ်, ဆွမ်းစားကျောင်းလယ်ပေါ်နှစ်ထပ်ဖြစ်၏ ၎င်းကျောင်းတော်ကြီးမှာ မြင်းခြံဇရပ်စု-တောင်သာမြို့အနီးရှိ၏၊ တောင်သာမြို့ရောက်လျှင် ၎င်းရှေးကျောင်းတော်ကြီးကို သွားရောက်ကြည့်ရှုသင့်၏၊ကြည့်လောက်သော ကျောင်းတော်ကြီးဖြစ်ပေ၏၊

ကျောင်းကြီး–၁၊ ဘုံသုံးထပ်ဆွမ်းစားကျောင်း–၁၊ ဇရပ်–၅ ပျက်စီးခဲ့၏၊ ၎င်းအပြင်(၁၀)ရက်-အင်္ဂါနေ့ညက စာသင်တောင်ကျောင်းဘက်က ကျောင်းကြီး ၂၊ မြောက်ကျောင်းဘက်က ကျောင်း–၂၊ ဇရပ်-၆၊ ကုဋီ–၂၊ ဂူဘုန်မီးရှို့၍ ပျက်စီးခဲ့လေ၏၊

ပဋိမာယအနုဒိသာယ၊ အနောက်မြောက်အရပ်၌၊ သောတုဇနဂါမသာ၊ မကာရလောပ–ခင်ကြီးပျော် စ တည်ထောင်ခဲ့သောစာသင်ကျောင်းကိုအမှီ ပြု၍ တည်သော ဗျုပ္ပတ်ကြောင့် သောတုဇနရွာဟူသော အမည်ရှိသော စာသင်ရွာ၏။ ဒက္ခိဏာယဒိသာယစ၊ တောင်မျက်နှာအရပ်၌၎င်း၊ ပစ္ဆိမာ ယဒိသာယစ၊ အနောက်မျက်နှာ အရပ်၌၎င်း၊ ဝိသုကမ္မနိမ္မိတသဒိသော၊ ဝိသုကြုံနတ်သားဖန်ဆင်းအပ်သည်နှင့်တူသော။ပေါက္ခရဏီယာ၊ တာအပြန် ပြန်၊ လေးထောင့်ရေကန်နှင့်။ သဟ၊ တကွ။ ရမဏီယော၊ နှလုံးမွေ့လျော်၊ မြူးပျော်ချင်စဖွယ်၊ တင့်တယ်သာယာသော သဘောရှိပေထသော။ သော တုဇနမဟာသုခကာရီနာမ၊ သောတုဇနမဟာသုခကာရီ – အမည်ရှိသော။ အာရာမဝိဟာရော၊ အာရာမ်ကျောင်းတိုက်သည်။အတ္ထိ၊ ယှိ၏။ တံဂါမနဂရံ၊ ထိုစာသင်ရွာ–တောင်သာမြို့ကြီးကို။ နိဿာယ၊ အားကိုးသမှု၊ ဂေါစရဂါမ် ပြု၍။ ။{ ဝသန္တောမှာစပ် }။ ။အတ္တသမ္မဒါယ၊ လောကီ, လောကုတ္တရာ အကျိုးပြီးခြင်း၄ါ။ သတ္တာနံ၊ သတ္တဝါ, ဗိုလ်လူ၊ များဟိန္ဒုဂူတို့၏။ ဘဇနံ၊ ချည်းကပ်ခြင်းကို။ ကာရေသိ၊ ပြုစေပြီ။ သတ္တသိနေဟံ၊ သတ္တဝါဗိုလ်လူ၊ များဟိန္ဒုဂူတို့၏ ချစ်နှစ်သက်ခြင်းကို။ ဥပ္ပါဒေသိ၊ ဖြစ်စေပြီ။ ဣတိအယံ၊ ဤ သည်ကား။ အတ္ထော၊ မဟာသုခကာရီစာသင်ကျောင်း၏ ဂုဏ်ပုဒ်ကို ဘွင့် ပြသောအနက်တည်း။

ဝါ–တနည်းကား။ ။နာနာဝိကေသုမဂန္ဓသမ္ဗာဒမတ္တကောကိလာဒိဝိ ဟင်္ဂေဟိ၊ အထူးထူးသော ပန်းနံ့သာ, ရနံ့တို့ဖြင့် မြွမ်းသော ကိလေသာမုံ ယစ်၍ တွင်မြူးသော ဥဩအစရှိသော၄က်တို့ဖြင့်၎င်း။ မန္ဒမာလုဘာစလိတ ရုက္ခသာခါဝိဋပပလ္လဝပလာသေဟိစ၊ လေး၄,လေညှင်း–ပုတ်ခတ် လှုပ်ရှား လတ်သော် သစ်ခက်, ရွက်နု, ရွက်ရင့်တို့ဖြင့်၎င်း။ ဧထ၊ လာကြကုန်လော။ မံ၊ ငါ့ကို။ ပရိဘုဉ္ဇထ၊ နှစ်သက်ရွှင်ပျ၊ သုံးဆောင်ကြပါကုန်လော။ ဣတိ၊ ဤ သို့။ ပါဏီနံ၊ သတ္တဝါအပေါင်းတို့အား။ ယာစတိဝိယ၊ ရိုကျိုးခွင့်ခံ၊ တောင်း ပန်ဘိသကဲ့သို့။ ဝါ၊ တောင်းပန်သလို။ ဣတိအယံ၊ ဤသည်ကား။ အတ္ထော၊ မဟာ သုခကာရီ စာသင်ကျောင်း၏ဂုဏ်ပုဒ်ကို ဘွင့်ပြသော အနက်တည်း။

ဇေယျ၊ ဤမဟာသုခကာရီစာသင်ကျောင်း၌။ ဝိသေသေနဝါ၊ အထူးသဖြင့်လည်း။ ပဗ္ဗဇိတာ၊ ရှင်, ရဟန်းတို့သည်။ အာဂစ္ဆာ၊ လာကုန်၍။ ရမန္တိ၊ မွေ့လျော်တတ်ကုန်၏။ ဣတိ၊ ထို့ကြောင့်။ အာရာမော၊ အာရာမ်မည်၏။ အယံ၊ ထိုအာရာမ်အား။ ပုပ္ဖဖလပလ္လဝါဒိသောဘာယစ၊ အပွင့်, အသီး, ရွက်နု - စသော တင့်တယ်ခြင်းဖြင့်ရင်း။ နာတိဒူရနာစ္စာသန္နာဒိပဉ္စဝိဓသေနာသနင်္ဂသမ္ပတ္တိယာစ၊ မဝေးနီးမော၊ မရောလူ့ရှင်၊ မှက်ခြင်ပါးနည်း၊ ပစ္စည်း, မိတ်ဆွေ့ရလွယ်စေဟူသောကျောင်းအင်္ဂါနှင့်လည်းပြည့်စုံထသော။

ဆောင်။ ။ဆွမ်းခံရွာကျေး၊ မဝေးနီးမော၊ မရောလူ့ရှင်၊
မှက်ခြင်နည်းပါး၊ ပစ္စည်းမိတ်ဆွေ၊ စိစစ်လေ၊
ငါးထွေကျောင်းအင်္ဂါ။

တတောတတော၊ ထိုထိုသောအရပ်မှ။ အာဂမ္မ၊ လာလတ်ကုန်၍။ ရမန္တိ၊ မွေ့လျော်တတ်ကုန်၏။ အနုက္ကဏ္ဌိတာ၊ မပျင်းရိကုန်သည်။ ဟုတွာ၊ ဖြစ်ကုန်၍၊ နိဝသန္တိ၊ နေတတ်ကြကုန်၏။ဣတိအယံ။ဤသည်ကား။အတ္ထော၊ အာရာမဟူသောပုဒ်၏အနက်တည်း။ ။ဝါ - တနည်းကား။ ဝုတ္တပ္ပကာရာယ၊ ဆိုအပ်ခဲ့ပြီးသောအပြားရှိသော။ သမ္ပတ္တိယာ၊ ပြည့်စုံခြင်းဖြင့်။ တတ္ထတတ္ထ၊ ထိုထိုသို့သောအရပ်တို့သို့။ ဂတေပိ၊ သွားသော်လည်း။ အတ္တနော၊ မိမိ၏။ အဗ္ဘန္တရံယေဝ၊ အတွင်းသို့သာလျှင်။ အာနေတွာ၊ ဆောင်၍။ ရမေတိ၊ မွေ့လျော်စေတတ်၏။ ဣတိ၊ ထို့ကြောင့်။ အာရာမော၊ အာရာမ်မည်၏။တသ္မိံ၊ထိုမဟာသုခကာရီစာသင်ကျောင်းအာရာမ်၌။ ဝသန္တော၊သီတင်းသုံးနေတော်မူသော။ တိပိဋကဆေကော၊ ပိဋကတ်သုံးပုံ၌လိမ္မာသော။ သုစိသလ္လေခဝုတ္တိနော၊ စင်ကြယ်ခေါင်းပါးသော အသက်မွေးခြင်းလည်း ရှိထသော။ ဝိနယဂရုကော၊ ဝိနည်း၌အလေးအမြတ်ပြုတော်မူထသော။ လဇ္ဇီပေသလော၊ အကုသိုလ်အမှုကိုကြောက်ရွံ့၍သိက္ခာသုံးပါး၌ ချစ်မြတ်နိုးတော်မူထသော။ သုမနော၊ ကောင်းသော စိတ်နှလုံးလည်းရှိထသော။ ယောထေရောစ၊ အကြင်ထေရ်မြတ်သည်လည်း။ အတ္ထိ၊ ယှိ၏။ တေနထေရေန၊ ထိုမထေရ်မြတ်သည်။ ရစိတော၊ နေတ္တိ, ပေဋကောပဒေသ, ပါဠိတော်, အဋ္ဌကထာ, ဋီကာ, ဂဏ္ဌိ၊ ကျမ်းပုံညို၍၊ စီရင်အပ်သော။ ဝိပဿနာဒြဗ်ဘာသဂဏ္ဌိ၊ ဝိပဿနာအလင်းရောင်ကျမ်းကို။ သက္ကရာဇ်ဓါမြန်မာသတိုး၊ နေနတ်မျိုးတို့၊ တန်ခိုးလျှံပတ်၊ လောကဓာတ်၌၊ ထိမ်းမှတ်ဝေါဟာ၊ အစဉ်လာသော-ကောဇာနှစ်သစ်-သက္ကရာဇ်သည်၊ ကာသိတိသတဆဋ္ဌမေ၊တထောင့်

သုံးရာခြောက်ခုနှစ်သည်။ ပထွေ၊ ရောက်လတ်သော်။ ဘဒ္ဒမာသကာဠ ပက္ခသသ၊ပြဋ္ဌပါဒရပိုက်နက္ခတ်နှင့် စန်းယှဉ်သော တော်သလင်းမာသ လဆုတ်ပက္ခ၏။အဋ္ဌမေ၊ရှစ်ရက်တို့၏ ပြည့်ကြောင်းဖြစ်သော။ ဝိဝသေ၊ နေ့၌။ သောရီဒိနေ၊စနေနေ့၌။အနာဃာသေန၊ကိုယ်ပ–ကိုယ်တွင်း၊အနှောင့်အယှက်ကင်းသဖြင့်။ နိဋ္ဌိတော၊ ရေး၍ပြီးဆုံး၊ နိဂုံးကမွတ်၊ လက်စသတ်လိုက်သတည်း။

ဤမိနာပုညကမ္မေန ဤ ဝိပဿနာအလင်းရောင်ကျမ်းကို ပြုပရေးရ၊ကုသလကြောင့်။ သဗ္ဗေသံ၊ သတ္တာဗိုလ်လူ၊ များဟိန္ဒုဂူတို့၏။ သက်ပွါ၊ အကြံအစည်တို့သည်။ ဥဘတိပိ၊ ဆွေတော်, မျိုးတော်, အပေါင်း၊ သူတော်ကောင်းတို့နှင့်။ သဟ၊ တကွ။ ပရိပုဏ္ဏံ၊ ပြည့်ဖုံခြင်းသို့။ပါပုဏာန္တု၊ ရောက်စေကုန်သား။ ရာဇာနော၊ ရေမြေသနင်း၊ ပြည့်ရှင်မင်းတို့သည်လည်း။ ဓမ္မေနမင်းကျင့်တရား နှင့်။ သမေန၊ ညီညွှတ်သဖြင့်။ မေဒနီ၊ မြေပြင်တခုလုံးကို။ ရက္ခန္တု၊ တိုင်းနိုင်ငံတလွှား၊ ရင်ဝယ်သားသို့ သနားစောင့်ရှောက်နိုင်ပါစေကုန်သား။ ဒေဝေါ၊ ရွာချသွန်းဖြိုး၊ မဟာမိုဃ်းသည်။ဝဿကာလေ၊ရွာသင့်ချိန်ကျ၊ မိုဃ်းကာလ၌။ ပဝဿတု၊ မြေပြင်အလုံး၊ သိမ်းကျုံးများစွာ၊ မြို့ပြ–ပြည့်ရွာ၊ ဝပြောသာအောင်၊တအုန်းအုန်းရွာသွန်းပါစေသား။မယာ၊အကျွန်ုပ်သည်။ယံသဗ္ဗညုတညာဏဝရံ၊ အကြင်သဗ္ဗညုတညာဏ်မြတ်ကို။ ပတ္ထိတံ၊ တောင့်တအပ်ပြီ။ တံသဗ္ဗညုတညာဏဝရံ၊ ထိုအကျွန်ုပ်တောင့်တအပ်သော သဗ္ဗညုတညာဏ်မြတ်သည်။ ခိပ္ပံ၊လျှင်မြန်စွာ။ ပူရေတု၊ အမြန်မဆိုင်း၊ ကံမရှိုင်းဘဲ၊ ကြိတိုင်းအကုန်ပြည့်ဖုံပါစေသတည်း။ ။

နိ ဂုံး ပြီး ၏။

**ဝိပဿနာအလင်းရောင်ကျမ်းပြီးပြီ။**

ကျမ်းပြီး နိဂုံး ပါဠိနိဿယ ရေးသူ

**တပည့်–ရှင်ကုသလ**

မဟာသုခကာရိစာသင်ကျောင်းတိုက်
တောင်သာမြို့။

# " သံပိုင်းနိဂုံးလင်္ကာ "

မိမိရှုပ်သွင်၊ ထောက်မှန်ပြင်၍၊ ပြင်ဆင်ကျနခ,မကျနကို၊ စေ့ငုပြန်လှန်၊ ရှုကြည့်ဟန်သို့၊ ထောက်မှန်ပမာ၊ ဝိပဿနာဖြင့်၊ ကောင်းစွာသိမြင်၊ ရုပ်,နာမ်စဉ်ကို၊ ဉာဏ်စဉ်–၁၀–ပါး၊ပြမ်းလှေခါးပယ်၊ ၇–ပါးဝိသုဒ္ဓိ၊တည်ရာရှိလျက်၊ သန္တိသုခ၊ အမတမည်၊ နိဗ္ဗာန်ပြည်သို့၊ " ဉာဏ်ရည်ရွှေလက် "၊ ဆွဲးကိုင်တက်မ၊ ဝိရိယခြေတံ၊ ရှုပ်ရပ်မဂ္ဂင်၊ သဘောာယဉ်ကြီး၊ ပျော်ပျော်စီးသို့၊ သူကြီးမာလိန်၊စေမှုနိန်၏၊တည်ငြိမ်မိန့်ပြန်၊" ဥသြသံ "ကို၊အသံလွှင့်ရုံ၊ပမာလှုံသည့် {ကမ္ဘာ့အသံလွှင့်ရုံပမာ} မောဟုံပယ်ချ ဤကျမ်းလှကြောင့်၊ဝိနယမိုရ်၊သုတ်မိုရ်ပဟု၊ ဝိဇ္ဇာမိုရ်စစ်၊ ဖြစ်စေ,ဖြစ်စေ၊ စံနစ်ဖွေသည်။ ။အနှစ်အမြှုတေ၊ ဝိပဿနာအလင်းရောင်၊ ဤကျမ်းသောဝ်။ ။

# ကုသိုလ်ရှင်များစာရင်း။

| အမည် | ကျပ် |
|---|---|
| **စာသင်ကျောင်းသီလရှင်များ** | |
| ဒေါ်နန္ဒီ | ၁၆ |
| ဒေါ်ဥတ္တရာ | ၁၀ |
| ဒေါ်ညာဏ | ၁၀ |
| ဒေါ်သုစာရီ | ၅ |
| ဒေါ်ပုည | ၅ |
| ဒေါ်စန္ဒမာ | ၃ |
| ဒေါ်သုဓမ္မာ | ၂ |
| မဥတ္တရာ | ၂ |
| မသုဘစာရီ | ၂ |
| မဓုန္တစာရီ | ၂ |
| မခင်စာရီ | ၂ |
| မသုဝတီ | ၂ |
| မယသာဝတီ | ၂ |
| **တောင်သာမြို့ ကုသိုလ်ရှင်များ။** | |
| ဒေါ်စက်မေ နှင့် တူ-မောင်ဘို | |
| မချွေး | ၁၀၀ |
| ဦးဘဦး နှင့် ဒေါ်သိုက်မေ | ၅၀ |
| ဒေါ်ဖွားသိုက် | ၄၀ |
| ဖွါးသက်နှင့် ဖွမါးဆက် | ၂၅ |
| ဦးဘအုံ-ပွဲစား | ၂၀ |
| ကိုယာ နှင့် မထွေးခင် | ၉၀ |
| မစိန်ညွန့် | ၂၀ |
| မမှားပိန် | ၂၅ |
| ဦးမြညွန့် | ၁၀ |
| ဒေါ်ရွှေ ပွဲ | ၁၀ |
| ဦးစံမြို့ | ၁၀ |
| မခင်ကြည် | ၁၀ |
| ဦးပွင့် | ၁၀ |
| ဒေါ်စံအိ | ၁၀ |
| မချစ်ရ | ၁၀ |
| မထွားတင် | ၁၀ |
| မရွှေခ | ၁၀ |
| ဦးချစ်ရ—ပွဲစား | ၁၅ |
| မဖွားသင် | ၁၅ |
| ပွဲကတော်-ဒေါ်ရှင် | ၆ |
| မစိန်ဥ | ၅ |
| မသိန်း | ၅ |
| ဦးဘိုနှင့် သမီး မထပ် | ၁၀ |
| မောင်သိန်းဖေ | ၅ |
| ဦးဖိုးသိန်း | ၅ |
| ဒေါ်ကောက် | ၅ |
| ဒေါ်ဖွယ် | ၅ |
| မောင်ကို | ၅ |
| ဆေးဆရာ-ဆရာကျွဲ | ၅ |
| မလှတင် | ၅ |
| မပံရွှေ | ၅ |
| မဘီးဇပ် | ၅ |
| ဦးစံမြင့် | ၅ |
| ဦးစံမြ | ၅ |
| ကိုမြင့် | ၅ |
| မတင့် | ၅ |
| ကိုဘိုလှနှင့် မငွေးဆင့် | ၄ |

# ကသိုလ်ရှင်များစာရင်း။

| အမည် | ကျပ် | အမည် | ကျပ် |
|---|---|---|---|
| ဦးရွှေဖ | ၄ | မပေါ | ၂ |
| ဆေးဆရာ–ဆရာထွန်း | ၄ | မခင်နု | ၂ |
| မဖာသွယ် | ၄ | စေန်းရှိ | ၂ |
| ဒေါ်မြိုးအုံ | ၄ | မမကြီး | ၂ |
| ခါလာဘီ | ၄ | မခင်ကြည် | ၂ |
| ကိုဩ | ၃ | မထယ် | ၂ |
| ကိုကြာခင် | ၃ | မဖွားသိန်း | ၂ |
| မခင်၊ကလေး | ၃ | မသိန်း | ၂ |
| မသက်ငေ | ၃ | မမယ်မ | ၂ |
| မမြ | ၃ | မဇေးကြည် | ၂ |
| ဆေးဆရာ-ဆရာကြည် | ၃ | မဇေးကျူ | ၂ |
| မောင်ပွ | ၂ | ဒေါ်လွှဲ | ၂ |
| ဦးစံဖေး | ၂ | ဒေါ်ရင် | ၂ |
| ဒေါ်နှစ် | ၂ | မမြမေ | ၂ |
| ကိုမျက်မှန် | ၂ | ဒေါ်မှိ | ၂ |
| ဦးသးဟံ | ၂ | မအုန်း | ၂ |
| ဦးစံဒွေး နှင့် ဒေါ်နှိ | ၂ | မဖွားသက် | ၂ |
| ကိုမောင်ငွေ | ၂ | မဖွားသိ | ၂ |
| ကိုပေါ်အိ | ၂ | ဒေါ်အိ | ၂ |
| ဒေါ်ပန်း | ၂ | ဒေါ်ပို | ၂ |
| ကိုချော | ၂ | ဆေးဆရာ ဆရာပန်း | ၂ |
| ဒေါ်ရွှေမ | ၂ | ကိုရွှေ | ၂ |
| ကိုအုံးပွင့်နှင့် မဖွားထိန်း | ၂ | ကိုကျန် | ၂ |
| ဒေါ်ဗိုင် | ၂ | မချစ် | ၂ |
| မအိမ်မြး | ၂ | မဖွားရီ | ၂ |
| မထန် | ၂ | မတင်ဇေး | ၂ |
| မထူး | ၂ | ကိုပေါ်ဇေး | ၂ |

# ကုသိုလ်ရှင်များစာရင်း။

| အမည် | ကျပ် | အမည် | ကျပ် |
|---|---|---|---|
| မထွာတင် | ၂ | “အင်းတဲအဖွဲ့” | |
| မမြဆွ | ၂ | ဦးစံငြိမ်း | ၁၀ |
| မနှင်း | ၂ | ဒေါ်ဖျော် | ၅ |
| မဒွေး | ၁ | ကိုတင့် | ၅ |
| မတင်ရွှေ | ၁ | ဒေါ်သိး | ၄ |
| မဆွမြ | ၁ | မထွာရင် | ၄ |
| မပု | ၁ | မောင်ကာက် | ၂ |
| မဖွားရှိန် | ၁ | ဒေါ်ဗေး | ၂ |
| ကိုခွါညို | ၁ | မောင်ဘတင် | ၂ |
| ကိုကျော် | ၁ | မဖွားထင် | ၂ |
| မတင်ငွေ | ၁ | မောင်သောင်း | ၂ |
| မချစ်စိန် | ၁ | ဒေါ်ရွှေမှိန် | ၂ |
| မစောညွန့် | ၁ | မောင်ကို | ၂ |
| ကိုသောင်ကြီး | ၁ | ဒေါ်သွဲ့ | ၂ |
| ကိုလုံး | ၁ | ကိုငွေရှမ် | ၂ |
| ကိုထွန်းမြ | ၁ | ကိုရွှေမောင် | ၂ |
| မောင်ဖြူး | ၁ | ကိုဘ | ၂ |
| ကျောင်းဆရာ·ကိုသာဒင် | ၁ | ကိုရာမိုင် | ၂ |
| | | မောင်စောထွာ | ၂ |

# အသျှင်ရေဝတာဘိဝံသ၏၊ ကျမ်းစာများ။

( ၁ ) ဗုဒ္ဓါဿနုာဒိလက်စွဲ .... .... .... .... .... ...... ရိုက်ပြီး၊

( ၂ ) မဟာပဝါရဏာဒိ အရေးတော်ပုံကျမ်း၊ ...... ...... ရိုက်ပြီး၊

( ၃ ) ဝိပဿနာအလင်းရောင်ကျမ်း။ .... .... .... .... ရိုက်ဆဲ၊

( ၄ ) နေ့တွက်အကောက်ဝိပဿနာအလင်းရောင်ကျမ်း။ ရိုက်လတံ့။

( ၅ ) သတိပဋ္ဌာန်အလင်းရောင်ကျမ်း။...... ...... .... ရိုက်လတံ့၊

( ၆ ) လောကီရတနာ့ ဂုဏ်ရောင်ကျမ်း။ ... ...... .... ရိုက်လတံ့။

( ၇ ) စူလဂန္ဓာရီထွက်ရပ် ကျမ်းကြီးနှင့်-မဟာဂန္ဓာရီ
ထွက်ရပ်ကျမ်းကြီး ၂-စောင်၊... .... .... ....ရိုက်လတံ့၊

( ၈ ) ဆဲ့နှစ်ရာသီပွဲတော်အဋ္ဌုပ္ပတ္တိမှုကျယ်ကျမ်းကြီး၊-ရိုက်လတံ့၊

( ၉ ) မန်ကျည်းချိုရွာ-ထနောင်းအုန်းမဟာစေတီ
သမိုင်းကျမ်းကြီး၊ .... .... .... .... .... ... ရိုက်လတံ့၊

ဝိပဿနာအလုပ်ဌာန
မဟာသုခကာရီ
**ခသင်ကျောင်းတိုက်**
တောင်သာမြို့။